www.burmeseclassic.com

BURMESE CLASSIC .com

# ခိုင်ငေင်သက်

## အခိုက်အတန့် ကွန်းခို

Design Ye Minn Aung

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၁၀၃၂/၂၀၀၃ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၆၅/၂၀၀၃ (၁၀)

တန်ဖိုး - ၂၃၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ

**မျက်နှာဖုံးပုံနှိပ်** -------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။


**အတွင်းပုံနှိပ်** -------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(၀၅၁၃၁) အမှတ်(၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်)
(၀၀၆၉၂) ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



**ဒို့တာဝန်အရေး ၃ ပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် ၄ ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် ၄ ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

'မောင်လေး... မင်း ကားက ပြင်လို့ရဦးမှာလား... မရရင် မလေး လမ်းလျှောက်သွားနှင့်တော့မယ်... ချက်ချိန်ပြုတ်ချိန် နောက်ကျနေရင်... ကျောင်းသွားမဲ့လူ အလုပ်ဆင်းမဲ့လူတွေ ကသိကအောင့် ဖြစ်ကုန်မှာပေါ့...'

'ခဏလေးတောင် မစောင့်နိုင်ဘူးလား မလေးရယ်...'

'ဟင့်အင်း... သွားမယ်...'

အိမ်ရောက်ဖို့ အတော်လေးလိုသေးတယ်...

ခြင်းထဲမှာလဲ ဈေးဝယ်ခဲ့တာ တနင့်တပိုး...။

အိမ်နှင့်ဈေး အလှမ်းဝေးလေတော့ တခါဝယ်ရင် လေးငါးရက်စာ မဝယ်မဖြစ် ဝယ်ရတယ်။ မောင်လေး စိတ်လိုလက်ရ ရှိတဲ့နေတော့ ဈေးကို မရအရလိုက်ပို့ခိုင်းရတာ...။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ရင်း လက်တွေတောင် ညောင်းတယ်…

မစိန်ကို ခေါ်ခဲ့ရင်ကောင်းသား။ ခုမှတော့ မတတ်နိုင်တော့ဘူး။ ခြံဝင်းတံခါးနားမှာ ခဏနားရတယ်။ ခြံဝကနေ အိမ်ထိရောက်ဖို့ လျှောက်ရဦးမှာမဟုတ်လား။ ခြံဝင်းတံခါးဘေးက ပိန္နဲပင်ရိပ်မှာ ထိုင်ရင်း အမောဖြေနေရတယ်…

ဒါပေမယ့်လည်း မှီ ရုံးသွားချိန်နီးပြီ ဆိုတဲ့အသိ… ညီမလေး ကျောင်းမမီမှာ စိုးတဲ့အသိ…။

မောမနေအားပါဘူး…။

လျှောက်ခဲ့ရပြန်ပါပြီ…။

'ဟယ်… မှီလေး အလုပ်ထဲသွားတော့မလား ထမင်းဘူးမပါတော့ဘူး…'

'ဘယ်တတ်နိုင်မလဲ မလေးက ခုမှဈေးသွားနေတာကိုး တကယ်ဆို ရုံးပိတ်ရက် ကျောင်းပိတ်ရက်မှ သွားပါလား… မှီ ထမင်းဝယ်စားရတော့မယ်… တာဝန်ကို မကျေဘူး…'

တာဝန်…

ထမင်းဟင်း မီအောင် မချက်နိုင်တာ…

ခင်မင့် တာဝန်တဲ့လား…။

အားငယ်စိတ်ဟာ ရင်ထဲမှာ အမြစ်တွယ်နေပြီ ထင်ရဲ…





မျက်ရည် ချက်ခြင်းဝဲလာတယ်… အိမ်မကြီးရဲ့ နောက်ဖက်တံခါးမှ လှည့်ဝင်လာခဲ့မိပြီ။ မစိန် တွင်းရှေင်နေတယ်…။

'ပြန်လာပြီလား… မှီတော့ ထမင်းဘူး မမီရကောင်းလား စိတ်ဆိုးသွားတယ်…

သိပြီးသားပဲလေ…။

သည်နေ့ မှီ အစည်းအဝေးကြောင့် စောစောသွားရမယ် ပြောတာ ခင်မင် မေ့သွားမိတယ်။ ဒါကြောင့်ပါ… မဟုတ်ရင် မရှိရှိတဲ့ ဘဲဥဟင်းဖြစ်ဖြစ် ရအောင်ချက်ပေးခဲ့မှာပေါ့…။ ဈေးခြင်းချပြီး ပစ္စည်းတွေ သိမ်းတန်သိမ်း ရေခဲသေတ္တာထဲ ထည့်ဖို့ ပြင်နေချိန်မှာ…။

'မလေး… ဗိုက်ဆာတယ်…'

'ခဏလေး… ထားငယ် ခဏလေးနော်…'

'မြန်မြန် မလေးရာ…'

'အေးပါဟယ်… ငါ ချက်ခြင်းရအောင် ခေါက်ဆွဲပြုတ်ပေးမယ်…'

'တနေ့လာလဲ ခေါက်ဆွဲပြုတ် ကြာဇံပြုတ် ကော်ဖီ… မလေး ဒါပဲစီစဉ်တတ်သလား… တော်ပြီ မစားချင်တော့ဘူး…

'မလေး… ကားကောင်းသွားပြီ ဘာစားရမလဲ…'

www.burmeseclassic.com



'နှင့်ကိုငါ ဈေးမှာ မုန့်ဟင်းခါး ကျွေးခဲ့ပြီလေ...'

မလေး မုန့်ဟင်းခါးတစ်ပွဲက ဗိုက်ထဲဘယ်ရောက်သွားမှန်းတောင် မသိဘူးတဲ့...။ မောင်လေးကတော့ စားပွဲမှာ ထိုင်ပြီး နောက်ထပ်စားစရာ စောင့်နေပါတယ်။ ထားငယ်တော့ စိတ်လောက်သွားပြီ ထင်ပါရဲ့...။

အိမ်နှင့်ဈေး သည်လောက် အလှမ်းဝေးတာ...။ မနက်ပိုင်း စားစရာတမျိုးမျိုး စီစဉ်ရင် လွယ်ကူတဲ့ ခေါက်ဆွဲပြုတ်ကြာဇံပြုတ်ပဲ ရတော့မှာပေါ့...။ မောင်လေးကတော့ သူ့ကို ဘဲဥနှင့်ထမင်း ကြော်ပေးပါတဲ့...။ ရမယ်... ခဏလေးစောင့်ဆို... သတင်းစာတစ်စောင်နှင့် စောင့်နေတယ်...။

'မလေး... ဘာဟင်းအိုးပြင်မလဲ...'

'သည်မှာ ကြက်သားဟင်းပြင်ဖို့ မလေး လုပ်နေတယ် မစိန်က မောင်လေးကို ထမင်းကြော်သာ ကြော်ပေးလိုက်ပါနော်'

ဟင်းအိုးပြင်ရင်း ဖေဖေသည်ည ပြန်ရောက်မလားဆိုတဲ့ အတွေးတွေးမိတယ်...။ ဖေဖေ ရန်ကုန်သွားတာ သည်တပါတ်ကြာသလိုပါပဲ...။ သတိရနေမိတယ်...။ မေမေ ဆုံးပြီးထဲက ဖေဖေ့ကိုပဲ တွယ်တာချစ်ခင်စရာ ရှိတော့တာမဟုတ်လား။

'မောင်လေး... မို့ရုံးကို ထမင်းချိုင့်သွားပို့ပေးပါလား'





'ကားမကောင်းဘူး မလေးရဲ့... ကျွန်တော်ခြံထဲလဲ သွားရဦးမှာ...'

'စက်ဘီးနဲ့ဖြစ်ဖြစ် သွားပို့လိုက်ပါ မောင်လေးရယ်... နော်... အပြန်ခြံထဲက ဘုရားပန်းလဲ ခူးခဲ့ပါဦး...'

မောင်လေးက ဘွဲ့ရပြီး မြို့ပြင်မှာ ခြံလုပ်ငန်းလုပ်နေပါတယ်။ သူ့အလုပ်သူ့ဝင်ငွေနဲ့ မဆိုးလှပါဘူး...။ ဒါပေမဲ့ ခက်နေတဲ့တစ်ခုက သူ့ဝင်ငွေကို အိမ်ထမင်းစားစရိတ်မှာ တပြားတချပ်မှ မပေးတာပါပဲ...။ တခါတခါ တွေးရင် ရင်မောတယ်...။ ဖေဖေ မရှာနိုင်မဖွေနိုင်တဲ့ အရွယ်ဆို သည်မိသားစု ထမင်းအိုး ကြီး ဘယ်လိုစီမံခန့်ခွဲမလည်း....။ ကိုကိုတစ်ယောက်သာ အိမ်ထောင်ကျ အိမ်ခွဲသွားတာ...။ ကျန်တဲ့ သားသမီးအားလုံး ဖေဖေ့ကို မှီခိုနေကြပဲပါလား...။

'ကြက်သားအိုးကြီးကိုင် ငိုင်နေလိုက်တာ မီးဖိုအားပြဲ'

'ဟုတ်ကဲ့ မစိန်...'

အတွေးတွေ ခဏဖြတ်မှ...

အလုပ်တွေ တခုပြီးတခု ဆက်တိုက်လာဦးတော့မှာ၊ အရေးကြီးတာ မို့ဆီ ထမင်းချိုင့် ပို့ဖို့ပါပဲ...။ မို့ တခါ[illegible]တယ်။ သူတို့ မန်နေဂျာတွေချည်း ထမင်းစုစားကြတော့ မလေး



www.burmeseclassic.com

www.burmeseclassic.com



လက်ရာကောင်းပေမဲ့ ထည့်ပေးလိုက်တဲ့ ဟင်းကသိပ်နည်းတာပဲတဲ့...။ ဟုတ်မှာပေါ့လေ... မန်နေဂျာတွေချည်း စုစားကြတဲ့ဝိုင်းမှာ မို့ကို မျက်နှာမငယ်စေချင်ပါဘူး... သည်လိုနဲ့ ခင်မင့်ရဲ့ ဟင်းဝေစုလေးဟာ မို့ထမင်းချိုင့်ထဲ ပါသွားတော့တာ အမြဲလိုပါပဲ...။

'မလေး... ကိုကိုတို့ ကားအသစ်လဲလိုက်ပြီ သိလား'

'မတွေ့ရသေးပါဘူးဟယ်... ထားငယ်ပြောလို့ ကြားတာပဲရှိပါတယ်...'

'ကိုကိုက အိမ်လာရင်တော့ အဆင်မပြေဘူး... အဆင်မပြေဘူး ညည်းညူနေတာပဲ... ခုတော့ ကားလဲစီးတယ်...'

'မမဝေရဲ့ ငွေဖြစ်ချင်ဖြစ်မှာပေါ့ မောင်လေးရယ်...'

'မဟုတ်နိုင်ပါဘူး... မဝေတို့မိသားစုက ဘယ်လောက်ချောင်လည်လို့လည်း... မဝေ ပွဲစားလုပ်တယ်ဆိုတာ မဖြစ်မြောက်ပါဘူး...'

'သူတို့ဖာသာ ဘာဖြစ်ဖြစ်ဟယ်... နင်အခု ဖေဖေကျွေးတာ စားနေရတာပဲ... ခေါင်းအေးအေးနဲ့ စားနေ...'

'မလေးပြောရင် ဒါပဲ... ကျွန်တော်အိမ်ရှေ့မှာ ကားပြင်ဦးမယ်... ထမင်းချိုင့်ရရင် လှမ်းခေါ်...'





မောင်လေးထွက်သွားမှ မစိန်က ဝင်ပြောပါတယ်...။ ညီညီပြောတာ မှန်တယ်... အခုတလော ကိုကိုတို့လုပ်ငန်း အဆင်ပြေနေတယ် ထင်တယ် ဈေးထဲမှာ မဝေ ရွှေလာဝယ်တာတွေ့ခဲ့တယ်တဲ့...။ အဆင်ပြေတယ် ကြားရတာကောင်းတာပေါ့။ ပြေပါစေလို့ပဲ ပြန်ပြောမိတယ်...။

'ကိုကိုကလဲလေ... သူအဆင်ပြေရင် ဖေဖေ့ကိုတော့ လာကန်တော့သင့်တာပေါ့ ခုတော့...'

'မစိန်ရယ်... သူတို့မသိတတ်ရင် သူတို့နေပါစေ... ဖေဖေက ဘာပြောတာလိုက်လို့... ဖေဖေ့သားသမီး ငါးယောက်မှာ ခင်မင်အပါအဝင် ဘယ်သူကများ ဖေဖေ့ကို ပြန်လုပ်ကျွေးကြလို့လည်း... အားလုံး ဖေဖေ့ကိုမှီခိုစားနေကြတာ... ကိုကိုသာ အိမ်ထောင်ကျလို့ လွတ်သွားတာ...'

'ခင်မင်ကတော့ ဘယ်ပြန်ပေးနိုင်မှာလဲ... အလုပ်မှမရှိတာ...'

ဖေဖေ့ကို ခင်မင် ပြန်မလုပ်ကျွေးချင်လို့ မဟုတ်ပါဘူး။ မေမေဆုံးတဲ့နှစ် ခင်မင် ကိုးတန်းအောင်တဲ့ နှစ်ကတည်းက တအိမ်လုံးရဲ့ စားဝတ်နေရေး အိမ်မှုကိစ္စအဝဝကို ခင်မင် လွှဲပြောင်းယူခဲ့ရတဲ့ နောက်မှာ...။ ဖေဖေ... ခင်မင် လုပ်ကျွေးပြုစု

www.burmeseclassic.com



ချင်စိတ် ရှိပါတယ်။ ဒါပေမဲ့...

'တခါတခါ အလုပ်တစ်ခုခု လုပ်ချင်တယ်...'

'အားလို့လားဟယ်... မနက်ကညထိ အိမ်တအိမ်လုံး ရှိသမျှအလုပ်ဟာ နင်နဲ့ငါ့ဆီမှာပဲ ပိနေတာ... ဘာအလုပ်များ လုပ်နိုင်ဦးမှာလည်း...'

မစိန်ပြောတာလည်း ဟုတ်ပါတယ်...

ဒါပေမဲ့ အဲလိုအလုပ်မရှိတော့ ဝင်ငွေမရှိဘူးလေ...

ဝင်ငွေမရှိတော့ ဖေဖေ့ကို ဘာမှပြန်မပေးနိုင်ပါပဲ... ဖေဖေပေးတဲ့ မုန့်ဖိုးတောင်ယူနေရသေးတယ်...။ ဖေဖေပေးတဲ့ မုန့်ဖိုးတွေကို စုထားပေမဲ့ ပြန်မကန်တော့နိုင်တာတော့ ဘယ်ကောင်းပါ့မလဲလေ...။

\+ + + + +

'ငါ ရေချင်ထည့်မယ်... နင်နေပါ...'

'မဟုတ်တာ မစိန်ရယ်... ခင်မင် ရေထည့်မယ်...'

မစိန်ရဲ့ ညှာတာမှုကို မြင်ရတိုင်းလည်း ခင်မင် ကြည်





နူးရပါတယ်...။ တကယ်ဆို မစိန်နဲ့ခင်မင် သွေးသားတော်စပ်သည် ပြောဦးတော့... အရမ်းသွေးဝေးမှာပါ... ရပ်ဆွေရပ်မျိုးသာသာပဲ ရှိပါတယ်...။ မစိန်ဟာ မေမေရဲ့တစ်မြို့ထဲမှ ရပ်ဆွေရပ်မျိုးတစ်ယောက်လို့ပဲ ပြောလို့ရပါတယ်...။ မေမေက ကိုကို့ကို မွေးတုန်းက အိမ်မှုကိစ္စတွေတစ်ဖက်... သားတစ်ဖက် နိုင်နင်းနေပေမဲ့ ခင်မင့်ကိုမွေးတော့... သားသမီးနှစ်ယောက် ဖြစ်လာတာမှာ မစိန်ကို လှမ်းခေါ်ရတဲ့ဘဝရောက်ရော...။

ခင်မင်မွေးသည်မှ ခုချိန်ထိ ဘယ်မှမသွားခဲ့တာ...။ ခင်မင့်ထက်လည်း ဆယ့်ရှစ်နှစ်လောက်သာ ကြီးတာမို့ အစ်မတစ်ယောက်လို ဖြစ်နေပါပြီ...။

'ဟင်... အဲဒါ မို့အင်္ကျီမဟုတ်လား...'

'ဟုတ်တယ်လေ... ဒါက မမထားငယ်ရဲ့ ရှပ်အင်္ကျီ...'

ခက်တာပဲ...

ဖေဖေနှင့် မောင်လေးရဲ့အဝတ်အစား... အိပ်ယာခင်းထောင်၊ ခေါင်းအုံးစွပ် စသည်တို့ကိုသာ လျှော်မယ်... မိန်းကလေးနှစ်ယောက်ဖြစ်သည့် မိုနှင့်ထားငယ်ကို ကိုယ့်အဝတ်အစားကိုယ်လျှော်ရမည်... ဖေဖေကိုယ်တိုင် ပြောထားသည့်ကြားက...။

မိုနှင့်ထားငယ်၏ အင်္ကျီတွေက တစ်ထည် နှစ်ထည်စ

www.burmeseclassic.com



ဆိုသလို အမြဲပါနေတတ်တာပါပဲ…။ ပြောမိတဲ့ အခါတိုင်းမှာလည်း…။

အကျီလေး တစ်ထည် နှစ်ထည်ပါသွားတာများ အဖြစ်သည်းနေကြတယ်… မလေး မလျှော်ချင်ရင် မစိန် လျှော်ခိုင်းလိုက်တဲ့…။ သည်ကိစ္စလေးလောက်နှင့်တော့ ဖေဖေ့ကို မတိုင်ရက်ခြင်းဖြင့် သူတို့ကဲလာကြတာ အမှန်ပါပဲ…။

'ငါကတော့ မမဝင်းကို ချစ်လို့ နင်တို့မိသားစုဆီမှာ လာနေခဲ့တာ… ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ခင်မင် နင်ကတော့… သည်လိုချည်းပဲ တသက်လုံးနေမသွားသင့်ဘူး'

'သည်လိုမနေလို့ ဘယ်လိုနေရမလည်း မစိန်ရဲ့…'

'တခုခု ပြောင်းလဲရမှာပေါ့… ဥပမာ… အိမ်ထောင်ပြုသင့်ပြီ…'

အိမ်ထောင်ပြုရမယ်…

ကြံကြံဖန်ဖန်…

အိမ်ထောင်ပြုရအောင်…

ဘယ်မလည်းချစ်သူ…

မစိန်စကားကြောင့် ခင်မင် ရယ်ရပါတယ်…။

'ဘာရယ်တာလဲ ခင်မင်ရဲ့…'





'ရယ်ရတာပေါ့ မစိန်ရယ်… အိမ်ထောင်ပြုရအောင် ဘယ်မလည်း ချစ်သူ…'

'အင်း… ဒါလည်း ဟုတ်တာပဲ…'

'ခုလိုပဲနေပါရစေ မစိန်ရယ်… ဖေဖေနဲ့အတူ နေ နေရတာပဲ ခင်မင် ပျော်ပါတယ်… မစိန်လဲ အတူရှိတော့ ဘာပြောစရာရှိမှာတဲ့လည်း…'

အဝတ်လျှော်ရင်း စကားပြောမိကြတာပေါ့…။

မစိန်ဟာ ခင်မင်ရဲ့ အဖော်ပါ…

အဖော်မှ အဖော်ကောင်း အဖော်မွန်ပါပဲ…။

စိတ်ချမ်းသာစရာလဲ တိုင်ပင်…

စိတ်ဆင်းရဲစရာလဲ တိုင်ပင်…

တခါတခါတော့ မြန်မာဟောင်းကောင်း ခင်ရာဆွေမျိုးဆိုတာ ဒါမျိုးပြောတာလို့ ခင်မင် စဉ်းစားမိပါတယ်…။ မှီနှင့်ထားငယ်လို ညီမအရင်းထက်ပင် မစိန်နှင့် နေရချိန်… ပြောဆိုချိန် ပိုများသလို… မစိန်နှင့်တိုင်ပင်ရတာ ပိုစိတ်ချမ်းသာရပါတယ်…။

'ခင်မင် လုမ်းလိုက်တော့… မစိန် ရေညှစ်ပေးမယ်…'

အမြဲလို အိမ်အလုပ်တွေ နှစ်ယောက်ပူးတွဲ လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်...။

'အစ်ကိုကြီးလဲ ဖုန်းမဆက်ဘူးဟယ်...'

'ဟုတ်တယ်... ဖေဖေက နေနိုင်ရက်တာ...'

'အစ်ကိုကြီး ရန်ကုန်တခါတခါသွားရင် သိပ်ကြာတာပဲ ဟိုမှာ နောက်အိမ်ထောင်များ ပြုထားသလား...'

'ဟင်...'

မစိန်စကားကြောင့် မထင်မှတ်သော ခံစားမှုအတွေးတွေ ရစေပါလား။ မစိန်တွေးသလို ခင်မင်တစ်ခါမှ မတွေးခဲ့ဘူးပါဘူး...။ အဲဒါ ဖေဖေ့ကိုယုံကြည်တာလဲ ပါပါတယ်...။ မေမေဆုံးသွားခဲ့သော နှစ်များစွာမှာ... ဖေဖေ့ကို ခုလိုမျိုးတခါမှ ခင်မင်မတွေးခဲ့ဘူးပါဘူး....။

'ဟဲ့... ခင်မင် ငိုနေမလား...'

'ငိုချင်တယ်...'

'နင်ဟာလေ မျက်ရည်လဲ တော်တော်ပေါ့ပါ့... ထစ်ခနဲဆို ရွှေမျက်ရည်ဝဲရတာနဲ့ ကျရတာနဲ့ အလွမ်းမင်းသမီးပဲ လုပ်ဖို့ကောင်းတယ်...'

ဟုတ်မှာပါ...

ပြောလဲပြောစေ...





မေမေ ဆုံးပြီးတဲ့အချိန်နောက်ပိုင်း တခုခုနှင့် အဆင်မပြေဆိုတာနှင့် ခင်မင်ဟာ မျက်ရည်ကိုသာ အဖော်ပြုခဲ့စမြဲ...။

'အဲလို တကယ်များလား မစိန်...'

'ငါလဲ ထင်တာပြောတာလေ... အတတ်တော့ မပြောနိုင်ပါဘူး... ဟုတ်ခဲ့လဲ ခွင့်လွှတ်ရမှာပဲ... အစ်ကိုကြီးဟာ နင်တို့အတွက် ဖခင်ကောင်းတစ်ယောက်ပါ... သားသမီးတွေကတော့ နင်တစ်ယောက်ပဲ ကျန်တာတွေ မစွံဘူး...'

'မစိန်ရယ်... ကြားသွားလို့ ပြဿနာရှာနေပါမယ်...'

မိုက စိတ်ဆိုးရင် မကြားတကြား ပြောတတ်တာကို ခံနိုင်ရည်ရှိပေမဲ့ ထားငယ်ရဲ့ စွာကျယ်လွန်းသော စကားရိုင်းရိုင်းတွေကို ခင်မင် မကြုံဆုံချင်ဘူးလေ...။ ခဏခဏကြုံရလွန်း တော့ ပြဿနာကို ဝေးဝေးကရှောင်နေရသော အခြေအနေထိ ကြောက်တတ်လာပြီ ဆိုဆို...။

'မမချောလေးက သည်နေ့ အတန်းမရှိဘူးလား မသီ...'

'မပြောတတ်ပါဘူး...'

ထားလေးပင် တက္ကသိုလ်မှာ တတိယနှစ် ရောက်သွားပြီ။ တခါတရံမှာတော့ ကျောင်းသူဘဝလေးကို အလွမ်းသား။ ဖေဖေ စာမေးပွဲပဲဖြေခိုင်းလို့ ဆယ်တန်းတစ်နှစ် ပြန်ဖြေပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်အလုပ်တွေ များနေတော့ စာမှကျက်ချိန်မရတာ… မအောင်ခဲ့ပါဘူး…။ နောက်ထပ်လည်း ခင်မင် မကြိုးစားချင်တော့ဘူးလေ…။

'အဝတ်လျှော်ပြီးပြီ… ငါကတော့ ထုံးစံအတိုင်း တရေးအိပ်မယ်… နင်လည်း နားဦး…'

မစိန်ကတော့ တစ်မျိုးအေးချမ်းပါတယ်…

နေ့ခင်းတရေးမရအရ အိပ်တယ်… သူ့ခမျာလဲ မနက်ဆို လေးနာရီထဲက ထပြီးအလုပ်လုပ်ရတာပဲလေ…။

နားဦးတဲ့….။

နေ့ခင်းမအိပ်တတ်သည့် အတူတူ မီးပူတိုက်နေတာပဲကောင်းတယ်ဆို ခုချိန်တိုင်း မီးပူတိုက်နေလေ့ ရှိတာပ်…။

သည်နေ့တော့ ထူးဆန်းဖွယ်ကောင်းသော အတွေးတစ်ခု ခင်မင့်ဦးနှောက်ထဲ ရောက်လာခဲ့ပါတယ်…။ ဒါကြောင့် ခြံထဲဆင်းရင်း သပြေခက်တွေခူးမယ်လို့ ကြံစည်ခဲ့တာ…။ သပြေခက်ခူးရင်း အနာဂါတ်ဆိုတာ ဘယ်လိုပါလိမ့် အတွေးထဲနစ်ခဲ့ရပြီ…

ဖေဖေ…

မရှိတော့ရင်…

သေဆုံးမှ ခွဲခွာတာတဲ့လား…





မဟုတ်နိုင်…။

ဖေဖေနောက်အိမ်ထောင်ပြုသွားရင်…။ ပြီးတော့ မောင်နှမတွေအသီးသီး အိမ်ထောင်ကျပြီဆိုရင်…။ ဝင်ငွေရှိမည့် အလုပ်ကလေးတစ်ခုမှ မရှိခဲ့တဲ့အခါ…။

ဒါဆို ခင်မင် ဘာလုပ်လုပ်မှာလဲ…

အိမ်ကိုစွန့်ခွာဖို့ မဖြစ်နိုင်….။

ဇာထိုး၊ ပန်းထိုး စသည့် လက်မှုပညာတွေ မေမေကြောင့် တက်မြောက်ခဲ့တာလေးတွေကိုရော…။ နေ့ခင်း မစိန်တရေးအိပ်သလို… အိမ်မှုကိစ္စအားလုံးကို မျက်လုံးစုံမှိတ် စွန့်ခွာ၍ ဝင်ငွေရမည့် လုပ်ငန်းလေးတစ်ခုခုမှာ…။

ဟုတ်တယ်…

ခင်မင့်အနာဂါတ်ကို တတ်စွမ်းသရွေ့တော့ ချောမွေ့အောင် ပြင်ဆင်သင့်တာပဲ…။

သက်ပြင်းတရှိုက်နှင့်အတူ…။

✢ ✢ ✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာတွေစိတ်ကူးပြန်သလည်း ခင်မင်...'

ခြံသည်လောက်ကျယ်ပြီး ပစ်ထားတဲ့ နောက်ဖက်တစ်ခုလုံးမှ မြက်ရိုင်းတွေကို ရှင်းချင်တယ် မစိန်... မနက်စောစောရှင်းရအောင်လို့ ပြောတာကိုး...။

'သစ်ပင်စိုက်မလို့....'

'သစ်ပင်... အခုရှောခြံထဲမှာ သစ်ပင်မရှိလို့လား ပိန္နဲ မာလာကာ သရက် သြဇာ အကုန်ရှိ... ဒူးရင်းဘဲမရှိတာ... ဘာလဲ ဒူးရင်းပင် စိုက်မလို့လား...'

'မနောက်နဲ့ မစိန်ရာ... သီးပင်စားပင်လေးတွေ စိုက်ချင်တယ်... ဟင်းသီးဟင်းရွက် မဝယ်ရရင် ဖေဖေပေးတဲ့ ဈေးဘိုးထဲက ဟင်းရွက်ဖိုးပိုလာမယ်... စုရတာပေါ့...'

'ဘာတွေသည်လောက် ကပ်စေးနဲနေသလဲ ခင်မင်...'

'ကပ်စေးနဲတာမဟုတ်ဘူး မစိန်... မစိန်နဲ့ခင်မင်ရဲ့ အနာဂါတ်အတွက်လေ... သည်အတွေးတွေရအောင် မစိန်ပဲ ခင်မင့်ကို သင်ပေးခဲ့တာ မဟုတ်လား... ဖေဖေ နောက်အိမ်ထောင်ပြုတာမျိုး... သေဆုံးတာမျိုးဆိုရင် မစိန်နဲ့ခင်မင့်ကို ထမင်းဘယ်သူကျွေးမလဲ...'

မစိန် ငိုင်သွားပြီမဟုတ်လား...။





ဖေဖေရှိတယ်ဆိုတဲ့ ယုံကြည်မှုနဲ့ နေခဲ့တာ...။ အခုတော့ တွေးမိတဲ့အတွေးစတွေ...။

'ကိုကို မောင်လေး မှီ ထားငယ် သူတို့ကို ခင်မင်နဲ့မစိန် မှီခိုရင်ရမယ် ထင်သလား...'

'မထင်ပေါင်အေ... သူတို့လုပ်စာကို စားလို့ရလို့ကတော့ ညည်းနဲ့ငါဟာ သူတို့ရဲ့အိမ်မှာ... အမလေး တွေးရင်းတောင် ကြောက်တယ်...'

'ဟုတ်တယ်... ဒါကြောင့်လဲ မရေရာတဲ့အနာဂါတ်ကို ရေရေရာရာဖြစ်ဖို့ ခင်မင်နဲ့မစိန် ကြိုတင်ပြင်ဆင်သင့်ပြီ... တစ်ခုဦးတစ်ခုပေါ့...'

ခုလိုပြောတော့ မစိန်လည်း ခြံရှင်းဖို့ စိတ်ဝင်စားသွားပါပြီ။ ခြံရှင်းမည်သာ ပြောရ... အိမ်မှုကိစ္စတွေ အကုန်အားလပ်တဲ့ အချိန်ရွေးကြရတာ...။ မနက်စောကြီး... ညနေစောင်း... အားလပ်ချိန်ကလေးပေါ့...။

'မလေး... မလေး...'

'ဘာလဲ မှီ... အလန့်တကြားကွယ်... ဘာဖြစ်လို့လဲ...'

'ညနေကို နှစ်ယောက်စာ ထမင်းဟင်းပိုချက်ပေးပါ...'

'နှစ်ယောက်စာ...'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ညှို့သည်ခေါ်လာဦးမည် ထင်ပါရဲ့...။ မှီ ထားငယ် မောင်လေးတို့သုံးယောက်ဟာ ခဏခဏဆိုသလို သူတို့ ရဲ့ ညှို့သည်တွေကို အိမ်ခေါ်ထမင်းကျွေးတတ်ကြပါတယ်...။ ငွေကုန်များတယ်လို့ ရှာခါညည်းမိပါတယ်...။ အဲဒါ မလေးပိုက် ဆံလား... ဖေဖေပေးနေတာပါ သိပ်ညည်းမနေပါနဲ့... ထမင်းစား ရိတ်ပိုသမျှ မလေး အိတ်ထဲရောက်တာ မသိဘူးမှတ်လားလို့ အပြောပင်ခံလိုက်ရသေး...။

'ပြောပြီးပြီနော်. မလေး....'

'အေးပါဟယ်...'

'ခင်မှင်... ငါတို့ညှို့သည်အတွက်ပါ ချက်ရပြုတ်ရရင် ခြံရှင်းချိန်လေးတောင် ရပါ့မလား...'

'ညနေစာ ခင်မင်ချက်မယ်... မစိန် ခြံရှင်း...'

'အေး... ကောင်းတယ်... နင်နဲ့ငါ အားတဲ့လူ အားအောင် အလုပ်ခွဲလုပ်ရမယ်...'

'မလေး...'

'ဩော် ထားငယ်... ပြော...'

'မမှီသူငယ်ချင်းတွေ လာမှာဆိုရင် ပုံ့ပုံ့တို့ကို ခေါ်ခဲ့ရင် တယ်...'





'ထားငယ်... နင့်သူငယ်ချင်းတွေ ခေါ်ချင်ရင်... နောက် ရက်မှခေါ်... တရက်ထဲ ညှို့သည်ငါးယောက် ခြောက်ယောက် တော့ ငါမချက်နိုင်ဘူး...'

'အမလေး... မစိန်နဲ့နှစ်ယောက် ချက်ရတာများ...'

'ခေါ်ချင်ရင် နောက်ရက်မှခေါ်...'

'တလက်စထဲ ဖြစ်မလားမှတ်တယ်...'

'မရဘူး ထားငယ်... Rice cooker ပျက်နေလို့ ဒယ်အိုးနဲ့ချက် နေရတာ ငါမနိုင်ဘူး...'

ခြေဆောင့်သွားတာ သိသားပဲ...။ သူတို့ဖြစ်ချင်ရာတွေပဲ သိကြပါလား...။ မောင်လေးကလဲ သည်လိုပါပဲလေ...။ ဟိုအရင် ကိုကိုအိမ်ထောင်မကျခင် ပိုဆိုးသေး...။ မစိန်ကတော့ သူတို့ ညှို့သည်တွေ ညှို့ခံချင် ဆိုင်မှာသွားညှို့ခံပါလား...။ ငါတို့ငဲ ချက်နိုင်းနေတယ်... ဒါပေါ့လေ အကုန်အကျသက်သာတာ ကိုးတဲ့...။

'သူတို့လဲ သူတို့အလုပ်လုပ်လိမ့်မယ်... ခင်မင်တို့ရဲ ကိုယ့်အလုပ်ကို ကိုယ်ပီပြင်အောင် လုပ်ရမယ်...'

စိတ်မှာ အားမာန်အပြည့်ရှိလာသလိုပါပဲ...။

မစိန်ကတော့ ကောင်းတယ်... ခင်မင် ချက်ရည်ဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲနဲခမ်းသွားတာပေါ့တဲ့…။ စိတ်ညစ်တိုင်း ငိုတတ်တာကိုး…။

မစိန်ပြောတာ မှန်မှာပါ…။

ခုတော့ စိတ်မှာ လန်းဆန်းနေသလိုပါပဲ…။ အချိန်တွေကို စနစ်တကျအသုံးချရမယ်…။ နှစ်များစွာ ပျောက်ဆုံးနေတဲ့ အရာတစ်ခုကို လက်ဝယ်ပိုင်ဆိုင်ရရှိလိုက်သလိုလဲ ခံစားရတာပေါ့…။

\+ + + + +

'ခင်မင်… နင် တော်တော်လဲ အပင်ပန်းခံနိုင်တယ်…'

'အိမ်အလုပ်တွေ လုပ်နေကြဖြစ်နေပြီပဲ မစိန်ရဲ့… ရေတွင်းကရေငင်ရတာကိုက စည်ပိုင်းနဲ့အပြည့် ဘယ်နှစ်ခါမှန်းမသိဘူး… မမမီတို့ ကိုကိုညီတို့တွေက အဆင်သင့် ရေချိုးဖို့ပဲတတ်တာကိုး…'

မြေရှိုင်းတော်တော်များများကို ရှင်းလင်းပြီးစပြုပြီ…။ နေ့စဉ်ရတဲ့အချိန်ကလေးတွေမှာ မနည်းကြိုးစားရတာပါ…။ မစိန်တလဲ ခင်မင်တလဲ ရှင်းနေရတာ… ကျန်တဲ့လူတွေ အားကိုးရ





ပါလိမ့်မယ် ဝေး…။

'အမလေးဗျာ… ထမင်းစားလို့ လိုက်ရှာလိုက်ရတာ… နှစ်ယောက်လုံး သည်ရောက်နေတာကိုး… ခြံရှင်းပြီး ဘာလုပ်မလို့လဲ…'

'အသီးအနှံစိုက်မလားလို့…'

'အလုပ်ရှုပ်ပါတယ်…'

'ငါတို့ဖာသာရှုပ်တာ နင်မရှုပ်ရရင် ပြီးရောပေါ့ မောင်လေးရဲ့… မစိန်… ထမင်းသွားပြင်ပေးလိုက်ဦး ခင်မင်… သည်ခြံစည်းရိုးနားထိ ရှင်းပြီးရင်လာခဲ့မယ်…'

'မလေး… ကျွန်တော့်ညွှဲသည်တစ်ယောက် လာမယ်…'

'အခုလား…'

သည်ကောင်လေးနှယ်…။

ကြိုတင်ပြောပါလား…။

ကြိုတင်ပြောမထားရင် ချက်ရပြုတ်ရ ဘယ်လောက်ပင်ပန်းသလည်း…။ နားလည်မှုမရှိတဲ့ ကလေးတွေ…။ သူတို့မချက်ရ မပြုတ်ရတိုင်း…။

'အခုမဟုတ်ပါဘူး… မနက်ဖြန်မှ…'

'ဒါဆိုတော်သေးရဲ့…'



www.burmeseclassic.com

'ကျွန်တော့်အခန်း ဘေးခန်းကို ရှင်းပေးထားနော်...'

'ဟဲ့... ညအိပ်မှာလား...'

'ညဖက်မှာထက် သည်မှာ ကြာကြာနေမှာ...'

'ကြာကြာနေမှာ...'

မောင်လေး ဘာတွေလုပ်လာတာလည်း...။ အိမ်မှာ နှ အပျိုတွေ ရှိပါတယ်ဆို... သူ့ဧည့်သည်ကို ကြာကြာခေါ်လာ တယ်လို့...။ လူကြီးတွေကိုလဲ မတိုင်ပင်ဘူး...။ မကောင်းပါဘူး ကွာ...။

'ဖေဖေ့ဆီ ဖုန်းဆက်ပြီးပြီ... ဖေဖေက လက်ခံထားလိုက် တဲ့... ခင်ခင်မင်မင် နေလို့တောင်ပြောသေးတယ်...'

'ဟင် ဟုတ်လား...'

'ဟုတ်တယ်...'

မောင်လေးတို့များ သည့်လိုလဲ အကွက်မြင်ပါလား ဖေဖေ ကျေနပ်တယ်ဆို ပြီးတာပါပဲ...။

ခက်နေတာက လူတစ်ယောက်ရှိတယ်... ဧည့်သည်သူ စိမ်းဆိုတော့ ဂရုတစိုက် ချက်ပြုတ်ပေးရမှာ... စိတ်ပူစရာတော့ ကောင်းမှာပဲ...။ ဒါပေမဲ့ ခင်မင် ဘာတတ်နိုင်မှာလိုက်လို့...။

'ခင်မင်...'





'ရှင်...'

'ငါ ဟိုနေ့ကပြောတာ မှတ်မိလား...'

'ဘာလဲ မစိန်...'

'ဖူးစာရှင်က အိမ်ထိများရောက်လာတာလားမှ မသိ တာ...'

'ဘာများလဲလို့ မစိန်ရယ်... မောင်လေးသူငယ်ချင်းပါ ဆိုမှ ခင်မင့် မောင်လေးအရွယ်ပဲရှိမှာပေါ့... ပြီးတော့ မှီနဲ့ ထားငယ်လို ဘွဲ့ရတွေနဲ့... အလှအပတွေနဲ့... ဒါမျိုးပဲ ချစ်မှာပေါ့ မစိန်ရယ်... ခင်မင့်လို...'

စကားရှေ့မဆက်ချင်တော့ပါဘူး...။

ရင်ထဲလည်း ဝမ်းနည်းသလိုလို ဖြစ်သွားတယ်လေ...။

ဘယ်လိုအချက်အလက်မျိုးမှာပဲ ယှဉ်ယှဉ် ခင်မင်ဆိုတာ မှီနဲ့ထားငယ်ကို မီမှာမှမဟုတ်တာ...။ ခင်မင်ကလည်း ဘယ်သူ့ ကိုမှ မချစ်သလို... ဘယ်သူကမှလည်း ခင်မင့်ကို ချစ်မှာမဟုတ် ပါဘူးလေ...။

ခြံစည်းရိုးနားထိ ရှင်းလင်းစပြုလာပါပြီ...။

ချွေးတွေလည်း ရွှဲနစ်နေပါပြီ...။ လက်ချောင်း နည်း နည်းနာချင်နေပြီလေ...။ သည်ညမှာ ဧည့်သည်အတွက် အခန်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းမှာ...။

'မလေး...'

'ဟင်...'

'အလကား အလုပ်ဗိုတွေလုပ်နေတယ်... ထားငယ် အခန်းရှင်းပေးရင် ကျေးဇူးတင်ရမှာ... အခန်းထဲရှုပ်ပွနေပြီ...'

'ထားငယ် မီးဖိုကလေးပဲ... ကိုယ့်အခန်းလေး ကိုယ်တော့ ရှင်းမှပေါ့...'

"ကျောင်းတက်ရ စာကျက်ရ အားမှမအားတာပဲ... မလေးက ကျောင်းမတက်စာမကျက် အိမ်မှာအားနေတဲ့လူပဲ...'

ကျောင်းမတက်...

စာမကျက်...

အိမ်မှာ အားနေတဲ့လူတဲ့...။

အိမ်တအိမ်ရဲ့ အိမ်မှုကိစ္စတွေကို ဆောင်ရွက်ရတာများ လွယ်တယ်မှတ်လို့လား...။ အိမ်မှာအားနေတဲ့လူလို့ ထင်တတ်ပါရဲ့...။

အလုပ်သွားရတာ...

ကျောင်းတက်ရတာ...

သတ်မှတ်ချိန်ကလေးတွေ ရှိတယ်...။





အိမ်တအိမ်မှာ အိမ်မှုကိစ္စတွေလုပ်ရတာ... အချိန်သတ်မှတ်ချက်မရှိ...။ မျက်လုံးဖွင့် အိပ်ယာကနိုးတာနဲ့ စလိုက်ရတာ မျက်လုံးစုံမှိတ် အိပ်တော့မှပဲ အလုပ်နားရတာ...။ သူတို့ မလုပ်ရတိုင်း ပြောရက်တယ်...။

'ဒါဆို ငါ ကျောင်းပြန်တက်မယ်လေ... နင်က အိမ်မှာ နေပြီး အိမ်မှုကိစ္စတွေ လုပ်ကြည့်ပါလား... ဒါမှ အားမအားသိရမယ်...'

'အမယ်... မလေးက ကျောင်းပြန်တက်လို့ ရမလား ဆယ်တန်းတောင်မအောင်ပဲ...'

'ငါမအောင်တာ... ညံ့လို့ ဉာဏ်မကောင်းလို့မှ မဟုတ်တာ...'

'တော်ပါပြီ... မလေးတို့က စေတနာနည်းတယ်...'

ဟုတ်မှာပါ...။

ခင်မင် စေတနာနည်းတယ်ဆိုတာ မှန်မှာပါပဲ...။

စေတနာနည်းလို့သာ ဖေဖေ မိသားစုအတွက် မေမေ မရှိတာနှင့် အနစ်နာခံခဲ့တာ...။ ရှိပါစေ...။ ထင်ချင်ရာထင်...။ ကိုယ့်အကြောင်းကိုယ်ပဲ သိပါတယ်...။ ခင်မင်ကသာ အစ်ကိုမောင် ညီမတွေကို ချစ်ခင်ရသလိုပါလား...။ သူတို့ဆီမှတဲ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဇင်မှု ရည်ဖေါ်လွန်းပါတယ်…။

သည့်အတွက် အားငယ်တတ်ခြင်းတွေကိုသာ ရခဲ့တာပါ

သား…။

+ + + + +

'ခင်မင်…'

'ရှင်…'

'ဘာချက်နေတာလဲ…'

'ငါးနဲ့ ခန့်သလွန်သီးလေ… ဘာဖြစ်လို့လည်း…'

'အပြင်မှာ ကိုရွှေညီ အပေါင်းအသင်းရောက်နေပြီ ကောင်လေးက ကြည့်လို့ကောင်းတယ်…'

'မစိန်ပဲသွားကြည့်… ခင်မင် မအားပါဘူး…'

ဟင်းတမျိုးပြီးတမျိုး ချက်ရမည်…။

မြန်မြန်ကျက်ရင်… ထိုးလက်စဆွယ်တာကလေးကို ဆက်ထိုးရမည်။ ဈေးထဲမှ မမသင်းက ခင်မင်ဝတ်ထားသည့် ဆွယ်တာလှလိုက်တာ ဘယ်ကဝယ်သလည်း မေးပါတယ်။





ခင်မင့်အာသာ ထိုးဝတ်တာပါဆို သူ့အတွက် တစ်ထည်အပ်ပါ တယ်…။ အားလပ်ချိန်လေး မနည်းရှာတိုးပေးရတာပေါ့…။ ခင်မင့်လက်ရာကို သဘောကျလို့ဆို နောက်ထပ်တစ်ထည်ပြီး တစ်ထည် မှာတော့တာပါပဲ…။ အပိုဝင်ငွေလေး ကောင်းကောင်း ပေါ်တယ်…။

'မစိန်နဲ့ မလေး… အအေးတစ်ခွက်လောက် ဖျော်ပေးပါ ဧည့်သည်ရောက်နေပြီ…'

'အေး အေး လာမို့ပေးမယ်…'

မစိန်မှာ အအေးဖျော်ရပြန်ပါသည်။

တစ်အိမ်ထဲ သူတို့ပဲ သူတို့ဧည့်သည်တွေ ခေါ်လာ ဆွဲ့ဝတ်ပျူငှာ တတ်ကြလွန်းပါတယ်…။

ခင်မင်ဖြင့် ကျောင်းတုံးကသူငယ်ချင်းတွေနှင့်တောင် တွေ့တော့ပါဘူး…။ ဟင်းအိုးတင်ထားခုံးမှာ… ငပိရည် တို့စရာ ပြင်စရာရှိသမျှ စားပွဲပေါ် အဆင်သင့်ပြင်ရတယ်…။

'မလေး… ခဏလာပါဦး…'

'ဟဲ့ ဘာကိစ္စလဲ ငါသည်မှာ ဟင်းချက်နေတာ မအားပါ ဘူး…'

'ခဏပေါ့… အိမ်မှာရှိသမျှ လူတွေတော့မိတ်ဆက်ဦးမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့... မှီနဲ့ထားငယ်ကို တွေ့ပေးပြီးပြီ...'

'ကိုကို... ကျေးဇူးတင်ပါတယ် တအိမ်ထဲနေရမှာ... နောက်လဲတွေ့ရမှာပဲ... မလာနိုင်ဘူး... ငါမအားဘူး...'

'အဲသည့် မလေးဟာ ကန့်လန့်နိုင်လွန်းပါတယ်...'

မောင်လေးကတော့ ခင်မင့်ကို ပြောမရမှန်းသိတယ် ထင်ပါရဲ့...။ ထွက်သွားပြီ...။ အိမ်မှာကြာကြာနေမည့်လူကို တကူးတကနဲ့ မိတ်ဆက်နေစရာမလိုပါဘူး...။ တွေ့ကြရမှာ များ...။

'ခင်မင်... ငါ ရေခပ်လိုက်ဦးမယ်... တော်ကြာ ညှို့သည် ရေချိုးမယ်ဆို... ရေမရှိရင် ကိုရွှေညီအော်ဦးမှာ...'

'မစိန်ခါးနာလို့ဆို... ခင်မင် ရေဆွဲလိုက်ပါမယ်... သည်ဟင်းအိုးကြည့်တာ...'

မစိန်က အရင်တခါ ရေတွင်းမှာချော်လဲပြီးကတည်းက စောစောက ခါးနာတတ်ပါတယ်...။ မစိန်ကို ခင်မင်မှမညှာရင် ဘယ်သူမှညှာမည် မဟုတ်ပါ...။ ဒါကြောင့် ရေတွင်းဆီရောက်ခဲ့ ဖြစ်ပြီ...။ ရေစည်ပိုင်းတွေမှာ ရေလျှော့နေလိုက်တာ...။ သူတို့ မငင်ရတိုင်း အားပါးတရချိုးလေ့ရှိကြတာပါပဲ...။

'မလေး...'





'ဟင်...'

မောင်လေးခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်...။

မောင်လေးနှင့်အတူ...။

မျက်နှာက်ဝန်းလေးတစ်စုံ...။

ခင်မင့်ကို ကြည့်နေတယ်...။

အရပ်တော်တော် မြင့်တာပဲ... ဒါပေမဲ့ အသားညိုတယ်။ ခင်မင့်ကို ကြည့်နေပါလား...။

'မလေး... ရေချိုးမလို့တဲ့... ဒါ ကျွန်တော့်တို့အစ်မလေး မခင်မင်တဲ့... မလေးရေ... ကျွန်တော့်သူငယ်ချင်း အောင်သီဟန် တဲ့...'

'ရေချိုးမလို့လား... ခုပဲရောက်တယ်... ရေချိုးရင် နဲနဲနားပြီးမှ ချိုးပါလား... တော်ကြာမှချိုးလေ... နေမကောင်း ဖြစ်တတ်တယ်...'

'ဟုတ်တယ် ဟုတ်ကဲ့ မမ...'

'သီဟန် ငါခြံထဲသွားဦးမယ်... မင်းလိုက်မလား...'

'နောက်ရက်မှ လိုက်မယ်ကွာ... ခု နားချင်သေးလို့ပါ...'

'ဒါဆို ငါသွားမယ်...'

ဘယ်လိုကောင်းလေးလည်း...။



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်ကိုထားပြီး ထွက်သွားပြီ…။

'မမ… ကျွန်တော် ရေဆွဲပေးမယ်…'

'ဟင့်အင်း… ရပါတယ် နေပါစေ…'

'ဘယ်ဟုတ်ပါ့မလည်း… မမ ပင်ပန်းပါတယ်… ကျွန်တော်ဆွဲပေးမှာပေါ့…'

'ရပါတယ် မောင်အောင်သီဟန်…'

'ညီညီတို့ခေါ်သလို သီဟန်ပဲခေါ်ပါ မမ…'

'ခင်မင့်ကိုလဲ မလေးလို့ပဲ မောင်လေးတို့ခေါ်သလို ခေါ်လို့ရပါတယ်…'

'ရှိုင်းတယ်လို့ ထင်ရင်ထင်… ခင်မင်ဆိုတဲ့ နာမည်လေးကို ကျွန်တော်သဘောကျတယ်… မရိုမသေမဟုတ်ဘဲ ခင်မင်လို့ခေါ်ရင်ကော… ရမလားဟင်…'

'ရပါတယ် ခင်မင်ပဲခေါ်လဲရပါတယ်…'

'ခင်မင်နဲ့သီဟန် ခင်သွားပြီ… ရေဆွဲပေးပါရစေ…'

'ခင်မင်သွားလဲ မရဘူး… ညှို့သည်ကညှို့သည်ပဲ နေပါ…'

'ညှို့သည်လို့ မသတ်မှတ်ပါနဲ့လား ခင်မင်… ကျွန်တော်သည်မှာကြာကြာနေမှာပါ…'





'နောက်ရက်မှ ဆွဲချင်ဆွဲပါ… သည်နေ့နားပါဦး… ခရီးပန်းနားပြီး ရေလာချိုးပေါ့…'

စကားမဆက်ချင်တော့တာနှင့် ရေပြည့်အောင် ကျွန်မဆွဲဖြည့်နေရပါတယ်…။ ကောင်လေးက ဒါတောင်ရပ်ကြည့်နေသေး…။ ခင်မင် စကားမဆက်တော့မှ လှည့်ထွက်သွားပါတယ်…။

'ခင်မင်… ခင်မင်…'

'ဘာလဲ မစိန်ရဲ့… ရေဆွဲရတာမောရတဲ့အထဲ…'

'ခင်မင်လို့ခေါ်ချင်တယ်တဲ့… သဘောကျစရာ…'

'ဘာဖြစ်လဲ မစိန်… အေးအေးနေပါ…'

မှိနှင့်ထားးယော်ရဲ့ အလှ… ဂုဏ်… ဒါတွေကို သူမမြင်နေမလား…။ ခင်မင်ကတော့… ဘယ်သူ့ကိုမှ မခင်မင်ချင်တော့တာ အမှန်ပါပဲ…။ အလုပ်နှင့်လက် မပြတ်ရလေသမျှ အတွေးမျိုးကိုမှ မတွေးချင်တော့အောင်ပါပဲ…။

✢ ✢ ✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုမီးခလုပ်ကို ဖွင့်လိုက်တယ်....

ပထမဆုံး မျက်နှာမသစ်ခင် ရေနွေးအိုးအရင် မီးဖိုပေါ် တင်လိုက်ရတယ်...။ ပြီးမှ မျက်နှာသစ်ရတာပေါ့...။ ခင်မင် မျက်နှာသစ် သနပ်ခါးလိမ်း အဝတ်လဲပြီး မီးဖိုထဲပြန်ရောက်တော့ ရေနွေးအိုးက ဆူဖို့ပြင်လို့ အော်နေပြီလေ...။

မစိန်...

အရင်ဆို ခုချိန် မစိန် ထမင်းချက်ဖို့ပြင်ပြီ...။ အခု မစိန် အရိပ်အယောင်မတွေ့ရ...။

'မစိန်...'

'ခင်မင် ငါဖျားနေတယ်...'

'ဟင် ဟုတ်လား... မှန်းစမ်းပါဦး... ကိုယ်ပူချိန် ဘယ်လောက်ရှိသလဲ...'

'ခုမနက်မှ သိပ်ချမ်းလာတာ...'

'ဒါဆိုခဏနေ... ကော်ဖီနဲ့ဆေးသောက်ရမယ်...'

'ငါဖျားရင် နင်ပင်ပန်းတော့မှာ...'

'တွေးမနေနဲ့... အခုဆေးသောက်... တရေးပြန်အိပ်... နိုးတဲ့အချိန် သက်သာသွားမှာ...'

မစိန်ဖျားရင် တကယ်မလွယ်...





မစိန်တစ်ယောက်ရဲ့ လုပ်အားကနည်းမှတ်လို့...။ ကော်ဖီအမြန်ဖျော် ဆေးတိုက် သိပ်ထားခဲ့ရတယ်...။ ပထမဦးဆုံး ထမင်းချက်ရတယ်...။ သူတို့ မနိုးနိုင်သေးပါဘူး...။

မနက်စာ ဘာဟင်းတွေစီစဉ်ရမလဲ...။ မှိုနှင့်ထားငယ် အတွက် ငါးသေတ္တာပဲချက်မှာဆိုတော့ သိပ်မခက်ခဲဘူး...။ ထမင်းအိုးကျက်တော့မှ ငါးသေတ္တာချက်တယ်... ကျက်လို့ ဟင်းအိုးချချိန် ပြတင်းမှ အလင်းဖျော့ဖျော့ကို တွေ့ရပြီ...။ ကော်ဖီကို ဓာတ်ဘူးနှင့်အပြည့် ဖျော်ထည့်ခဲ့ပြီး ခြံကလေးနောက်ဖက် မြေရှင်းထားရာဆီ လာခဲ့တယ်...။

မြေတွေကို သေချာမြောင်းဘောင်လေးတွေ ဖောက်ပြီး မြေဆွေးနဲ့နှပ်ထားတာ သုံးလေးရက်ရှိပြီ...။ သည်မနက်တော့ ဝယ်ထားသည့်မျိုးစေ့တွေကို သူ့နေရာနှင့်သူ ကျဲမလို့ပါ...။

'ခင်မင်...'

'ရှင်... ဩော်...'

နောက်မှ ရပ်ကြည့်နေသော သူ့ကိုတွေ့ရတယ်...။

'အစောကြီးနိုးသလား သိဟန်...'

'ဟုတ်တယ်... ကျွန်တော် စောစောပြေးလေ့ရှိတာ... ခင်မင်တို့ခြံကျယ်တော့ သိပ်ကောင်းတာပေါ့... ခင်မင်ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



'သစ်ပင်စိုက်တာလေ...'

'ဘာပင်တွေလဲ...'

'ဟင်းသီးဟင်းရွက် အစုံပဲပေါ့... စားလို့ရတဲ့ အသီးအရွက်တွေမှန်သမျှ မီးဖိုစရိတ်ကာမိအောင် စိုက်တာပါ...'

'ပင်ပန်းလိုက်တာ... ခင်မင်တို့ဆီမှာ ရန်ကုန်လောက်ဈေးမကြီးပါဘူး... ဝယ်စားရောပေါ့...'

'ဈေးမကြီးလဲ ဝယ်စားရတာ ဈေးဖိုးတော့ရှိတာပဲ... သစ်ပင်စိုက်ရတာ ပျော်စရာကောင်းတယ် သီဟာန်ရဲ့... အပင်ကလေးတွေ ကြီးလာရင်မြင်ရတာ သဘောကျစရာပဲ... သီဟာန် ကော်ဖီနဲ့မုန့်စားပြီးအောင် မီးဖိုထဲကပြန်စောင့်ပါလား... ခင်မင် လက်ဆေးပြီးလာခဲ့ပါမယ်...'

'အတူသွားကြတာပေါ့...'

ခင်မင်လက်ဆေးတဲ့ဆီ လိုက်လာသေးတယ်...။ ပြီးတော့မှ မီးဖိုထဲပြန်ဝင်လာကြတာ...။ ခုချိန်ထ တစ်ယောက်မှမနိုးသေး...။

'အားလုံးအိပ်နေကြတုန်း ထင်တယ်... ခင်မင် အစောကြီးနိုးသလား...'





'အဲလိုအစောကြီး မနိုးရင် ထမင်းဟင်းတွေအမီ ဘယ်ကျက်ပါ့မလဲ သီဟာန်ရဲ့... တော်ကြာ မီနဲ့ထားငယ် အလုပ်သွားကျောင်းသွား... ထမင်းဘူးယူကြမှာ...'

'သူတို့ကရော ကူမချက်ဘူးလား...'

ဘယ်လိုမှ မဖြေချင်ဘူး...။ ဒါကြောင့် ဘာမှမဖြေပဲနေလိုက်တယ်...။ မီးဖိုထဲရောက်တော့ ထမင်းစားပွဲပေါ်မှာ ကော်ဖီနှင့်မုန့် ပြင်ပေးလိုက်တယ်...။ ညီညီနိုးသည်ထိ စောင့်ရကောင်းမလားလို့ သူကဆိုပါတယ်...။ ဒါကြောင့် ခင်မင်ရယ်ရင်း ပြောရတယ်...။

'မောင်လေးကိုသာ စောင့်ရမယ်ဆိုရင်တော့ သီဟာန် မနက်စာပါ ပေါင်းစားရမယ်... မောင်လေးက အိပ်ချိန်တဲ့ အချိန်အိပ် နိုးချင်တဲ့အချိန်မှ နိုးတာ သီဟာန်ရဲ့...'

'ဒါဆို ခင်မင်ပါ ကျွန်တော်နဲ့အတူစား...'

'ခင်မင်နိုးတာနဲ့ ကော်ဖီတစ်ခွက်သောက်ပြီးပြီ သီဟာန်စားပါ... ခင်မင် ကန်စွန်းရွက်ချွေရင်း အနားမှာထိုင်စောင့်ပါမယ်...'

ကန်စွန်းရွက် ချဉ်ရေဟင်းချက်ဖို့လဲ ပြင်ဆင်ရသေးပေါ့...။ ဟိုအစ်မတစ်ယောက်ရောလို့ သီဟာန်က မေးတယ်...



www.burmeseclassic.com

www.burmeseclassic.com



မစိန် ဖျားနေတယ် သီဟာန်ဆိုတော့ ဘာဆေးသောက်သလဲ ကျွန်တော်ကြည့်ပေးရမလားတဲ့...။

'သီဟာန်ကြည့်ပေးမယ်...'

'ကျွန်တော် ဆရာဝန်ပါ...'

'သီဟာန်က ဆရာဝန်... ဒုက္ခပဲ...'

'ဘာဖြစ်လို့လဲ ခင်မင်... ကျွန်တော်ဆရာဝန်ဖြစ်တာ ခင်မင့်မှာ ဘယ်လိုဒုက္ခတွေ ဖြစ်သွားသလဲ သိပါရစေ...'

'သီဟာန့်ကို မောင်လေးသူငယ်ချင်းဆိုပြီး အခေါ်အဝေါ်ကစ ရင်းနှီးသွားမိတာ... ခုတော့ မလေးမစားဖြစ်နေသလိုပေါ့... ဘယ်ကောင်းပါ့မလည်း...'

'ဘာဆိုင်လဲ... ခင်မင်မှုက ခင်မင်မှုပဲ... ဆရာဝန်နဲ့ မဆိုင်ပါဘူး... လာပါခင်မင်... ဟိုနေမကောင်းတဲ့ အစ်မကို သွားကြည့်ရအောင်...'

သီဟာန်လို့ ခေါ်ရတာမဝံ့သလိုပါပဲ...။

မောင်လေးသူငယ်ချင်းဆိုပြီး...

မစိန်ကို သီဟာန် အဖျားတိုင်းသွေးပေါင်ချိန်နှင့် ဆေးကုပေးနေတော့မှ မစိန်လည်း သီဟာန် ဆရာဝန်မှန်း သိရတာ...။

'အစ်မ ဆေးသောက်လိုက်ပါ... နေကောင်းသွားမှာ





ပေါ့...'

'ကျေးဇူးပါပဲ...'

သီဟာန့်ကို ဆရာဝန်လို့ မောင်လေး ဘာလို့မပြောတာပါလိမ့်...။ မောင်လေး သူငယ်ချင်းရော ဟုတ်ရဲ့လား...။ ဖေဖေကလည်း ခင်ခင်မင်မင်နေပါလို့ ပြောသတဲ့...။ ဘာတွေမှန်းကို မသိပါဘူး...။

'သီဟာန် သည်မှာကြာကြာနေမှာဆို... အလုပ်ကရော...'

'ခွင့်တင်ထားတယ်...'

သည်မှာ ဘာ့ကြောင့်လာနေရတာလည်းလို့ ခင်မင် မမေးချင်ပါဘူး...။ သူ့ရဲ့ကိုယ်ရေးကိုယ်တာပဲလေ...။ မှိုနီးလာတော့ ခင်မင်နှင့်သီဟာန့်ကို လှမ်းကြည့်နေပါတယ်...။

'ကိုသီဟာန် နီးတာကြာပြီလား...'

'ကျွန်တော် စောစောထ လမ်းလျှောက်တတ်တယ် အပြေးကျင့်တယ်... နိုးတာကြာလှပြီ... မှိုမှို ခုမှနိုးသလား...'

'ဟုတ်တယ်...'

မှိုကမျက်နှာသစ်ပြီး ကော်ဖီလာသောက်တယ်...။

သီဟာန်နှင့်မှို စကားပြောနေတာမို့ ဟင်းခွက်တွေကိုမို့တစ်ယောက်ထဲ ပြင်ဆင်ရတော့တယ်...။ မစိန်လည်း ပြင်ပန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖျားတာနေမှာ...။ ဟင်းတွေကျက်မှပဲ ခဏနားရမယ်...။ မီးနှင့် ထားငယ် ထမင်းချိုင့်ရပြီဆို အတော်စိတ်ပေါ့သွားပါပြီ...။

'မလေး... ဘာဟင်းချက်လဲ...'

'ဘဲဥနဲ့ငါးခြောက်ချက်တယ်... ကန်စွန်းရွက်ချဉ်ရေဟင်း...'

'ဟင်းကကောင်းလဲ မကောင်းဘူး...'

'သည့်ထက်ကောင်းရမလား... နေ့တိုင်းဈေးမသွားနိုင်ဘူး... ဈေးသွားနိုင်တဲ့ နေ့ကြတော့မှ ကြက်သား ငါးစားရမှာပေါ့... ဈေးနဲ့အိမ် သည်လောက်လှမ်းနေတာ... နေ့တိုင်းဈေးမသွားနိုင်ဘူး... မောင်လေးကလဲ ကားမကောင်းလို့ ပို့ချင်တာမဟုတ်ဘူး...'

'တော်ပါပြီ... မလေးမှာ အကြောင်းပြချက်တွေ ရှိနေမှတော့ ပြောလဲအပိုပဲ... ဘဲဥနဲ့ငါးခြောက်ဟင်း မစားချင်ဘူး... ဘဲဥကြော်ပေး...'

'ထားငယ်ရယ်... နင်တို့ကတော့လေ... ဖေဖေပေးတဲ့ ပိုက်ဆံကို ငါလောက်အောင်သုံးရမှာ...'

နောက်ဆုံးခင်မင်ပဲ အလျှော့ပေးလိုက်ရမှာ...။ ဘဲဥကြော်ဖို့ ပြင်ရပြန်တယ်...။ မို့ထမင်းချိုင့်ကိုလဲ ဈေးမများနိုင်ခင်





အမြန်ပြီးအောင် ပြင်ပေးလိုက်ရတယ်...။ ဖေဖေ့ကို ခင်မင်ချစ်နေလို့သာ... မောင်နှမတွေရဲ့ တစ်ယောက်တမျိုး စိတ်အနှောင့်အယှက်ပေးနေတဲ့ ဒဏ်ကိုခံနေရတယ်...။

စိတ်ပျက်လိုက်တာ...။

အလုပ်တွေက တစ်ခုပြီးတစ်ခုပါပဲလား...။

ဆွယ်တာထိုးဖြစ်ဖို့ အချိန်ရအောင် မနည်းကြိုးစားယူရမှာပါလား...။

+ + + + +

ဆွယ်တာလေးကို အိပ်ထဲထည့်လိုက်တယ်...

မနက်ဖြန်ဈေးသွားရင် အပ်လိုက်ရပြီပေါ့...။ ဈေးအပြန် ဘဏ်ဝင်ချင်တယ်...။ ဖေဖေလုပ်ပေးထားတဲ့ ငွေစုစာအုပ်လေးထဲ ငွေဖြည့်နိုင်ပြန်ပြီ...။ တဖြည်းဖြည်းနဲ့ဆို ရေစက်ရေပေါက်လေးတွေကနေ ရေအိုင်ကြီးဖြစ်လာနိုင်တာပဲ မဟုတ်လား...။ အနာဂတ်မှာ ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ လိုတယ်...။

'ခင်မင်...'



www.burmeseclassic.com

www.burmeseclassic.com



'သီဟန် မအိပ်ဘူးလား...'

'ကျွန်တော် နေ့လည်မအိပ်တတ်ပါဘူး... ခင်မင် ဘာလုပ်နေတာလဲ... ဒါ ခင်မင်ထိုးတဲ့ ဆွယ်တာလား...'

'ဟုတ်တယ်...'

'လက်ထိုးမို့ထင်တယ် ကြွရွပြီး နွေးမဲ့ပုံစံလေး... ဘယ်သူ ဝတ်ဖို့လဲ...'

'ခင်မင် အငှားထိုးတာပါ...'

'ဩော် ဒါဆို... ကျွန်တော့်ကိုရော တထည်လောက်ထိုး ပေးပါလား...'

'သီဟန်လိုချင်ရင် ထိုးပေးပါမယ်...'

'အလကားဆိုရင်တော့ မယူဘူးနော်...'

'ဘာဖြစ်လို့လည်း...'

'ခင်မင် အငှားထိုးတဲ့အချိန်တွေ ပျောက်တာပေါ့... ကျွန်တော်ကျသင့်သလောက် ရှင်းပါရစေ...'

'ဘယ်ဟုတ်ပါ့မလဲ...'

'ဒါဆို နေပါစေတော့...'

'ခင်မင် စိတ်မကောင်းအောင် မပြောင်းပါနဲ့ သီဟန်... မနက်ဖြန် ဈေးသွားရင် ချည်ဝယ်ခဲ့မယ်... ဘာအရောင်လိုချင်





သလဲ မှာပါ...'

'ချည်းဖိုး ကျွန်တော်ပေးပါရစေ...' ဒါမှမဟုတ် ဈေးကို ကျွန်တော်လိုက်ဝယ်မယ်...'

'အင်း လိုက်ခဲ့လေ... ဈေးကဝေးတယ်နော်...'

'ရပါတယ်...'

'မောင်လေး ကားမကောင်းရင် မြင်းလှည်းနဲ့ ဒါမှမဟုတ် စက်ဘီးနဲ့သွားရမှာ...'

'ကောင်းတာပေါ့ ပျော်စရာကောင်းသေး...'

သီဟန်ရောက်လာတာ စကားပြောစရာအဖော်လေး တစ်ယောက်တော့ ရသလိုပါပဲ...။ နေ့ခင်းဆိုအိမ်မှာ မစိန်နှင့် နှစ်ယောက်ထဲ ကျန်ခဲ့တာ...။ မစိန်ကလည်း နေ့လည်တရေးအိပ်တာ...။ ခင်မင်တစ်ယောက်ထဲ ဆွယ်တာထိုးနေရတာလေ...။ သီဟန်ရှိတော့ စကားပြောလို့ရပါတယ်...။

'မှီက မန်နေဂျာလို့ပြောတယ်... သူ့ရုံးကဘယ်မှာလည်း'

'မြို့စွန်မှာ...'

'အလုပ်ကို ဘာနဲ့သွားလည်း...'

'စက်ဘီးနဲ့...'

'ထားဝယ်လဲ ကျောင်းကို စက်ဘီးနဲ့ပဲသွားတယ်နော်...



www.burmeseclassic.com

www.burmeseclassic.com



'သည်မှာက စက်ဘီးစီးကြတာများတယ် သီဟာန်ရဲ့... သီဟာန် စက်ဘီးစီးတတ်သလား...'

'ဟင့်အင်း... ကားပဲမောင်းတတ်တာ...'

'ဒါဆို ခင်မင်နင်တဲ့ စက်ဘီးရော စီးရဲမလား...'

'စီးရဲပါတယ်... ခင်မင်နင်းရတာ ပင်ပန်းမှာတော့ စိုးပါ တယ်...'

'ရပါတယ်... မောင်လေးကို တင်နင်းနေကြပဲလေ... စကားပြောလို့တော့ ကောင်းတယ်သီဟာန်... ခင်မင် အဝတ် လျှော်ရဦးမယ်... သီဟာန်လဲ နားဦး...'

အလုပ်တွေတစ်ခုပြီး တစ်ခုမလုပ်ရင်... ဘယ်လိုမှ ပြီး တော့မှာမဟုတ်...။ အဝတ်လျှော်ရဦးမယ်... ဖေဖေရဲ့ခြင်ထောင် နှင့် အိပ်ယာခင်းတွေ လျှော်ထားဦးမည်... ဒါမှ ဖေဖေခရီးက ပြန်လာရင် အဆင်သင့်ဖြစ်မှာ...။

'ခင်မင်... အဝတ်လျှော်စက် ဝယ်လိုက်ပါလား... ခင်မင့် ကိုကြည့်ရတာ ပင်ပန်းလိုက်တာ...'

'ဖေဖေ့ကို မပူဆာချင်ဘူး သီဟာန်... ဖေဖေဟာ တစ် အိမ်လုံးရဲ့စီးပွားကို ပင်ပင်ပန်းပန်းရှာနေတာ... သားသမီးတွေ ကလည်း တစ်ယောက်မှပြန်မပေးကြဘူး... ဖေဖေ့အရွယ်က





အစိုးရဝန်ထမ်းသာဆို ပင်စင်ယူနေပြီ... အခုတော့ စီးပွားရှာရ တုန်းပဲ... ပြန်ကြည့်နိုင်တဲ့ သားသမီးတစ်ယောက်မှ မရှိဘူး...'

'ခင်မင်တော်တယ်...'

'ရှင် ခင်မင်တော်တယ်ဟုတ်လား... သီဟာန်အကြည့်မှား ပြီ... ဖေဖေ့သားသမီးငါးယောက်မှာ ခင်မင်အညံ့ဆုံး...'

'ကျွန်တော့်အမြင်တော့ ခင်မင်အတော်ဆုံးပဲ...'

ခင်မင်ရယ်ရတယ်...။

စိတ်လွတ်ပေါ့ပါးစွာ အားပါးတရရယ်မိပြီးမှ...

ဟင်...

ခင်မင်ရယ်နေတာကို သီဟာန်ကြည့်နေပါလား...။ ဒါ ကြောင့် မျက်နှာလွှဲပြီး ဆပ်ပြာမှုန့်တွေ ဖူးထဲဖောက်ထည့်ရင်း အလုပ်ထဲ စိတ်နှစ်ထားလိုက်တယ်...။

'ခင်မင်...'

'ပြောလေ...'

'ကျွန်တော်ကူလျှော်ပေးမယ်..'

'မဟုတ်တာ... နေပါ... ခင်မင့်အတွက် သည်အလုပ်တွေ ရှိနေပြီ...'

'ရေကူညှစ်ပေးမယ်...'



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ သီဟန်...'

'ကိုသီဟန်...'

'အော် ညီညီ...'

'ခြံထဲမှာ ကိုသီဟအတွက် မနက်စာကောင်းကောင်းလေး ပြင်ဆင်ထားလို့ လိုက်အားပေးပါ...'

'သည်မှာလဲ ချက်ထားတာပဲ ညီညီရဲ့...'

'မလေးချက်တဲ့ထမင်းဝိုင်းက ခြောက်တယ်... ဟိုမှာက အစိုလေးပေါ့...'

မောင်လေးကတော့လေ...။

အရက်သောက်ဦးမည် ထင်ပါရဲ့...။

ဒါကြောင့်လည်း သီဟန့်ကို လာခေါ်တာနေမှာ...။ သီဟန် လိုက်မသွားပါနဲ့လို့ တားပိုင်ခွင့် ခင်မင့်မှာမရှိပါဘူး...။ အရက်သောက်တာ မကြိုက်ဘူးလို့လည်း ပြောနိုင်ခွင့်မရှိဘူးလေ...။

ခင်မင့်နေရာ ခင်မင်သိပါတယ်...။

'ကိုယ်အရက်မကြိုက်ဘူး ညီညီ...'

'မကြိုက်ဘူးဟုတ်လား ကိုသီဟန်...'

'ဟုတ်တယ်...'အပေါင်းအသင်းတွေနဲ့ မသောက်ဘူးလို့





ပြောပါဘူး... ဝိုင်းကောင်းတဲ့အခါ သောက်ပါတယ်... ဒါပေမဲ့ များသောအားဖြင့် မသောက်ဘူး... ကြိုက်လို့ကိုမရတာ....'

'သည်တခါတော့ လိုက်အားပေးပါ... မကြိုက်လဲ တျှန်တော့်ကို ခင်မင်တဲ့အထိမ်းအမှတ်ပေါ့... လာပါ...'

မောင်လေးလက်ဆွဲခေါ်ရာ သီဟန်ပါသွားပြီ...။ ခင်မင့်အနားမှာ သီဟန်မရှိတော့တဲ့အခါ...။ ပတ်ဝန်းကျင်မှာ ခြောက်သွေ့သွားသလိုပါပဲလား...။ ဘာလို့အဲလို ဖြစ်ရမှာလည်း...။ ဘာကြာယ်ဆို သီဟန်ရောက်လာတာ ဘာကြာသေးတာ လိုက်လို့...။ မြင်ထောင်နှင့်စောင်တွေ ရှေ့ညှစ်တော့သတိရတယ်...။ ရောကျညှစ်ပေးမယ်လဲဆိုသေး အခုအနားမှာပင် မရှိတော့...။

'ခင်မင်... ငါကူမယ်...'

'ဟယ် မစိန်... ဘယ်နှယ်ထွက်လာရတာလဲ... အအေးမိရင် ပြန်ဖျားမယ်... ရေမကိုင်ရပါဘူး... အထဲဝင် အထဲဝင်... သည်မှာ ပြီးနေပြီ...'

'ငါနေမကောင်းတော့ နင်တစ်ယောက်ထဲ ပင်ပန်းတယ်...'

'ခင်မင်နေမကောင်းရင်လည်း... မစိန် ခုလိုပဲ လုပ်ပေးမှာမဟုတ်လား...'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ဒါပေါ့ကွယ်...'

'ဒါဆိုပြောမနေနဲ့... ခင်မင် မပင်ပန်းပါဘူး... အဝတ်လျှော်ပြီးရင် နည်းနည်းနားလို့ရပြီ... ညနေစာတော့ ဟင်းတွေရှိတယ်... ကိုရွှေညီက သီဟန့်ကိုခေါ်သွားတယ်...'

ခြင်ထောင်လေး ဖြုတ်ဖွေးသွားတယ်...။

ဖေဖေပြန်လာရင် လျှော်ပြီးကာစ ခြင်ထောင်ဖြူဖြူလေးနဲ့ အိပ်ရမှာ...။ သဘောကျမှာပါပဲလေ...။ ဖေဖေဆီမှ တယ်လီဖုန်းမဆက်ပြန်ဘူးလို့ အမှတ်ရနေမိတယ်...။ ခင်မင်က ဖေဖေ့ကို သတိရနေမိပါတယ်...။

'ခင်မင်... သီဟန်ဆိုတဲ့ ကောင်လေးဟာ... ဆရာဝန်လို့ဆိုတယ်... သည်မှာ ဘာလာလုပ်နေတာလဲ... ကြာကြာနေမယ်လဲ ပြောတယ်... အကြောင်းတစ်ခုခု ရှိမယ်ထင်တယ်...'

'မပြောတတ်ပါဘူး မစိန်ရယ်... သူ့အကြောင်းနဲ့သူ ပေါ့..'

'ခင်မင်...'

'ဘာတုန်း မစိန်ရဲ့...'

'သည်ကောင်လေးနဲ့ သိပ်မခင်ပါနဲ့လား... ကောင်လေးက ခင်မင့်ကို အနားကပ်နေသလိုပဲ...'





'ခင်မင့်နေရာ ခင်မင်သိပါတယ်...'

ပြောမိတာနှင့် ရင်ထဲအားငယ်စိတ်နှင့် ကြေကွဲသွားသလိုပါပဲ...။ မျက်ရည်ကြည်တွေ ချက်ခြင်းဝေ့လာတာကို ပယ်ဖျောက်ပစ်နေမိတယ်...။ ဟုတ်တာပေါ့... သီဟန်လို ကောင်လေးတစ်ယောက်က မှီလို ယားငယ်လို ပြည့်စုံတဲ့ကောင်မလေးတွေကိုပဲ...။

ခင်မင်သိပါတယ်...။

+ + + + +

မိုးတွေအုံ့နေပါလား...။

သကြိန်မိုးတွေ သေချာတယ်...။

သကြိန်နားနီးကပ်လာပြီလေ...။ သည်မိုးကိုတော့ ခင်မင်လိုက်လှဲစွာ ကြိုဆိုရမှာပါ...။ ပိတောက်တွေကို ခင်မင်ချစ်တာကိုး...။ ဒါပေမဲ့... ခုတော့ မရှာပါနဲ့ဦး မိုးရယ်...။ ခင်မင်ရှာသွားမလို့ပါ...။ စက်ဘီးနှင့်သွားရမှာဆိုတော့... မိုးရွာရင်...။

ခင်မင်တစ်ယောက်ထဲ ဆိုလို့ကတော့...



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရွာ…

နေပူပူ…။

အခုတော့ သည်နေ့ဈေးကို သီဟန်လိုက်မှာတဲ့…။

'သွားစို့လေ ခင်မင်…'

'ထီးတလက်တော့ ယူခဲ့မယ် သီဟန်… မိုးကြည့်ရတာ ရွာမယ့်ပုံ…'

'ရွာတော့လဲ ခင်မင့်ကို သီဟန်ဆောင်းပေးပါ့မယ်…'

မစိန်က ကြည့်နေပါတယ်…။

ဘာမှတော့ မပြောပါဘူး…။

ဒါပေမဲ့…။

ပြောခဲ့ပြီးပြီပဲလေ…။

'သီဟန်ခုန်တက်တတ်လား…'

'ရတာပေါ့… ကျွန်တော် အရပ်ရှည်တာပဲ…'

'ဒါဆို ခင်မင်နင်းတော့မယ်… ခုန်တက်…'

ခင်မင်နင်းလို့ အရှိန်ရမှ သီဟန်ခုန်တက်ထိုင်လိုက်လိုက်တာ…။

စက်ဘီးအနည်းငယ် ယိုင်ထိုးပြီး လက်ကိုင်ယိမ်းသွားသမျှ ပြန်ထိမ်းရတယ်…။





ဒါလေးကိုပင် ရင်မှာမြူးရွှင်နေသလို…

ခပ်လွှင်လွှင်လေး ရယ်မိတယ်…။

မညာချင်ဘူး…။

ကြည်နူးပျော်ရွှင် ချမ်းမြေ့ခြင်းတွေ ခင်မင့်ဆီ ရောက်လာသလိုပါပဲလေ…။

'ခင်မင်… မောလား…'

'ဘာလို့မောရမှာလဲ… စက်ဘီးနင်းတာလောက်တော့ အပျော့ပဲ…'

'ကျွန်တော်ကလဲ ညံ့ပါတယ်… ကားပဲမောင်းတတ်တယ် ခင်မင်ရဲ့… သည်လိုမုန်းသိ မာ့မီကို စိတ်ဆိုးကာမှဆိုးစီးနေကြကားလေး ယူလာသင့်တာ…'

သီဟန်ရဲ့ ဖျတ်ခနဲအပြော…။

မာ့မီကို စိတ်ဆိုးကာမှဆိုးတဲ့…။

သူ့အမေကို စိတ်ဆိုးနေတာလား…။

သီဟန်ရဲ့ အခြေအနေ…။

ဘယ်မိဘကနေ ဘယ်လိုအသိုက်အဝန်းမျိုး ရှိသလဲတွေးမိတယ်…။ ဒါပေမဲ့ မတွေးတာအကောင်းဆုံးပါပဲ…။

အချိန်တန် အိမ်ပြန်သွားမဲ့ ဧည့်သည်ကလေးရယ်…။



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရင် ပျော်မှာပဲ...'

'ခင်မင် အအေးမိမှာပေါ့...'

'မိကာမှမိ... ပျော်ရမယ်... ဈေးအပြန် မိုးရွာပါစေကွယ်...'

စက်ဘီးနင်းတော့ လေအရှိန်နဲ့ ခင်မင့်ဆံပင်တွေ လွင့်နေပြီ..။ သီဟန်ကို ဆံနွယ်တွေသွားထိပြီး ရစ်ပတ်နေတယ် ထင်ပါရဲ့...။ ဆံနွယ်တွေကို သီဟန်က ငြင်သာဖွဖွ ဆုပ်ကိုင်ထားမှန်း သိတဲ့အခါ....။

'အို...'

စက်ဘီးကို နင်းနေရာကရပ်ပြီး ခုန်ဆင်းလိုက်တယ်...

'လိမ့်ကျတော့မှာပဲ ဘာဖြစ်တာလဲ ခင်မင်...'

'ဘာမှမဖြစ်ပါဘူး...'

ပြောမိပေမဲ့... ဆံပင်တွေကို ချက်ခြင်းတပတ်လျှို ရစ်ပတ်ထုံးပစ်လိုက်တယ်...။ သီဟန်က ခင်မင့်ကိုကြည့်နေဆဲပါ...။

'သွားစို့လေ...'

ရင်ထဲမှာ ခံစားမှုလှိုင်းကြက်ခွပ်တွေနဲ့ ငြိမ့်နေတဲ့ ရှေ့ပြင်လိုပါလား...။

'ခင်မင်...'





'ရှင်...'

'ခင်မင်... ဆယ်တန်းရောက်မှ ကျောင်းထွက်ထားတာဆို...'

'ဟုတ်တယ်လေ... ဘာလို့လဲ...'

'ဘာမှမဖြစ်ပါဘူး... စာမေးပွဲပြန်ဖြေပါလား...'

'ပြန်ဖြေရမယ်...'

'ဟုတ်တယ်...'

'ဘာလို့လဲ...'

'မောင်နှမတွေအားလုံး ဘွဲ့ရပြီး ခင်မင်တစ်ယောက်ထဲ ပညာရေးမှာ နိမ့်နေတော့... အားငယ်မှာစိုးလို့ပါ...'

'ဒါတော့ဒါပေါ့...'

သီဟန်ရယ်...

အားငယ်မှာစိုးလို့တဲ့...။

အားငယ်စိတ်က ရင်မှာအမြစ်တွယ်နေပြီဆိုတာ သီဟန်မသိလို့ပါ...။ တခါတခါ အားငယ်တတ်လွန်းတော့ မျက်ဝန်းမှာ မျက်ရည်တွေ အလွယ်ရှိနေစမြဲ...။ ရင်ကို ထိခိုက်လိုက်တာနှင့် ချက်ခြင်း မျက်ရည်ကျတတ်တယ်...။

ဒါပေမဲ့... ဘယ်အချိန် ကျူးရှင်တက်မလဲ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန် စာကျက်မလည်း...။

တော်ပါပြီ...။

အိမ်တာအိမ်လုံး အလုပ်တွေများနေရသည့်အထဲ...။

'သီဟန်က ခင်မင်စာမတတ်တာနဲ့ မခင်ချင်တော့ဘူးလား...'

'ဟာ မဟုတ်ပါဘူး... ခင်မင့်အတွက်ပြောတာပါ...'

'တနေ့တနေ့... မိုးလင်းကမိုးချုပ်... အိမ်အလုပ်တွေ ရှုပ်နေတာ... စာကျက်ချိန်လဲမရှိပါဘူး... ကျက်လဲမကျက်ချင်တော့ပါဘူး သီဟန်ရယ်... ဈေးထဲမှာ ပစ္စည်းတော်တော်များများ ဝယ်ရမှာ... သီဟန်လိုက်ရမှာနော်...'

'ရတယ်... ဈေးခြင်းဆွဲပေးမယ်...'

စက်ဘီးအပ်တဲ့နေရာမှာ အပ်ထားခဲ့တယ်...

ဈေးထဲရောက်တော့ တပတ်စာဝယ်နေကြ အသား ငါး ဟင်းသီးဟင်းရွက်တွေ ဝယ်ရတယ်...။ သည်နှစ် ဆောင်းမှာတော့ ဟင်းသီးဟင်းရွက် ဝယ်စားစရာလိုတော့မည်မထင်...။ ဆွယ်တာဝင်ပေးတယ်...။

'ချည်ဆိုင်သွားမယ် သီဟန်... ဘာရောင်ထိုးမလဲ...'

'အပြာနဲ့ပန်းရောင်ကို စပ်ကျားလေးထိုးပေး...'





'အပြာနဲ့ပန်းရောင်...'

'ဟုတ်တယ်...'

'စပ်ကျားဆိုတော့ ဘယ်လိုပုံလဲ... အစင်းကျားလေးတွေမျိုးလား... နှစ်ရောင်မျှဝယ်ရမလား... အပြာရောင်များ ရမှာလား ပန်းရောင်များရမလား...'

'နှစ်ရောင်အတူတူဝယ်ပါ...'

'ဘယ်လိုပုံလဲ...'

'ခင်မင့်စိတ်ကြိုက် စဉ်းစားပေါ့... ကျွန်တော် ပန်းရောင်နဲ့အပြာရောင် ညီညီမျှမျှလိုချင်တယ်... အချစ်နဲ့သစ္စာကို ညီညီမျှမျှပဲ ကြိုက်တယ်...'

'အချစ်နဲ့သစ္စာ...'

'အင်းလေ...'

မျက်ဝန်းတွေ...

မျက်ဝန်းတွေဟာ နှလုံးသားထိ ထွင်းဖောက်မြင်နိုင်တဲ့ ပြတင်းတံခါးတွေလို့ ဆိုကြတယ်...။

နွေးထွေးတဲ့အကြည့်လေးတွေဟာ ခင်မင့်ကို ဘာလို့ သည်မျှတုန်လှုပ်စေပါသတည်း...။

ပစ္စည်းတွေအားလုံး စုံအောင်ဝယ်ပြီးတော့ အမြိုင်လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ...။

ခင်မင် နှုတ်ဆိတ်နေမိပြီ... မစိန်ပြောသလို... ခင်မင့်နေရာ ခင်မင်သိသင့်တယ်...။ အခုပဲကြည့်...။ ခင်မင့်ဟာ မောင်နှမတွေ အားလုံးမှာ ပညာအရည်အချင်း နိမ့်တယ်လို့ သီဟာန်ပြောနေပြီ...။

'ခင်မင်... မိုးပေါက်တွေကျလာပြီ...'

'ကောင်းတာပေါ့... အေးတာပေါ့...'

'ခင်မင်ကလဲကွာ... ထီးဖွင့်လိုက်မယ်နော်...'

'လေတိုက်ရင် ထီးဆောင်လို့မရနိုင်ဘူး မိုးစိုတာ ဘာဖြစ်လဲ သီဟာန်ရယ်... အေးတာပေါ့...'

'ကျွန်တော်က ယောက်ျားလေးပဲ... အကြမ်းခံနိုင်တယ်— ခင်မင်နေမကောင်းမှာ စိုးရိမ်တာ...'

'ခင်မင် ခုလိုပဲ မိုးမိနေကြပါ... မိုးရေက အေးပါတယ်— ပျော်စရာကောင်းတာပေါ့...'

သကြန်မိုးရယ်...။

ရွာမယ်ဆိုလဲ သည်းသည်းရွာနော်...။

နည်းနည်းလေးနဲ့ စိုတယ်ဆိုယုံတော့ မရွာစမ်းပါနဲ့လား...။





မြေသင်းနံ့တွေကို ချက်ခြင်းရတယ်...

ပိတောက်တွေပွင့်ဖို့ ကြိုတင်ပျော်ရွှင်နေကြပြီလား...။

ပိတောက်နဲ့သကြန်မိုးကမှ နှစ်စဉ်ဆုံဆည်းကြရသေးတယ်...။ လေတိုက်နေတယ်...။ စက်ဘီးကို လေကတွန်းကန်နေသလိုမို့ မနည်းဖိနင်းရတာပေါ့...။

'ခင်မင်... လမ်းလျှောက်ကြရအောင်...'

'ဘာလို့လဲ...'

'ဟင့်အင်း... လေသိပ်တိုက်နေတယ်... ခင်မင် အရမ်းအားစိုက်နင်းနေရတာ... ကျွန်တော် မစီးရက်တော့ဘူး... ခုန်ဆင်းလိုက်မယ်နော်...'

သီဟာန်ခုန်ဆင်းလိုက်တော့ ခင်မင်ပါ စက်ဘီးပေါ်က ဆင်းလိုက်တယ်...။

မိုးလေတွေ မိုးစက်တွေနဲ့ လမ်းလျှောက်ကြတယ်...

ရှေ့မှာရှိတဲ့ လမ်းမကြီးရယ်...

မဆုံးနိုင်သော လမ်းတလမ်းဖြစ်သွားခဲ့ရင် ဘယ်လောက်ကောင်းမလည်း...။ အတူယှဉ်တွဲလျှောက်နေရရင်... ခင်မင် ကြည်နူးပျော်ရွှင်နေမှာပါ သီဟာန်...။

'ပျော်စရာကောင်းလိုက်တာ ခင်မင်... ကျွန်တော့်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ခုလိုမျိုးလွှတ်လပ်ပျော်ရွှင်နေတဲ့ ခံစားမှုကို ခုတခါပဲထမဆုံးရ တာပဲ… သည်အချိန်လေး ပျောက်သွားမှာ ကြောက်လိုက်တာ…'

ခံစားမှုခြင်း ထပ်တူညီနေတာလား သီဟာန်ရယ်…။

ခင်မင်လဲ အဲလိုပဲခံစားရတာပါ…။

သီဟာန့်ကိုကြည့်မိတယ်…။

ကြွက်စုတ်ကလေး ရေနစ်ထားသလိုပဲလို့ တွေးတော့ ရယ်ချင်တာပေါ့…။

သီဟာန်ရဲ့ ညိုနေတဲ့အသားတွေ ပိုစိုလာသလိုပါပဲ…။ မြင့်မားတဲ့အရပ်ကို မော့ကြည့်ရတာလည်း… ပီတိတစ်ခုလိုပါပဲ လား…။

'ဘာကြည့်တာလဲ…'

'သီဟာန် ကြွက်စုတ်လေး ရေနစ်နေပြီ…'

'အံမယ်… ခင်မင်ကရော ဘာထူးလည်း…'

'သီဟာန်…'

'ပြော…'

'မိုးတွေရွာတိုင်း ခုချိန်လေးကို အမှတ်ရမှာလား ဟင်…'

'သေဆုံးတဲ့အထိ အမှတ်ရမယ်… ခင်မင်ရော…'

'အတူတူပါပဲ…'





ခြံဝအရောက်မှာ မိုနဲ့တွေ့တယ်…။ မိုက မိုးရွာလို့ထင်ပါ ရဲ့ စက်ဘီးမပါဘူး…။ ထီးကလေးကို ဆောင်းရင်း လမ်းလျှောက် လာတယ်… လမ်းထိပ်ရောက်ရင် မြင်းလှည်းငှားစီးမယ် ထင်ပါ ရဲ့…။ သီဟာန်နှင့်ခင်မင့်ကို တချက်လှမ်းကြည့်တယ်…။ လုံးဝ နှုတ်ဆက်ခြင်း မရှိပါလား…။

အပြုံးမျှနှင့်ပင် နှုတ်ဆက်နိုင်ခြင်းမရှိပေ…။

'မိုက မာနကြီးသလိုပဲ…'

'သူ့ဆီမှာ မာနထားနိုင်တဲ့ ရုပ်ရည် ဂုဏ် ငွေကြေး အ လုံအရှိတယ်လေ သီဟာန်ရဲ့…'

'ခင်မင့်ရဲ့ရိုးသားတဲ့ အလှကိုမမီပါဘူး…'

'ဒါပေမဲ့ ခင်မင့်မှာ… ဘာမှမရှိဘူး သီဟာန်…'

သီဟာန် သက်ပြင်းရှိုက်တယ်နော်…

ခင်မင်ပြောတာ မှန်တယ် မဟုတ်လား…။ ခင်မင့်မှာ ရုပ်ရည် ဂုဏ် ငွေကြေး ဘာမှမရှိပါဘူးကွယ်…။

✣ ✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေသည်တခါ ရန်ကုန်သွားတာ သိပ်ကြာတာပဲ မစိန်...'

'မနေ့က ဖုန်းဆက်သားပဲ... အလုပ်တစ်ခု ကြန့်ကြာနေလို့ပါ ပြောတာပဲ... ပြန်လာမှာပေါ့ ခင်မင်ရယ်...'

'မလေး... ထားငယ်အင်္ကျီအနီးလေး လှမ်းထားတာရော ဘယ်ရောက်သွားလဲ...'

'မီးပူတိုက်မဲ့ အဝတ်ထောင်းထဲရှိမှာပေါ့တယ်... ရှာပါဦးလား...'

'ရှာပြီးပြီ မတွေ့ဘူး... လာရှာမေး...

ခက်တဲ့ကလေးမပဲ...။

ရှာမပေးဘူးဆိုရင် ဆူဆူညံညံ ဖြစ်ဦးမှာမို့ သွားရှာပေးရပြန်ပါတယ်...။ မီးပူတိုက်မဲ့ အဝတ်တောင်းထဲလဲ မို့အဝတ်တွေရော ထားငယ်အဝတ်တွေရော... ပြောပြန်ရင်လည်း ဆူဆူပူပူလုပ်ဦးမှာမို့ တွေ့ရင် တိုက်ပေးလိုက်ရပြန်ပါတယ်...။

'နင်တို့ဟာလေ... လုပ်ပေးမှန်းသိလို့... တမင်သက်သက် ညစ်နေကြတာ... သည်မှာမတွေ့ဘူးလား... ရှာပါဦးလား မရှာဘဲနဲ့ မတွေ့ဘူးအော်နေကြတယ်... ငါသေသွားရင် နင်တို့ဘယ်လိုလုပ်မလဲ...'





'သေသွားတော့လဲ သူ့ဖာသာဖြစ်သွားမှာပေါ့...'

'ဩော် ငါ့ကို သေလဲလွှမ်းမဲ့ဟာတွေ မဟုတ်ပါဘူး...'

ထားငယ်အင်္ကျီကို ရှာပေးပြီး မီးပူတိုက်ဖို့ ပြင်ရတယ်...။ အဝတ်လှမ်းတန်းမှာ တွေ့ရတဲ့ သီဟန့်အဝတ်တွေကိုပါ ယူလာခဲ့ပါတယ်...။ မီးပူတိုက်ပေးရင် မောင်လေးအဝတ်တွေလဲ တိုက်ရတာပဲ မဟုတ်လား...။

'မလေး... ထားငယ်သည်အင်္ကျီ တိုက်ပေးပါ...'

'နင်ကတော့မျိုး...'

'အမလေး... ထားငယ်အင်္ကျီလေး တစ်ထည်နှစ်ထည်ဆိုရင် ပြောမပြီးဘူး... ကိုသီဟန့်အင်္ကျီတွေ မှဆိုးတွေကြတော့ စေတနာဗလပွနဲ့ တိုက်ပေး... လျှော်ပေးနေတာ မသိဘူးမှတ်နေလား...'

'သူကညှော်သည်ဟဲ့ ညှော်သည်...'

'အစုံညှော်သည်ပေါ့... နောင်တော့ အိမ်သားဖြစ်လာနိုင်တယ် မဟုတ်လား... လျှော်ပါ လျှော်... ကိုယ်ကျေနပ်လို့ ကိုယ်လျှော်တာပဲ...'

'ထားငယ်... နင်ဟာငါ့ထက်အငယ်ပါ... ငါ့ကိုလာပြီး အမှုမဝေဖန်နဲ့... ငါ့တောင်းပန်တယ်...'



www.burmeseclassic.com

www.burmeseclassic.com



'စေတနာနဲ့ ပြောနေတာ... ကိုသီဟန့်ကို သည်အိမ်ကို ဖေဖေလွှတ်လိုက်တာ... မမှီနဲ့အဆင်ပြေသွားစေချင်လို့... မမှီနဲ့ ကိုသီဟန့်ကို ဖေဖေသဘောတူထားတယ်... နောက်မှ အသည်းကွဲပြီး မျက်ရည်လည်ရွဲမဖြစ်နဲ့...'

ထားငယ်အပြောကြောင့် ရင်မှာအုံ့ဩထိတ်လန့် တုန်လှုပ်ရပါတယ်...။ ထားငယ်အခု ပြောနေတာအမှန်တွေလား...။ ဖေဖေက သီဟန့်ကို မှီ့အတွက်သည်ကို လွှတ်လိုက်တာတဲ့လား...။ ချက်ခြင်းမျက်ရည်တွေ ရစ်ဝဲလာခဲ့တယ်...။

ထားငယ်ကပြောပြီး ထွက်သွားလို့ တော်ပါသေးရဲ့...။

ခင်မင့်မျက်ရည်ကို သူတို့မမြင်စေချင်ပါဘူး...။

ဟုတ်ပါတယ်... ဟုတ်ပါတယ်...

ခင်မင့်အမှားပါ...။

ခင်မင့်နေရာ ခင်မင့်သိသင့်ပါတယ်...။

တော်ပြီ...။ နောက်ဆို သီဟန်ကို ခင်ပါမယ်... သည်ထက်ပိုပြီး ရင်းရင်းနှီးနှီး မနေတော့ဘူး...။

'ဒါကဘာဖြစ်နေတာလဲ...'

'ဘာဖြစ်လို့လဲ မစိန်ရဲ့...'

'နင်ငိုနေတာ ငါမသိဘူးမှတ်သလား ခင်မင်...'





'မစိန်ရယ်... ထားငယ်တို့ မှီတို့ကို ခင်မင်ချစ်ပါတယ်... ဒါပေမဲ့ သူတို့က ခင်မင့်ကိုမချစ်ကြဘူး... ခင်မင့်ကိုဆို အထင်သေးသလိုပဲ နှိမ်ချင်ကြတယ်...'

ဝမ်းနည်းလာခဲ့ပြီ...။ ရင်ထဲအားငယ်စိတ်ဟာ အမြစ်တွယ်နေလေသလား...။ တရှိုက်ရှိုက်ငိုမိတယ်...။ မစိန်က ငါမချော့တတ်ဘူး... မငိုပါနဲ့ဟာ... နင့်ကို ငါနားလည်ပါတယ်... နင်ဘာလို့ကျောင်းထွက်ပြီး အိမ်မှုကိစ္စတွေ လုပ်သလည်း... ဘယ်သူ့စိတ်ချမ်းသာစေချင်လို့လည်း...။

'ဖေဖေကြောင့်ပေါ့ မစိန်... ဖေဖေစားရဝတ်ရ အဆင်ပြေစေချင်လို့ပါ... အိမ်မှာ ခင်မင်ရှိနေတော့ ဖေဖေ့စီးပွားရေးလုပ်ရတာ နောက်ကြောင်းအေးစေချင်လို့ပါ...'

'အဲဒါ စေတနာပေါ့... စေတနာကောင်းတဲ့လူအတွက် ဘာကောင်းခြင်းဆိုတာ ပြေးမလွတ်ပါဘူး ခင်မင်... နင်စောင့်ကြည့်နေပါ...'

'ခင်မင်ကတော့ အားလုံးကို အရှုံးပေးထားလိုက်ပြီ မစိန်ရယ်...'

ခင်မင်ဝန်ခံပါတယ်...။

သီဟန့်အကျီလေးတွေကို မီးပူတိုက်ပေးရတဲ့အခါ ကြည်



www.burmeseclassic.com

www.burmeseclassic.com



နှုးမှုကို ခံစားရပါတယ်...။ ဒါပေမဲ့ သည်ကြည်နူးမှုတွေဟာ ခင်မင့်အတွက် တာဝန်မဟုတ်တဲ့ တခဏတာအချိန်တွေပါ...။

သီဟန့်ရဲ့ဆွယ်တာကို ထိုးပေးရဦးမည်...။

သစ္စာနှင့်အချစ်ကို ညီတူညီမျှ နှစ်သက်သတဲ့လား...။ ပန်းရောင်နှင့်အပြာကို ညီမျှစွာ ထိုးပေးရမှာတဲ့...။ နှလုံးသားထဲက ချစ်ခြင်းဖြင့် ပို၍နွေးထွေးနိုင်ပါစေ...။

'အရောင်လေးလှလိုက်တာ ခင်မင်...'

'အင်း... လှပါတယ်...'

'စိတ်မညစ်ပါနဲ့ဟယ်... မစိန်ပြောသလို တနေ့စေတနာ အကျိုးပေးမှာပါ...'

'ခင်မင် အလုပ်နဲ့လက် မပြတ်အောင်နေမယ်... ဒါဆို စိတ်ညစ်တာ အားငယ်တာအကုန် မေ့သွားနိုင်မှာပါလေ...'

အိမ်တအိမ်လုံး အလုပ်နဲ့လက်မပြတ်ရတာ အားလုံးကို မေ့နိုင်ဖို့ ခုထက်ပို အလုပ်လုပ်မှဖြစ်မယ်...။ မစိန်ကလည်း ခင်မင် မငိုတော့ဘူးဆိုတာနှင့် မီးဖိုဆီပြန်ထွက်သွားပြီ...။

'ခင်မင်...'

'ဩော်... သီဟန်...'

'ဟာ... သည်ဆွယ်တာထိုးနေပြီလား...'





'အင်းပေါ့...'

'ခင်မင် ပင်ပန်းပါတယ်... ဖြည်းဖြည်းပေါ့... ကိုယ် မပြန်သေးပါဘူး...'

'မပြန်ခင် ပြီးချင်တယ်လေ... အားချိန်ရရိုက်တော့ ကြိုးစားထိုးရမှာပေါ့...'

'ခင်မင် ပင်ပန်းလွန်းပါတယ်...'

'သည်လိုပဲပေါ့...'

အနားမှာ သီဟန်ရှိနေတာကို ကျေနပ်ကြည်နူးရတာက တဝက်... ခင်မင်သိနေပြီဖြစ်တဲ့ မှိုနှင့်အကြောင်း သတိရရင် ကြေကွဲစိတ်က တဝက်ပေါ့...။

'ညီညီ့ခြံထဲ လိုက်သွားဦးမယ်...'

'ညနေမှ ပြန်လာမှာလား...'

'ညီညီနဲ့အတူ ပြန်လာမယ်...'

'သီဟန်... မောင်လေးက အပေါင်းအသင်းနဲ့ဆို အရက် သောက်ချင်တယ်... အလိုမလိုက်နဲ့နော်...'

'စိတ်ချပါ... မသောက်စေရပါဘူး...'

သီဟန်ထွက်သွားပြန်တော့လည်း ရင်ထဲလပ်ဟာနေသည်ပါပဲ...။ ခင်မင့်စိတ်တွေ ဟိုးအရင်ကလို မဖြူစင်တော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင့်ရင်ထဲက ချစ်ခြင်းကိုတော့ သီဟန် မမြင်စေရပါဘူး ကွယ်...။ ခင်မင့်ဆီမှာ... အားငယ်ခြင်းတွေ ဘယ်လိုရှိရှိ...။

ကြိုးစားသင့်တဲ့ ကြိုးစားခြင်းတွေတော့ ရှိကိုရှိနေရမယ်...။

\+ + + + +

'ဟင်...'

ရေစည်ပိုင်း အားလုံးမှာရေပြည့်နေပါပေါ့လား...။

မစိန် သနားပါတယ်...။

သူ့လုပ်အားရှိသမျှ တတ်စွမ်းသရွေ့ ကြိုးစားလွန်းပါတယ်..။ တကယ်ဆို မစိန်ဟာ အိမ်သားတစ်ယောက်ပါပဲ...။ ဒါကြောင့် မစိန်ကို လိုက်ရှာတဲ့အခါမှာ သစ်ပင်စိုက်ဖို့ မြေတူးထားတဲ့နေရာမှာ မြေဆွနေလေရဲ့...။ သကြန်မိုးရွာထားပေမဲ့ အပူရှိန်ကြောင့် မြေတွေက်မာကျောနေဆဲပါ...။ မိုးတော်တော်ရွာတဲ့ထိ စောင့်ရဦးမည်...။

'မစိန်... ရေစည်တွေကို တစ်ယောက်ထဲပြည့်အောင် မဆွဲပါနဲ့... ပင်ပန်းလွန်းပါတယ်...'

'ရေစည်... ငါ ရေမဆွဲရသေးဘူး ခင်မင်ရဲ့ယ်...'

'ဟင်... ရေစည်တွေပြည့်နေတာ မစိန်ဆွဲထားတာ မဟုတ်ဘူးလား...'

'မဟုတ်ဘူး...'

'ဒါဖြင့် ဘယ်သူဆွဲသလဲ...'

'ငါလဲမသိဘူး...'

ဘယ်သူဖြစ်နိုင်သလဲ... မှီ ထားငယ်နှင့် မောင်လေးတို့ ဘယ်တုန်းကရေဆွဲပေးဘူးလို့လဲ...။

သီဟန်...

သီဟန်ထင်ပါရဲ့...။

ဒါကြောင့် သီဟန့်ကိုမေးမယ်...

သီဟန်ဆိုရင် နောက်ကို အဲလိုအိမ်အလုပ်တွေ မလုပ်ဖို့ တားမယ်...။ ဒါကြောင့်မို့ သီဟန်ဘယ်မှာရှိမလည်း လိုက်ရှာရတယ်...။

'မှီ... ရုံးသိပ်မဝေးလို့ တော်ပါသေးရဲ့... စက်ဘီးစီးရတာ ကောင်းပါတယ်... မှို့ရုံးဖက် တစ်ခါတော့ရောက်ဖူးတယ်...'

'ရောက်ရင်ဝင်ခဲ့ပါ ကိုသီဟန်...'





ရန် ပိုင် ဦး စာ ပေ

www.burmeseclassic.com

'ဟုတ်တယ် ဝင်လာပါ့မယ်... မှီ အလုပ်များနေမလားလို့ အားနာတာနဲ့ မဝင်ခဲ့တာပါ...'

'နောက်ဆို ဝင်လည်ပါ...'

မှီနှင့်သီဟန် စကားပြောနေပါလား...။

ခုနေသွားစကားပြောရင်... အနှောင့်အယှက်ပေးရာရောက်မည်။ မသိနားမလည်ရာရောက်မည်...။

ပြီးတော့ မှီနှင့်သီဟန့်ကို ဖေဖေက သဘောတူထားတာလို့ ထားငယ်ပြောထားဖူးသည်..။ ဒါကို မှီနှင့်သီဟန် သိပါသလား...။ ခုလိုကြတော့လည်း... မှီ့ဆီမှာ ဓာနတွေမရှိပါလား...။ သီဟန့်ကို ခင်မင်ရင်းနှီးစွာ ပြောနေပြန်ပါတယ်...။

အနားမှာရှိနေလို့ မကောင်းတာမို့ မီးဖိုဆီပြန်ဝင်ခဲ့ရတယ်...။

'ဟဲ့ ဟဲ့ ထားငယ်... ထမင်းစားနေတာ... ဘာဟင်းနဲ့စားသလဲ...'

'အိုးထဲတွေ့တဲ့ ဟင်းယူစားတာပေါ့...'

'ဟယ်... ငါးသေတ္တာက သီဟန့်ဖို့ချက်စားတာ... ငါတို့အားလုံးက ငါးမြစ်ခြင်းပဲ စားကြရမှာ...'

'ခွဲခြမ်း ခွဲခြမ်း လုပ်နေတာကိုး... ဘယ်သိပါ့မလည်း—





'ခက်ပါတယ်...'

ပြောရင်လဲ ရန်ဖြစ်ယုံပဲရှိတယ်...။

ထားငယ် တမင်ယူစားတာ မသိတာမှမဟုတ်တော့...။

ဖေဖေ တလတလပေးတဲ့ ထမင်းဟင်းစရိတ်တွေကို မလောက်လောက်အောင် သုံးရတာကို ထားငယ်တို့မသိကြဘူးလား...။ ငွေကိုလောက်အောင် သုံးရတာ ခေါင်းအလွန်ရှုပ်ပါတယ်...။ နောက်ထပ် ငါးသေတ္တာတစ်ဗူးလောက် ဖောက်ရဦးမည်...။ ချက်ရဦးမည်...။

ထားငယ်တို့ဟာ နည်းနည်းမှ ညှာတာမှုမရှိကြပါလား...။ မီးဖိုနားမှာ ငါးသေတ္တာဗူးဖွင့်လိုက်တဲ့အခါ...။

စိတ်ရဲ့အဆင်မပြေမှုကြောင့်... အမှတ်မထင်...။

'အား...'

လက်မှသွေးတွေ...။

သံပြားရှသွားပြီ...။

သွေးတွေကို ရေဆေးပစ်လေ ပိုထွက်လေလို ဖြစ်နေတယ်...။

ပါတ်တီးဂွမ်းဖြူဖြူသန့်နှင့် တအားစုချည်ပစ်တော့ နည်းနည်းတိတ်သွားသလို ဖြစ်သွားသား...။



www.burmeseclassic.com

www.burmeseclassic.com



'မစိန်... မစိန်... သည်နားမှာထားတဲ့ အရက်ပုံ ဘယ်ရောက်သွားလည်းဟင်...'

'ခင်မင် ဘာဖြစ်သလဲ...'

'ဩော် သီဟန်... ဘာမှမဖြစ်ပါဘူး...'

'ပြစမ်းပါ...'

ဖျတ်ခနဲ ခင်မင့်လက်ကို ဆွဲယူသွားတယ်လေ...။

'ဒါလား ဘာမှမဖြစ်တာ... သွေးတွေထွက်နေတုန်းပါလား... ဘာဖြစ်လဲ...'

မီးနှင့်စကားပြောနေရာက သီဟန် ဘယ်လိုရောက်လာတာပါလိမ့်...။ ပါတ်တီးတွေမှာလဲ သွေးတွေရွှဲနေပြီ...။ သီဟန်က လက်ကိုကြည့်ပြီး ပြောပါတယ်...။ ဒဏ်ရာနက်ရင် ချုပ်သင့်ချုပ်ရမယ်တဲ့...။

'ဟာ မချုပ်ချင်ပါဘူး... ကြောက်ပါတယ်... ခင်မင်ကြောက်တယ်... မချုပ်ပါနဲ့ သီဟန်... ဆေးပဲထည့်ပေးပါနော်...'

'ကြည့်ရဦးမယ် ဒဏ်ရာဘယ်လောက်နက်သလဲလို့လေ...'

'ဘာမှမဖြစ်ပါဘူး သီဟန်ရယ်... ခင်မင့်အတွက် သည်ဒဏ်ရာလောက်က အရေးမကြီးပါဘူး... တရက်နှစ်ရက်ဆို





ပျောက်သွားမှာပဲလေ...'

'အဲလိုပေါ့ဆတဲ့လူတွေပေါ့... မေးခိုင်ပိုးဝင်သွားရင် မသေသင့်ဘဲ သေကုန်တာတွေ... ဆေးထိုးရမယ်... ဒဏ်ရာကို ဆေးထည့်ရမယ်....'

"ဆေးမထည့်ချင်ဘူး... စပ်မှာပေါ့...'

'ခင်မင်... ကလေးလည်းမဟုတ်ဘဲနဲ့ ဘယ်နှယ့်... ဆေးမထည့်ချင်ရတာလဲ... မရဘူး လာခဲ့...'

သီဟန်ရယ်... ခင်မင့်ကို ဂရုစိုက်မနေပါနဲ့လားကွယ်...။

သီဟန့်ဂရုမစိုက်မှုမှာ ခင်မင်မပျော်ရွှင်ရဲလောက်အောင် ခံစားရပါတယ်...။ သီဟန်က ဒဏ်ရာကို သေချာဆေးကြောပေးတဲ့အခါ... ဝမ်းနည်းတဲ့မျက်ရည်တွေဟာ... ဒဏ်ရာနာတာထက် နှလုံးသားမှာနာကျင်လို့ဆိုတာ ခင်မင့်ဖာသာ အသိဆုံးပေါ့...။

'ခင်မင်ငိုနေတယ်...'

'ဒဏ်ရာက စပ်လို့ငိုတာပါ..'

'မငိုပါနဲ့ ခင်မင်ရယ်... ဘာလို့လဲ ငိုငို ခင်မင်ငိုရင် ခံစားရတယ်... မငိုပါနဲ့ကွယ်...'

ချော့ရင် ပိုငိုချင်သတဲ့...။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ တကယ်လက်တွေ့ခံစားရတယ်… သီဟာန်ကို မိန့်သဘောတူထားတာ ဆိုပါလား…။ သည်အတွေးဟာ ခင်မင့်မျက်ရည်ကို ပိုကျစေပါတယ်..။

'ခင်မင်…'

'ရှင်…'

'မငိုပါနဲ့ကွာ…'

ပါးပေါ်မှမျက်ရည်စကို သူသုတ်ပေးတဲ့အခါ…။

'အို…'

သူ့လက်ကို ဆွဲဖယ်ပစ်မိတယ်…။

မတွယ်တာရဘူး…။

ဘယ်လိုမှချစ်လို့ မဖြစ်နိုင်တဲ့လူတစ်ယောက်ကို မတွယ်တာစေရဘူး…။ သူ့ကိုချစ်မိခြင်းဟာ ပျော်ရွှင်ဖွယ်ခံစားမှုတွေထက် နာကျင်ကြေကွဲဖွယ်ခံစားမှုကိုသာ ရရှိမှာပါလေ…။

'ခင်မင်…'

မျက်ဝန်းကလေးတွေက နူးညံ့ချွေးထွေးလိုက်တာ…။ အဲသည့်မျက်ဝန်းတွေရဲ့ရှေ့မှာ ခင်မင်ရှိမနေချင်တော့ဘူး…။

ထာဝရအတွက်မှ မဟုတ်တာကွယ်…။

တခဏလေးအတွက်…။





'ခင်မင်… ခင်မင်…'

ပါတ်တီးစည်းပြီးတာနှင့် ထွက်လာခဲ့ပါတယ်…။ အခန်းထဲရောက်တော့လည်း မျက်ရည်ကျမိပြန်ရော…။

အချစ်…။

ခင်မင့်ဆီကို ဘယ်လိုရောက်ရှိလာပါသလည်းကွယ်…။

ချစ်သူကို ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်မရတဲ့ဘဝမှာ…။

အိပ်ယာထဲမှာ ခွေခွေလေးအိပ်နေမိပါတယ်…။

ဒဏ်ရာကလည်းနာ…။

နှလုံးသားမှာလည်း နာကျင်ပါတယ်…။

'ခင်မင်…'

'မစိန်…'

'ငိုပြန်ပြီလား…'

'ဒဏ်ရာနာနေလို့ပါ မစိန်ရယ်… ငါးသေတ္တာချက်လိုက်ပြီလား… သီဟာန် ထမင်းစားမယ်ဆို ခက်နေပါမယ်…'

'ချက်ပြီးပါပြီ… သီဟာန့်ကို ထမင်းစားတော့ဆို… ညည်းဒဏ်ရာရထားတဲ့ဟင်းကို စားရမှာ မြိန်မကျဘူးတဲ့…'

'မြိန်မကျရင် ရေနဲ့မျှောချလို့ပြောလိုက်…'

'ခုတော့လဲ ရက်စက်တတ်နေပါရောလား…'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်...

နောက်ကို သည်ထက်ပိုပြီး စိမ်းအောင်နေရဦးမည်...။

နွေးထွေးတဲ့ မျက်ဝန်းလေးတွေရယ်...။

ဖွင့်ဟလာမှာကို ခင်မင် ကြောက်ပါတယ်...။

ချစ်သူကို သိပ်ချစ်မိပါလျှက် မချစ်ဘူးလို့ငြင်းရမှာ ခင်မင် စိတ်ထိခိုက်ကြေကွဲရမှာ...။

ဟန်မဆောင်ချင်ဘူး...။

ချစ်တယ်...။

ချစ်တယ်လို့ပဲ ဖြေချင်တာ...။

အားရအောင်ငိုပြီးတော့ နားလို့မရပါဘူး...။ တနေ့အလုပ်တွေတနေ့မပြီးရင် အလုပ်တွေပုံသွားမှာပေါ့...။ ဒါကြောင့် အဝတ်လျှော်မလား စိတ်ကူးတယ်...။

'ဟဲ့ ခင်မင်... လက်မှာဒဏ်ရာကြီးနဲ့ အဝတ်မလျှော်နဲ့ရဘူး... ါလျှော်မယ်...'

'မစိန်က အိပ်ဦးမှာလေ...'

'လျှော်ပြီးမှ အိပ်မှာပေါ့...'

'ရေတွေပြည့်နေတာ... သီဟန်ခပ်တာပဲ ဖြစ်ရမယ်... နောက်မခတ်ပါစေနဲ့ မစိန်... ပြောပါဦး ရေမခပ်ပါနဲ့လို့...'





'နင့်လူက ပြောပါဦးမှကိုး...'

'အို... ခင်မင့်လူမဟုတ်ပါဘူး... မစိန်နော်...'

'ခင်မင့်လူမဟုတ်ပေလို့ပဲ... နင့်ဒဏ်ရာရတော့ မျက်နှာကိုပျက်နေတာ... ခင်မင်မျက်ရည် မကျပါနဲ့... ခင်မင်ငိုရင် ခံစားရတယ်... ခင်မင်မငိုပါနဲ့ကွာတဲ့... ပါးပေါ်ကမျက်ရည်ကို လက်ညှိုးလေးနဲ့ သုတ်ပေးတယ်... အင်း... မမြင်ချင်ယောင်ဆောင်လဲ မရပါလား....'

'မစိန်.. မစိန်နော်... ခင်မင့်ကိုမစပါနဲ့...'

'အေးပါ အေ"ါ မစဘူး....'

နှလုံးသားမှာ နာကျင်နေတာပါပဲ...။

တကယ်ပါ...။

သီဟန့်ကို သိပ်ချစ်မိတယ်...

ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာတဲ့အသိဟာ စိတ်ကို ပင်ပန်းလွန်းပါလားကွယ်...။ အဝတ်မလျှော်ရဘူးဆို မီးပူတိုက်ချင်တိုက်... မတိုက်ရင် ကြမ်းတိုက်ရမှာ...။ လက်မှာဒဏ်ရာရှိနေလို့ မစိန်က ဘာမှမလုပ်ပါနဲ့တဲ့...။ မစိန်တစ်ယောက်တည်း ပင်ပန်းမှာကိုလည်း ခင်မင်မကြည့်ရက်ပါဘူးလေ...။

သီဟန့်ကို ပြောထားရဦးမည်...။



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခင်ပါနဲ့ သည်အိမ်မှုကိစ္စတွေမှန်သမျှကိုလဲ မကူညီ [illegible]...။

\+ + + + +

'နေကောင်းလား...'

ချစ်သူ့အသံ...။

မော့ကြည့်စရာမလိုဘူး...။

သိတယ်...။ ခေါင်းညိတ်ပြလိုက်ပါတယ်...။ ကော်ဖီမျော် နေခိုက်မှာ သူနိုးလာနေကြပဲ...။ သူ့အတွက် မုန့်နှင့်ကော်ဖီကို ပြင်ပေးလိုက်တယ်...။ ခင်မင်ပါအတူသောက်နော် ဆိုတော့ ခေါင်းခါပြလိုက်မိတယ်လေ...။

'ခင်မင်...'

'ရှင်....'

'နေကောင်းရဲ့လား...'

'ကောင်းပါတယ်...'

'ဘာဖြစ်နေလဲ...'





'ဘာမှမဖြစ်ဘူး...'

'ခင်မင်တစ်ခုခု ဖြစ်နေတယ်ဆိုတာ ကျွန်တော်သိတယ်...'

'ဟင့်အင်း... မဖြစ်ပါဘူး... အနာကနာလို့ပါ... သီဟာန်'

'ပြောပါ...'

'ဘာလို့ရေစည်တွေကို ဖြည့်ထားတာလည်း နောက်မလုပ်ပါနဲ့...'

မျက်ဝန်းခြင်း မဆုံရအောင် ခံစားရတယ်...။

မျက်ဝန်းခြင်းဆုံရင်...။

ရင်ထဲမှာ ခံစားမှုတွေ ပြေမပြနိုင်လောက်အောင် များပြားနေပါတယ်...။

'သည်အိမ်မှာ အိမ်မှုကိစ္စ တော်တော်များများ ကျွန်တော်လုပ်နိုင်တာမှန်သမျှ ကူချင်တယ်... ဘာလို့ဆိုတော့ ခင်မင်တစ်ယောက်ထဲ ပင်ပန်းလွန်းလို့ပါ... မီးနဲ့ထားငယ်ကလဲ မကူညီကြလဲ စားချိန်အိပ်ချိန်ပဲ ပြန်လာတာ... ခင်မင့်ကို ကျွန်တော်ကူချင်တာ...'

'ဟင့်အင်း... မကူညီပါနဲ့... သီဟာန်က ညေ့သည်ပဲ အေးအေးဆေးဆေး နားနားနေနေနေပါ... ခင်မင်တို့ကို မကူပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သီဟန်ပြန်သွားရင် ဘာမှမထူးပါဘူး...'

ခင်မင်ခုလိုပြောတော့ သီဟန် မျက်နှာပျက်သွားတယ်...

ရှေ့လျှောက်ခုလိုပဲ... စိမ်းကားသောစကားတွေနှင့် ပြောဆိုရနေဦးမှာပါ...။ တွယ်ငြိနေသည့် စကားတွေနှင့် ခုလို အချိန် ဖြတ်တောက်၍ ရနိုင်လေဦးမည်လား...။

'ခင်မင်... ပြောရက်တယ်နော်...'

'ခင်မင်ပြောတာ မဟုတ်လို့လား...'

'ကျွန်တော် ချည့်သည်လို ကျွန်တော့်ကိုယ်ကျွန်တော် မေ့နေတာ.. အပြစ်လို့ပဲပြောရတော့မှာပါပဲလေ... ဟုတ်ပါတယ်.. ကျွန်တော်ညံ့ပါတယ်... ချည့်သည်လို့မေ့နေမိတာ အပြစ်ပဲ...'

'ကိုသီဟန်... နိုးတာစောလှချည်လား...'

'မောင်လေး ခုမှပြန်လာရသလား... ညက ခြံထဲမှာအိပ်တာလား... ဘာလို့ပြန်မလာသလည်း... ခြံထဲမှာနေရင် အရက်ပဲ သောက်နေမှာ... ရုပ်ကိုက အရက်သမားရုပ်ပေါက်နေပြီ...'

မောင်လေးရောက်လာတာမို့ သူနှင့်စကားပြတ်သွားရပါတယ်...။ မောင်လေးနှင့်မေးရဦးမည်။ သီဟန့်ကို မောင်လေး သူငယ်ချင်းလို့ သိထားခဲ့တာပဲ... မေးကြည့်ချင်ပါတယ်...။ မောင်လေးကတမျိုး ထင်မှာလည်း စိုးရိမ်ရပါတယ်...။





'မလေးနဲ့မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဆူဖို့ပဲ...'

'ဆူမှာပေါ့... နင်ကသောက်နေတာကိုး...'

'ညက မသောက်ဖြစ်ပါဘူး...'

'ညကမသောက်လဲ... အရက်သောက်နေတာ... ငါက စေတနာနဲ့ပြောတာ... စေတနာနားမလည်ဘဲ ဆူတယ်ထင်လဲ ပြောမနေတော့ဘူး... ငါ့ဖာသာ ဟင်းချက်တော့မယ်...'

အနားမှ ထွက်ခွာလာခဲ့ပါတယ်...။

ဟင်းချက်ဖို့ပြင်ရပါတယ်...။

ဘာဟင်းချက်ရမလဲ...။

တကယ်ဆိုသည်နေ့ ဈေးသွားသင့်တယ်...။ ဟင်းချက်ရာကုန်နေပြီလေ...။ ဒါပေမဲ့ ဈေးသွားချင်စိတ် မရှိဘူး...။

'ခင်မင်... သြော်တွေမလုပ်ပါနဲ့လား... ဒဏ်ရာရိုရင်းသာမှာ စိုးရိမ်လို့ပါ..'

'သီဟန်... အပြင်မှာနေပါလား... မီးဖိုထဲညစ်ပတ်ပါတယ်...'

'ခင်မင် ဘာကြော်မလို့လဲ...'

'အလူးကြော်မလို့...'

'သြော်မယ် မကြော်နဲ့...'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ထမင်းဘာနဲ့စားမလည်း...'

'မစိန်ကို ကြော်ခိုင်းပါလား...'

မစိန် မီးဖိုထဲဝင်လာတာနှင့် အတော်ပါပဲ...။ ခင်မင့်ကို အာလူးကြော် ကြော်ထားပေးပါ... ခင်မင်ဈေးသွားမလို့လို့ ပြောလိုက်တယ်...။ ဈေးကိုမလိုက်ချင်ပါနဲ့တော့ သီဟန်...။ အတူသွား အတူစားဖို့ စိတ်မကူးပါရစေနှင့်...။

ရင်ထဲမှာသံယောဇဉ်တွေ တွယ်ငြိလာမဲ့အဖြစ်ကို ပိုလို့တောင် မပြုရက်တော့ပါဘူး...။

'မောင်လေး... ကားပါလာတယ်ဆို ဈေးပို့ပါလား...'

'ကျွန်တော်မအားဘူး မလေးရဲ့... ပြန်ရဦးမှာ...'

'တော်ပါပြီ ငါ့ဖာသာငါ စက်ဘီးနဲ့သွားတာပဲ ကောင်းပါတယ်... သကြိန်နီးနေပြီ... အာလူး ကြက်သွန် အခြောက်အခြမ်းတွေ ဝယ်ထားမှပါ... တော်ကြာ အကြိုနီးတွင်း ငါအပြင်မထွက်ရဲဘူး...'

ခင်မင် စက်ဘီးနှင့်ထွက်လာခဲ့တော့...

သတိရမိတယ် သီဟန်...

အရင်ရက်က အတူသွားရတယ်...

ခင်မင်သိပ်ကို ပျော်တာပါပဲ...။





အခုတော့ ခင်မင်တစ်ယောက်ထဲလေ...။

သတိရလွမ်းဆွတ်ခြင်း ပြင်းပြင်းပျပျ ခံစားရတာပေါ့...။ ဈေးထဲပစ္စည်းတွေ လျှောက်ဝယ်တော့လည်း လိုက်သယ်ပေးတဲ့ သီဟန့်ကို မမေ့နိုင်ပြန်ပါဘူး...။

ပစ္စည်းတွေများတော့ တနင့်တပိုးသယ်ရတယ်...။

'ပေး ခင်မင်... ကျွန်တော်သယ်ပေးမယ်...'

'ဟင် သီဟန်...'

'ညီ့သည်က အိမ်ရှင်ကို ဈေးမှာလာကြိုခွင့်တော့ ရှိလိမ့်မယ် ထင်ပါတယ်...'

'သီဟန်ရယ်....'

ခင်မင်ပြောတဲ့စကားအတွက် သီဟန်စိတ်မကောင်း ဖြစ်နေတယ်ထင်ပါရဲ့...။ မပြောရင် မဖြစ်လို့သာပြောရတာ...။ ခင်မင့်ရင့်ထဲမှာ သီဟန်ဆိုတာ ချစ်ညီ့သည်ပါ...။ အဲသည် ညီ့သည်လေး ခွဲခွာပြီး အိမ်ပြန်သွားမှာကို အလွန်ကြောက်ရွံ့ စိုးထိတ်ပါတယ်ကွယ်...။

'သီဟန် ဘာနဲ့လာလည်း...'

'မြင်းလှည်းနဲ့လာတယ်...'

'ပင်ပန်းအောင်ကွယ်...'



www.burmeseclassic.com

www.burmeseclassic.com



'ခင်မင်က ပိုပင်ပန်းလှပါတယ်...'

'သီဟန်... ချောင်းကို တစ်ယောက်တစ်ဖက် ဆွဲပါကွယ်... လေးတယ်... ခင်မင်တစ်ဖက်ဆွဲပါရစေ... သာတူညီမျှပေါ့...'

'သာတူညီမျှဆိုတာ အေးအတူပူအမျှနဲ့ တူမှာပေါ့နော်... ဒါဆိုရင်လဲ တစ်ယောက်တစ်ဖက် ဆွဲစေဗျား ဆွဲစေ...'

အတူချောင်းကို ဆွဲထွက်လာခဲ့ကြတယ်...။

ကံ့ကော်ပွင့်တွေရဲ့ ရနံ့...။

ခင်မင်သိတယ်...။

ဒါကြောင့် ဟိုသည်ကြည့်မိတာ...။

သည်အချိန်ဟာ ကံ့ကော်ပွင့်ချိန်လည်း မဟုတ်ဘူး...။ ကံ့ကော်တွေ မပွင့်တော့ပါဘူးဆိုမှ...။

'ဘာကြည့်နေတာလဲ ခင်မင်...'

'ကံ့ကော်ပန်းရနံ့ရတယ် သီဟန်... ခုချိန်မှာ သကြၤန်နားနီးနေပြီ... ပွင့်ချင်တိုင်း ပိတောက်တွေပဲ ပွင့်ရမှာ... ကံ့ကော်ပန်းက ရှားရှားပါးပါး ဘယ့်နှယ့်..'

သီဟန်ပြုံးနေတယ်...။

ကံ့ကော်ရနံ့ဟာ ခင်မင်သွားရာနောက်ကို လိုက်ပါလာသလိုပါပဲ...။ လိုက်ရှာလို့လည်း မရဘူး...။ ဘယ်လိုပါလိမ့်။

စက်ဘီးဆီရောက်တော့ သီဟန်က သူ့ရှပ်အင်္ကျီအိတ်ထဲကနေ ထုတ်ပေးလာတယ်...။



'ဟင်... ကံ့ကော်ပန်း...'

'ခင်မင်က ပန်းကလေးတွေချစ်မှန်းသိလို့... ကျွန်တော်ဝယ်ထားတာပါ...'

'ရှားရှားပါးပါး တွေ့ရတာ...'

'ခင်မင်ပန်ဖို့ သေချာပွင့်လာတဲ့ ပန်းကလေးနေမှာပေါ့... ပန်လိုက်လေ...'

'အခု ပန်ရမယ်...'

'အင်း... ပန်ရမယ်...'

ချစ်သူ့စိတ်ကူး...။

အားလုံးပြည့်စုံစေချင်ပါတယ်ကွယ်...။

'တွေ့လား... ကံ့ကော်ပန်းကလေးဟာ ခင်မင့်ဆံနွယ်တွေပေါ်ရောက်မှ ပိုလှပိုမွှေးလာတယ်... ခြံထဲက ပိတောက်ပင်တွေပွင့်တဲ့နေ့ကြရင် ခင်မင်ပန်ဖို့ ကျွန်တော်ခူးပေးဦးမယ်နော်...'

'ပိတောက်ပန်းရနံ့ကိုလည်း ခင်မင်ကြိုက်တယ်... ခင်မင်က ပန်းကလေးတွေကို ချစ်တယ် သီဟန်...'



ရန် မိုင် ဦး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဘွန်တော်ခူးပေး သီပေးဝယ်ပေးမှာပေါ့...'

နှစ်ယောက်သား စကားပြောလို့ ပြန်အဆင်ပြေနေပြန်ပါတယ်...။ အဲလိုအချိန်လေးမျိုးမှာတော့ ခင်မင် ပျော်ရွှင်နေမိပြန်ရော...။ စက်ဘီးအတူစီးပြန်ခဲ့ကြတာ...။ နောက်အခါဈေးသွားရင် ခင်မင် စက်ဘီးနင်းရတာမောတယ် မြင်းလှည်းနဲ့ပဲသွားတော့မယ်တဲ့...။

ခင်မင် စိတ်မှာပျော်ရွှင်မှုတွေရှိလို့ မောရမှန်းတောင် မသိပါဘူး...။

'တခါလောက် ကျွန်တော်တို့ မြင်းလှည်းစီးရအောင်...'

'မြင်းလှည်းစီးတာများ အဆန်းလုပ်လို့ သီဟာန်ရယ်...'

' ကျွန်တော်ပျော်လို့ပါ...'

'အခုရော... စက်ဘီးစီးရတာရော မပျော်လို့လား...'

'ပျော်ချင်သလောက် မပျော်ပါဘူး... ခင်မင်မောနေပြီဆိုပြီး ခံစားရတယ်လေ...'

'မမောပါဘူး သီဟာန်ရယ်... ဟိုးအရင်ကဆို မှိတို့ထားငယ်တို့ ရုံးသွားရင် ကျောင်းသွားရင် ခင်မင် စက်ဘီးနဲ့ လိုက်ပို့ပေးတာပါ...အခုမှသူတို့ဖာသာ သွားကြလို့ပါ...'

'ဘာပဲပြောပြော... ခင်မင်မောရမှာ စိတ်ပူတယ်...





ကျွန်တော် စက်ဘီးစီးတတ်လဲကောင်းသား...'

'သီဟာန်ကလဲလေ... ခင်မင်မမောပါဘူးဆိုမှ သည်လိုဆိုနောက်တခါဈေးကို လမ်းလျှောက်သွား... အတူတူ လမ်းလျှောက်နှစ်ယောက်အတူတူမောရော...'

'ကောင်းတယ်... အရမ်းကောင်းတာပဲ... နှစ်ယောက်အတူတူမောတာ မျှတတယ်... ကောင်းတယ်... နောက် တခါဈေးသွားရင် လမ်းလျှောက်မယ်...'

' သည်ဈေးခြင်းကြီးသာ ဆွဲပြီးလမ်းလျှောက်ရရင်... သက်နာတာနဲ့ သေမယ်...'

'ခင်မင် မပင်ပန်းရအောင်... သီဟာန်သယ်မှာပေါ့...'

'မဟုတ်တာ...'

အိမ်မရောက်ခင် ကုန်းတက်လေးရောက်တော့ စက်ဘီးကိုဆင်းတွန်းကြရတယ်...။

ငှမင်တွေကတော့ ပွင့်နေကြပြီ...။ ပိတောက်တွေကတော့ သကြီန်လက်ဆောင်မိုး ရွာပြီးတာတောင် မပွင့်ကြသေး...။ သကြီန်ရက်ကို စောင့်နေကြတယ်ထင်ပါရဲ့...။

'သီဟာန်...'

'ပြော...'



www.burmeseclassic.com

www.burmeseclassic.com



'ခြံထဲမှာ ပိတောက်ပင်ရှိတယ်... အဖူးတွေဖူးနေပြီ ပွင့်တဲ့နေ့ကြရင် ခူးပေးနော်... ခင်မင် ဘုရားလဲတင်မယ် ပန်လဲ ပန်မယ်...'

'ခူးပေးမှာပေါ့ ခင်မင်ရယ်...'

ခြံထဲမရောက်ခင် ထားငယ် စက်ဘီးနှင့်ထွက်လာတာကို တွေ့လာတာတွေ့လိုက်ရပြီ...။ ထားငယ်ကိုတွေ့တာ နှင့် စိတ်မှာ...။ သက်ပြင်းတချက် ရှိုက်မိပြန်ပါတယ်...။ ထားငယ်ကတော့ ခင်မင်တို့ကို ဖျတ်ခနဲလှမ်းကြည့်ပြီး မျက်နှာလွှဲပစ်လိုက်တယ်...။

'ထားငယ်က ကျွန်တော့်ကို လုံးဝစကားမပြောဘူး—ဘာလို့လဲမသိပါဘူး...'

'ခင်မင်နဲ့တောင် သူတို့သိပ်စကားပြောတာမှ မဟုတ်ဘဲ...'

'မှီကတော့ ပြောပါသေးတယ်...'

'သီဟန့်ဆွယ်တာကို ခင်မင် အမြန်ဆုံးပြီးအောင် ထိုးပေးပါမယ်...'

'ဖြည်းဖြည်းပေါ့ ခင်မင်ရယ်... ကျွန်တော်ဘယ်မှ သွားပါဘူး... ခင်မင်ပင်ပန်းမှာ စိုးရိမ်ပါတယ်...'





'သီဟန် မပြန်သေးဘူးပေါ့နော်...'

'မပြန်ပါဘူး... ကျွန်တော့်ကို နှင်ထုတ်ရင်တော့ ပြန်ဖို့ နည်းနည်း စဉ်းစားမယ်... ခင်မင်ကရော ကျွန်တော့်ကို ပြန်စေချင်သလား... မပြန်စေချင်ဘူးလား... ပြော...'

ခင်မင် နှုတ်ဆိတ်နေမိပြီ...။

နားပါလို့ ပြောခိုင်ခွင့်မရှိသလို....။

သွားပါလို့လည်း မနှင်ရက်ပါဘူးကွယ်...။

ဒါကြောင့် ဆိတ်ဆိတ်နေမိပါတယ်...။

'ပြောလေ...'

'သီဟန့်သဘောပေါ့... သီဟန့်ကိုယ်သီဟန် ပိုင်တာပဲလေ...'

'ခင်မင့်စိတ်မှာရော ကျွန်တော့်ကို ပြန်စေချင်သလား... မပြန်စေချင်ဘူးလား...'

'ဧည့်သည်ကို ပြန်စေချင်တဲ့ အိမ်ရှင်ရယ်လို့ ရှိသလား...'

'ရှိတာပေါ့...ဆန်ကုန်တာများလာရင် ဧည့်သည်ကို အိမ်ရှင်ကပြန်စေချင်တော့တာပါပဲ... ကျွန်တော့်ကို ဧည့်သည်လို့ပဲ ခင်မင် အမြဲပြောနေတာပါလား... ကျွန်တော် ဧည့်သည်မဖြစ်စေချင်ဘူး...'

www.burmeseclassic.com



'ဟော… ဟိုမှာ မစိန်… မစိန်ရေ မစိန်… ခြင်းတောင်း လာသယ်ပါဦး…'

သီဟာန်…

သီဟာန့်ကို ခင်မင်သိပ်ချစ်ပါတယ်…။ ဒါပေမဲ့ ရင်ထဲကပဲ ချစ်ချင်တယ်လေ…။ ဖွင့်ဟပြောပြီး ချစ်သူတွေ မဖြစ်ချင်ဘူး…။ အဲလိုချစ်သူတွေဖြစ်ပြီးမှဆို… ခွဲခွာရရင် ခင်မင် ထိခိုက်ကြေကွဲရမည်…။

အချစ်ကို ရင်ထဲမှာပဲထားကြတာ အကောင်းဆုံးထင်ပါရဲ့ သီဟာန်ရယ်…။

'သီဟာန်…ခင်မင် ဟင်းချက်တော့မယ်…'

သိပ်ချစ်တယ်ဆိုလဲ ရင်ထဲမှာပဲ ထားပါတော့သီဟာန်ရယ်…။ သီဟာန့်ကို ခင်မင်ချစ်ပြီးမှ မဝေးချင်ဘူး…။ ထာဝရလည်းအတူနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူးလေ…။ သီဟာန့်ကို ရင်ဆိုင်ရမည်ဆိုတဲ့ အတွေးဟာ လွန်ကျူးသော စိတ်ကူးယဉ်တစ်ခုပဲ ဖြစ်ပါလိမ့်မည်…။

+ + + + +





'ခင်မင်ရေ… ခင်မင်…'

အိမ်ရှေ့မှာ ဆူညံဆူညံ အော်ခေါ်နေတာ ကိုကို့အသံပဲ…။ ဒါကြောင့် မီးဖိုပေါ်မှ ဟင်းအိုးထဲ ရေနည်းနည်း ဖြည့်ပြီး ထွက်လာခဲ့တယ်…။ ကိုကိုတို့များ ကိုယ့်မိဘ ကိုယ့်မောင်နှမအိမ်ဝင်လာခဲ့ပါလား…။ အိမ်ရှေ့ကနေ တကြော်ကြော် အော်နေရတယ်လို့ပဲ…။

'ကိုကို ဝင်ခဲ့တာမဟုတ်ဘူး… ဘာလို့အော်နေတာလည်း…'

'တစ်ယောက်မှမတွေ့ဘဲ…'

'ဩော်… ကိုကိုရယ်… တစ်ယောက်မှမတွေ့လည်း ကိုယ့်အိမ်ပဲ… မီးဖိုထဲမှာ ခင်မင်တို့ရှိမယ်ဆိုတာ သိနေတာ ဝင်ခဲ့ရောပေါ့…'

'အုန်းသီးရှိလား…'

'အုန်းသီး…'

'အေးလေ… အပင်ကအုန်းသီးချထားတာလေးတွေ ရှိသ[illegible]… ဝေက အုန်းထမင်းချက်စားချင်လို့တဲ့ဟာ… သွားယူပေး[illegible]ဆိုလို့…'

ကိုကိုတို့များ…။



www.burmeseclassic.com

www.burmeseclassic.com



အိမ်လာလိုက်ရင်… ပေးဖို့ဆိုတာ တခါမှမကြားရဘူး…။

ယူဖို့ချည်းပဲ…။

ခုပဲကြည့်လေ…။

အုန်းသီးလိုချင်လို့တဲ့…။

အုန်းထမင်းချက်စားဖို့များ အုန်းသီးလိုချင်ရင် အများဆုံး နှစ်လုံးပေါ့…။ အုန်းသီးလေးနှစ်လုံးများ ဈေးမှာ ဝယ်လိုက် ဘယ်လောက်မှမပေးရပါဘူး…။ အိမ်ထိ တကူးတကလာယူနေ ရတယ်…။

'ခင်မင်… ကျွန်တော် ညီညီဆီခဏသွားဦးမယ်…'

'ထမင်းတော့ပြန်စားနော် သီဟန်…'

'ဟုတ်ကဲ့…'

'မြင်းလှည်းစီးသွားနော် သီဟန်…'

'ကောင်းပါပြီဗျာ…'

သီဟန်ထွက်သွားသည်နှင့် ကိုကိုမေးတော့တာပါပဲ…။ ဒါဘယ်သူလည်း ဘယ်ကယောကျ်ားလေးလဲ… ကိုယ့်အိမ်မှာ အပျိုလေးတွေချည်းရှိတာကို… ဘာလို့ ဧည့်သည်အဖြစ်လက်ခံ ထားတာလဲတဲ့…။

'ဖေဖေ့အသိပြောတာပဲ… 'ဖေဖေကတည်းခိုင်းထား





တာ…'

'ဖေဖေကလည်း ဘာသဘောပါလိမ့်… ခင်မင့်ကိုတော့ စိတ်ချပါတယ်… ဟိုကောင်မလေးနှစ်ယောက်နဲ့ စိတ်ချရတာ မဟုတ်ဘူး…'

'ခင်မင့်ကို စိတ်ချတယ် ဟုတ်လား ကိုကို…'

'အေးလေ… ရှင်လိုရုပ်ရည် ပညာ ဘာမှမရှိတဲ့လူ့ထက် … ဟိုနှစ်ယောက်ကို ကြိုက်မှာပေါ့…'

စိတ်မှာနာကျင်သွားလိုက်တာ…။

ရက်စက်တယ်…။

ခင်မင် ဘာမသင်နိုင်တော့တာ ဘာကြောင့်လည်း…။ ကိုကိုကအစ တအိမ်လုံးဟာ ခင်မင့်ဖက်က တွက်ဆပေး ကြပါ …။ စကားလည်း ပြောမနေချင်တော့တာမို့ မီးဖိုထဲမှာစု ထားတဲ့ အုန်းသီးတွေထဲမှ အုန်းသီးနှစ်လုံး ယူပေး လိုက်ပါ တယ်…။

'ဖေဖေပြန်မလာသေးဘူးလား ခင်မင်…'

'သင်္ကြန်ပြီးမှ ပြန်လာမယ်တဲ့… တနေ့ကဖုန်းဆက် …'

'ဖေဖေကလဲလေ… အင်း… ဒါပေါ့လေ… ရန်ကုန်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေမှာပေါ့… ငါပြန်ပြီ… ဖေဖေလာမှ လာခဲ့ဦးမယ်…'

'ဖေဖေက ရန်ကုန်မှာဘာလို့ ပျော်နေတာလဲ…'

'နင်မသိချင်စမ်းပါနဲ့ ခင်မင်ရယ်…သိတော့လည်း ဘာတတ်နိုင်မှာလိုက်လို့.. ငါသွားမယ်… ဖေဖေလာရင် လာခဲ့ဦးမယ် ဖေဖေ့ဆီမှာ ပိုက်ဆံနည်းနည်းချေးချင်လို့… ဟိုလူနဲ့လဲ အရောတဝင်မနေနဲ့ ကြားလား…'

ခေါင်းညိတ်ပြလိုက်ပါတယ်…။

ကိုကိုတို့ မမဝေတို့ အဆင်ပြေနေတယ်လို့ ကြားရပါတယ်…။ ဒါနဲ့များ ဖေဖေပြန်လာရင် ဖေဖေ့ဆီက ငွေချေးဦးမယ်တဲ့…။ ဘယ်လိုတွေပါလိမ့်…။ သူတို့ကလည်း ဖေဖေ့ကိုပြန်မပေးတဲ့အပြင် ဖေဖေ့ဆီက လိုချင်သေးသတဲ့…။ ကိုကိုပြန်သွားတာနှင့် မစိန်ကို မကျေနပ်သမျှ ရင်ဖွင့်မိတာပေါ့…။

'မစိန်…'

'ခင်မင်… သူတို့အကြောင်း နင်ပြောမှငါသိမှာ မဟုတ်ပါဘူး ခင်မင်ရယ်… ငါသိပါတယ်… နင်တို့တအိမ်လုံး ရှိသမျှလူတွေရဲ့အကြောင်း ငါအသိဆုံးပေါ့… နင်ပြောပြစရာကို မလိုဘူး…'

'သူတို့ဖေဖေ စီးပွားရှာနေရတာကို မသနားတဲ့အပြင်





လာလာလိုချင်ကြသေးတာ အံ့သြတယ်… ခင်မင်သာ ဆို…'

'ကိုကို့ကို ပြောမနေနဲ့ ခင်မင်… သူကအိမ်ထောင်ကျသွားလို့ ပြန်လာလာယူတာ လူမြင်နေတာ… ညီညီ မီ ထားငယ် သူတို့ရော ဘာထူးလည်း.. ညီညီဆိုခြံထဲက ဝင်ငွေရှိပါတယ်… ဘယ်နှစ်ကျပ်ပြန်ပေးဖူးလို့လည်း… မီကရော ဝန်ထမ်းလခမို့ပါ ဘာညာနဲ့ မုန့်ဖိုးတောင်ပြန်တောင်း သုံးသွားသေးတယ်… ထားငယ်ကတော့ ကျောင်းသူမို့ထားပါတော့…'

'ခင်မင်လည်း ဘာမှမထူးပါဘူး မစိန်… ဘာမှမကူနိုင်တာ…'

'နင့်မှာ ဝင်ငွေမှမရှိဘဲ… နင့်အဖေအတွက် နင့်လုပ်အားနဲ့ကူနေတာပဲ မဟုတ်လား…'

'ငွေနဲ့မှမကူနိုင်တာ…'

'ငွေနဲ့ကူမှ မဟုတ်ပါဘူးဟယ်… အဖေ့အတွက်လုပ်အားနဲ့ ကူလည်း အတူတူပဲ… သူတို့တွေက အဖေ့ပုဆိုး ဘယ်နှစ်ခါလျှော်သလည်း အဖေ့အကျႌ ဘယ်နှစ်ခါမီးပူတိုက်လဲ အားလုံးနင်ပဲလုပ်တာ မဟုတ်လား…'

ဖေဖေ့ဝေယျာဝစ္စအားလုံး ခင်မင်ပဲ ပြုစုချင်လို့ပါဆိုပြီး မစိန့်ကိုတောင်မခိုင်း…။ ဒါပေမဲ့ ခင်မင်က ဝင်ငွေမရှိ ပါဘူး…။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ငွေအားနဲ့မှမကူနိုင်တာပဲ…။

'မစိန်… ကိုကိုကပြောတယ်… သီဟန်နဲ့ခင်မင့်ကို စိတ်ချတယ်တဲ့… သီဟန်က ခင်မင့်လို ဂုဏ် ပညာ ရုပ် ရည် ဘာမှမရှိတဲ့လူထက်စာ မိုနဲ့ထားငယ်ကို ကြိုက်လိမ့်မယ်တဲ့…'

"ပြောလိုက်လား… လူတစ်ယောက်နဲ့တစ်ယောက်… စိတ်ကူး အတွေးအခေါ် တူကြတာမဟုတ်ဘူးလို့လေ… တချို့က သစ်ခွပန်းကြိုက်ပေမဲ့ တချို့က စံပယ်လိုရိုးသားဖြူစင်တဲ့ ပန်းကိုမှမြတ်နိုးတတ်ကြပါတယ်…'

'အင်းလေ… အချိန်တန်အိမ်ပြန်မဲ့ ဧည့်သည်ကို ခင်မင်ကလည်း ခင်မင်ယုံပါပဲ…'

'ဒါအကောင်းဆုံးပေါ့ ခင်မင်ရယ်…'

အချိန်ရခိုက်လေး သီဟန့်ရဲ့ဆွယ်တာလေးကို ထိုးရတယ်…။ ဝီရိယရှိရှိ ကြိုးစားနေတော့ ဆွယ်တာလေးဟာ အတော်လေး ပီပြင်နေပါပြီ..။ သင်္ကြန်ရက်နီးလာခဲ့ပြီပဲ…။ မိုကတော့ သူ့ရုံးကလူတွေနှင့် မဏ္ဍပ်ရှိတာမို့ ရေသွားပက် တာနှစ်တိုင်း…။ ထားငယ်ကလည်း သူငယ်ချင်းတွေနှင့်လည်မှာ…။

'မစိန်.. သင်္ကြန်တွင်း အုန်းနို့ကျောက်ကျောလုပ်ရအောင်နော်… ခင်မင်ပစ္စည်းအားလုံး စုထားပြီ… ဟိုဘက်ခြံ သည်





ဖက်ခြံလဲ ဝေရတာပေါ့…'

'ကောင်းတာပေါ့ ခင်မင်ရဲ့… မုန့်လုံးရေပေါ်ကမှ မုန့်သွားကြိတ်ရတာမလွယ်ဘူး… အုန်းနို့ကျောက်ကျောက လွယ်တယ်…'

အိမ်ရှေ့တည့်တည့်မှာရှိသည့် ပိတောက်ပင်ကြီးကတော့ အဖူးတွေနှင့် ဣန္ဒြေရနေဆဲ…။ သင်္ကြန်လက်ဆေးမို့ တခါ လောက်ရွာတာတော့ ဂရုမစိုက်သေးဘူး ဆိုတာနေမျိုးလား…။ ခြံထဲမှာ စိန်ပန်းပွင့်တွေကလဲ ပွင့်နေပြီ…။ ငုဝါပန်းတွေ စိန်မှန်း တွေပွင့်တာ လှလှသေးတော့…။

'မစိန်ရေ… ပိတောက်တွေပွင့်အောင် ရေဖျန်းရရင် ကောင်းမလား…'

'မဟုတ်တာ ခင်မင်ရယ်… သူ့သဘာဝအတိုင်း ပွင့်တာ အကောင်းဆုံးပေါ့… ခဏလေးစောင့်ရမှာပါ… မိုးလေး တခါနှစ်ခါရွာရင် ပွင့်လာမှာပါဟယ်… ဘာယ်နှယ့်စိတ်လောနေရတာလဲ… နှစ်တိုင်း နှစ်တိုင်း သည်လိုပဲစောင့်ရှူးနေ တာပါ… မဟုတ်မှ လွဲရော ခင်မင်တစ်ယောက် သည်နှစ်ပိတောက်ပန်းရူးဖေးမဲ့လူ ရှိနေပြီထင်တယ်… ဒါကြောင့် ပိတောက်ကို အရမ်းပွင့်စေချင်နေ တာများလား…'



www.burmeseclassic.com

www.burmeseclassic.com



ခင်မင့်စိတ်တွေ မစိန် ရိပ်မိနေပြီလား...။

သီဟန် ခူးပေးမယ်ဆိုလို့များ...။

ဟုတ်မှာပါလေ...

ပိတောက်ပွင့်ရင် သီဟန်က ခင်မင့်အတွက် ပိတောက်ခူးပေးမယ်လို့ ပြောတာကိုး...။

'ခင်မင်က ပိတောက်ပန်းကလေးတွေ ကြိုက်တတ်တာ ...သိရဲ့သားနဲ့...'

'ဟုတ်ပါတယ်... ဟုတ်တာပေါ့... ပိတောက်ပန်းကလေး ...ကိုလည်း ချစ်တယ်... ပိတောက်ပန်းခူးပေးတဲ့ လူကိုလည်း...'

'မစိန်...'

'ဘာတုံး...'

'မစိန်နော် မစိန်... မစပါနဲ့ကွာ... ခင်မင် စိတ်မ...င်းဖြစ်ရလို့ပါ...'

'ဘာ စိတ်မကောင်းသလဲ...'

'မပြောတတ်ပါဘူး မစိန်ရယ်... ကဲပါ... အလုပ်တွေပြီး ...င်လုပ်... ခြံရှင်းတာတွေလဲ ပြီးအောင်ရှင်းထားမှ မေလ ...က်ဆို မိုးလေးလိုက်လာပြီး သစ်ပင်ကလေးတွေ စိုက်လို့ရ ...စိုက်ရမယ်...'





သီဟန်နှင့်ပတ်သက်ရင် ဘာကိုမှ မတွေ့တာဟာ အကောင်းဆုံးပါပဲ...။ တွေးနေမည်ဆိုရင် စောစိတ်ဆင်းရဲ စရာ အကြောင်းတွေကိုပဲ သတိရရဦးတော့မှာပါလေ...။

သီဟန်ကို ခင်မင်ချစ်မိတာမှာ...။

သီဟန် စိတ်ချမ်းသာစေဖို့က အဓိကပါပဲ...။

မိုးတွေရွာနေပါလား...။

သကြိန်လက်ဆေးမိုး ဆိုပေမဲ့ တော်တော်သည်း ပါတယ်...။ ခင်မင်ကတော့ ပိတောက်တွေပွင့်မှာမို့ သိပ်ကိုသဘောကျနေတာပေါ့...။ ဒါပေမဲ့ မိုးမရွာတာကြာတော့လည်း မိုးကို အထူးအဆန်းလို ကြည့်နေချင်မိတယ်...။ ပြတင်း ကနေ ကြည့်တော့ မိုးဟာ ပြင်းစွာသော မိုးပေါက်တွေကို သယ်ဆောင်လာပါတယ်...။

စိတ်မှာ ပျော်ရွှင်လာသလိုလို...

ဝမ်းနည်းလာသလိုလို...။

ဘယ်သူမှမနိုးကြသေးဘူး...။

ခင်မင်တစ်ယောက်ထဲ...

မီးဖိုတံခါးကို ဖွင့်လိုက်တယ်...။

မိုးစက်တွေက တံစက်မြိတ်မှနေ ကျနေလိုက်တာ...။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးနှင့် ဆီးကြို့ခံကြည့်လိုက်တယ်...။

အေးစိမ့်နေတာပါပဲ...။

စိတ်မှာပျော်ရွှင်စရာလိုလို...

ချက်ခြင်း မိုးရေတွေထဲ ဆင်းလိုက်တယ်...။

'အား... အေးလိုက်တာ...'

ပိတောက်ပင်ကြီးရှိရာ အရင်ဆုံးပြေးခဲ့တာ...။

မြေကြီးတွေက ရေနှင့်ချော်နေတော့ ချော်လဲလိုက်သေး...။ ရွှံ့ဗွက်တွေ ပေကုန်ပြီ...။ ပေချင်လည်းပေ...။

သိပ်ပျော်နေသလိုပါပဲ...။

ပိတောက်ပင်ကြီးအောက်မှာတော့ အရိပ်ကြောင့် မိုးပေါက်ကျတာ နည်းနေတယ်...။ ပိတောက်ဖူးတွေက ဣန္ဒြေရ လှချည်လားကွယ်...။

မိုးကရွာနေဆဲပဲ...။

ပျော်စရာကောင်းတယ်...။

ငုပန်းပင်အောက်မှာတော့ ငုပန်းပွင့်ဝါဝါတချို့ ကြွေနေတယ်...။

တပွင့်...

နှစ်ပွင့်...





သုံးလေးပွင့်...

ကောက်ယူနေမိတယ်...။

မိုးဟာ ဘယ်လိုပါလိမ့်...။ ရုတ်တရက်ထိတ်သွားသလိုပဲ...။

မော့ကြည့်မိတယ်...။

'သီဟန်...'

'ခင်မင်ရယ်... မိုးရေတွေထဲ ဘာလို့သည်အတိုင်းထွက်ရတာလည်း... နေမကောင်းဖြစ်နေမှာပေါ့...'

'ပျော်လို့...'

'ဟာ ပျော်လို့ ဒါမျိုးမပျော်သင့်ပါဘူး... ကလေးလည်းမဟုတ်တော့ဘူး...အိမ်ထဲဝင်တော့...'

'ဟင့်အင်း... မဝင်ပါဘူး...ခင်မင်ပျော်လို့ပါဆိုမှ...'

'ခင်မင်... ခေါင်းမမာပါနဲ့... အိမ်ထဲဝင်...'

'ပိတောက်ပန်းရှူးမလို့ပါ...'

'ပိတောက်ပန်းမှ မပွင့်သေးတာ... လာပါကွာ ခင်မင်လိမ်မာပါတယ်...'

'ဟင့်အင်း မလိမ်မာချင်ပါဘူး... လိမ်မာရတာမောပါတယ်... ခင်မင် မလိမ်မာချင်တော့ဘူး သီဟန်... သွားပါ



www.burmeseclassic.com

www.burmeseclassic.com



သီဟန်သာ မိုးရေထဲမထွက်နဲ့…'

သီဟန့်အနားကနေ ပြေးထွက်လာခဲ့တယ်…။

တခါတုလေမှာ ပျော်သလိုသာနေချင်တော့တာ…။

ခုချိန်မှာ စံပယ်ပန်းတွေပဲပွင့်လိမ့်မယ်…။ စံပယ်ရုံကြီး ရှိရာ ရောက်လာခဲ့တယ်…။

အရမ်းလှတာပါလား…။

အရမ်းလည်းမွှေးတယ်…။

စံပယ်ပွင့်လေးတပွင့်ကို ခူးမည်လို့ လက်လှမ်းလိုက်တဲ့အခါ…။

သူကအရင်ခူးနှင့်သည်…။

ဩော်…

ဘယ်နှယ့်…

ခင်မင့်ခူးမဲ့ပန်းကို…

'ရှော့လေ…'

'ခင်မင့်ဖာသာ ခူးမှာပေါ့…'

'ဘာလဲ ကျွန်တော်ခူးပေးတာ မကြိုက်လို့လား…'

'တပွင့်ထဲ…'

'တပွင့်ထဲပန်တာ အမွှန်မြတ်ဆုံးပေါ့ ခင်မင်လေးရယ်…





လာ အိမ်ထဲဝင်… အဝတ်လဲ ဆံပင်တွေခြောက်အောင် သု… ပြီးတော့ သည်ပန်းကလေးပန်… သွားကြစို့… လာပါကွာ နေ့

'လာမယ်… သည်နားကနေ အိမ်အထိ သီဟန်… ထီးမဆောင်းဘဲ မိုးရွာကြီးထဲလျှောက်ရမယ်… သဘော… ခင်မင်လိုက်ပြန်မယ်…'

"ခင်မင်ဟာလေ…'

သီဟန် ထီးကိုပိတ်လိုက်တယ်…။

ခင်မင်သည်လိုမြင်ရတော့လည်း သဘော… ပေါ့…။ ခင်မင်ဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေး… ချက်ခြင်းလိုပင် သီဟန့်ကို မိုးတွေရွဲရွဲစိုသွားတယ်…။ နှစ်ယေ… အတူ အိမ်ဆီပြန်လာခဲ့ပြီ…။

'သည်နှစ်ယောက်က ဘယ်လိုဖြစ်တာလဲ…'

'မစိန်… မိုးတွေရွာနေတာ သဘောကျလို့ အပြင်… ကြည့်တာ…'

'မောင်သီဟန်… ခင်မင် ပြောမရဆိုမရကို မ… ဖြောင့်ဖျမယ်မဟုတ်ဘူး… မင်းကပါ မိုးရွာကြီးထဲ အ… ထွက်ရတယ်လို့ကွယ်… နေမကောင်းဖြစ်ရင် ဘယ်လို… လည်း…'



www.burmeseclassic.com

www.burmeseclassic.com



'နေမကောင်းဖြစ်မှပဲ ဆေးကုတော့မယ် အစ်မစိန်... အစ်မစိန်ရဲ့ညီမက ပြောလို့မှမရတာ... သူ့အိမ်ထဲဝင်ပါ စေဆို အလိုလိုက်ရတာ ကျွန်တော်ပါရွဲ့တာပေါ့...'

အဝတ်အစားလဲပြီးတော့ ဆံပင်တွေကို ရေစိုနေတာ သုတ်ရတယ်...။ ပြီးတော့ စံပယ်တခက်ကိုပန်ပြီးမှ မီးဖိုဆီ ပြန်လာခဲ့ရတာ...။ မစိန်က အားလူးပြုတ်တွေ အခွံနွှာနေတယ်...။

'မစိန်... အာလူးကတ်တလိတ် ကြော်မလား...'

'အေးဟဲ့... အာလူးကက်တလိတ်က အာလူးပဲကုန်တာ... အလယ်မှာထည့်တာ အသားကနဲနဲပဲထည့်ရင် ရတယ်... အကုန် အကျသက်သာတာပေါ့...'

'မစိန်ကလဲလေ...'

'တနပ်စာ အသားသက်သာသွားရင် နည်းလား ခင်မင်ရဲ့'

မစိန်အပြောကြောင့် ရယ်မိတယ်...

မီးဖိုချောင်ကို ထိမ်းသိမ်းရသူတွေကတော့ ဈေးဖိုးကို မကုန်နိုင်အောင် မနည်းချွေတာရတာပါပဲ...။ မှို့နှင့် ထားငယ်က တော့ ဒါတွေမသိပါလား...။ မောင်လေးဆို ပိုဆိုးသေး...။ အသားဟင်းမပါရင် ဘဲဥကြော်ပေးဆိုတာက ရှိသေးတယ်...။





'ခင်မင်... နှာချေနေပြီ... မိုးရေတွေထဲထွက်တာကိုး... နည်းတောင်နည်းသေးတယ်... ဒါပေါ့လေ ဆေးကုပေးမဲ့ လူ တစ်ယောက်လုံး ရှိတာပဲ... ပူစရာမရှိပါဘူး...'

'မဟုတ်ပါဘူး မစိန်ရယ်... ခင်မင်စိတ်ထဲမှာ မိုးမရွာတာ ကြာပြီ... အခုရွာလိုက်တော့ ပျော်သလိုလို ဝမ်းနည်းသလိုလိုနဲ့ မို့... နေကောင်းပါတယ်...'

'နေမကောင်းမှာ စိုးရိမ်လို့ပါ...'

'စိတ်ချ... ဘာမှမဖြစ်ဘူး... ပေး အာလူးတွေ ခင်မင် ထောင်းလိုက်မယ်...'

ဖြစ်ချင်တာတစ်ခုကို ဖြစ်အောင်လုပ်လိုက်ရသလို ရင်မှာပေါ့ပါး လန်းဆန်းသွားပါတယ်...။

သီချင်းလေးတစ်ပုဒ်ပင် တိုးတိုးငြင်သာ ညည်းမိပါရဲ့...။

'ခင်မင်... ကျွန်တော့်ကို ကော်ဖီပူပူလေးတစ်ခွက် လောက် ဖျော်ပေးပါလား...'

'ထမင်းစားရတော့မယ်လေ သီဟန်... ဗိုက်ဆာလို့ လား...'

'ကျွန်တော်ဖျားနေပြီ ခင်မင်... ထမင်းမစားတော့ဘူး... ဆေးနဲ့ကော်ဖီတစ်ခွက်သောက်မယ်...'



www.burmeseclassic.com

www.burmeseclassic.com



'ဟင် သီဟန်ဖျားနေပြီဟုတ်လား...'

'ဟုတ်တယ် ခင်မင်...'

'ဘယ်လောက်ထိ ဖျားသလဲ... ကိုယ်အရမ်းပူလား ဟင်...'

'ကိုယ်ဘယ်လောက်ပူသလည်း သိချင်ရင် စမ်းကြည့်ပါလား...'

'အို...'

သီဟန်ကလဲ...

သီဟန့်နဖူးကို စမ်းကြည့်ရအောင်...။

ဟင့်အင်းကွယ်...။

အဲ့သည်လောက်ထိ ခင်မင် မရဲပါဘူး...

ခင်မင့်ကိုကြည့်ပြီး သီဟန်ရယ်နေတယ်...

တိုးတိုးလေး သူရယ်နေတဲ့ပုံစံဟာ... သိပ်ချစ်စရာကောင်းပါတယ်...။

ရင်ထဲလဲ တထိတ်ထိတ်ခုန်နေမိတယ်...။ သီဟန့်မျက်ဝန်းတွေနှင့် ရင်မဆိုင်ရဲတော့သလိုပါပဲ...။

'သီဟန်ဖျားရတာ ခင်မင့်ကြောင့်ပါ...'

'မဟုတ်ပါဘူး ခင်မင်ရဲ့...'





'ဟုတ်တယ် မိုးတွေထဲကိုသာ မထွက်ခိုင်းရင် ဘယ်ဖျားမလဲ...'

'ခင်မင့်ကြောင့် မဟုတ်ပါဘူး...'

သီဟန့်အတွက် ကော်ဖီတစ်ခွက်ဖျော်နေတယ်...

မီးဖိုထဲကိုဝင်လာတဲ့ ခြေသံကြောင့်ကြည့်မိပါတယ်...။ ထားငယ်ပါလား... ထားငယ်ရဲ့ မျက်ဝန်းတွေက သီဟန်နှင့် ခင်မင့်ကို လှမ်းကြည့်တော့တာပါပဲ...။

'မလေး... ထမင်းစားမယ်...'

'အေး... အေး အခုပြင်ပေးမယ်နော်...'

'မြန်မြန် မလေးရာ... ဗိုက်ဆာနေပြီ...'

'အေးပါဟယ်... ခဏလေးပါ...'

ထမင်းဝိုင်းမှာ ထားငယ်ရောက်နေပြီဆိုတော့ အရမ်းဂရုစိုက်ရပါတယ်...။ သီဟန့်ရှေ့မှာ သူပြောချင်ရာတွေ ပြောလိုက်ရင် စိတ်အနှောင့်အယှက်ရတော့မှာပါ...။

'ကိုသီဟန်...'

'ပြောလေ ထားငယ်...'

'သည်ညနေ မမို ရုံးအပြန်သွားကြိုပေးပါလား... မမိုမှာ ကော်ဘီးလဲပါမသွားဘူး... တစ်ယောက်ထဲ ဖြစ်နေလို့... ထီး

www.burmeseclassic.com



လည်းမပါဘူး...'

'ကျွန်တော် ဖျားနေတယ် ထားယေ်... အခု ခင်မင့်ဆီမှာ ကော်ဖီတစ်ခွက်တောင်းသောက်နေရတာ... မဖျားဘူးဆိုရင်တော့ ကြိုပေးပါတယ်...'

'အဖျားပျောက်တဲ့နေ့ကြရင် ကြိုပေးပါလား...'

'ရပါတယ်...'

'ခင်ဖျားစကားတည်စေနော်...'

'ရပါတယ်...'

ထားယေ်စိတ်မှာ ဘာတွေဖြစ်နေတယ် ခင်မင်သိပါတယ်... မိုနှင့်သီဟန့်ကို ရင်းနှီးကျွမ်းဝင်စေချင်တယ်...။ ခင်မင်နှင့် သီဟန် ရင်းနှီးသွားမှာကို မနှစ်သက်ဘူး...။ တကယ်ဆို ထားလေး မစဉ်းစားမိလို့ပါ...။

ခင်မင်လည်း အစ်မ...

မိုလည်း အစ်မပါပဲ...။

ဒါပေမဲ့ မိုနှင့် သီဟန့်ကိုတော့ သဘောတူတယ်...။

ဘာလို့လည်း...။

ခင်မင့်ကို သူတို့မချစ်ကြဘူးလား...။

မျက်ရည်က ချက်ခြင်းဝဲချင်သည်...။





သီဟန့်အတွက် ကော်ဖီဖျော်ပေးပြီးမှ မိုအတွက် ထမင်းပြင်ပေးလိုက်တယ်...။ ပြီးတာနှင့် အခန်းထဲပြန် ဝင်လာခဲ့ပါတယ်...။ ပန်းရောင်နှင့်အပြာရောင်ကြား ဆွယ်တာလေးပင် အတော်ပိပြင်နေပါပြီ...။ သီဟန်မပြန်ခင် အပြီးထိုးပေးချင်တယ်လေ... ဒါကြောင့် ဆွယ်တာလေးကို ကိုင်ရပြီ...။

အိုကွယ်...

ဆွယ်တာလေးပေါ် မျက်ရည်စတွေ မကျသင့်ဘူး...။

ဆွယ်တာလေးထဲမှာ... ချစ်ခြင်းရဲ့ပျော်ရွှင်ကြည်နူးမှုတွေသာ ထည့်ပေးလိုက်ချင်တာပါ...။

ခုတော့...

မျက်ရည်စပြွကို ပေးမိလေသလား...။

'ခင်မင်..., ထမင်းစားကြစို့လေ...'

'ဟုတ်ကဲ့ လာမယ်... မစိန်...'

'မောင်သီဟန်တော့ ဖျားပြီတဲ့...'

"ဟုတ်တယ်... ခင်မင် ကော်ဖီဖျော်ပေးထားတယ်...'

'ခင်မင်...'

'ရှင်...'

'အစ်ကိုကြီးကို ပြန်လာစေချင်တယ်,... ငါမေ့စရာ



www.burmeseclassic.com

ရှိလို့ပါ...'

'ဘာမေးမလဲ...'

'မောင်သီဟန်နဲ့ မှီ့ကိုသဘောတူထားတယ်လို့ ပြောတာ တကယ်ပဲလား ဆိုတာပေါ့...'

'ဟုတ်နေတော့ရော ဘာဖြစ်လဲ မစိန်... ဘာတွေထူး ဆန်းလို့လည်း...'

မစိန်ရဲ့ရှူးရဲတဲ့အကြည့်...။

ခင်မင်ရဲ့ နှလုံးသားထိထွင်းဖောက်ကြည့်နေတာ လား...။ ဘာမှမဖြစ်သလို ဟန်ဆောင်နေရတယ်...။ ရင်ထဲက နာကျင်ခြင်းကို ဘယ်သူမှမသိစေချင်ပါဘူးကွယ်...။

'ခင်မင် ထမင်းစားစို့...'

'စားမယ်... စားမယ်...'

ဟန်ဆောင်ရတာ ပင်ပန်းလွန်းပါတယ်သီဟန်...။

ဒါပေမဲ့ ဟန်ဆောင်ခြင်းတွေထဲမှပဲ နေရဦးမှာပါပဲ...။ ထမင်းဝိုင်းမှာ ထားငယ်နဲ့သီဟန် တစ်ယောက်မှ ရှိမနေကြတော့ ပါဘူး...။

သီဟန်နေလို့ သက်သာရဲ့လား...။

အဖျားကျရဲ့လား...။





သိပ်ချစ်ရင် စိုးရိမ်ပူပန်ခြင်းတွေကိုပါ ရရှိလာစေတာ ပါပဲ...။

စိတ်ပူပေမဲ့ စိတ်ပူတယ်လို့ ပြောခွင့်မသာပါဘူး ချစ်သူ...။

+ + + + +

စံပယ်ပွင့်လေးတပွင့်လို့ပဲ...

ဖြူစင်နေတယ်...

ချစ်မိပြီ...။

ဟင်... ဒါဘယ်သူ့ကို ရေးထားတာလဲ...။

သီဟန့်အခန်းကို ရှင်းပေးရင်းရလာတာလို့ မစိန်ပြော တယ်...။ စာရွက်ဖြူလေးပေါ်မှာ စာကြောင်းလေး သုံးကြောင်း ထဲ...။ သီဟန်ရောက်ပြီးတဲ့နေ့ကစပြီး အခန်းရှင်းရင် မစိန်ကိုပဲ ရှင်းခိုင်းရတယ်...။ သီဟန့်အခန်းထဲ မဝင်ချင်ဘူး...။

'မစိန်... ဒါဘယ်ကရသလဲ...'

'စာပွဲအောက်ကျနေလို့ ကောက်ကြည့်ပြီးယူလာတာ...



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟန့်လက်ရေး လှသားပဲ...'

'တော်ကြာ... သူ့စာရွက်ပျောက်ပါတယ်ဆိုမှ ခက်နေပါ့မယ် မစိန်...'

'အောက်ကကောက်လာတာပဲ ပြောမနေနဲ့... လွှင့်ပစ်လိုက်...'

မစိန်က လွှင့်ပစ်လိုက်ဆိုပေမဲ့ လွှင့်မပစ်ရက်ပါဘူး...။ မစိန်မသိအောင် အသာလေးသိမ်းထားမိတယ်...။

ချစ်မိပြီတဲ့...

သီဟန်ရယ်...

ဘယ်သူ့ကိုချစ်မိတာလဲဟင်...

ခင်မင် သိချင်တယ်...။

ကျွန်တော် မီ့ကိုချစ်တာပါဆို...

ဒါလည်းဖြစ်နိုင်ပါတယ်...။ စိတ်ကိုအစွမ်းကုန် လျှော့ချထားမှဖြစ်မည်...။

မျှော်လင့်ခြင်း...

တမ်းတခြင်း...

လိုချင်မက်မောခြင်းတွေ ရှိနေသရွေ့ စိတ်မှာထိခိုက်ခံစားရမှာပါပဲ...။





'ဟင်.. သီဟန် ဘာလုပ်နေတာလဲ...'

'ရေခပ်မလို့...'

'မဟုတ်တာ... ပြောရင်နားထောင်ပါ သီဟန်... နေကောင်းပြီးကာစ ဘယ်နှယ့်အပြင်ထွက်နေရတာလဲ... ရေစည်တွေမဖြည့်ပါနဲ့... ခင်မင်ပြောတာ နားထောင်ပါ... ပြောမရရင် စိတ်ဆိုးမှာနော်...'

'ခင်မင် ပင်ပန်းလို့ပါကွယ်...'

'ဟင့်အင်း... မပင်ပန်းပါဘူး...'

'တအိမ်လုံးရဲ့ ဝေယျာဝစ္စအားလုံး မစိန်နဲ့ခင်မင်ပဲ လုပ်ရတယ်... ဘာလို့ မပင်ပန်းရမှာလဲ...'

ကျွန်တော့်မှာ မျက်စိတွေရှိသလို နားလဲရှိနေတာပဲ... မြင်နေကြားနေရတာပဲ ခင်မင်... ကျွန်တော်တတ်နိုင် သလောက် ကူညီတာပါ...'

'ခင်မင်စိတ်မကောင်းအောင် မလုပ်ပါနဲ့သီဟန်ရယ်... ဖယ်ပါ... ခင်မင့်ဖာသာဆွဲပါရစေ...'

'မရဘူး...'

'သီဟန်...'

'ဗျာ...'



www.burmeseclassic.com

www.burmeseclassic.com



'နောက်မနေပါနဲ့... ဖယ်...'

'ဖယ်စေချင်ရင် ကျွန်တော်မေးတဲ့မေးခွန်းတစ်ခု ဖြေမလား...'

'အို... မဖြေပါဘူး...'

'ဒါဆို မဖယ်ဘူး...'

သီဟန်ကလဲကွယ်...။

ဖွတ်ပါပဲ...။

ခင်မင်က သီဟန့်လက်ထဲမှာရှိတဲ့ ရေပုံးကိုလှမယူရဲဘူး...။ ဒါကိုသိလို့ ဖယ်မပေးဘဲ ရေဆွဲနေတယ်...။ သီဟန့်နားမှာ ကြာကြာနေပြန်တော့လည်း မိန့်ငှထားငယ်တွေ့ရင် တလွဲထင်ဦးမလား...။

'မလေး...'

'အမလေး လန့်လိုက်တာ...'

'ရော့... ခြံထဲကယူလာတာ...'

ဂေါ်ဖီထုတ် နှစ်ထုတ်ပါလား...။

မောင်လေးက ခြံထွက်ပစ္စည်း အနည်းငယ်တော့ ယူလာပေးတတ်ပါတယ်...။

'မောင်လေး... သီဟန့်ကိုကူပြီး ရေဆွဲပေးပါဟယ်... အားနာစရာ...'





'အားမနာပါနဲ့ မလေးရာ... ကိုသီဟန့်ကိုများ... လုံးဝအားနာစရာ လုံးဝမရှိဘူး...'

'ဟဲ့ ညှော်သည်ကို...'

'ညှော်သည်... ကိုသီဟန်က ညှော်သည်မဟုတ်ပါဘူး မလေးရဲ့... တနေ့နေ့မှာ သည်အိမ်မှာ အိမ်သားဖြစ်မှာနော် ကိုသီဟန်...'

'ညီညီကတော့လေ...'

မောင်လေးကို သီဟန်ရေနှင့် လှမ်းပက်တယ်...။ မောင်လေးတော့ သဘောတကျရယ်နေတာပါပဲ...။ ခင်မင်သိလိုက်ပါတယ်...။ မောင်လေးတို့ရဲ့အသိမှာ သီဟန်နှင့်မိုကိုယှဉ်တွဲထားကြပါလား...။ ခင်မင့်နေရာ ခင်မင်မသိသလိုဖြစ်နေပြီထင်ပါရဲ့...။

'မလေး... ကိုသီဟန့်ကို အားမနာနေနဲ့ ခိုင်းသာခိုင်း... တနေ့ မလေးရဲ့... ဆွေမျိုးအရင်းကြီး ဖြစ်လာမှာပါ...'

'ညီညီ... မင်းသွားတော့ မင်းသွားတော့...'

'သွားမှာပါ သွားမှာပါ ယောက်ဖရယ်...'

မောင်လေးရယ်ပြီးထွက်သွားတော့ သီဟန်က ခင်မင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်ပါတယ်...။ ခင်မင် မျက်နှာချပြီး မသိချင်ယောင်ဆောင်နေလိုက်ရတာပေါ့...။

'ခင်မင်...'

'သီဟန် ရေဆွဲမနေနဲ့...'

ဒါပဲပြောပြီး မီးဖိုထဲပြန်ဝင်လာခဲ့ပါတယ်....။

ခင်မင်သိပါတယ် သီဟန်...

အားလုံးရဲ့အတွေးစတွေဟာ မိနှင့်သီဟန့်ကိုပဲ ယှဉ်တွဲပေးကြတာပါ...။ ခင်မင်သိနေပါလျှက် ရင်ထဲကသံယောဇဉ်ကို ဘာလို့မထိန်းချုပ်နိုင်ရတာလည်း...။

'ခင်မင်... သာကူဝယ်လာသေးလား...'

'ဝယ်လာတယ် မစိန်... ပုံးထဲထည့်သိမ်းထားပြီ...'

'အဲသည့်နားမှာ ဘာငိုင်နေတာလဲ...'

'မငိုင်ပါဘူး...'

နှလုံးသားထဲက ခံစားချက်ကို သိမ်းဆည်းထားသင့်ပြီ...။

ဒါပေမယ့် ရင်ထဲကတော့ ချစ်ပါရစေ သီဟန် သီဟန့်ကို သိပ်ချစ်လို့ပါကွယ်။

+ + + + +





'မုန့်စားလေ သီဟန်'

'စားမယ် ခင်မင်'

'ကိုသီဟန်... ကိုသီဟန်... ခြံထိပ်က ပိတောက်ပင်ကြီးမှာ ပိတောက်ပန်းတွေ အရမ်းပွင့်နေပြီ... မိုရုံးကို ပန်သွားချင်လို့ လိုက်ခူးပေးပါနော်... လာပါ...'

မို့အသံနှင့်အတူ။

သီဟန်ရယ်...

ခင်မင့်ကို လှမ်းမကြည့်ပါနဲ့။ မမြင်ချင်ယောင်ဆောင်နေလိုက်ပါတယ်။ ပိတောက်ပန်းတွေပွင့်ပြီလား။ သည်ပိတောက်ပန်းတွေပွင့်ဖို့ ရက်များစွာ စောင့်ခဲ့သူက.. ခင်မင်ပါကွယ် အခုတော့ သီဟန် ပန်းခူးပေးရတော့မှာကမို။

ဒါဟာ အနာဂတ်အတွက် အဖြေလား။

ခင်မင် ခံစားရပါတယ် သီဟန်။

'ခင်မင်... ဘုရားတင်ဖို့ ကျွန်တော်ခူးခဲ့မယ်နော်...'

မိုခေါ်ရာကို လိုက်ရတော့မှာမဟုတ်လား။

ရှိပါစေ။

ခင်မင်နားလည်ပါတယ်။

မစိန်ရဲ့ ဖျတ်ခနဲ လှမ်းကြည့်တဲ့အကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်းသိတာပဲ။

သိပ်ငိုတတ်တဲ့ ခင်မှီကလေးငိုနေပြီလားဆို ကြည့်တာ မဟုတ်လား။

ခင်မင်မငိုပါဘူး။

ငိုတာထက် ခံစားရသလိုပါပဲ။

ရင်ထဲမှာ ထိခိုက်ကြေကွဲနေမိတယ်။

ခင်မင်ရဲ့ ပိတောက်ပွင့်ရက်ကို မျှော်လင့်ခဲ့တဲ့ အမျှော်လင့်ကြီး မျှော်လင့်ချက်။

ပိတောက်ပွင့်ရင်လေ...

သီဟန့်ကို ပန်းခူးခိုင်းမယ်။ ပိတောက်ပင်ကြီးကို မော့ကြည့်ပြီး... သီဟန်ခူးပေးတဲ့ ပန်းကလေးတွေကို ပျော်ရွှင်ကြည်နူးစွာ ကောက်ယူမယ်။ ပန်ဆင်သင့်သလောက်လဲ ပန်မှာပါ။

ခုတော့

ဒါတွေဟာ မှီ့ရဲ့ ပျော်ရွှင်ခြင်းပါလား။

ခင်မင့်အတွက် တစတစသိလာရတဲ့ မျှော်လင့်ပြယ် အခြေအနေတွေ။

"ဒါတာဘာလဲ"

"မြေကွက်တွေနားက ရေစည်မှာ ရေမရှိဘူး..."





"ရေနဲ့ မျက်ရည်သွားရောမလို့လား..."

"မဟုတ်ပါဘူး မစိန်ရယ်.."

အိမ်ထဲမှာကို မနေချင်တာ။

ပိတောက်ပန်းတွေကိုပွေ့ပြီး ဝင်လာမည့် မှီ့ကို တွေ့ရတဲ့ စိတ်မရှိသလိုပါပဲလေ။ မှီပျော်နေမှာပါ။

သီဟန့်ကို ခေါ်တဲ့အသံမှာကို ပျော်ရွှင်ခြင်းတွေ အပြည့်အဝပါပဲ။ ခြံထဲက ရေစည်မှာလဲ ရေပြည့်နေပါလား။ သီဟန်ဖြည့်ထားပြန်ပြီထင်တယ်။ ဒါကြောင့် ဟိုးခြံနောက်ထဲက ခရေပင်အောက် လျှောက်လာခဲ့တယ်။

ခရေပွင့်ကြွေတွေ...။

ခူးယူပေးမဲ့ ချစ်သူကို ရှာဖွေနေစရာမလိုပါဘူး။

ခရေပွင့်ကြွေတွေဟာ...။

ခင်မင့်ကို စောင့်ကြိုနေတာလား။

တစ်ပွင့်

နှစ်ပွင့်

သုံးပွင့်...၊

လက်ဖဝါးလေးထဲ ကောက်ယူနေမိတယ် တစ်နေ့မှာ...။

ဟုတ်ပါတယ် သီဟန်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်တစ်ယောက်တည်း ကျန်ခဲ့တဲ့အခါမှာလဲ သည်လိုပဲ နေရမှာပဲ မဟုတ်လား။

ခရေပွင့်တွေ လက်ခုပ်နှင့် အပြည့်ရလာတဲ့အခါ ငြင်သာဖွဖွ နမ်းရှိုက်မိတယ်

ခရေနံ့နှင့်အတူ

ပိတောက်ပန်းရနံ့

သေချာသိပါတယ်။

ပိတောက်ရဲ့ ရနံ့ပါလား။

'ခင်မင်'

ခေါင်းကိုသာတွင်တွင် ငုံ့ထားလိုက်တယ်။ ခရေပွင့်ကလေးတွေကိုသာ နောက်ထပ် ကောက်နေတဲ့ အခါ။ ခင်မင့်လက်ကို ငြင်သာဖွဖွဆွဲယူပြီး ပေးလာတဲ့ ပိတောက်တစ်ခက်။

'ခင်မင် ပန်ဖို့ပါ...'

'ခင်မင်...'

'ခင်မင်....'

ငိုချင်စိတ်ကို မြိုသိပ်ရပင်ပန်းပါတယ်

မျက်ရည်တစ်စက်ဖြင့် လူတစ်ယောက်ကို ဖွဲ့ဆောင်သလို မဖြစ်စေရဘူး။





'ခင်မင်ပန်ဖို့ အဓိက မဟုတ်ပါဘူး.. ဘုရားတင်ဖို့ရော...'

'ရေစည်ပေါ်မှာ ကျွန်တော်တင်ထားခဲ့ပါပြီ... ခင်မင်ပန်ဖို့ကို အလှဆုံးအခက် ကျွန်တော်ရွေးထားတာပါ...'

'ခင်မင်... ခရေပန်းပန်မလို့...'

'အဲလိုမလုပ်ပါနဲ့ ခင်မင့်ရာ... မိုကလာခေါ်တော့ မလိုက်ဘူးဆိုလည်း မကောင်းတာကြောင့်ပါ... ခင်မင်နဲ့ ကျွန်တော်အိပ်ယာက နိုးကာစကတည်းက ပိတောက်ပင်အောက်ရောက်သွားရင် ကောင်းသားနော်.... ခုတော့ ခင်မင် စိတ်မကောင်းဖြစ်သလို ကျွန်တော်လည်း စိတ်မကောင်းဖြစ်ရပါတယ်...'

'ဟင့်အင်း... ခင်မင်ဘာမှမဖြစ်ပါဘူး... သည်နေ့တနင်္လာနေ့လေ... ခရေပန်းပန်ရမယ်... ကြာသပတေးနေ့ကြမှ ပိတောက်ပန်းပန်လို့ ကောင်းမှာပေါ့... အဲလိုမျိုး နေ့အလိုက်ပန်းပန်ရင် ပိုကောင်းတယ်လို့ ခင်မင့်သူငယ်ချင်း တစ်ယောက်ပြောဖူးတယ်... သီဟာန့်ပိတောက်ပန်းကို မပန်တော့ဘူးနော်...'

သီဟာန်ဘာမှ စကားမပြန်ခင် အိမ်ရှိရာ လှည့်ပြန်ပြေးခဲ့တယ်။'

အခန်းထဲရောက်မှ မျက်ရည်ကျခဲ့ရတယ်

တနင်္လာနေ့မို့ ခရေပန်းပန်မဲ့လူဟာ ခရေပန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာယ်နားကျကျန်ခဲ့သည်မသိအောင် ဖြစ်သွားတယ်။

ပန်းရောင်နှင့် အပြာရောင်ဆွယ်တာအကြားလေးကို လှမ်းမြင်နေရတယ်

သီဟာန်မပြန်ခင်

သို့မဟုတ်

သီဟာန်နှင့်မှီ လက်မထပ်ခင်

အပြီးထိုးပေးရမဲ့ ဆွယ်တာပါ...။

မျက်ရည်သုတ်ရင်း ဆွယ်တာလေးဆီ လက်လှမ်းမိတယ်...။

သီဟာန်...

ခင်မင်တစ်ယောက်တည်း နေတဲ့ဘဝထဲ ရောက်လာခဲ့တယ်နော် ခင်မင့်ဆီက ထွက်ခွာသွားမှာ သေချာသိတယ်။ ခင်မင်မှားသလား။ ဟုတ်တယ်။ မှားပါတယ်။ သီဟာန် စိတ်ညစ်အောင် ပြုမိတယ်။ ဒါကြောင့်မို့ သီဟာန် ရှိနိုင်မည်ထင်သော နေရာကို ပြန်လာခဲ့ရတာပေါ့။

သီဟာန်ရယ်

ချစ်ရတဲ့သူကတော့ ချစ်ရတဲ့သူ စိတ်ဆင်းရဲမှာကို မပြုရက်ပါဘူး။





သီဟာန်ကတော့ ခရေပင်အောက်မှာ ထိုင်နေဆဲ။

'သီဟာန်...'

'ခင်မင်...'

'ခင်မင် စဉ်းစားကြည့်တယ်... ပန်းပန်တာပဲ ရက်ရွေးစရာမလိုပါဘူးနော်... ပေးပါ... ခင်မင်ပန်ပါမယ်...'

ပိတောက်ပန်းလေးကို လက်ကမ်းတယ်

သီဟာန် ပြန်ကမ်းပေးတဲ့အခါ–

ပိတောက်ပန်းလေးကို ယူလိုက်တယ်

ခင်မင်နှစ်သက်သော ပိတောက်ရနံ့...။

ဆံနွယ်ရင်းမှာ ပန်လိုက်တယ်...။

မျက်ဝန်းပြတင်းမှာ ကြည်နူးခြင်းချို့မြိန်ခြင်းတွေများလာတဲ့အခါ...။

+ + + + +

မျက်ဝန်းတွေက အကျင့်ဖြစ်နေပြီ။

ဖျတ်ခနဲ နိုးလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်လိုက်တယ်။ ပြီးတော့ တိတ်ဆိတ်နေသော အိမ်တစ်လုံးထဲ ခင်မင်တစ်ယောက်သာ နိုးလာတာပါ။ မီးဖို ဆီသွားနေကြ ခြေလှမ်းတွေ...။ မီးဖို မီးပွင့်နေပါလား။

ဟင်

မီးဖိုမှာလဲ ရေနွေးအိုးတည်ထားပြီ။

ကြည့်စမ်း။

မစိန် အစောကြီး နိုးနေပါလား

အရင်ဆို ခင်မင်အရင်နိုးတာပါ

မစိန် ဘာလို့လဲ....။

နေမကောင်းဘူးလား... အိပ်မပျော်တာလား..။

'ခင်မင်...'

'ဟင်... သီဟန်...'

'နိုးပြီလား'

'သီဟန်ဘာလုပ်နေလဲ...'

'စောင့်နေတာ..'

'စောင့်နေတာ ဘယ်သူ့ကိုလဲ...'

'ခင်မင့်ကို...'

'ခင်မင့်ကို...'





'ဟုတ်တယ်... ရေနွေးအိုးတည်ထားပြီ..'

လက်စသတ်တော့ ရေနွေးအိုးတည်ထားတာ သီဟန်ပါလား။

'ဘာလို့ အလုပ်တွေလိုက်လုပ်ပေးနေတာလဲ သီဟန်ရယ်... ပင်ပန်းအောင်...'

'အနည်းအပါး ကူညီရတဲ့သူက မပင်ပန်းပါဘူး ခင်မင်... ခင်မင်တစ်ယောက်တည်း တနေကုန်အလုပ်များ ပင်ပန်းတာပါ...'

'ခင်မင့်ကို စောင့်နေတာ ကူညီချင်လို့လား...'

'ဟင့်အင်း... ခြံထဲကိုသွားရအောင်... ပြစရာရှိလို့...'

'အပြင်မှာ မှောင်နေသေးတယ်... ဘာရှိလို့လဲ သီဟန်ရယ်...'

'ခဏလေးပါ... လာ...'

လက်နှိပ်ဓါတ်မီးတစ်လက်နဲ့များ ခြံထဲဆင်းရသတဲ့

ဘာတွေလဲ သီဟန်ရယ်

သီဟန်သွားနေတာ ဟိုးခြံရှေ့လမ်းဝထိပါလား။

ဘာမှန်းလဲ မသိဘူး။

ခြံစည်းရိုးနားကပ်ရက်က ပိတောက်ပင်လေးအောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့တယ်။

'ဟိုမှာတွေ့လား...'

'ဟင်... သည်အပင်မှာ ပိတောက်ပွင့်တယ်'

သည်ပိတောက်ပင်လေးက ပွင့်သစ်စ အပင်လေး။

မနှစ်ကထိတစ်ခါမှ မပွင့်သေး။

ခုမှပွင့်တာပေါ့။

အဝါရောင်ပိတောက်ပွင့်တွေဟာ လက်နှိပ်ဓါတ်မီး ရောင်ကြောင့် ပိုဝါနေသလား။

'အဲဒါ ဘာပိတောက်တွေလဲ သိလား ခင်မင်...'

'ဟင့်အင်း...'

'မကျေပိတောက်တွေလေ...'

'မကျေပိတောက်...'

'မနေ့က ပိတောက်အတွက် ခင်မင်... စိတ်မကောင်း ဖြစ်တာ ကျွန်တော်သိပါတယ်...'

'ဟင့်အင်း... မဟုတ်တာ... ခင်မင်ဘာမှမဖြစ်ပါဘူး— သီဟန်ရယ်...'

ရင်ထဲမှာ ဘာတွေပဲ ထိခိုက်ခံစားရခံစားရ သီဟန် မ သိစေရပါဘူး။ ခင်မင် ထိခိုက်မှုကို မျှဝေမပေးပါဘူး သီဟန်။





'ဘာမှမဖြစ်ဘူးဆိုလဲ မဖြစ်ဘူးဘဲထားပါ... အခု သည် အပင်လေးက ပွင့်ဦးကိုမှ ခင်မင်ပန်ဖို့ ခူးပေးချင်တာ...'

ခံစားရတယ် သီဟန်

ကျေးဇူးတင်ပါတယ်

ခင်မင့်ရင်ထဲက ခံစားချက်ကို နားလည်သလို စာနာခံ စားပေးလို့ပါ။ နားလည်တတ်သော ချစ်သူလို့ ကြည်နူးရပါ တယ်။ ထာဝရအတွက် မဟုတ်ပါလားလို့ သိပြန်ရင် ကြည်နူး စိတ်လေးတွေ ပျောက်ကွယ်ရပြန်ပါရော။

'ခင်မင်.....ရော့...'

ပိတောက်နံ့လေးသင်းပျံ့နေပါလား။

ပိတောက်ခက်လေးကို တယုတယ နမ်းရှိုက်မိတယ်။

'ခင်မင်...'

'ရှင်...'

'ကျွန်တော့်ကို စိတ်မဆိုးရဘူးနော်... ပြောစရာရှိတယ်... ပြောခွင့်ပေးပါလား...'

'ဟင့်အင်း... ဟင့်အင်း...'

မပြောပါနဲ့

မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မပြောလိုက်ပါနဲ့ သီဟာန်။

ခင်မင်ကြောက်တယ်။ ခင်မင်သိနေပါလျှက် နားနှင့် ဆတ်ဆတ် မကြားရဲပါ။

မငြင်းချင်ဘူး။

မငြင်းရက်ဘူး။

ချစ်တယ်ခင်မင်ဆိုရင်

မငြင်းရက်တာနဲ့..။

ခေါင်းမညိတ်ရဲဘူး။ ချစ်ပြီးရင် အဲသည့်ချစ်သူနှင့်သာ ထာဝရအတူနေချင်တဲ့ ခင်မင်ပါ။ ထာဝရ အတွက် မဖြစ်နိုင်ဘူး ဆိုရင် ချစ်သူမဖြစ်ကြတာ အကောင်းဆုံးပါပဲ...။

ဒါကြောင့် အိမ်ကို ပြန်လျောက်လာခဲ့တယ်။

အာရုဏ်ဦးကို အရှေ့ဘက် ကောင်းကင်မှာ မြင်ရပြီ။

ခွင့်လွှတ်ပါ သီဟာန်

ခွင့်လွှတ်ပါ..။

ရေတွင်းရဲ့ဘေး ဇီဇဝါရုံကြီးနားမှာ ငြိမ်ပြီးရပ်နေမိတယ်

ရင်ထဲ အရမ်းမောနေသလိုပဲ

အလွန့်အလွန် ကြားချင်တဲ့ ချစ်ခြင်းသံစဉ်။

ဘယ်သောအခါမှ ကြားနိုင်မည်မထင်ပါ။





မောင်....

ရင်ထဲတို့တို့လေးရွတ်ကြည့်မိတယ်...။

သိပ်ကိုခေါ်ချင်မိတဲ့ ချစ်သူရဲ့ သကော်တာ....။

နှုတ်ဖျားတွေထိ ဘယ်သောအခါမှ ရောက်လာမည် မဟုတ်ပါ။

ဝိတောက်ပန်းလေးကိုသာ နမ်းရှိုက်နေမိတယ်။

ခုချိန်

ခင်မင့်ကို သီဟာန်စောင့်နေမလား။

မိုးဆိုထဲဝင် မဝင်ရဲသလိုလို။

'ခင်မင်... ရေချိုးဆုနေပြီ... ကျွန်တော် ကော်ဖီဖျော် ပေးရမလား...'

သီဟာန်လှမ်းအော်တဲ့အသံကြားမှ...။

'ဟင့်အင်း... ရတယ်... ခင်မင်ဖျော်ပါမယ်...'

မီးဖိုထဲရောက်တော့ မစိန်နိုးနေပါရော။

ခင်မင့်မျက်နှာကို မစိန်လှမ်းကြည့်တာ မြင်ရပါတယ်။ ဒါကြောင့် ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး ကော်ဖီ ဖျော်နေ လိုက်တာပေါ့။ မစိန်ကို ကျွန်တော် ကူချွေမယ်ဆိုပြီး သူတို့နှစ် ယောက် ချဉ်ပေါင်ရွက်ချွေနေကြတယ်။

www.burmeseclassic.com



'မလေး...'

'ညီညီ...'

'ကော်ဖီသောက်မယ်...'

'ဟဲ့ သည်မှာဖျော်နေတာ မမြင်ဘူးလား...'

'ဗိုက်ဆာနေပြီ မလေးရဲ့... ဘာမုန့်ရှိလဲ...'

'ကိတ်မုန့်...'

'ဒါဆို လိုးပေး...'

'ရော့... ကိုယ့်ဘာသာ ...'

'မနေ့လကလ ညီးလေး ... ကိုယ့်မောင်လေးသည် တစ် ယောက်ရှိပါတယ်... မကြာခင်နာ ... ကိုသီဟန့်ဆို ဂရု စိုက်တယ်'

'ဟဲ့... သူကချည့်သည် ...

ပြောလိုက်စိမ်းပြီ...

မောင် ...

ရင်ထဲကနေတော့ ခေါ်ခွင့်ရှိတယ် မဟုတ်လား။

မှီနဲ့မောင် လက်မထပ်မခြင်း ခေါ်ပါရစေ ...

... မောင် ...

မောင်ခေါ်ဖို့ ...



ချဉ်ပေါင်ရွက်လဲ ချွေသည်မဟုတ်ပါဘဲ...။ ချဉ်ပေါင် ရွက်ကိုင် ငုံ့နေတယ်...။

ခင်မင်ရဲ့ ချည့်သည်ဆိုတဲ့ စကားကို မောင်မကြိုက်တာ မောင်မကျေနပ်တာ သိပါတယ်...။

'ကိုသီဟန်က ပြန်မှာမဟုတ်တဲ့ ချစ်ချည့်သည်ပါမော် ဟုတ်လား...'

'ညီညီကတော့လေ...'

မောင်ပြုံးနေပါလား။ မောင်ဟာတစ်ကွယ်ပဲ ပြန်မှာမ ဟုတ်တဲ့ ချစ်ချည့်သည်လေလား။ ဒါပေမယ့်"ခင်မင့် အတွက် ချစ်ချည့်သည်မှ မဟုတ်တာဘဲ..။

'ဖေဖေ နှစ်ဆန်းတစ်ရက်နေ့ လာမယ်ဆို...'

'နှစ်ရက်နေ့ပါဟဲ့...'

'မနက်ဖြန် သင်္ကြန်နော်... ကျွန်တော်ကတော့ မန္တလေး သွားဖို့ ပြောထားတယ်... ကိုသီဟန်လိုက်ခဲ့ပါလား သည်မှာ ပျင်းစရာကြီး...'

'မလိုက်တော့ပါဘူး ညီညီရာ... မစိန်က တစ်နေ့မုန့် ထစ်မျိုး လုပ်ကျွေးမှာတဲ့... သည့်တော့ မုန့်စားလိုက် ရေပက် လိုက်ပေါ့...'

www.burmeseclassic.com

'ကောင်းပါပြီရှာ… ပျော်တဲ့နေရာမှာနေရတာ အကောင်းဆုံးပေါ့…'

ပျော်တဲ့နေရာ

သည်နေရာဟာ သူပျော်တဲ့နေရာတဲ့လား။

ဟုတ်ပါ့မလား။

အနိုက်အတာနဲ့ ကွန်းနိုသော နေရာတစ်ခုမှာ မောင်ဘယ်လောက်အချိန်ထိ၊ ပျော်ရွှင်နိုင်မှာတဲ့လဲကွယ်။

တစ်နေ့မှာ။ မောင်ပြန်သွားတဲ့အခါ…။

✦ ✦ ✦ ✦ ✦

ထူးဆန်းအံ့သြစရာကောင်းလှ…

တေးဂီတ ရှုန်းထွက်လာတဲ့အခါ…

သီဟနဲ့ ပြောချင်သတဲ့…၊ မောင်လေးရဲ့… ချစ်သည်မောင်လေးရဲ့ စိတ်ထွေ… သူငယ်ချင်းဆို ရောက်လာ နံ့တာ…။ မေမေက ပြောချင်တယ်ဆိုတာ ဘယ်လိုကြောင့်လဲ၊ အကြောင်းကိုတစ်ခုခုတော့ ရှိမှာပေါ့လေ။





သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကို ပထမဦးဆုံး စိတ်ဝင်စားစွာ နှုတ်ဆက်စကားပြောခဲ့တာပါ။ စည်းမျဉ်းနဲ့ကုလားထိုင်တွေကို ရှုန်းသုတ်ရင်း နှုတ်ဆက်စကားပြောခဲ့တာ။

'ဟုတ်ကဲ့…'

'ဟုတ်ပါတယ်'

'ကျွန်တော် သိပါတယ်'

ဘာတွေလဲ

ဘာမှမရေရာ မသေချာ…

မေမေက ဘာတွေပြောနေလို့ မောင်ဘာတွေသိနေဟုတ်နေပါလိမ့်။

'မေမေ့ကို အနံကယ်ရှင်းပြပေးပါ…'

မေမေ့ကို

ထူးဆန်းစွာပဲ

မောင့် မေမေအကြောင်း

မောင့်မိသားစုအကြောင်း မောင်မပြောသလို စပ်စုလည်းမမေးဘူးပါ

'ကျွန်တော် နေရတာ ပျော်ပါတယ် အနံကယ်လည်းနှစ်ရက်နေပြီးရင် ပြန်လာမှာပဲဟာ… မေမေ့ကို ချစ်မေ့မောင်

www.burmeseclassic.com



ရှင်းပြပေးပါ အန်ကယ်...

ဖုန်းချသွားပြီ။

ဖေဖေပြောတာကို ဟုတ်ကဲ့တွေ ပြောနေတာပဲများပါတယ်။ မောင်နှင့် ဖေဖေ့ကို စကားအသွားအလာအရဆို ရင်းနှီးသည်လို့ ပြောလို့ရပါလား။ ပြီးတော့ မောင့်မေမေနှင့် ဖေဖေ ရင်းနှီးရမည်။ ရင်းနှီးလို့သနားသည်အောင် ရှင်းပြလို့ ရမှာပေါ့။

'ခင်မင်'

'ရှင်...'

'အပြင်ထွက်ခဲ့ကွာ.. ရေလောင်းချင်တယ်...'

'ဟင့်အင်း... ခင်မင် ရေကြောက်တယ်..'

'ကြောက်ကာမှ ကြောက်... မရဘူးကွာ.. ထွက်ခဲ့ပါ...'

'သီဟန်အပြင်ကစောင့်နေ... ခဏနေထွက်ခဲ့မယ်..'

ဖုံသုတ်လက်စလေး ပြီးပြတ်မှပဲ အပြင်ထွက်တော့မည်။ မောင်ရေလောင်းမှာလဲ ခင်မင်ကြိုတင် ရင်ခုန်ချင်ပါရဲ့...။ မောင်ကလည်းလေ... ခင်မင် ရေချိုးပြီးပြီ။ သနပ်ခါးတွေလဲ ဖွေးနေအောင်လူးထားပြီးပါပြီဆိုမှ...။

ဒါပေမယ့် မောင်ဖြစ်ချင်တာ ဖြစ်စေရမယ်။

မောင်စိတ်ချမ်းသာစေရမယ်...။





ဒါကြောင့်မို့ မောင်ရှိနေမည့်နေရာကို ခင်မင်ထွက်လာခဲ့တယ်။

'အမယ်... အမယ်... ရေမိုးချိုးထားတဲ့ အဝတ်အစားသစ်တွေနဲ့ပါလား... ကိုသီဟန်နဲ့ သည်လောက်ရှုံးများနေတာ... မရဘူး... မို့ ရေလောင်းမယ်...'

မို့အသံကြောင့် ပုဏ္ဏရိပ်ပင်ကို ကွယ်နေလိုက်တယ်။

'နေဦး... မို့ ရေလောင်းမယ်...'

'ကျွန်တော်...'

'မလောင်းရဘူးလား...'

'လောင်းပါဗျာ... လောင်းပါ...'

'ဝမ်းသာလိုက်တာ... ကိုသီဟန်တစ်ယောက် ရွှဲရွှဲသွားပြီ...'

ဩော်

ဖြစ်မှဖြစ်ရလေ

မောင်

ခင်မင်ဟာ... မို့နဲ့ပတ်သက်လာရင် နောက်ကျခဲ့သူဆိုတာ အခြေအနေအမျိုးမျိုးက သိနေစေခဲ့ပါလား။

ခင်မင်ရှိနေဖို့မှ မလိုအပ်တော့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲပဲ ပြန်ဝင်လာခဲ့ပါတယ်။

တာငယ်ရဲ့ ရေမြို့ကြီးနှင့် ပြောင်လာတဲ့ ပြောလွှင်တွေ

ခင်မင်တစ်ခါဝင်တစ်ပါနက်ကိုက်သေသရတဲ့ ကြမ်းပြင်ပျော ပျော်ပြောင်ပြောင်လေးမှာ ရေစက်ကွန့်တွေ တွတ်ကုန်ပြီ။ သူတို့တစ်ခါမှ မတိုက်ခဲ့သော ကြမ်းပြင်...။ ပြောပြန်ရင်... တောပျားယုံ၊ ရန်ဖြစ်ယုံပါပဲ။

'ဟဲ့... ဟဲ့.. တာငယ်... ရေတွေစိုပြီး ညစ်ပတ်နေရင်လဲ မီးဖိုကဲ့တာ လှည့်ဝင်ရောပေါ့... ကြမ်းတွေ ညစ်ပတ်ကုန်ပြီ...'

'မစိန်ကလည်း... ပေရင်ပြန်တိုက်လိုက်ပေါ့... ဘာဖြစ်တာလိုက်လို့...'

'သြော်... နင်တို့ ပြောတော့ လွယ်လှချည်လား...'

တာငယ် မျက်စောင်းကို ထွေ့နေရပြီ။

မစိန်နှင့် စကားများကြဦးမည်။

ဒါကြောင့် မစိန်ကို မပြောရနဲ့ မစိန်လို့ လှမ်းတား လိုက်ရတာယ်။ တာငယ်ကို အငယ်ဆုံးမလေးလို့ အလို လိုက်ခဲ့တာ တွေဟာ တစ်ခါတစ်ခါ နိုင်းနိုင်းသေသေ စကားမျိုးတွေကို ပြောတော့ ထွန်းအားပေးခဲ့တာမျိုးလား။

ဒါကြောင့် ရေစိုတွေကို ပြန်သုတ်ဖို့ ခင်မင့်မှာသာပဲ





မြင်လိုက်ပါတယ်။

နောက်ဖေးတံခါးမှ အိမ်ထဲဝင်သွားတဲ့အရိပ်ကို မြင်ရတယ်လေ...။

မောင့်အရိပ်

အဝတ်အစားတွေ စိုရွှဲနေလို့ အိမ်ရှေ့မှ မဝင်ဘဲ နောက်ဖေးမှ ဝင်သွားတာ...။ မောင့်ရင်ထဲ ဘယ်သို့ဖြစ်မည် မသိပေမဲ့..။ ခင်မင့်ရင်ထဲမှာတော့ ခံစားကြေကွဲ ထိခိုက်နေရတာ တွေဖြည့်သိပ်များပြားနေပြီ မောင်။ မောင့်ကို ချစ်မိခြင်းဟာ မှားတာယ်လို့ ဘယ်သောအခါမှ နောင်တရလိမ့်မည်မဟုတ်ပါ။

'အမလေး...'

မှန်တံခါးမှ စီးကျလာတဲ့ ရေစက်တွေရဲ့ အေးမြခြင်းကြောင့် ခင်မင် လန့်ဖျတ်ပြီး မော့ကြည့်မိပါတယ်

ရေဝလာကြီးကိုင်ပြီး... ရယ်ပြနေတဲ့ မောင့်ကို မြင်ရတယ်လေ။

'နင့်ကိုငါ ရေဆော့ခင်းမယ်... ငါ့ကိုနင် ရေပြန်လောင်း... နင်နဲ့ငါနဲ့ ရှိရင် လောကကြီးဟာ ပျော်ရွှင်ချမ်းမြေ့နေမှာပါ ခင်မင် ဘာလို့ဆိုတော့ နင်နဲ့ငါဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာတောမှာ အပြန်အလှန်ထားကြလို့ပါပဲ...'



www.burmeseclassic.com

www.burmeseclassic.com



'အင်း... လောင်းမယ်... မစိန်နဲ့ ခင်မင် အပြန်အလှန်လောင်းကြမယ်...'

'ကောင်းတယ် ပြီးတော့မှ ကြမ်းတိုက်ပစ်မယ်...'

မစိန်ကို ခင်မင်ရေပြန်လောင်းတယ်။

နှစ်ယောက်အတူ ရေလောင်းပြီး ပျော်ရွှင်စွာ ရယ်မောနေကြပါတယ်။ မစိန်ရဲ့ အင်္ကျီ ကျောကုတ်မိုးကို ဟပြီးမှ ရေလောင်းတာ ပြီးတော့ ကျောကို ဖုတ်ပေးပြီး ခင်မင် ပျော်ရွှင်ကြည်နူးစွာနှင့် ရယ်နေမိပါတယ်။

အဲသည့်အချိန် ခင်မင့် မျက်ဝန်းတွေဟာ မျက်စိနဲ့ လှကားဆီ ရောက်သွားတဲ့အခါမှာ။

မောင်

ခင်မင့်ကို ကြည့်နေတယ်။

တကယ်ဆို။

မောင့်ကို ခင်မင်က ရေလောင်း။ ခင်မင့်ကို မောင်က ရေလောင်း... အဲလိုအဲလိုမျိုး...

ကြည်နူးစရာကြိုက်ဖြစ်ချင်ပါတယ်။

ဒါပေမယ့် မောင်ရယ်...။





သကြိန်ပြီးမှ ပြန်လာခဲ့ဦး ဖေဖေဟာ သင်္ကြန်အကြတ်နေ့မှာပဲ ပြန်ရောက်လာပါတယ်။ ခင်မင်ကတော့ ဖေဖေ ရောက်လာတာ အရမ်းဝမ်းသာတာပါပဲ။ ဖေဖေရောက်လာတဲ့အချိန်မှာ မောင်ကမောင်လေးရဲ့ခြံထဲ ခဏသွား နေတဲ့အချိန်ပါ။

ထမင်းအိုးလုံး ကြည့်လိုက်ရင် သမီးကြီးနဲ့ မစိန်ပဲ ရှိတယ်... အမေဆိုတာ ဘယ်သွားလဲ

ထုံးစံအတိုင်းပေါ့... ဖေဖေရယ်.. မိုးကုတ် သွားရောက်နေတဲ့ ထားဝယ်က သူငယ်ချင်းတွေနဲ့ လည်တာပေါ့...

'သီဟန်ရော..

သီဟန်က မောင်လေးရဲ့ခြံထဲလိုက်သွားတယ်...'

မစိန်ကိုလည်း တားထားရသေးတာပေါ့။

မေမေ ခရီးရောက်မဆိုက် အချိန်မှာပဲ မီးနှင့် သီဟန့်အကြောင်း မမေးဝါနင့်လို့ တားထားရတာပါ။ ဖေဖေ့စိတ်မှာ အနှောက်အယှက်တစ်ခု မဖြစ်စေချင်ပါဘူး။

နင်တို့ဘာမုန့်မှ လုပ်မစားကြဘူးလား မစိန်...'

'အသည်နေ့ ကျောက်ကျောက်ချိုထားတယ် အမ်ကိုကြီး... ခနေပြီး... တစ်နေ့ကတော့ ရွှေရင်အေးမုန့်လုပ်ခဲ့တယ်...



www.burmeseclassic.com

www.burmeseclassic.com



'တစ်ရက်လောက် အုန်းနို့ခေါက်ဆွဲချက်စမ်းဟယ်... နင့်လက်ရာ အုန်းနို့ခေါက်ဆွဲမစားရတာ ကြာပြီ...'

'ဒါဆို... မနက်ဖြန်ချက်မယ် အစ်ကိုကြီး...'

'အေး ကောင်းတယ်...'

မေဖေ့ကို နားပါဦး၊ မေမေကြိုက်တဲ့ဟင်းတွေ ခင်မင် ချက်ကျွေးမယ်ဆို ဈေးသွားဖို့ပြင်တယ်။ သကြိန်ရက်ဆိုတော့ ဈေးရုံကြီးတွေ ပိတ်ပေမဲ့ အပြင်ဈေးတန်းလေးတွေတော့ ရှိမယ်လေ။

'ခင်မင် ဈေးသွားဝယ်ဦးမယ် မစိန်...'

'အေး... သွား... သွား... ဘဲသားရရင် ဝယ်ခဲ့ပါဟယ် အစ်ကိုကြီးက ဘဲပေါင်းကြိုက်တယ်'

'သကြိန်တွင်းကြီး ရတာပဲ ဝယ်ခဲ့မယ် မစိန်ရယ်...'

'အေး... သွား...'

တစ်ယောက်တည်းဈေးကို စက်ဘီလေးစီးပြီး ထွက်လာခဲ့တယ်။ မြို့ပြင်လမ်းထိပ်ရောက်တာနဲ့ ရေပက်တဲ့ ကလေးတစ်သိုက်ကြောင့် ရွှဲရွှဲသွားပါပြီ။ မေမေရောက်တာ ပျော်လည်းပျော်တယ်။ ဒါပေမယ့်... မတော်တဆ မှီ နှင့် မောင်ကိုစွက်ကိုများ အမြန်ဆုံးစီစဉ်ဖို့ ဖွင့်ပြောလာခဲ့ရင် ခင်မင် စိတ်မကောင်းပါဘူး...





မောင်ရယ်..။

ဈေးတန်းလေးက စုံသားပဲ...။

ဒါပေမယ့် သကြိန်ရက် သားကြီးငါးကြီးတွေ မရှားပေါ့လေ...။

ကြက်သားရလာတယ်

ဟင်းသီးဟင်းရွက်တွေ ဝယ်ရတယ်

မနက်ဖြန် မေဖေ့အတွက် အုန်းနို့ခေါက်ဆွဲချက်ရဦးမယ်လေ...။

'ပင်မင်...'

'ဟင်.. သီဟန်... ဘယ်လိုလိုက်လာပြန်တာလဲ...'

'မစိန်က လိုက်သွားပြောလို့...'

'သည် မစိန်ကလည်းလေ...'

'ဘာလဲ.. ကျွန်တော်လိုက်လာတာ မကြိုက်လို့လား..'

သက်ပြင်းတစ်ရှိူက်

မောင်

မင်းကိုချစ်မိမှ ခင်မင် သက်ပြင်းမောတွေ ရှိူက်ရများခဲ့ပြီလေ။

'မကြိုက်လို့လား ခင်မင်'

www.burmeseclassic.com



'မဟုတ်ပါဘူး သီဟာန်ရယ်… အလကား ပွင့်ဖန်းအောင် ချေးနဲ့အိမ် ဝေးပါတယ်… ဒါကြောင့်ပါ…'

အောင့်… အနားမှာရှိနေတာ ခင်မင့်ကျေနပ်တာပေါ့။

ခင်မင့်အနားမှာ ထာဝစဉ် ရှိနေစေချင်တယ်ပေါ့

ဒါပေမယ့်… ထာဝရအနားမှာရှိရည် မဟုတ်တာ သေချာသိနေပါလျက်… တစ်ခဏတာလေးကို ကြည်နူး ပျော်ရွှင်နေတာပါ… ခင်မင့် မိုက်မဲတွေဝေ မှုကြည့်လွန်းနေပြီလား မောင်။

'ခင်မင်လဲ ရှေ့နေပြီ'

'သီဟာန်ရော ဘာထွေးလဲ'

'ခင်မင် အဲ့အေးမိနေပါမှယ်… မြန်မြန်မြန်ရအောင်—'

'သကြီးန်ရေပဲ သီဟာန်ရယ်… ရှိတော့တွင်းပါတယ်…'

နှစ်ယောက်အတူရှိနေချိန်လေးတွေကို ပျော်ရွှင်မိခဲ့ တယ်

နောက်တော့ အဲသည့်ပျော်ရွှင်မှုလေးတွေ ပျောက် ကွယ်ရမှာပါ။ အဲသည့်အချိန်ကြ ကြေကွဲခြင်းတွေကို ခင်မင် ပိုင်ဆိုင်ရပါလိမ့်မယ်…။

'ခင်မင်… အန်ကယ့်ရှေ့ ရောက်ဖို့အကြိုဟုတ်လား'





'ဟုတ်တယ်လေ… မေမေ့အတွက် ဟင်းချက်ချင်တာနဲ့ ချေးဝယ်ထွက်လာတာ… သီဟာန် မနက်ဖြန် အန်းနိုရဲ့ ဆွဲ ချက်ပေးပါတဲ့… အဲသည့်အတွက် မနက်ဖြန်မနက် ချေးတစ် ခေါက်ပေါ့…'

'ကျွန်တော်နဲ့အတူသွားရအောင်… မိုးလွှင်းတာနဲ့လေ… အစောကြီး လမ်းလျှောက်ရင်း သွားမယ်… ခင်မင့်လမ်းလျှောက် နိုင်သလား'

မောင်ရယ်…

ခွင်မင့်လမ်းလျှောက်နိုင်သလားတဲ့။

အနားမှာ မောင်ရှိရင် ဘာလို့မလျှောက်နိုင်ရမှာလဲ

မောင့်လက်ကိုဆွဲလို့ ဘောက်လိုက်ရမည်ဆိုရင်တော့ အတိုင်းထက် အလွန်ပဲပေါ့။

'စိန့်လိုက်တာ… ရမောတဲ့လူ မြန်မြန်ဝယ်ပြီးကြ'

'ခင်မင်မောမှာ'

'ဟင့်အင်း… သီဟာန်မောမှာပါ'

ခင်မင်မိုက်မဲလှချည်လား…

စိတ်နှစ်ရဲ့ အလယ်မှာ ဘုရားညည်းပြီးသွား… ပျော်ရွှင်စွာနှင့် ကြည်နူးနေဆဲပါ မောင့်မျက်နှာကို မြင်ရွှင်ကို

www.burmeseclassic.com



ခင်မင့်ရဲ့ နာကျင်ခြင်းတွေ ပျောက်ကွယ်လို့ ကြည်နူးမှုတွေ ရွှင်ပြုံးခြင်းတွေ ကြိုးနှံစာတော်မြဲပဲ မပျောက်လား။

'မမေနဲ့သီဟန်အမေ ခင်သလား...'

'အင်း..'

'ဘယ်လိုခင်သလဲ...'

'မိတ်ဆွေတွေပေါ့..'

'သီဟန်...'

'ပြောလေ...'

'ခင်မင် မသိလို့မေးချင်တယ် ခင်မင့်မေးခွန်းကို သီဟန် မနှစ်သက်ဘူးဆိုရင် ခုထဲကကြိုတင်တောင်းပန်တယ်နော်...'

'ဘာမေးမှာလဲ ခင်မင်ရဲ့...'

'ကိုယ့်အလုပ်တို့ ကိုယ် စွန့်လွှတ်ထားရစ်ပြီး သည်မှာ ဘာလို့လာနေတယ်ဆိုတာ... ခင်မင်သိချင်တယ်..'

မောင် သက်ပြင်းတစ်ချက်

ခင်မင်ကြောင့် မောင်ရင်မောသွားပါသလား

အဲလိုဆိုရင်တော့ ခင်မင်စိတ်မကောင်းပါဘူး ခင်မင့် ချစ်သူကို သာယာချမ်းမြေ့ခြင်း၊ အလှနဲ့ကိုသာရှိ ရင်နဲ့ စေချင်ပါတယ်။





'နေပါစေတော့ သီဟန်... မပြောပါနဲ့တော့ ခင်မင် မမေးဘူးလို့ပဲ ထားလိုက်ပါ... ဟိုမှာကြည့်ပါဦး... သည် ပိတောက်ပင်ကြီးကြတော့လည်း မြင့်မားလိုက်တာ... အပွင့်တွေက အမြင့်ကြီးမှာ... ခူးလို့မရတော့ အပင်ပေါ်မှာပဲ လွင့်နေတာ ပေါ့နော်...'

ခင်မင် စကားတွေလှီးလွှဲပြောနေမိပါတယ်...။

မပြောပါနှင့်တော့...,

ခင်မင့်ချစ်သူ မောင် စိတ်မဆင်းရဲစေရပါဘူး...။ စိတ် အနှောင့်အယှက် မဖြစ်စေရပါဘူး...။ ဒါ ခင်မင် မေတ္တာ စေတနာပါ...။

'ခင်မင်သိချင်ရင် ကျွန်တော်ပြောပြပါ့မယ်...'

မေမေက ကျွန်တော့်ကို နိုင်ငံခြားအပြီးထွက်ဖို့ ခေါ်နေ တယ်...နောက်ပြီးတော့ အိမ်ထောင်ချပေးဖို့ စီစဉ်တယ်...'

'ဘယ်သူနဲ့လဲ...'

'မေမေ့မိတ်ဆွေတစ်ယောက်ရဲ့ သမီးနဲ့ပါပဲ... သူလဲ ကျွန်တော်လို ဆရာဝန်တစ်ယောက်ပါ... ကျွန်တော်က စိတ်ကူး ယဉ်တယ်ပဲပြောပြော... ကျွန်တော့်နှလုံးသားက ချစ်တဲ့လူကိုပဲ... လက်ထပ်ချင်တယ်... နိုင်ငံခြားလဲ မသွားနိုင် ဘူး... ပေးစားတဲ့

www.burmeseclassic.com



လူလဲ မယူတော့ မေမေပေါက်ကွဲတာပေါ့... ကျွန်တော်လဲ စိတ်ညစ်လို့ အန်ကယ်လ်က သည်မှာ သွားနေချင်နေဆို လွှတ်လိုက်တာပါ...'

**'ဪ...'**

'ခင်မင်ရယ်... ကျွန်တော်က အချစ်ကိုတန်ဖိုးထားတယ်... ကျွန်တော့်ချစ်သူကိုပဲ ချစ်ချင်တယ်...'

'မစိန်မျှော်နေတော့မယ် သီဟန်... သွားကြစို့ ခင်မင်နင်းတော့မယ်...'

ရှေ့ဆက်မပြောကြတာ အကောင်းဆုံးပေါ့...။

မောင်နှင့်ခင်မင် နီးစပ်ဖို့ဆိုတာ စိတ်ကူးယဉ်နေသလိုပါပဲလား...။ အခုဆို ပိုတောင်မလွယ်တော့ဘူး...။ မောင့်မေမေဟာ မောင့်အပြောအရ တဦးတည်းသောသားလေးကို အင်မတန်ချစ်မှာပါ...။ မောင့်မေမေဖြစ်စေချင်သလိုတွေ လိုက်လျောပေးရမဲ့ အခြေအနေတွေ ဖြစ်မလာဘူးမပြောနိုင်...။

ဥပန်းခိုင်တွေကို လှမ်းမြင်နေရပါလား...။

ခင်မင်ဆိုတာ ဥပန်းဝါဝါခိုင်လေးပါ...။ ပိတောက်နှင့်ယှဉ်ရင်တော့ ဘယ်လိုမှမယှဉ်သာတဲ့ ပန်းကလေးပါလေ...။ ပန်ဆင်မဲ့သူမဲ့ပါတယ်...။





ချစ်သူ့ရင်ခွင် ခိုလှုံခွင့်ရမဲ့ ပန်းကလေးမဖြစ်နိုင်ပါ...။

သည်တော့ မောင်ရယ်...

**ချစ်ခြင်း**ကို ရင်တွင်းမှာသာ သိမ်းဆည်းထားတာ **အကောင်းဆုံးဖြစ်ပါလိမ့်မယ်...။**

\+ + + + +

ဖေဖေ့ဘောဇာတစ်ဖက်တစ်ချက်မှာ မှီနှင့်ထားးငယ်ထိုင်ပြီး ချွဲနေချိန်မှာ ခင်မင် တံမျက်စည်းလှဲနေပါတယ်...။ မစိန်တော့ အုန်းနို့ခေါက်ဆွဲ ချက်နေရှာတယ်လေ...။ မောင်ကတော့ စာအုပ်တစ်အုပ်နဲ့...။

'**မောင်သီဟန့်ကို** အန်ကယ်လ် တင်းတင်းကြပ်ကြပ် **မတိုက်တွန်းပါဘူး...** လွင်လွင့်ကို အန်ကယ်လ်နားဝင်အောင် ပြောခဲ့ပါပြီ... **မောင်သီဟန်** ပြန်လာခဲ့ပါလို့ ပြောပါတယ်... မင်း သဘောအတိုင်း ဖြစ်ရမှာပါ...'

'အလုပ်ကိုတော့ ကျွန်တော်စိတ်ပူပါတယ်... ကျွန်တော် ပြန်မှာပါ... မင်္ဂလာကိစ္စကတော့ ကျွန်တော့်ရဲ့ သဘောမ

www.burmeseclassic.com



တူနိုင်ဘူး...'

မောင် ပြန်တော့မည်...

မောင် ပြန်တော့မည်ဆိုပါလား...။

ရင်မှာ နာကျင်ကြေကွဲရခြင်းတွေ...။

မျက်ရည်ကြည်တွေ ချက်ခြင်းရစ်ဝဲလာပါတယ်...

ခင်မင်ဟာ အားငယ်ကြေကွဲတတ်ပါတယ်ဆိုမှ ဝေးကွာရသောအချစ်မျိုးကို ရရှိခဲ့တယ်လေ...။

မငိုသင့်ပါဘူးကွယ်...။

မောင့်ရှေ့မှာတော့ ခင်မင် ဟန်ဆောင်နေပါမယ်...

နောက်ကွယ်မှာတော့ ခင်မင် ငိုချင်ငိုပါရစေလား...။

'မာလာကလည်း ခုဆို သိပ်အိမ်မလာပါဘူး...'

'သူလည်း သူ့မာနနဲ့သူတော့ရှိမှာပေါ့ အန်ကယ်လ်ရယ်... ကျွန်တော်က မဖြစ်နိုင်ပါဘူးလို့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားခဲ့တာပဲ...'

'ဒါဆိုရင်... မင်း သည်ရောက်တော့ရော... စိတ်ထဲမှာ ပျော်ရွှင်မှုရှိရဲ့လား...'

'သည်မှာနေရတော့ ကျွန်တော်ပျော်ပါတယ်... မေမေ့ဆီကို ကျွန်တော့်ဖာသာ ဖုန်းဆက်ပြောပါ့မယ်...'





'မင်း သည်လကုန်ခွင့်စေပြီနော်...'

'ဟုတ်ကဲ့... ကျွန်တော်ပြန်မှာပါ...'

လကုန်...။ ဘယ်နှစ်ရက်မှ မလိုတော့ဘူး...။ သည်ဆယ့်လေးငါးရက်အတွင်း မောင်နှင့်ခင်မင် အပြီးတိုင် ဝေးရတော့မှာပါလား...။

ဒါပေါ့လေ...

ကြိုတင်သိထားပြီးသား အခြေအနေတစ်ခုပါပဲ...။

တကယ်ရင်ဆိုင်ရတော့မည် ဆိုရင်တော့ ဘယ်လောက်ထိ ဟန်ဆောင်နေနိုင်မှာတဲ့လည်း...။

'ခင်မင်ရေ... ငါ့ကို ကြက်သားလာနွှင်ပေးပါဦး... အုန်းသီးလဲကူခြစ်ပေးပါဦးဟာ...'

မစိန်လှမ်းခေါ်တာကို သီဟန်ကဖြေပါတယ်...။ မစိန်ရေ... ကျွန်တော် အုန်းသီးခြစ်ပေးမယ် ညှစ်ပေးမယ်...။ ကောင်းတာပေါ့ သီဟန်... ကူညီမဲ့လူဆိုရင် ကြိုဆိုတယ်တဲ့...။ နောက်ဆုံးတော့ မီးဖိုထဲမှာ မောင်နှင့်ဆုံတွေ့ကြရပြန်ပါရော...။

'သီဟန်... လက်ကိုရှမယ်နော်...'

'ခင်မင်...'

'ရှင်...'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ပူတာလား...'

'မပူပါဘူး... သီဟာန့်လက်ကို ထိရင် သီဟာန်နာဟာပဲ... ခင်မင့်လက်ကိုထိမှ ခင်မင်နာမှာပဲ... မပူပါဘူး...'

'သေချာလား...'

'သေချာတယ်...'

'သီဟာန်ကတော့လေ ခင်မင့်လက်ကို ငါးသေတ္တာခွံ ရှတော့ကောင် စိတ်ပူလိုက်ရတာ... ဒါပေါ့ဗျာ ဒါပေါ့... မေတ္တာတရားချင်း ဘယ်တူပါ့မလည်း...'

'ဟုတ်တယ် မတူဘူး...'

'ကျွန်တော်ကတော့ သည်ကိုရောက်ပြီး ခင်မင်ကို တွေ့တယ်ဆို ခင်မင်လိုက်ရတာ... ခင်မင်ကတော့ ကျွန်တော့်ကို ဧည့်သည်ပါလို့ပဲ ထပ်ခါတလဲပြောနေတယ်...'

'သီဟာန်က ခင်မင်ကို ဧည့်သည်လို့ပြောတာ မဟုတ်ဘူးလား... ဧည့်သည်ဆိုတာ အချိန်တန်အိမ်ပြန်တာပဲလေ... သီဟာန်ရော အိမ်မပြန်ဘူးလား... အခုပဲ အတောင်ခတ်နေပြီ...'

ခင်မင် ခုလိုပြောတော့ သီဟာန့်အပြုံး မပီပြင်ပါလားကွယ်...။ ခင်မင်ပြောတာက ဟုတ်နေတာကိုး...။ ဧည့်သည်ဆိုတာ အချိန်တန်အိမ်ပြန်သွားဖို့ အတောင်ခတ်နေပေမဲ့...





အချိန်မရွေးပြန်လာလို့ ရနေတာပဲမဟုတ်လားတဲ့...။

'ကျွန်တော် ပြန်လာပါဦးမှာ ခင်မင်... အလုပ်ကခွင့်စေ့နေလို့ နေမရလို့သာ ပြန်ရမှာပါ... အလုပ်ကအဆင်ပြေတာနဲ့ ပြန်လာမှာ...'

'ပြောတာပဲ...'

'ခင်မင်မယုံလဲ စောင့်ကြည့်ပေါ့... အချိန်တွေက အဆုံးအဖြတ်ပေးပါလိမ့်မယ်...'

အချိန်တွေ...

ဟုတ်ပါတယ်...

စက္ကန့်များစွာ...။

မောင် ပြန်လာပါမည်လို့ ဘယ်သို့ဆိုဆို ခွဲခွာနေ့ရက်များကို ခင်မင် ကြေကွဲစွာ ရင်ဆိုင်ရဦးမှာပါပဲ...။

'စကားတွေပြောနေရင်လဲ အပိုတွေလို့ ထင်ပါလိမ့်မယ် ခင်မင်... ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ အခြေအနေအရပ်ရပ်ဟာ စကားတွေထက် တိကျတဲ့အဖြေကိုပေးပါလိမ့်မယ်...'

'လက်လည်း ရှဦးမယ်...'

'စိတ်မပူဘူးဆိုရင် မပြောနဲ့လေ...'

'မပြောဘူး... မပြောဘူး... မပြောတော့ဘူး...'



www.burmeseclassic.com

www.burmeseclassic.com



'အား...'

'ဟင် သီဟန် သီဟန်... တကယ်ထိသွားပြီလား ဖြစ်ရလေ... ပြစမ်းပါ ပြစမ်း...'

ခင်မင့်စိတ်ဖူပန်မှုဟာ အရာအားလုံးကို ခေတ္တမေ့သွားခဲ့ပါတယ်...။ သီဟန့်လက်ကို ဆွဲယူကြည့်ဖို့ ကြိုးစားမိတာ...။

ခင်မင်ရုတ်တရက် ဘာကိုမှမတွေးနိုင်ပါပဲ ချစ်သူကို ဒိုက်ပူပန်ခြင်းတစ်ခုကြောင့် ခုလိုဖြစ်သွားရတာပါ...။

'ဟင် ဘာဒဏ်ရာမှလဲ မရှိဘူး...'

'ဘာမှလဲမထိဘဲ... ဘယ်ဒဏ်ရာရှိပါ့မလဲ...'

'ဟင်...'

ခင်မင်စိတ်မှာ ထူထူပူပူ ရှက်ရွံ့မိသလိုပါပဲ...။

မောင့်အတွက် စိတ်ပူပန်ရခြင်းဟာ အချစ်ဆိုတာ မောင်သိမှာပါပဲ...။

ဒါကြောင့် မောင့်အနားမှ ထွက်လာခဲ့တယ်...။ နှင်းဆီရိုင်းပင်မှာ ပန်းရောင်ပွင့်တွေနဲ့ လှပဝေဆာနေပါလား...။ မြက်ခင်းပေါ်မှာ ထိုင်ချလိုက်ပါတယ်...။ ချစ်ရတာ ပင်ပန်းလွန်းပါလား မောင်ရယ်...။

'ခင်မင်...'





'..........'

'ခင်မင်...'

ခေါင်းကို တွင်တွင်ငုံ့ထားမိတယ်...။

နှင်းဆီပွင့်ပန်းရောင်ကလေးဟာ ငုံ့နေမိသောမျက်ဝန်းရှေ့ထိ ရောက်လာတယ်...။

'ပန်ပေးတယ်ဆိုတာ အရွှံ့ပေးတာ တောင်းပန်တာ... ကျေအေးစေတာ... ကျွန်တော်တောင်းပန်ပါတယ်...'

'ခင်မင်... ခင်မင်...'

'ကျွန်တော်... ခင်မင့်ကိုချစ်တယ်...'

'အို...'

မပြောနဲ့...

မပြောပါနဲ့...

ခင်မင်မကြားရဲလို့ မောင်ဖွင့်ပြောမလာအောင်... အတန်တန် ရှောင်ခဲ့ပါတယ်....။

'ခင်မင့်ကိုသိပ်ချစ်တယ်...'

'ဟင့်အင်း... ဟင့်အင်း... မဖြစ်နိုင်ဘူး... မပြောပါနဲ့... မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး...'

'ဘာလို့မဖြစ်နိုင်ရမှာလဲ ခင်မင်ရယ်... ခင်မင့်ကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်သိပ်ချစ်ပါတယ်...'

'မဖြစ်နိုင်ဘူး... သီဟန့်ကို... သီဟန့်ကို ခင်မှင်မချစ်ဘူး...'

အို...

ဘုရားရေ...

ခုတော့လည်း နှုတ်ဖျားသည် မုသားစကားကို လွယ်လွယ်သုံးတတ်ပါရောလား...။

မောင့်မျက်ဝန်းတွေကို ရင်မဆိုင်ရဲပြီ...။

ဒါကြောင့်အနားမှ ထွက်ခွာဖို့ပြင်သည်...။

'ခင်မှင်....'

ခင်မှင့်လက်ကို မောင်ဆွဲယူလိုက်တဲ့အချိန်...

နှလုံးသားမှ ဆတ်ဆတ်တုန်ခါခြင်းတွေကို ခံစားရပင်ပန်းလွန်းပါလား...။

'ကျွန်တော်မယုံဘူး... မယုံဘူး...'

'ဖယ်ပါ မချစ်ပါဘူးဆို... ဖယ်...'

အတင်းရုန်းဖယ် ထွက်ခဲ့ရတယ်...။

မောင့်အနားမှ ပြေးထွက်ခဲ့ရတာပါ...။

တကယ်တန်းဆို ခင်မှင် ဘယ်လောက်ကြည်နူးပျော်ရွှင်





ရမလဲ...

ခင်မှင်သိပ်ချစ်တဲ့ မောင်က ခင်မှင့်ကို...

'သိပ်ချစ်တယ်' ဆိုပါလား...။

ဘယ်လောက်ထိ ချိုမြသောသံစဉ်ဆိုတာ နှလုံးသားရဲ့ စိတ်တွေက ပြောပြနိုင်ကြမှာပါ...။

အခန်းလေးထဲရောက်မှ ခင်မှင် ငိုရပြန်တာ...

ခင်မှင့်ရဲ့အခန်းလေးဟာ ကြေကွဲခြင်းအဖော်လို့ ပြောဆိုရပါတယ်...။ ပြန်လည်ဆက်စပ်ယူယုံသာ ကျန်တော့သော ရှယ်တာလေးကလည်း ခင်မှင့်ကို ကြည့်နေပါတယ်...။

'ခင်မှင့်ကို သိပ်ချစ်တယ်...'

ခင်မှင့်ကို သိပ်ချစ်တယ်...

မောင့်ကို ခင်မှင်ချစ်တာက ပိုပါလိမ့်မယ်...။

ခင်မှင့်ရင်မှာ ချစ်နေရတာက ပိုကြာမှာပါ...။ ခင်မှင် ချစ်တဲ့ အချစ်ကလည်း ပိုမှာပါလေ...။

'ခင်မှင်...'

'ပြော မစိန်...'

'ဒါကဘာဖြစ်နေပြန်လဲ...'

'ဘာမှမဖြစ်ပါဘူး... လာပါမယ်... ခဏလေးပါ...'

www.burmeseclassic.com



မျက်နှာသစ်ပြီး သနပ်ခါးပြန်လူးတော့တယ်...

မီးဖိုဆီက္ကရွှေမပျက် ပြန်ခဲ့ရပြန်ရော...။

သည်လိုနှင့်ပဲ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ... မီးဖိုချောင်ထဲမှာ စက်ရုပ်တရုပ်ဘဝနဲ့နေရင်း တစ်ယောက်ထဲ ကြေကွဲစွာ နေရဦးမှာထင်ပါရဲ့...။

အုန်းသီးခွံတွေ လွှင့်ဖို့ပြင်နေသော မောင့်အကြည့်...။

မသိချင်ယောင် ဆောင်နေလိုက်ပါတယ်...။

ရင်ထဲကြေကွဲနေလည်း... မောင်မသိချင်စမ်းပါနဲ့...။ မောင်က ခင်မင့်ကို ထားရစ်ထွက်ခွာသွားမည့်သူပါ...။

'ခင်မင်... ကြက်သွန်နီတွေ လှီးထားလေ... ငါ မုန့်ကြွပ် ကြော်ရဦးမယ်...'

'ဟုတ်ကဲ့...'

'ခင်မင်... လက်ထိမယ်...'

ခေါင်းညိတ်ပြလိုက်ပါတယ်...။

မောင်နှင့်မျက်ဝန်းချင်း မဆုံမိအောင် ကြိုးစားမယ်...။ ခင်မင့်ရင်ထဲ မောင် ကြည့်ခဲ့ရင်... ပြည့်လျှံနေတဲ့ချစ်စိတ်တွေကို မြင်သွားမှာ အကြောက်ဆုံးပါ...။ ကြက်သွန်နီအငွေ့တွေ ကြောင့် မျက်ဝန်းတွေစင်နေတာက နည်းနည်း...။ မောင့်မျက်နှ





ညိုညိုကို မြင်ရတဲ့အခါ...။

'ခင်မင်ရေ... မျက်ရည်တွေသိပ်ပေါများမနေနဲ့... ကြက် သွန်နွာတိုင်း နင့်ငိုလို့ကို မဝနိုင်ဘူး...'

'မစိန်... ခင်မင် မျက်စေ့စပ်တဲ့ဒဏ် မခံနိုင်ဘူး... မုန့် ကြွပ်ပဲကြော်တော့မယ်...'

'ခင်မင်ဟာလေ... အမျိုးမျိုး...'

မုန့်ကြွပ်ကြော်နေတော့ မောင့်မျက်ဝန်းရှေ့ ရှိမနေနိုင် တော့ဘူးပေါ့...။

'ကိုသီဟန်... ဖေဖေခေါ်နေတယ်...'

'လာမယ် မို...'

မောင့်ကို ဖေဖေခေါ်နေသတဲ့...။ ဘာတွေပြောမလဲ...။ ခင်မင်သိချင်ပြန်တယ်...။ တကယ်ဆို မောင့်ကိုမချစ်ဘူးဆို ဘာ တွေမှသိစရာမလိုပါဘူး...။

'ခင်မင်...'

'ရှင်...'

'သီဟန့်ကို နင်ဝေးဝေးနေပါ...'

'မစိန်...'

'နင့်အတွက် ငါစေတနာနဲ့ ပြောတာပါ... အစ်ဆိုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ငါ မေးပြီးပြီ…'

'ဟင်… ဖေဖေကဘာပြောလဲ မစိန်…'

'မှီနဲ့သီဟန့်ကို သဘောတူနေတယ်ဆိုတာ ဟုတ်
တယ်…'

'ဟုတ်တယ်…'

ခင်မင့်နှလုံးသားတွေ ရပ်ဆိုင်းသွားသလိုပါပဲလား…

မောင့်နှင့်မှီကို သဘောတူထားတာ ဟုတ်သတဲ့…။ ဒါ
မောင်နှင့်မှီ တနေ့လက်ထပ်ကြမည်ပေါ့…။ သူတို့နှစ်ယောက်
မှာ မှီဘယ်လိုနေရပါမည်လည်း…။

'သီဟန့်သဘောထားကို မစိန်ရိပ်မိပါတယ်… သီဟန့်
ခင်မင့်ကို စိတ်ဝင်စားနေတယ် သံယောဇဉ်ထားနေတယ်ဆို
မှန်တယ်… ဒါပေမဲ့… လက်ထပ်ကြဖို့ဆိုရင်တော့ ခင်မင့်
လက်ထပ်နိုင်သည့်အထိ သတ္တိရှိပါ့မလား…'

'ဟုတ်ပါတယ်…'

'သည်တော့ ခုထဲကရှောင်တော့ ခင်မင်… နင်
ဆင်းရဲနေတာကို ငါမမြင်ချင်ပါဘူး… ဒါပေမဲ့ သူတို့လက်
ကြမှ စိတ်ဆင်းရဲခံပြီး ကျွန်ရစ်ရမဲ့အစား ခုထဲကရှောင်တော့

ချစ်တယ်လို့ မပြေမိတာမှန်တယ်လို့ ခင်မင်သိ





ပြီ…။ ချစ်ကြပြီးမှတော့ မောင့်ကိုခင်မင် ဘယ်လိုလက်လွှတ်
ဆုံးရှုံးနိုင်မှာတဲ့လည်း…။

တဖြည်းဖြည်း ဝေးသည်ထက် ဝေးကြရတော့မှာပါ
လား…။

မောင်…

ဒါတွေကို မင်းရောသိပါရဲ့လား…။

\+ + + + +

'ခင်မင်… ဘာတွေလုပ်နေတာလဲ…'

'ချဉ်ပေါင်စေ့တွေကျဲနေတာ… မိုးတပြိုက်နှစ်ပြိုက် ရနေ
ပြီ… သီးပင်စားပင်လေးတွေ စိုက်ရမယ်… သီဟန် ဘယ်ကပြန်
လာလဲ…'

'အခန်းထဲမှာ စာဖတ်နေလို့ပါ…'

မောင် အနားကိုရောက်လာတာ ခင်မင့်စိတ်ကို ကျဉ်း
ကျပ်စေပါတယ်…။

ချစ်သူဆိုတာ မျက်ဝန်းမှာ ထာဝစဉ်မြင်ချင်နေသူပါ…။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခင်မင့်အတွက်တော့ တွေ့ချင်မြင်ချင်သူကို မတွေ့ရမမြင်ရအောင် ရှောင်နေရတဲ့အခြေအနေတွေပါ...။ မောင်နှင့်မတွေ့ရအောင် မစိန်နား တချိန်လုံးကပ်နေရတယ်...။ မောင်ရဲ့ လွမ်းကြည့်တတ်တဲ့ အကြည့်တွေကို မသိကျိုးကျွံပြုရတယ်...။ ရင်တွေမောရတာ မောင်သိရဲ့လား...။

'ခင်မင် ဘာလို့ရှောင်နေတာလဲ...'

'မရှောင်ပါဘူး... သီဟာန်လဲသိရက်နဲ့... ခင်မင် တနေကုန် အိမ်အလုပ်တွေနဲ့ အားမှမအားတာပဲ...'

'ခင်မင်ရယ်... သိပါတယ်...'

'ဘာမှသိမနေနဲ့ ခင်မင်အားတာမဟုတ်ဘူး...'

'ခင်မင့်ကို ကျွန်တော်ချစ်တယ်ဆိုတာ... မယုံကြည်ဘူးမဟုတ်လား... ခင်မင့်ကို ကျွန်တော်သိပ်ချစ်တယ်... အဲသည့်အချစ်ဟာ ဘယ်တော့မှ မပြောင်းလဲတဲ့ ကျောက်စာတိုင်လို ခိုင်မြဲစေရမယ်...'

မောင်...

ကြည်နူးစရာပါပဲ...

ရင်သိမ့်ခုန်မှု ကြည်နူးရတယ်...။





အဲသည့်စကားလေး ခင်မင့်နှလုံးသားမှာ ကမ္ပည်းတင်ထားပါရစေ...။

မဟုတ်ခဲ့သော်လည်း... ရှိစေ...

ကြည်နူးပါရစေ မောင်...။

'ခင်မင်ရယ်... တကယ်ပါ...'

'သီဟာန်... ပြောခဲ့ပြီးပြီပဲ... သီဟာန့်ကို မောင်လေးရဲ့သူငယ်ချင်း... ဖေဖေ့မိတ်ဆွေ အိမ်ကိုလာတဲ့ ဧည့်သည်အနေနဲ့ ခင်မင် ဧည့်ဝတ်ကျေပြွန်အောင် ပျူငှာခင်မင်စွာ ဆက်ဆံခဲ့တာပဲရှိပါတယ်... ချစ်သူတစ်ယောက်လို မချစ်ပါဘူး...'

'တကယ်ပြောနေတာလား ခင်မင်...'

'တကယ်ပါ...'

မောင်...

ခင်မင့်နှလုံးသားထဲက ချစ်ခြင်းကို သေဆုံးချိန်ထိ သိမ်းဆည်းထားတော့မယ်...။

ပြီးတော့...

ခင်မင့်အတွက်ကတော့....

တသက်တချစ်ပါ မောင်...။

'အင်းလေ... ခင်မင်က မချစ်ဘူးဆိုမှတော့ ဘာတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာလည်း... ကျွန်တော်တစ်ယောက်ထဲ ချစ်နေမှာပါ... တနေ့နေ့တချိန်ချိန်... ကျွန်တော်ရဲ့စစ်မှန်တဲ့ အချစ်ဟာ အပြန်ရှိပါစေ...'

ဘယ်လိုပဲဖြစ်ဖြစ်...

အဲသည့် တနေ့နေ့တချိန်ချိန်မှာ...။

ခင်မင်တို့နှစ်ယောက် အဝေးကြီးဝေးသွားမှာပါ...။

'သီဟန် ဘယ်တော့ပြန်မလဲ...'

'ပြန်စေချင်နေပြီထင်တယ်... အဲသည့်လောက် မေတ္တာထားသလဲ...'

'ပြန်စေချင်တာ မဟုတ်ပါဘူး... ပြန်ရမှာပဲမဟုတ်လား... ဒါကြောင့်ပါ...'

'အလုပ်ကြောင့် ကျွန်တော်ပြန်မှာ ခင်မင် ဘာအတွက်ကြောင့်မှ မဟုတ်ပါဘူး...'

'ဘာတွက်ကြောင့်ဖြစ်ဖြစ် ဧည့်သည်ဆိုတာ အချိန်တန် အိမ်ပြန်တာပါပဲ...'

'ပေးပါ... ကျွန်တော် ရေလိုက်ဖျန်းပေးပါ့မယ်...'

'နေပါစေ... မှီမြင်ရင် မကောင်းပါဘူး...'

'မှီ...'





'ပေးပါ...'

မောင့်လက်ထဲ ရေဖလားကိုဆွဲလုယူကာ ခင်မင့်ဖာသာ စိုက်ပျိုးပြီးစ မြေမွမွတွေပေါ် ညင်ညင်သာသာလိုက်ဖျန်းနေမိတယ်...။

ရှင်ဟာ မှီရဲ့ရည်းစားသူ...

မှီနှင့်သဘောတူထားပြီးသား...။ သည်တော့ မှီအနားမှာသာ နေသင့်ပါတယ်...။ ခင်မင့်အနား လာလာမနေပါနဲ့...။ ရေပုံးကိုဆွဲပြီး အိမ်ဆီထွက်ခွာဖို့အပြင်မှာ ခင်မင့်ရှေ့မှနေ မောင်ရပ်လိုက်တယ်...။

'ခင်မင့်ကို ကျွန်တော်ချစ်တာ... မှီကို ကျွန်တော်မချစ်ဘူး...'

'ဒါတွေ ခင်မင်မသိဘူး... ခင်မင်သိတာ ရှင့်ကို ခင်မင်မချစ်ဘူး... ဖယ်ပါ... ဖေဖေတို့မြင်သွားလည်း မကောင်းပါဘူး...'

ခုလိုပြောတော့ မောင် ဘေးဖယ်ပေးပါတယ်...။ ခင်မင် ကျောခိုင်းထွက်ခွာလာခဲ့တယ်လေ...။ တနေ့လဲ ခင်မင်တို့နှစ်ယောက်ဟာ အဝေးကြီးဝေးသွားနေရမှာပါ မောင်ရယ်...။ ခုထဲက စိမ်းသည်ထက်စိမ်းနေလိုက်ကြတာ နှစ်ယောက်လုံးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်ပါလိမ့်မယ်...။

နောက်ဖက်တံခါးမှ ဝင်မည်အပြု...။

မှီ ရပ်ကြည့်နေတာကို ခုမှမြင်မိပါတယ်....။

မှီ့အကြည့်တွေ စူးစမ်းခြင်းတွေရှိတာ မောင်သိလား...။

ဘာပဲပြောပြော မှီ့အပြစ်မဟုတ်ဘူး...။

ခုလောက်ဆို မောင်ဟာ မှီ့ခင်ပွန်းလောင်းဆိုတာ မှီလည်း သိလောက်ရောပေါ့...။ သူ့ခင်ပွန်းလောင်းကို တခြားတစ်ယောက်ယောက်နှင့် ဘယ်သို့ကြည့်ဖြုနိုင်ပါမည်လဲ...။

'ကိုသီဟာန်... မှီတို့ရုံးဖက် ခဏသွားချင်တယ်... လိုက်ပို့ပါ...း...'

'သွားလေ... '

ရုံးကိုနေ့တိုင်းသွားနေတာပဲ မသွားရဲစရာ မသွားတတ်စရာ ...ဘူး...။ ဒါပေမဲ့ မှီ့မှာလဲ မောင်နှင့်စကားပြောစရာတွေ ရှိမှာပေ့လေ...။ ကိုယ့်ခင်ပွန်းလောင်းပါလားလို့ သိရမှတော့ တိုင်ပင်စရာ ညှိနှိုင်းစရာတွေ ရှိမှာပါ...။

မောင်...။

ခင်မင့်လို ဘာမှမပြည့်စုံတဲ့ မိန်းမတစ်ယောက်အတွက်တော့...။ အဲဒါပေါ့ ခင်မင့်အခြေအနေ ခင်မင် မေ့သွားခဲ့တာ





ကိုး...။

'ခင်မင်...'

'ရှင် မစိန်...'

'နင့်ကို ပြောစရာရှိတယ်... အရေးကြီးတယ် ဒါပေမဲ့ အခုမပြောသေးဘူး... ငါ ဟင်းချက်ဦးမယ်... ပြီးမှ နင်နဲ့ငါ ခြံထိပ်ထိ လမ်းလျှောက်ရအောင် ခြံထိပ်မန်ကျည်းပင်မှာ အရွက်နုတွေ ရှိတာသွားခူးရအောင်...'

မစိန် ဘာပြောမှာလဲ...

သူ ဟင်းချက်ပြီးအောင် စောင့်ရဦးမတဲ့လေ...။

စိတ်မရှည်ချင်...

သိချင်နေပြီ မဟုတ်လား...။

မောင့်အကြောင်းများလား သိချင်တယ်...။

+ + + + +

မန်ကျည်းပင်ပေါ်ထိ တက်ပါမယ်လုပ်နေလို့ မနည်းတားရတယ်...။ မစိန်ရဲ့ မန်ကျည်းရွက်သုတ်ကလေးကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ကလည်း ကြိုက်သားလား...။ ဒါပေမဲ့ လိမ့်ကျရင် ဘယ်လို လုပ်မလည်း...။

'မစိန်... စကားပြောမှာလား... မန်ကျည်းရွက်စုံးမှာ လား...'

'နှစ်ခုလုံးလုပ်မှာလေ...'

'ဒါဆို ဘာပြောမှာလဲ...'

'ပြောပါမယ်... ငါ ပြောလိုက်ရင် နင်အံ့သြလွန်းလို့ သတိပဲလစ်မလား... အော်ပဲငိုမလား... ငါတောင် နှစ်မိလောက် လန့်ပြီး ငြိမ်သွားတာ...'

'ဟင်... ဘာမို့လဲ...'

နဂိုရ်ကမှ ကြောက်တတ်ပါဟယ်ဆို...။ မစိန် ဘာတွေ ပြောနေလည်း...။ သတိတောင်လစ်မည်ဆိုပဲ...။

'ပြောပါ... ပြောပါ... ရင်တုန်လှပြီ...'

'သတိလစ်ပြီးလဲ လဲမသွားနဲ့ဦး... နင့်ကိုငါ ပွေ့မထူနိုင် ဘူး...'

'ပြောပါဆိုမှ...'

'သီဟန့်အမေနဲ့ အစ်ကိုကြီးက ရန်ကုန်မှာလက်ထပ် သွားကြတာတဲ့...'





'ဘာ... ဘယ်လို...'

နားစည်မှ ကြားလိုက်ရတဲ့စကားသံဟာ ယုံကြည်နိုင် စွမ်း မရှိသလိုပါပဲ...။ ဖေဖေနှင့်မောင့်အမေ လက်ထပ်ထားကြ သတဲ့...။ ဖြစ်နိုင်ပါ့မလား...။ မဖြစ်နိုင်ပါဘူး...။ ဖေဖေဟာ မေမေဆုံးပြီး နှစ်ပေါင်းများစွာ တစ်ယောက်ထဲနေခဲ့တာပါ...။ အခုမှ ဘာလို့နောက်အိမ်ထောင်ပြုခဲ့ရသလည်း...။

မယုံဘူး...။

ယုံစရာလဲမရှိဘူး...။

ခင်မင် မယုံကြည်ဘူး...။

'မယုံဘူး မယုံဘူး... မယုံဘူး...'

'ခင်မင်... နင်မယုံလို့ မရဘူး... ငါ့ကိုအစ်ကိုကြီးကိုယ် တိုင် ပြောတာဟဲ့...'

'ဖေဖေပြောတာ...'

'အေး...'

မန်ကျည်းပင်ရိပ်မှာ ထိုင်ချပြီးကို ငိုတာ...။

ငို

ငို...

အားရအောင်ငိုမယ်...။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင့်ဆီကို ဘာလို့များ ငိုစရာတွေချည်း ရောက်လာရပါသလဲကွယ်...။

'ဟဲ့ ကောင်မလေး... ဒါငိုစရာလား...'

'ငိုစရာပေါ့... ငိုမယ်...'

'နင်ငိုနေလဲ အပိုပဲ... အစ်ကိုကြီးတို့ လက်ထပ်ခဲ့တာ နှစ်နှစ်သုံးနှစ် ရှိပြီတဲ့... ဒါကြောင့် အစ်ကိုကြီးဟာ ရန်ကုန်သွားရင်... ဟိုမှာအကြာကြီး ကြာနေတော့တာပေါ့...'

ဒါတော့ ဟုတ်ပါတယ်...

ရန်ကုန်သွားရင်... အကြာကြီးနေနေတော့တာ...။

သည်တခါလဲ ကြည့်ပါလား...။ ဟိုမှာနေနေတာ အကြာကြီး...။

'သီဟာန်ကို သူ့အမေက သဘောတူတဲ့ အမျိုးသမီးရှိတယ်... အဲသည့် အမျိုးသမီးကိုလက်ထပ် ပြီးရင် နိုင်ငံခြားကို ထွက်ဖို့ စီစဉ်တာ... သီဟာန်က လုံးဝသဘောမတူဘူးတဲ့... နောက်ဆုံး ဖေဖေကချော့မော့ပြီး... သည်ကိုလွှတ်လိုက်တာ... မှီနဲ့လဲ နီးစပ်ချင်လို့တဲ့...'

မှီနှင့်လည်း နီးစပ်ချင်သတဲ့...

မောင့်မေမေက မှီနှင့်သဘောတူသည် ဆိုပါလား...။





မှီနှင့်မောင် ချစ်သွားကြရင်လဲ အတိုင်းထက်အလွန်ပဲဆိုပြီး သည်ကိုလွှတ်လိုက်တာတဲ့...။

'အဲဒါ သီဟာန့်အမေ တရက်နှစ်ရက်အတွင်း သည်ကိုလိုက်လာလိမ့်မယ်... အဲသည့်ကြရင်တော့ အစ်ကိုကြီးက သားသမီးအားလုံးနဲ့တွေ့ပြီး... သူတို့လဲ ဆွမ်းကျွေးဦးမယ်ထင်တယ်...'

'သီဟာန့်အမေ လာမယ်...'

'အင်း...'

စိတ်ညစ်ပါတယ်...။ သီဟာန့်အမေကို မတွေ့ချင်လို့တော့ မဟုတ်ပါဘူး...။ ဖေဖေ့ဇနီးတစ်ယောက်အနေနဲ့ တွေ့ရမှာ တမျိုးကြီးပါပဲ...။ စိတ်မှာခံစားရတာတွေ များလွန်းလို့လားမသိ...။ ရင်ထဲ ထူထူထိုင်းထိုင်း ခံစားနေရတယ်...။

'ဘာတွေဖြစ်ဦးမလဲ မသိပါဘူးကွယ်... စိတ်ညစ်ပါတယ်... မှီတို့ထားငယ်တို့သိရင်... ဘယ်လောက်စိတ်ဆိုးလိုက်လေမလည်း...'

'ထင်လား...'

'ဘာလို့လဲ...'

'မှီတို့ထားငယ်တို့ သိပြီးပြီ...'

'ဟင် ဘာတဲ့လဲ...'



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေသဘောတဲ့လေ... ဖေဖေပဲရှာကျွေးမွေးနေတာ... ဖေဖေစိတ်ချမ်းသာရင် ပြီးတာပဲတဲ့လေ... ထားငယ်ကတော့ သဘောကျနေတာပေါ့ဟယ်... သီဟန်တို့က ချမ်းသာတယ်ဆိုပဲ...'

'သီဟန်တို့က ချမ်းသာတယ်...'

'အေး... ရန်ကုန်မှာတော့ တော်တော်ချမ်းသာတယ် ပြောတာပဲ... သီဟန့်ဦးလေးတစ်ယောက်က နိုင်ငံခြားမှာတဲ့... အဲသည့်ကို သီဟန်သွားနေစေချင်တာ ပြောမရဘူးတဲ့...'

မောင်နှင့်ကတော့ ရန်ကုန်ပြန်ရင်ပဲဖြစ်ဖြစ်... နိုင်ငံခြားသွားရင်ဖြစ်ဖြစ် နောက်ဆုံးမှီနှင့် လက်ထပ်ရင်ပဲဖြစ်ဖြစ် ဝေးသွားရမှာပါပဲလေ...။ ငိုလို့ကလဲ မရတော့... ထုံထိုင်းပြီး ခေါင်းတွေလည်း ကိုက်လို့ မှန်ကျည်းပင်အောက် ထိုင်နေမိပါတယ်...။

'ခင်မင်...'

'ပြောပါလားလို့...'

'အမလေး... ငိုသံပါကြီးနဲ့ ငိုလငိုနိုင်ပ... ခေါ်မျက်ရည်နင့်မှာမျက်ရည်တွေဟာလေ... ငါတို့ရေတွင်းထဲက ရေတွေလို ခမ်းမခမ်းနိုင်ဘူး...'

ဟုတ်တယ်...





ခင်မင့်မျက်ရည်တွေဟာ ဘယ်တော့မှ ခမ်းနိုင်မှာမဟုတ်ပါဘူးလေ...။

သီဟန့်အမေရောက်လာရင်...

သူဟာ ဖေဖေ့ဇနီး...။

သည်အိမ်ရဲ့ အိမ်ရှင်မဖြစ်သွားပြီပဲ...။

ခင်မင်တို့ကို ဘယ်လိုစိတ်ဓာတ်မျိုးနှင့် ဆက်ဆံလေမလည်း...။ သိပ်ချစ်မိပါတယ်...။ နားလည်မှုမရှိတဲ့ လူတစ်ယောက်ဆိုရင်ကော...

'ဘာတွေတွေးနေလည်း ကောင်မလေး ဘာတွေမှတွေးမနေစမ်းပါနဲ့... နင်နဲ့ငါ့ဘဝက ဘယ်လိုအိမ်ရှင်မမျိုးပဲ ရောက်လာသာ မီးဖိုထဲက ထွက်ရမဲ့ဘဝမျိုး မဟုတ်ပါဘူး... ဘာလို့ဆိုတော့ အိမ်မှာ မိန်းမလေးယောက်ရှိတာ... ငါတို့နှစ်ယောက်ပဲ မီးဖိုထဲနေတော မဟုတ်လား... ရပြီ... သည်လောက်ဆို မန်ကျည်းရွက်သုတ် ကောင်းကောင်းရပြီ... သွားကြစို့...'

မစိန်ပဲကောင်းတယ်...

တခါမှ ငိုတာမတွေ့ရဘူး...။

ခင်မင့်မှာဖြင့် တခါငို

နှစ်ခါငို... ငိုလို့လဲမပြီး...။ ငိုစရာတွေကလဲ ထပ်ခါတလဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေတာပါပဲ...။

'မစိန်...'

'ဘာလဲ...'

'မစိန်ဆိုတာ... ခင်မင်တခါမှ မတွေ့ဖူးဘူး... မစိန်မှာ စိတ်ညစ်စရာ မရှိဘူးနော် ကောင်းလိုက်တာ... မစိန်လိုပဲ ခင်မင် ဖြစ်ချင်တယ်...'

'ခင်မင်ရယ်...'

မစိန်ရယ်လိုက်တာ...။

ရယ်တာမှ လက်ခုပ်လက်ဝါးတီးပြီး ဟက်ဟက်ပက်ပက် အားပါးတရရယ်တာ...။ မစိန်ကိုကြည့်ပြီး ခင်မင့်မှာ ဘာပြောရမှန်းကို မသိအောင်ဖြစ်ရတယ်...။

'မစိန်... မစိန်...'

'ဘာလဲ... ငါရူးသွားပြီထင်လို့လား... ခင်မင်... နင်ဟာလေ တခါတခါ တုံးလွန်းအားကြီးတယ်... ငါလဲလူတစ်ယောက်ပါ... ငါ့မှာလဲ ခံစားချက် မျက်ရည် ဒါတွေရှိတာပေါ့...'

'ရှိတယ်လဲ ပြောတယ်... တခါမှဆိုတာမတွေ့ဘူး...'

'နင်လို့တော့ အခုဆို အခုဆို... အားတိုင်းဆို ဆိုချင်တိုင်းဆိုနဲ့တော့ ဘယ်ဆိုမလဲ... ငါက ဆိုချင်လာရင် ငါ့ကိုယ်ငါ စိတ်ဖြေ





လိုက်တယ်... ငိုနေတိုင်း ဖြစ်ချင်ရာတွေ ဖြစ်လာတာမှ မဟုတ်တာပဲကွယ်...'

'ဖြစ်ချင်တာတွေ မဖြစ်လို့ငိုတာပေါ့ မစိန်ရယ်... အခုတောင် တွေးရင်ငိုချင်ပြန်ပြီ...'

'ငိုဟာ ငို မကျေနိုင်မခံနိုင်ရင် ငို... ဒါတော့ မန်ကျည်းရွက်သုတ်ချေတော့မယ်... အိမ်ရှင်မရောက်လာရင်လဲ... နင်နဲ့ငါဟာ တအိမ်လုံးအလုပ်လုပ်လက်စနဲ့ လုပ်ရမှာပဲ... လာ... နားဖို့ စိတ်မကူးလေနဲ့...'

ဖေဖေရယ် မစိန် မှီ ထားငယ်တို့ကို အသိပေးတဲ့ သည်ကိစ္စ ခင်မင့်ကိုကြတော့ လုံးဝအသိမပေးပါဘူး...။ အဲဒါ ခင်မင့်ကို မချစ်တာလား...။ အဲသည့်အတွက်လည်း ခင်မင်စိတ်မကောင်း ဖြစ်ရပါတယ်...။

မှီတို့...

ထားငယ်တို့လောက်တောင် ခင်မင့်ကို မချစ်တာလား...။

အတွေးစသည်ပင် အားငယ်ကြေကွဲစိတ်ကို ဖြစ်စေပါတယ်...။

ဖေဖေကပင် ခင်မင့်ကို အရေးမထားတော့ဘူးဆိုလျှင်...

www.burmeseclassic.com



ဖေဖေ့နီးကရော… ခင်မင့်ကို အရေးထားပါတော့မလား…။

'ငိုချင်လဲမငို… မငိုချင်လဲမငို… ငါကတော့ မျက်ရည်ကို စိမ်ခေါ်ထားတယ်…'

မစိန်လို နှလုံးသားခံစားချက်မျိုး ရှိချင်လိုက်တာ…။

+ + + + +

လသာတဲ့ညတစ်ညပါပဲ…

အားလုံးကတော့ ရင်ထဲအေးချမ်းနှစ်ခြိုက်စွာ အိပ်မောကျကုန်ရောပေါ့…။ ခင်မင်မှ အိပ်မပျော်တာ…။ ဒါ ကြောင့် ဝရံတာဆီထွက်လာခဲ့တယ်…။ မစိန်သာဆိုရင်လို့ အတွေးရတာနှင့် ပြုံးမိရော…။ တခါမှလည်း မြင်ဘူးတွေ့ဘူးသည် မဟုတ်သော ဝိညာဉ်တွေဆို အင်မတန်ကြောက်သော မစိန်က ခုလိုအချိန်မျိုး အိမ်အပြင်ထွက်နိုင်းရင်…။ အဲလိုသာဆိုမှ မျက်ရည်ကို စိမ်ခေါ်ထားသော မစိန် ငိုလေမလား…။

ဝိတောက်ရနံ့ရတယ်…

ခုတိယအရှိ ပွင့်ကြပြန်ပြီလား…။





ဗံဒါပင်ကို အနီးကပ်တွေ့နေရတယ်…။

ရွက်သစ်တွေရဲ့ နုပျိုမှုဟာ… နှစ်သက်စရာပါပဲ…။

ဝရံတာမီးလုံးအရောင်နှင့် မလှမ်းမကမ်းကို ပီပြင်စွာ မြင်နေရပါတယ်…

မောင်…

နှလုံးသားမှ ပေါက်ဖွားသောချစ်ခြင်းဟာ ထူးဆန်းအံ့သြစရာပါပဲလေ…။

ပြီးတော့…

သိပ်ချစ်ရတဲ့သူကို…

စွန့်လွှတ်ရမည်ဆိုတာ သိပါလျှက်လည်း ချစ်ခြင်းကတော့ ခိုင်မြဲတည်တံ့နေဆဲပါပဲ…။

ခင်မင့်ကို သိပ်ချစ်တယ်… ဆိုတဲ့ စကားလေးတစ်ခွန်းကို ရင်မှာ ထာဝရသိမ်းဆည်းပြီး ဝေးကွာကြပါစို့ရဲ့…။

'သမီးကြီး…'

'ဟင်… ဖေဖေ…'

'အိပ်မပျော်ဘူးလား…'

'ဟုတ်ကဲ့…'

ဖေဖေအနားရောက်လာမည် မထင်မှတ်လိုက်…။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခင်မင့်ပုခုံးစွန်းကို ဟိုးငယ်တုန်းကလို ဖက်ထားတဲ့အခါ မှာတော့ ရင်ထဲအေးချမ်းနေပါတယ်...။

'သမီးကို မစိန်ပြောရဲ့လား...'

ဖေဖေ့စကားကို ချက်ခြင်းသိလိုက်ပါတယ်...

ဖေဖေ့ဇနီးအကြောင်းပေါ့...

ပြောပါတယ်...

သိနေပါလျှက်... ဘာအကြောင်းလဲ ဖေဖေလို့ မသိချင်ယောင်ဆောင် မနေချင်တော့ပါဘူး...။

ဒါကြောင့် ခေါင်းညိတ်ပြလိုက်တယ်...။

'ဖေဖေက ဘယ်သားသမီးကိုမှ ဖွင့်မပြောခဲ့တာ... စိတ်မဆင်းရဲစေချင်လို့ပါ... သားကြီးနဲ့သားလေးတို့က သူတို့ဖာသာသိသွားကြတယ်... သားကြီးပြောလို့ မှီနဲ့ထားငယ် သိသွားပြန်ရော... သမီးကြီးကိုတော့ သူတို့မပြောကြဘူး ထင်ပါတယ်... ဖေဖေတောင်းပန်ပါတယ်...'

'ရှင်...'

'ဟုတ်တယ်... ဖေဖေ အိမ်ထောင်ပြုတာကို ကျန်တဲ့သားသမီးတွေ ဝမ်းနည်းတယ်ဆိုတာထက် သမီးကြီးပိုဝမ်းနည်းလိမ့်မယ် ထင်ပါတယ်...'





ခင်မင့်ရင်ထဲမှာတော့ အမျိုးမျိုးသောအကြောင်းတွေနှင့် အမျိုးမျိုးသော ကြေကွဲဝမ်းနည်းခြင်းတွေ ပြည့်လို့ပါပဲ...။

'သည်အိမ်ကြီးဟာ သမီးမေမေ မရှိတော့တဲ့အချိန်ကစပြီး သမီးနဲ့မစိန်ရဲ့ အနစ်နာခံမှုကြောင့် ကြံ့ကြံ့ခံထားနိုင်တာပါ...။

'သမီးဘာမှ လုပ်မပေးနိုင်တာ... အိမ်မှုကိစ္စတွေပဲ ကူညီခဲ့တာ... ဖေဖေ့ကိုဘာမှ မလုပ်ကျွေးနိုင်ပါဘူး...'

'မိဘကို ပြုစုလုပ်ကျွေးတယ်ဆိုတာ ငွေကြေးရှာဖွေပေးမှ မဟုတ်ပါဘူးသမီးရယ်... သမီး ခုလိုကူညီနေတာလဲ ဖေဖေ့ကို ပြုစုနေတာပဲ မဟုတ်လား... မေမေဆုံးကတည်းက ဖေဖေ့ ဝေယျာဝစ္စအားလုံး ခုချိန်ထိ သမီးပဲ ချက်ပြုတ်လျှော်ဖွတ် ပြုစုခဲ့တယ်... သမီးရဲ့မေတ္တာကို ဖေဖေအသိအမှတ်မပြုတာ ကြာလှပြီ...'

ဖေဖေ့ဆီမှ ခုလိုစကားမျိုးကြားရတာ ကြည်နူးကျေနပ်လှပါပြီ...။ ခင်မင် ငိုချင်တယ်...။ မစိန် ဆူသလိုပဲ... မျက်ရည်ဆါမရဲ့ ငိုသံငိုဆိုတာကိုလဲ ကြားယောင်မိတယ်...။

'လွင်လွင်ဆိုတာ မောင်သီဟန်ရဲ့ အမေပါ... ဖေဖေ့ဇနီးပေါ့... သူလိုက်လာလိမ့်မယ်... အထူးသဖြင့် သည်အိမ် သည်မိ

www.burmeseclassic.com



သားစုနဲ့ အံဝင်ခွင်ကျ ရှိစေချင်တာလဲ ပါပါတယ်… အခုအခြေအနေလိုပဲ… ရန်ကုန်မှာနေလိုက်… သည်လာနေလိုက်ပေါ့… ပြီးတော့ မောင်သီဟန်နဲ့ မိုကိုတော့ သဘောတူထားလိုက်တယ်…'

'ဟုတ်ကဲ့…'

'ဖေဖေမရှိတော့တဲ့ အချိန်ကြရင် သမီးဟာ အစ်မကြီးအမိရာဆိုသလို သည်အိမ် သည်မောင်နှမတွေကို တတ်အားသရွေ့ စောင့်ရှောက်ရမှာပဲ…'

ဖေဖေ အဲလိုပဲထင်မလား…

သူတို့အားလုံးက ခင်မင့်ကို အစ်မကြီးတစ်ယောက်လို နေရာပေးကြလို့လား…။

သည်အိမ်ရဲ့ ထမင်းချက်…

အဝတ်လျှော် မီးပူတိုက်ဆိုတဲ့ အဆင့်မျိုးလောက်ပဲ ထားကြတာပါ…။ ခင်မင့်အပေါ် နွေးထွေးစွာချစ်ခင်သူရယ်လို့ပဲ တစ်ယောက်မှ မရှိပါဘူး…။

'သမီးကြီးဆီမှာ စိုးရိမ်စိတ်တစ်ခုရှိတယ်လို့ မစိန်ပြောတယ်… အဲဒါ ဖေဖေမရှိတော့တဲ့အချိန်…'

'ဖေဖေ…'

'ဘာမှမပြောပါနဲ့ သမီးရယ်… သည်သားသည်သမီးတွေ





ဖေဖေမွေးခဲ့တာပါ… ဘယ်သူ့ဆီမှာ ဘယ်လိုစိတ်ဓာတ်ရှိတယ်ဆိုတာ ဖေဖေသိပါတယ်… သမီးအတွက် ဘဏ်မှာ အနာဂါတ်အတွက် စုဆောင်းထားတာရှိပြီးသား… ပြီးတော့ အိမ်ကအစ အမွေစုထဲမှာ သမီးအတွက်ပါပြီးသား… ဘာကိုမှ မစိုးရိမ်ပါနဲ့…'

ဖေဖေ့ကိုဖက်ပြီး ခင်မင်ငိုရပြန်ပြီ…

ဖေဖေမရှိရင် ငါတော့ဒုက္ခပါပဲဆိုတဲ့ ခံစားမှုနဲ့… သစ်ပင်လေးတွေစိုက် ဆွယ်တာထိုး ဝင်ငွေရှာနေတဲ့ ခင်မင် ပူပန်မှု… မစိန်အသိဆုံး…။ ဖေဖေ့ကို မစိန်ပြောပြသလား…။ ဒါမှမဟုတ် ဖေဖေအိမ်ထောင်ကျသွားပြီဆိုတော့ ခင်မင့်စိတ်ပူပန်မှု ရှိမလား ဖေဖေတွက်ဆပုံ ရပါတယ်…။

'လွင်လွင်က သမီးကြီးကို တွေ့ရင် ခင်မင်မှာသေချာတယ်…'

'သမီးကို ခင်မယ်… မဖြစ်နိုင်ပါဘူး ဖေဖေရယ်… မောင်နှမဆိုတဲ့ သွေးသားရင်းချာတွေတောင်မှ သမီးကို တွယ်တာမှုနည်းကြသေးတာပဲ… အခုမှတွေ့ရတဲ့ လူတစ်ယောက်ကတော့ သမီးကို ချစ်ခင်ပါ့မလား…'

'သမီးရဲ့ရင်ထဲက ဖြူစင်မှုကို သိတဲ့လူက သမီးကို ချစ်ခင်မှာပါကွယ်…'



www.burmeseclassic.com

www.burmeseclassic.com



သည်အခါမှာ...

စံပယ်ပန်းလေးလို ဖြူစင်တယ်... ချစ်တယ်ဆိုတဲ့ စာလေးကို အမှတ်ရသွားမိပါတယ်...။ ခင်မင့်ရင်ထဲက ဖြူစင်မှုတွဲ။ အဲသည့်ဖြူစင်မှုကို ဖေဖေသိတယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ...။ ကျန်တဲ့လူတွေ မသိရင်လည်း... နေပါစေတော့...။

'ကဲ... သမီးကြီးအိပ်တော့... ဘာကိုမှ တွေးမနေပါနဲ့... သမီးရဲ့စေတနာဟာ သမီးကို အကျိုးပေးမှာပါကွယ်... ဖေဖေအိပ်တော့မယ်... သမီးအိပ်တော့...'

ဖေဖေပြန်ဝင်သွားပေမဲ့ ခင်မင်တစ်ယောက်ထဲ ရပ်ကျန်ခဲ့ဆဲပါ...။

ညဟာတိတ်ဆိတ်ပြီး အေးချမ်းနေပါလား...။

အိပ်ချင်စိတ် လုံးဝမရှိ...။

ဖေဖေ့အကြင်နာအတွက်တော့ ခင်မင် ကြည်နူးချမ်းမြေ့ပါတယ်...။

ခင်မင့်ရင်ထဲမှာ...

ဖြူစင်မှုတွေရှိသတဲ့...

အဲသည့် ဖြူစင်မှုကိုသိတဲ့လူက သမီးကို ချစ်ခင်မှာပေါ့ကွယ်တဲ့လေ...။





မောင်...

မောင်က ကျွန်မရင်ထဲမှ ခင်မင်မှုကို သေချာသိတာလား...။ တကယ်ချစ်တာရော... ဟုတ်ရဲ့လား...။ မောင်နှင့်ထာဝရ ချစ်ခင်မြတ်နိုးစွာ နေချင်သူပါ...။ ဒါပေမဲ့ ခင်မင်ဆိုတာ သည်မိသားစုအတွက်က အရုပ်ဆိုးသော ဘဲကလေးပါမောင်ရယ်...။

မနက်စောစောထပြီး ထမင်းဟင်းတွေ ချက်ရဦးမှာဆိုပေမဲ့ အိပ်ချင်စိတ်မရှိ...။

မနက်ဖြန်ဆိုတာ စဉ်းစားရင်...။

ရင်မောစရာတွေချည်းလိုပါပဲ...။

အထူးသဖြင့် မောင်နှင့်မိုလက်ထပ်ပြီးရင်...

ခင်မင် သည်အိမ်မှာ အတူတူမနေချင်ပါဘူး...။

သွားနေစရာမရှိတဲ့ ဘဝမှာ...။

မျက်ရည်သာ အဖော်ဆိုခဲ့ရင်တော့ မစိန်က ဘာပြောလေဦးမလည်း...။

+ + + + +



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျှံနေပြီဖြစ်တဲ့ ရေစည်ပိုင်းတွေ ရေကန်တွေဘေးမှာ ခင်မင်ရပ်နေမိပါတယ်...။ အဝတ်လျှော်ရဦးမယ် ရေကန်ထဲ ရေစည်ထဲရေပြည့်အောင် ထည့်ထားသူဟာ... မောင်မှလွဲ၍ ဘယ်သူမှမဖြစ်နိုင်...။ အိမ်အလုပ်တွေပင်ပန်းလို့ ညှာတာချင်သူတဲ့...။ တခဏတာပဲဖြစ်ဖြစ်... သူကတော့ ကူညီချင်တာ...။ ဒါတွေဟာ သူမရှိချိန်မှာ ပိုပြီးတော့ အမှတ်ရစရာတွေ ဖြစ်မနေစေချင်ပါဘူး...။

'ခင်မင်... ရေစည်ဘေး ဘာတွေတွေး ငိုင်နေလဲ... ရေခပ်ထားလို့ ဆူဦးမှာလား...'

'ဘာလို့ခပ်ထားရတာလဲ သီဟာန်... သီဟာန်ပြန်သွားတော့လည်း ခင်မင်တစ်ယောက်ထဲ သည်လိုပဲခပ်လက်စနဲ့ ခပ်နေရမှာပါပဲ... ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး...'

'ရှိနေတဲ့အချိန် တတ်အားသရွေ့ ကူညီတယ်လို့ပဲ မှတ်ပါ...'

'မီတို့တွေတောင် နေနိုင်အောင် နေ နေကြတာ... သီဟာန်လဲ ခဏလေးနေရမှာ နေနိုင်အောင်နေပါ...'

'မနေနိုင်ပါဘူးဗျာ...'

စကားပြောနေလည်း အဆင်ပြေမှာမဟုတ်လို့... အဝတ်





လျှော်ရမည့် အဝတ်တွေသွားယူလိုက်ပါတယ်...။ အဝတ်လျှော်နေတဲ့နားမှာ... လာရပ်နေပြန်တာပါလား..။ မစိန်ကပြောတော့ ရှောင်တဲ့...။ မောင်အနားလာရပ်နေတာကို ဘယ်လိုရှောင်မလည်း...။

'ခင်မင်...'

'ပြောပါ...'

'မေမေနဲ့အန်ကယ်လ် လက်ထပ်ထားတာ ခင်မင်သိသွားပြီလား...'

'မစိန် ပြောပြတယ်...'

'ခင်မင်တို့ကို အန်ကယ်လ်က သူ့ဖာသာပြောမယ်ဆိုလို့ ကျွန်တော် မပြောတာပါ...'

'သီဟာန့်မေမေ သဘောကောင်းသလား...'

ခင်မင်မေးတော့ သီဟာန်ရယ်တယ်...

ဝန်ခံပါရစေ မောင်...။

မင်းဟာရယ်မောလိုက်ရင် ပိုပြီးနုပျိုချင်စရာကောင်းတယ်...။ မင်းရယ်နေတာကိုပဲ မြင်ချင်တဲ့ ခင်မင်ပါကွယ်... သည့်အတွက် ခင်မင့်နှလုံးသားကို သေချာသိမ်းဆည်းပေးထားပါ့မယ်...။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်အမေကိုယ်တော့ သဘောကောင်းတယ်ပဲ ပြောမှာပေါ့ ခင်မင်ရဲ့... မေမေက လူငယ်တွေအပေါ်မှာ နားလည်မှုရှိပါတယ်...'

'နားလည်မှုရှိလို့ပဲ သီဟန်အိမ်က ထွက်ပြေးလာတာလား...' နားလည်မှုရှိလို့ သီဟန့်ကို မိန်းမပေးစားပြီး နိုင်ငံခြား ထွက်နိုင်းတာလား...'

'ဒါကတော့ ခင်မင်ရယ်... မိဘဆိုတာ သားသမီးဘဝ ပြည့်စုံကောင်းစား တင့်တယ်သွားစေချင်တဲ့ ဆန္ဒရှိတာကိုး... အခုတော့ နားလည်သွားပါပြီ... မောင့်အကြောင်း မေမေသိတယ်— ဆောရီးကွာ... ကျွန်တော်က ခင်မင့်ကိုချစ်တယ် မဟုတ်လား— ခင်မင့်နဲ့မောင်လို့ခေါ်တဲ့ ခေါ်သံကိုကြားချင်တာ...'

'သီဟန်... အဓိပ္ပါယ်မရှိတာတွေ လာမပြောပါနဲ့— သီဟန့်ကို ခင်မင်မချစ်ဘူးလို့ ပြောပြီးပြီပဲ...'

'ကျွန်တော့်မှာ အပြစ်မရှိပါဘူး...'

'အပြစ်... အပြစ်မရှိပါဘူး... အချစ်မရှိတာ...'

'အချစ်မရှိတာ... ဟုတ်ပါပြီ... ကျွန်တော်ယုံပါတော့မယ်... ခင်မင့်ကို ကျွန်တော်သိပ်ချစ်ပါတယ် တခါတခါတော့ အချစ်ဆိုတာ မေတ္တာတရားနဲ့ ကွာခြားမှာပါ... မေတ္တာကတော့





အသွားအပြန်ရှိမှာပါလေ... အချစ်ကတော့ အသွားအပြန် မရှိဘူး ပြောရမှာပေါ့... အချစ်ကို ကျွန်တော်တွေ့တဲ့အချိန်မှာ... ခင်မင့်အပေါ်မှာ မြတ်နိုးတန်ဖိုးထားစွာ ချစ်ရတာပါ...'

'သီဟန့်ကို မတုံ့ပြန်နိုင်တဲ့အတွက် ခင်မင်စိတ်မကောင်းပါဘူး... ဘေးဖယ်နေလေ... ရေတွေစင်မယ်...'

'ဆပ်ပြာရည်ကူဆေးပေးမယ်...'

'ဟင့်အင်း... သီဟန်သွားပါတော့... ခင်မင်တစ်ယောက်ထဲ လျှော်ပါရစေ...'

အနားမှာ မောင်ရှိနေတာဟာ ပီတိပါပဲ...

ဒါပေမဲ့... မဖြစ်နိုင်မှန်းသိနေတဲ့ အခြေအနေတစ်ခုမှာ.. ဝေးရမည့်အတူ...။

'ကျွန်တော့်ကို နှင်နေပြီလား...'

'အဝတ်လျှော်တဲ့နေရာမှာ အလကားလာထိုင်နေတယ်...'

'အလကား... ခင်မင့်အတွက်ကတော့ အလကားပေါ့... အဓိပ္ပါယ်မဲ့ပေါ့... အကျိုးမရှိပေါ့... ကျွန်တော့်အတွက်ကတော့ ကျွန်တော့်ချစ်သူအနားမှာ နေရရင်... အချိန်တိုင်း နေရာတိုင်းဟာ အဓိပ္ပါယ်ရှိနေတာပါ...'

ရန် ပိုင် ဦး စာ စပေ

www.burmeseclassic.com

www.burmeseclassic.com



'သီဟာန် သွားပါတော့...'

'အရမ်းနှင်မနေပါနဲ့... သွားပါ့မယ်...'

မောင်...

နှင်နေသူရဲ့ နှလုံးသားမှဖိတ်ခေါ်သံကို မောင်မှ မကြားနိုင်ပဲလေ...။

ဘယ်သောအခါမှလည်း ကြားနိုင်တော့မှာ မဟုတ်ပါဘူး...။

မောင်မရှိတော့တဲ့ အခါကြတော့လည်း... အနားမှာ အရာအားလုံး ပျောက်ကွယ်ဆုံးရှုံးကုန်ကြပြန်ပါတယ်...။ ဒါပဲပေါ့လေ... ရင်ထဲက ဖြစ်ချင်တာတွေကို သိုဝှက်မြှုပ်နှံထားနိုင်မှပေါ့...။

မျက်ရည်တွေ ပေါလွန်းတဲ့ ခင်မင့်အဖို့ နောက်ထပ်မျက်ရည်ထွက်ရလို့လည်း အကြောင်းမဟုတ်တော့ပါဘူး...။

မောင့်ချစ်သူ ခင်မင့်အနားမှာနေရရင်... အချိန်တိုင်း နေရာတိုင်းဟာ အဓိပ္ပါယ်ရှိသတဲ့လား...။

ထပ်တူညီမျှသော ခံစားချက်ရှိပါတယ်...

ခင်မင့်ရင်ထဲမှာလည်း... သည်လိုပါပဲ...။

မောင့်အနားမှာ ရှိမယ်ဆိုရင်...





သိုပ်ကို အဓိပ္ပါယ်ရှိနေတဲ့ ပြည့်စုံသာယာသော အချိန်တွေပါပဲလေ...။

+ + + + +

'သမီးအငယ်ဆုံးက ထားငယ်... အလတ်က မို... သားလေးက ညီညီ... သားကြီးကတော့ သူ့အိမ်ထောင်နဲ့ မြို့ထဲမှာနေတယ်ကွယ်... ဒါကတော့ သည်အိမ်မှာ သူ့လက်သူ့ခြေ အားလုံးတာဝန်ယူနေရတဲ့ သမီးအကြီးဆုံး ခင်မင်...'

'ခင်မင်...'

ဒေါ်လွင်လွင့်ဆီမှ ပထမဦးဆုံး ခင်မင့်နာမည် ခေါ်သံကို ကြားရခြင်းပါ...။ ဒေါ်လွင်လွင်က ကျက်သရေရှိရှိ အရွယ်နှင့်လိုက်ဖက်ညီစွာ လှနေရရှာလှပတဲ့ သူတစ်ယောက်ပါပဲ...။ ဒါကြောင့်လည်း ဖေဖေ ချစ်ခင်နှစ်သက်သွားသည် ထင်ပါရဲ့...။

'အစ်ကိုကြီး သမီးသုံးယောက်က တစ်ယောက်တစ်မျိုးလှကြတာပဲ...'

'ထားငယ်ကပိုလှတာ မဟုတ်ဘူးလား အန်တီငယ်ရဲ့...'



www.burmeseclassic.com

www.burmeseclassic.com



'အမှန်အတိုင်း ဝန်ခံရရင်တော့ မီ့က အလှဆုံးပဲ... အစ်ကိုကြီးရေ လွင်ကတော့... မီ့အလှဆုံးပဲထင်တယ်... ကိုယ့်ဖက်ကိုယ် ယက်နေပြီထင်ပါရဲ့...'

မီ့အပြုံး...။

အင်မတန်လှပတဲ့ အပြုံးတပွင့်ပါ...။

ခင်မွင်မလှဘူးဆိုတာ သိပါတယ်...။

ခင်မင်မလှတာကို လှတယ်ပြောလို့လဲ ဝမ်းသာအားရဖြစ်စရာမရှိပါဘူး...။ ဒါပေမဲ့ ကိုယ့်ဖက်ကိုယ်ယက်တယ်ဆိုတဲ့ စကားလေးအရတော့ ကြေကွဲသလိုခံစားရလား...။ ဖေဖေနှင့် ဒေါ်လွင်လွင်တို့က မီ့နှင့်သဘောတူထားကြတယ်ဆိုတာ ခင်မင်မသိတာမှ မဟုတ်တာပဲ...။

'ဟုတ်လားသား... မေမေ့အမြင်နဲ့ သားအမြင်တူ မတူပြောပါဦး... မီ့ အလှဆုံးမဟုတ်လား...'

အဲ့ဒါဖွယ်ရာပဲ...

အင်မတန် ဝမ်းနည်းအားငယ်တတ်တဲ့ ကြောက်ရွံ့ရှိုးထိတ်တတ်သော ခင်မင်ဟာ ခုချိန်မှာတော့ မောင့်မျက်ဝန်းတွေကို စေ့စေ့ကြည့်နေရဲပါရောလား...။

ခင်မင်ရဲ့ တစူးတစိုက်အကြည့်တို့ မောင်သိနေသ





လား...။

မောင့်အပြုံးကို ခင်မင် အဖြေရှာကြည့်နေမိပါတယ်...။

မောင် ပြုံးနေပေမဲ့ မဖြေဘူး....။

'ဆိတ်ဆိတ်နေတာ ဝန်ခံတာမဟုတ်လား သား...'

မောင်ရယ်...

တကယ်တော့ မောင့်မှာ... လူကြီးတွေရဲ့ဆန္ဒကို ငြင်းဆန်နိုင်တဲ့ ခွန်အားမရှိဘူးဆိုတာ... ခင်မင် သိနေပါတယ်...။

'မောင့်ကို ခင်မင်သိပ်ချစ်တယ်...' အဲလိုပြောလိုက်ရင်... မောင်ဟာ ခင်မင့်ရှေ့မှာ မားမားမတ်မတ် ရပ်ပေးရတော့မယ်... သည်တခါ မောင်စိတ်မောရတော့မှာပေါ့...။ အခုတော့ ခင်မင့်ကို ငဲ့ကြည့်စရာမလိုဘူးပေါ့...။ သည့်အတွက် မောင်စိတ်ပင်ပန်းသက်သာရတာပေါ့...။

'ခင်မင်ရေ... လာဦး... မစိန်ကို ဟင်းအိုးလာကြည့်ပေးဦး...'

ကျေးဇူးတင်ပါတယ် မစိန်...

ခင်မင့်ရင်ထဲက နလုံးသားခံစားမှုတွေ ခင်မင့်အားငယ်ကြေကွဲစိတ်တွေ ဒါတွေကို နားလည်ပေးနိုင်သူဟာ မစိန် တစ်ယောက်ထဲပါပဲ...။



www.burmeseclassic.com

www.burmeseclassic.com



'ခင်မင်...'

'ဟင်...'

'သည် သီးစုံဟင်းအိုးလေး ပြင်ပေးစမ်းပါဟာ...'

'ဟုတ်ကဲ့...'

'ဒေါ်လွင်လွင်ဟာလည်း အိမ်ရှင်မသာပြောတာ မီးဖိုထဲကို စိတ်ဝင်စားမဲ့ မိန်းမတစ်ယောက်တော့ ဟုတ်ပုံမရဘူး... နောက်ဆုံး ငါတို့နှစ်ယောက် နေရာကတော့ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး... ချက် ချက် တော်ကြာ ဆာပြီဆိုမှ မကျက်သေးရင် မျက်နှာမရ ခြေထောက်ရဆိုသလို ဖြစ်မယ်...'

အိမ်ရှေ့ဆီမှ တချက်တချက် ရယ်သံတွေကြားရတယ်...။ ဧည့်ခန်းထဲမှာ ခင်မင်မရှိလေတော့ မောင်လည်း စိတ်ကျဉ်းကြပ်သက်သာသွားပါလိမ့်မယ်...။ သီးစုံဟင်းအိုးထဲ မျက်ရည်တွေ ပါမသွားအောင်တော့ ဂရုစိုက်ရပါမည်...။

'ကြက်သွန်တွေ သိပ်မွှန်တယ်... မျက်ရည်ကို ထွက်ရောပဲ...'

မစိန် တမင်ပြောမှန်းသိသားပဲ...။

'နင်ကတော့ တကဲ့ အငိုမင်းသမီးပဲ ခင်မင်...'

'ခင်မင် ဝမ်းနည်းတာကိုး... တခါတခါ ရင်ထဲမှာ ဆို့နင့်





ကြလိမ့်မယ်... အသက်ရှူလို့တောင် မရဘူး...'

'အေး အဲလိုမျိုးကြပ်ကြပ်ဖြစ်ဖြစ်... ကြာရင် နှလုံးရောဂါ ဖြစ်မယ်... နင့်မှာ ဆေးကုပေးမဲ့ ဆရာဝန်ရှိတာမဟုတ်ဘူး... ခင်မင်ရယ်... ဘယ်သူကမှ ကိုယ့်စိတ်ကို ကိုယ် တခြားသူလာ ဖြေသိမ့်ပေးလို့ မရဘူး... ကိုယ့်စိတ်ကိုယ် ဖြေရတယ်... အမြဲတမ်း ဝမ်းနည်းစရာ ကြေကွဲစရာ... စိတ်ဆင်းရဲစရာပဲ တွေးနေတဲ့နောက်တော့ ဒါတွေနဲ့ပဲ လုံးလည်ပတ်ချာလိုက်နေတော့မှာပေါ့...'

'ခင်မင်လေ... အဲသည့်အတွေးတွေ များတဲ့အခါ ရင်ထဲက အောင့်လာတယ်...'

'နင်တကဲ့ကို နှလုံးရောဂါဖြစ်မယ်...'

'ဖြစ်တော့လဲ သေပေါ့... ခင်မင်မရှိရင် သည်အိမ်မှာ ဘာမှမဖြစ်ပါဘူး...'

'နင်အဓိပ္ပါယ်မဲ့တွေ လာပြောမနေနဲ့... နင်ရဲ့ပျော့ညံ့မှုတွေမှာ အဲသည့်ပျော့ညံ့မှုဟာ အမှားယွင်းဆုံးပဲ...'

ခင်မင့်ဘဝမှာ ဘယ်တုန်းကမှ ပျော်ရွှင်ခဲ့တယ် မရှိပါဘူး...။ မောင်နှင့်တွေ့ရတဲ့ အချိန်မှာတော့... ခင်မင့်အတွက် ချစ်ခြင်းကြောင့် ကြည်နူးသာယာပျော်ရွှင်မှုလေးတွေ ရခဲ့ချိန်ကလေးမှ လွဲလို့ပေါ့...။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လဲ ခင်မင်ရနဲ့တာ ကြေကွဲမှုတွေပါပဲ မောင်...။

+ + + + +

အိပ်ရာမှနိုးလာတော့ မီးရောင်လုံးဝမရှိတဲ့ မီးဖိုကိုမြင်တဲ့ အခါ စိတ်မကောင်းဖြစ်ရတယ်...။ အခါများစွာ ခင်မင်ပင်ပန်းမှာ စိုးလို့ဆိုပြီး မောင် ရေနွေးကြိုပေးထားတတ်တာပဲ...။

အင်းလေ...

ဒါတွေဟာ တခဏတာအချိန်တွေပါ...

အဲသည့် တခဏတာကလေးတွေကို သတိရစိတ်နဲ့ ကြေကွဲရရင် ခင်မင် မျက်ရည်ကျရယ်ကလွဲပြီး ဘာမှဖြစ်လာမှာမှ မဟုတ်တာပဲ...။

ရေနွေးအိုးတည်လိုက်တယ်...

မျက်နှာသစ်နေခိုက် ခြေသံကြောင့် လှည့်မကြည့်သေးဘဲ ငြိမ်နေမိတယ်...

မောင်များလား...





'ခင်မင်...'

'သြော်...'

ဒေါ်လွင်လွင်ပါလား...။

အိမ်ယာနိုးတာ စောသားပဲ...။

သည်းခေချိန် နိုးတဲ့လူဆိုတာ သည်အိမ်မှာ ရှားပါးပါဘိနဲ့...။

'အန်တီလွင် ဘာလိုချင်လို့ပါလဲ... ကော်ဖီသောက်ချင်ရင်တော့ ခဏဆိုရပါပြီ... ရေနွေးပူပူရတော့ ဖျော်ပေးပါ့မယ်...'

'အန်တီက ကော်ဖီသိပ်မကြိုက်ပါဘူး... ဒါပေမဲ့ အစာ အိမ်ရောဂါရှိတော့ အစာခံလို့လဲ မရဘူးလေ... ရေနွေးဆူရင်တော့ အိုဗာတင်းဖြစ်ဖြစ် ဟောလစ်ဖြစ်ဖြစ်... တခွက်လိုချင်တယ် ခင်မင်...'

'ရေနွေးဆူတာနဲ့ ရမှာပါ... အန်တီဧည့်ခန်းမှာ စောင့်ပါလား... ခင်မင် ဖျော်ပြီးလာပို့ပေးပါ့မယ်...'

'သည်မှာပဲ စောင့်ပါ့မယ်ခင်မင်...'

အန်တီလွင်က ထမင်းစားပွဲမှာပဲ ထိုင်နေပါတယ်...။ ခင်မင် မျက်နှာသုတ် သနပ်ခါးပါးပါးလေး ကမန်းကတန်းလူးပြီး မီးဖိုထဲပြန်ရောက်ချိန်မှာ ရေနွေးဆူနေပါပြီ...။ ဟောလစ်တခွက်



www.burmeseclassic.com

www.burmeseclassic.com



ဖျော်ပေးပါတယ်...။

'ကိတ်မုန့်စားပါလား အန်တီလွင်...'

'စားတာပေါ့... ထားပါ... အန်တီလွင်ဟာသာ လိုးနိုင်ပါတယ်...'

အန်တီလွင် မုန့်စားဟောလစ်သောက်နေချိန်မှာ အခန်းထဲကို မောင်ဝင်လာပါတယ်...

ဖျတ်ခနဲ ချစ်သူကိုမြင်ယုံနှင့်...

ခင်မင့်ရင်ထဲ ဆတ်ဆတ်တုန်ခါသွားပါတယ်...။

သိပ်ချစ်တာပဲ မောင်ရယ်...

မောင်နှင့်အတူသာ ဘဝတသက်လုံး ရှိနေရမည်ဆို ခင်မင့်ဘဝ ဘယ်လောက်ပျော်ရွှင်ချမ်းမြေ့ ကြည်နူးရလေမလည်း...။ အခုတော့ ချစ်သူကို သိပ်ချစ်လျှက် ဝေးရမည့်အဖြစ်...။

'သီဟာန်.. ကော်ဖီသောက်ပါလား...'

'သောက်တာပေါ့ ခင်မင်... ရေချပ်ဦးမယ်...'

'မဟုတ်တာ... ခင်မင်အခုပဲ ခပ်မလို့... သီဟာန့်ဖာသာ ကော်ဖီသောက် မုန့်စားပါ...'

မောင် ရေချပ်နေမှာ စိုးရိမ်လို့ အမြန်ဆုံးရေပြေးခပ်ရတယ်...။ ခုလောက်ဆို မစိန်နီးလာရောပေါ့... ထမင်းဟင်း





ချက်ဖို့ လုပ်နေတော့မှာပါ...။

'ခင်မင် ကျွန်တော်ခပ်ပေးမယ်...'

'နေပါစေ... နေပါစေ...'

ခေါင်းခါရင်း အတင်းငြင်းမိတယ်...

ခင်မင့်လက်ထဲမှ ရေပုံးကို မောင်လှမ်းကိုင်တယ်...။ ခင်မင် အတင်းဆွဲယူပြီး မောင့်ကို ရှောင်လိုက်တယ်လေ...။

တော်ပါတော့...

ခင်မင်တို့ နှစ်ယောက်ကြားမှာ...

ငွေညာမှု စာနာမှု ဘာမှမရှိကြတာ အကောင်းဆုံးပေါ့...။

ဝေးသွားချိန်မှာ အဲသည်ငွေညာမှုအတွက် ခင်မင် သတိရလွမ်းဆွတ်မနေချင်တော့ပါဘူး...။

'အဲလောက်လည်း ငြင်းမနေပါနဲ့ခင်မင်... မလုပ်စေချင်ရင် မလုပ်ပါဘူး... ခင်မင် သိပ်စိမ်းတယ်... ခင်မင်အဲလိုပြုမူတိုင်း ရင်ထဲနင့်နေအောင် ခံစားရတယ်...'

'ဘာမှမပြောပါနဲ့... ဘာမှမပြောပါနဲ့... ခင်မင် မကြားချင်ဘူး...'

မောင်...

ခင်မင့်အနားမှာ မနေပါနဲ့...။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင့်စိတ်ရဲ့ ပြင်းထန်စွာ ကြေကွဲမှုကို မခံစားနိုင်လို့ပါ...။

ခင်မင့်ရဲ့တုန်ရင်သော သံစဉ်တွေကြောင့်လား...။ မောင် လှည့်ထွက်သွားပါပြီ...။

'ခင်မင်... ရေတွင်းနက်သလား...'

ရုတ်တရက်ကြားရတဲ့ ဒေါ်လွင်လွင့်အသံကြောင့် ခင်မင် လန့်သွားတယ်...။ ပါးပြင်ပေါ်က မျက်ရည်စတွေ မမြင်စေချင် သလို ရှိုက်သံလွှမ်းသော ခင်မင်အသံကို မကြားစေချင်တာမို့ ခေါင်းတွင်တွင်ငုံ့ပြီး ခါယမ်းပြမိပါတယ်...။

'သည်လောက် ရေစည်အများကြီးကို လက်နဲ့ငင်ရတာ ဘယ်လွယ်ပါ့မလည်း... ရေစုတ်တဲ့ မော်တာတပ်ရင် မကောင်း ဘူးလား... ရေငင်တာ ခင်မင်ပဲ ငင်ရသလား...'

'မစိန်လဲ ကူပါတယ်...'

'တစ်ယောက်တလဲပေါ့နော်...'

'မစိန်နဲ့ခင်မင် ကြုံတဲ့လူ ခပ်ပါတယ်အန်တီလွင်... အန်တီလွင် ချော်မယ်နော်... အဲသည့်ကျောက်ပြားမှာ ရေညှိနဲ့ တင်နေပြီ သည်ဘက်တိုးပါလား ခင်မင်တိုက်မလို့ပါ...'

ရေညှိတွေကို အုပ်ခဲခွန်းတစ်ခု ယူတိုက်နေလိုက်





တယ်...။

ခင်မင့်ပါးပေါ်က မျက်ရည်စတွေ အန်တီလွင် တွေ့မ သွားဘူး ထင်ပါရဲ့။

'အိမ်မှာလဲ သားကြီးနဲ့သားငယ်ဆို သားကြီးက အန်တီ လွင့်ကို ကူတယ် သားငယ်ကတော့ ပျော်သလိုပါပဲ'

'အန်တီလွင်မှာ သားနှစ်ယောက်တောင်ရှိတာလား...'

'ဟုတ်တယ်.... ခင်မင်... လုံချည်ရေစိုနေတယ်... လဲ ထားဦး အအေးမိမယ်... အန်တီလွင် ခြံစပ်ထိ လျှောက်ကြည့် ဦးမယ်...'

'ခင်မင် လိုက်ခဲ့ပေးရမလားဟင်'

'ခင်မင်အလုပ်ပျက်ပါတယ် နေခဲ့ပါ... သားကိုခေါ်သွား ပါမယ်...'

စိမ်းဖန့်နေတဲ့ ရေညှိတွေကို ပွတ်တိုက်နေမိတယ်။

လွင့်ပျံနေသော စိတ်ဟာ ရေညှိတွေကို မမြင်နိုင်သလို ပါဘဲလား။

ဝေးကွာသွားရင်လည်း ခင်မင့်စိတ်တွေ ထိခိုက်ခံစား နေရသီးမှာပါ မောင်ရယ်...။ ထွက်ခွာသူနဲ့ ကျန်ရစ်သူ... ခံစား ချက်ခြင်းလည်း တူညီမည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့လည်း မောင် မေ့သွားနိုင်မှာပေါ့လေ။

+ + + + +

'မလေး... ထမင်းတစ်ခါထဲ ဝင်စားပါလား...'

မောင်လေးကို ခေါင်းခါပြလိုက်ပါတယ် ဖေဖေကလည်း သမီးကြီးပါ တစ်ခါထဲ ဝင်စားမှပေါ့တဲ့ သမီးသိပ်မဆာသေးလို့ပါ ဖေဖေတို့ စားကြပါလို့ပဲ ပြောလိုက်တယ်။ မောင့်ဘေးမှာ မှိုထိုင်နေတယ်။

မှို

မောင်က ငါးဟင်းဆို အရိုးကောင်းကောင်းမနွှင်တတ်ဘူးလို့ ပြောထားတယ်

နင့်မှာ ပြုစုပိုင်ခွင့်ရှိတယ်

နင် နွှင်ပေးပါလား။

မောင့် ချောင်းဟန့်သံကြားရတယ်

'ဘာလို့လဲ သား...'

မောင် အပြင်ထွက်သွားပြီ။





ပြီးတော့ ချောင်းဟန့်ပြီး တွေးထုတ်နေတယ် ခင်မင် စိုးရိမ်တဲ့အတိုင်း အရိုးစူးပြီ ထင်ပါရဲ့။ ရေတစ်ခွက်၊ ထမင်းဖြူလေးတစ်ခဲယူပြီး မောင်ရှိရာ အမြန်လာခဲ့ရတယ်။

'သီဟန်... အရိုးစူးသလား...'

မောင် ခေါင်းညိတ်ပြတယ်

ဒုက္ခပါပဲ။

ဒါကြောင့် ငါးဟင်းမချက်ချင်တာ။ မစိန်ပြင်ထားပြီးသားရယ်...။ ဖေဖေက ငါးဟင်းကြိုက်တာရယ်ကြောင့် မပြောတာ။

မောင့်အတွက် ဘဲဥပဲဖြစ်ဖြစ်... တစ်ခြားဟင်းဖြစ်ဖြစ် ခင်မင် စီစဉ်ရမှာ...။

'သီဟန် သည်ထမင်းခဲလေးကို မဝါးဘဲ မြိုချလိုက်... ပြီးတော့မှ ရေကို ဖြည်းဖြည်းမျှော်ချရော့...'

မောင်မျက်ရည်တွေတောင် ဝဲနေပြီ။ ခင်မင် စိတ်မကောင်းလိုက်တာ

မှိုရယ်

မောင့်အနားထိုင်နေရပါလျှက် ငါးရိုးလေးတော့ နွှင်ပေးမှပေါ့။ ခင်မင်က မောင့်ကို ပြုစုပိုင်ခွင့် မရှိသူပါ...။



www.burmeseclassic.com

www.burmeseclassic.com



'ရပြီ.. ခင်မင် ရပါပြီ..'

'တော်ပါသေးရဲ့ မောလိုက်တာ...'

'ရပြီ ခင်မင်'

ဟင်

အန်တီလွင် အနားမှာရှိနေတာပါလား

ဘုရား...။

ဘုရား..။

မျက်ဝန်းတွေကို ပိတ်ထားချိန်မဟုတ်လေတော့ အဲသည့် ပြတင်းတံခါးကတစ်ဆင့် ခင်မင့်ရင်ထဲ မြင်သွားခဲ့ရင်

သီဟန်ဆိုတဲ့ မောင်ဟာ မို့ခင်ပွန်းလောင်းလေ။ ကြေကွဲစွာ ချက်ခြင်းလှည့်ထွက်ခဲ့တယ်။ ပြီးတော့မှ ရေခဲသေတ္တာထဲက ဝက်အူချောင်းနဲ့ဘဲဥယူပြီး ကြော်ပေးဖို့ပြင်ရတာ။

'ခင်မင်... နေပါစေ... ပင်ပန်းတယ် ဘာမှထပ်လုပ်မနေနဲ့...'

'ရတယ် သီဟန်... ခဏလေး စောင့်စားပါ...'

'မလေးကလဲလေ... ကိုသီဟန် ငါးဟင်းမစားတတ်တာ သိရင်လည်း အစကတည်းက ကြော်ပါလား... ခုမှဆိုတော့ စောင့်စားနေရမှာပေါ့...'





'မို့... နင်စေတနာများနေရင် နင်ထကြော်ပါလား ခင်မင်က တစ်အိမ်လုံးအတွက် စဉ်းစားရတာ...'

မစိန်ကို မို့ မျက်စောင်းထိုးလောက်ရောပေါ့။ မစိန်ဟာ များသောအားဖြင့် မို့တို့ ထားယ်တို့ကို ဘာမှပြောလေ့မရှိပေမဲ့... ပြောခဲ့ရင်လည်း သူတို့မစိန်ကို ပြန်မပြောရဲပါဘူး..။

'ဖြည်းဖြည်းကြော်ပါ ခင်မင်... ခင်မင်တို့ မစိန်တို့နဲ့မှ ကျွန်တော် နောက်တစ်ခါ ထပ်စားတော့မယ်...'

မိသားစုအားလုံးစားပြီးကြတော့မှ မစိန်နှင့် ခင်မင် အတူစားတာ မောင်သိနေပြီးသားကိုး။ ခင်မင်တို့နှင့်အတူကြမှ ဝင်စားပြန်တယ်။ အားလုံးကတော့ စားပြီးသွားလို့ အိမ်ရှေ့ဧည့်ခန်းဆီသွားကုန်ကြပြီပေါ့။

'သီဟန်... မင်းပြန်တော့မှာဆို...'

မစိန်

မောင်ပြန်တော့မည်ဆိုတာ သိနေတာပဲ

ထပ်ခါတစ်လဲ မမေးပါနဲ့

သိသာသိစေ မကြားစေလိုတာ ခင်မင့်စိတ်ခံစားမှုပါပဲ။

'ပြန်မှာပါ မစိန်ရဲ့ မစိန်က သိပ်ကို ပြန်စေချင်နေပြီလား...'



www.burmeseclassic.com

www.burmeseclassic.com



'အကောင်းမေးတာပါဟဲ့...'

'လကုန်ပြန်မယ်'

ဘာမှမဝေးတော့ပါလား။ ဆယ်ရက်ကျော်ယုံလေးလို တော့တယ်။ ခင်မင်မျက်လွှာချထားတယ်။

'အရိုးနှင်မေးရမလား...'

မောင်က ခင်မင့်ပန်းကန်ထဲ ငါးဟင်းခပ်ထည့်ပေးရင်း မေးတယ်လေ။ မစိန် လုစ်ခနဲ ပြုံးတာမြင်ရတာပေါ့။ ခင်မင်က နေပါစေ ခင်မင်စားတတ်ပါတယ်ဆိုတော့။

'ကျွန်တော် ငါးဟင်းသိပ်ကြိုက်တာ... အရိုးမနှင်တတ် ဘူး... ခင်မင် နှင်ပေးမလား...'

'ရှင်...'

'ပင်ပန်းလဲ ရပါတယ်.. မစားတော့ပါဘူး...'

မောင်ရယ်

မောင်သိပ်ကြိုက်တယ်ဆိုတဲ့ဟင်းကို စားစေချင်တဲ့ စိတ် ခင်မင့်မှာ ရှိပါတယ်။ ဒါကြောင့် မစိန်ရဲ့ သိဟန့်ကို ရှောင်ပါ ဆိုတဲ့ စကားအထပ်ထပ်ကြားမှနေ အလိုလိုက်မိပြန်တာပေါ့။

'ငါတော့ စားပြီးပြီ... ငှက်ပျောသီးသွားယူဦးမယ်...'

မစိန်လဲမရှိရော။





'ခင်မင် ခွံကျွေးပါလား...'

'အို... သိဟန်...'

မောင်ရယ်နေတယ်။ ချစ်သူ့ရယ်သံသည် နားစည်တွင် ငြိမ့်ညောင်းသာယာစွာ ရိုက်ခတ်၍ ရင်ခုန်သံကို တသိမ့်သိမ့် လှုပ်ရှားစေပါလားကွယ်။

+ + + + +

'ဒေါ်လွင်လွင်က မဆိုးပါဘူး... သူ့အဝတ်သူ လျှော် တယ်ဆိုတာ မဆိုးဘူး ပြောရမယ်...'

'မကောင်းပါဘူး မစိန်ရယ်... ဖေဖေ့အဝတ်တောင် ခင်မင် လျှော်ပေးနေတာ... သူလည်း ဖေဖေ့ဇနီးဆိုတော့ အမေ လို့ ပြောရင်ရပါတယ်... ခင်မင်လျှော်ပေးမယ်လို့ ပြောမှာပါ..'

'မို လျှော်ပါစေ မိုက အမေနှစ်ထပ်ကွမ်းလေ... သူ့ ယောက္ခမပဲ သူလျှော်ပေါ့... နင်က သူ့သားကိုရမှာ မဟုတ်ဘူး လျှော်ပေးမနေနဲ့...'

'မစိန်ကလဲလေ...'



www.burmeseclassic.com

သိနေပြီးသား ကိစ္စဆိုပေမဲ့

မကြားချင်လို့။

ခဏခဏမပြောပါနဲ့ မစိန်။ ဒါကြောင့် အဝတ်ညစ်တွေကို ရေတွင်းဘေး ပုံချထားခဲ့တယ်။ အိမ်ဆီပြန်လာခဲ့တယ်။ မှီနှင့် မောင်လက်ထပ်ပြီးလျှင်တော့ မှီ့စိတ်ကြိုက် ဘယ်လိုပဲ စီစဉ်စီစဉ် ခုနေတော့ ခင်မင့် တာဝန်ပါပဲ။

'အန်တီလွင်...'

'ဘာလဲ ခင်မင်... ပြောလေ...'

'အန်တီလွင့် အဝတ်ညစ်တွေ ဖေဖေနဲ့အတူ အဝတ်ညစ်ခြင်းထဲ ထည့်ထားပါ... ဖေဖေ့အဝတ်တွေလဲ ခင်မင်လျှော်နေတာပါ လျှော်ပေးနိုင်ပါတယ်...'

'ရပါတယ် ခင်မင်ရယ်... အန်တီလွင့် အကျီလုံချည် ဘယ်နှစ်ထည်မှရှိတာမှ မဟုတ်တာ တစ်နေ့ဝတ် တစ်နေ့လျှော်ပဲဟာ...'

'ခင်မင့်ကို အားနာစရာမလိုပါဘူး...'

'ရပါတယ် ခင်မင်... ခင်မင် လျှော်စရာမလိုပါဘူး... မှီ့ကိုလျှော်ခိုင်းမယ်လေ...'

'မှီ့ကို လျှော်ခိုင်းမယ်... ဟုတ်လား...'





ဒုက္ခပဲ။

အန်တီလွင်က သူ့အဝတ်တွေကို မှီ့လျှော်ခိုင်းမတဲ့။ မှီက လျှော်ချင်ပါ့မလား။ သူ့အဝတ်တွေတောင် တစ်ခါတစ်ခါ ခင်မင်လျှော်တဲ့အထဲ ခိုးဝှက်ထည့်ပေးတတ်တာ။ အန်တီလွင့် အဝတ်လျှော်မလား။

'မှီက... မှီက... လျှော်ပေးမယ်လို့ ပြောသလားဟင် ... အန်တီလွင်'

'လျှော်ပေးမှာပေါ့... ခင်မင်ရဲ့... ဘာဖြစ်လို့လဲ...'

'ဘာမှမဖြစ်ပါဘူး...'

ဒါကြောင့်မို့ အန်တီလွင်ပြောတဲ့စကားကို မစိန်ကို ပြန်ပြောပြမိတာပေါ့။ မစိန်ရယ်တယ်လေ။ ကောင်းတယ် အရမ်းကောင်းတယ် လျှော်ခိုင်းပါစေ မရွှေမှီတို့ ယောကျ်ားရရင် ယောကျ်ားအဝတ်လဲ လျှော်ရမယ်.. ယောက္ခမအဝတ်တော့ ခုထဲကလျှော်ပေတော့... အဖေ့အဝတ်တောင် မလျှော်ချင်တဲ့ မိန်းမတော့ ကောင်းတယ်တဲ့။

'အန်တီလွင်ကလဲလေ... ခင်မင် လျှော်ပေးပါ့မယ်ဆို ဘယ်လိုဖြစ်ပြီး မှီ့ကိုပဲ လျှော်စေချင်နေရတာလဲ...'

'သားပေးရမဲ့သူဆိုတော့... ချွေးမလျှော်တာပဲ လိုချင်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့...'

ရင်ထဲ မကောင်းဘူး။

မောင့်ကို ခင်မင်နှင့် သဘောမတူကြဘူး။

ဒါပေါ့လေ...

ခင်မင့်ကိုတော့ မို့လို အရည်အချင်းမရှိသူဆိုတာ တွက်ဆကြမှာပဲပေါ့...။

'ခင်မင်.. ခဏ...'

'မသွားနဲ့ ခင်မင်...'

မစိန်ရယ်..။

ခင်မင်ဟာ ပျော့ညံ့သည့်ပဲဆိုဆို...။

မောင့်ကို ချစ်တယ်

မောင်စိတ်ချမ်းသာစေချင်တယ်

ဒါကြောင့် မစိန် မျက်စောင်းထိုးနေတဲ့ကြားမှ ထွက်လာခဲ့ပါတယ်။

ယုဇနပင်ကလေးအောက်မှ ခုံကလေးဆီ အတူလျှောက်ခဲ့ကြတယ်။

'ခင်မင်...'

'ရှင်'





ရှားရှားပါးပါးပွင့်နေတဲ့ ယုဇနတစ်ခက်ကို ချူးပေးပြန်ပါတယ်...။ ယုဇနပန်းတွေ ကြွေကုန်ကျပြီပဲ။ အပင်ပေါ်မှာ မရှိကြပြန်။ မကြာခင် ပြန်ပွင့်လာဦးမှာပါပဲလေ။

'ကျွန်တော် ပြန်ရတော့မှာ'

ခင်မင် သိပါတယ်

ခွေတွခဏဝေးကွာခြင်းပါလို့ ဆိုဆို။ ဘယ်သို့ဝေးကွာရသည်ဖြစ်ဖြစ်။

မောင်နှင့် ဝေးကွာရခြင်းဒဏ်ကိုတော့ ခင်မင် ကောင်းကောင်း ခံစားရမှာပါပဲ။

'ခင်မင်...'

'........'

'ခင်မင်...'

'ပြောပါလား... ဘာလို့သူများနာမည်ကိုပဲ ခဏခဏခေါ်နေရသလား...'

'ခင်မင် သစ္စာဆိုတာ ဘယ်လိုမြင်သလဲ...'

'သစ္စာ'

'ဟုတ်တယ်...'

သစ္စာတဲ့လား မောင်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဆိုတာ တကယ်ချစ်တတ်သူရဲ့ အသက်နှင့်လဲ သင့်လဲပေးနိုင်သော ကတိတစ်ခုပါပဲ။ မောင့်ရင်ထဲမှာရော သစ္စာဆိုတာ ရှိလို့လား။ ခင်မင်ကတော့ မောင့်ကို သိပ်ချစ်တာနှင့် အမျှ... မောင့်အပေါ် အသက်သေဆုံးသည့်တိုင် သစ္စာရှိနေမည့် သူပါလေ။

'ကျွန်တော့်အတွက် ဘဝမှာတစ်ယောက်ပဲ ချစ်ချင်တယ် အဲသည့်တစ်ယောက်ကိုပဲ အသက်သေဆုံးသည့်တိုင် သစ္စာရှိချင်တယ်...'

'ဩော် ဟုတ်လား...'

'တကယ်ပါ ခင်မင် ခင်မင့်ကို ကျွန်တော်ချစ်တယ်..'

ခင်မင့်ကို မောင်ချစ်ရင်လည်း...

ချစ်ယုံသက်သက်သာပဲ နေမှာပါ။

ခင်မင့်အပေါ် သစ္စာတည်ဖို့ ဆိုတာ မောင့်အတွက် လုံးဝ မဖြစ်နိုင်ပါဘူး။

မောင်ချစ်တာ ခင်မင်လို့ဆိုဆို

မောင်လက်ထပ်ရမည့်သူက ခင်မင် မဟုတ်ပါဘူး။

'မဖြစ်နိုင်ပါဘူး... သီဟန့်ကို ခင်မင် ခင်တာပါ... ချစ်သူ လို မချစ်ဘူး...'





ခုချိန်မှာတော့ ချစ်တယ်ဆိုခဲ့ရင် အားလုံးဟာ မျက်နှာ ပျက်စရာတွေ ဖြစ်ရတော့မပေါ့...။ မဖြစ်နိုင်တော့ပါဘူး..။

'ခင်မင်... ခင်မင့်စကားတစ်ခွန်းကိုပဲ ကျွန်တော် လိုချင် ပါတယ်... ခင်မင့်ဆီက ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကိုပဲ လိုချင်တာ... အဲသည့်စကားတစ်ခွန်းကိုရရင်... အားလုံးကို ကျွန်တော်ရင်ဆိုင်မယ်'

မောင့်မျက်ဝန်းတွေထဲက မျှော်လင့်ခြင်းတွေ..။

ခင်မင်ကြေကွဲရပါပြီ။

မောင်ရယ်..။

ခင်မင့်ကို အန်တီလွင်ကလည်း နှစ်သက်နိုင်မှာ မဟုတ် ပါဘူး။ ဖေဖေကိုယ်တိုင် စီစဉ်ထားခဲ့တဲ့ မီနှင့် ကိစ္စ အဆင်မပြေ ရင် ဖေဖေလည်း စိတ်ညစ်ရမှာပေါ့။

ခင်မင့်ကြောင့် လူတော်တော်များများ အနှောက်အ ယှက် ဖြစ်ရတော့မယ်

ပြီးတော့

ခင်မင်အကြောက်ဆုံး စကားတစ်ခွန်းလည်း ရှိပါသေး တယ်

ခင်မင့်လိုလူက ကိုယ့်နေရာကိုယ် မနေတတ်ဘူးလို့များ



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့ရင်

ခင်မင် ကြောက်ပါတယ် **မောင်**

ခင်မင့်ရင်ထဲမှာပဲ မောင့်ကိုချစ်တဲ့ စိတ်ကို တိတ်တိတ်ကလေး သိုဝှက်နေပါရစေလား။

'ခင်မင်... ပြောပါဦး... ကျွန်တော့်ကို ချစ်တယ် မဟုတ်လားဟင်... ကျွန်တော်...'

'ဟင့်အင်း... ဟင့်အင်း...'

'ခင်မင်ရယ်.. ပြောစမ်းပါ... မောင့်ကို ချစ်ရင် သတ္တိတွေ ရှိစမ်းပါ... ဘာလို့ ခင်မင့်ရင်ထဲက တစ်မျိုး... နှုတ်ဖျားတွေကတစ်မျိုး ဖြစ်နေရတာလဲ...'

'မဟုတ်တာတွေ... မဟုတ်တာတွေ မပြောပါနဲ့ သီဟန် ခင်မင့်ရင်ထဲမှာလဲ သည်စကား နှုတ်ဖျားမှာလည်း သည်စကား သီဟန့်ကို မချစ်ဘူး...'

မောင်

ခင်မင့်ကို အဲလိုမျိုး မကြည့်ပါနဲ့... ခင်မင် **ခံစားရလွန်း**လို့ပါ။

မောင့်ကို ချစ်တယ်

မောင့်ကို သိပ်ချစ်ပါတယ်...။

**ရန် မိုင်း ဦး စာ ပေ**



**မောင်**ပြောသလို နှလုံးသားစကားနဲ့ နှုတ်ဖျားစကား **မညီဘူးလို့**ဆိုဆို...။ ခုချိန် ဖွင့်ပြောလို့ကို မဖြစ်နိုင်...။ ဘယ်**တော့မှ**လည်း ချစ်တယ်မောင်လို့ မပြောတော့ပါဘူး။

သိပ်ချစ်တယ်မောင်ဆိုတဲ့ စကားဟာ ခင်မင့်နှလုံးသည်းပွတ်**မှာသာ** သိမ်းဆည်းထားတော့မဲ့ စကားပါ။

'ခင်မင့်ကို **အံ့ဩ**တယ်... မောင့်ကို ခင်မင်**မချစ်ဘူး**ဆိုတာ ယုံရမလို ဖြစ်နေပြီ... ကိုယ့်ချစ်သူကိုချစ်ရင် အလိုလို သတ္တိတွေ **ရှိလာ**ကြတာပါ... ခင်မင့်မှာ သတ္တိမရှိပါဘူး... သည်တော့ **မောင့်ကို** ခင်မင် မချစ်ဘူးဆိုတာ ယုံရတော့**မလို**ပါဘဲ...'

ယုံကြည်လိုက်ပါတော့ မောင်

အဲလိုပဲ မောင် ယုံကြည်လိုက်ပါတော့

မောင့်ကို ဘယ်လို ချစ်ချစ် ဘယ်လောက်**ချစ်ချစ် ဝန်ခံ**ရဲတဲ့**သတ္တိ**တွေမှ ခင်မင့်မှာ မရှိတာဘဲလေ။

+ + + + +

မောင် ပြန်တော့မယ်

**ရန် မိုင်း ဦး စာ ပေ**

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ပြန်မယ်…

ခင်မင့်အတွက်တော့ မချစ်ခင်က ကြိုတင်လွမ်းနှင့်သူပဲ မောင်ရယ်..။

အလွမ်းဟာ ခင်မင့်အဖော်ပါ

အလွမ်းနဲ့ ခင်မင် နေတတ်မှာပါလေ။

အလွမ်းမှာ ပျော်ပိုက်အောင် ကြိုးစားနေရမဲ့သူ မဟုတ်လား။

'ကောင်းပါတယ်… မြန်မြန်ပြန်လဲ ပြန်မှပါပဲ မဟုတ်ရင်… နင်… အသည်းကွဲနေတာမျိုး ငါမမြင်ချင်ဘူး… မိနဲ့ယူရင်လဲ… ရန်ကုန်မှာသွားယူကြ… သည်မှာလာ မပါတ်သက်နဲ့…'

မစိန်

ခင်မင့်အသည်းကွဲနေတာမျိုး မမြင်ချင်ဘူးတဲ့

ခင်မင့်အသည်းကဖြင့်…

သွေးစိမ်းရှင်ရှင်နဲ့…။

ဒါပေမဲ့ ခင်မင် ဟန်ဆောင်နေမှာပါ။ ခင်မင့်ကြေကွဲမှု

ဝမ်းနည်းမှု…

ဒါတွေ ဘယ်သူမှ မမြင်နိုင်အောင် ဂရုစိုက်ပါမယ်…။





ဒါပေမဲ့ အလွန်ကြေကွဲဝမ်းနည်းတတ်သော… ခင်မင့်မျက်ရည်ကိုတော့ ထိန်းမထားပါရစေနဲ့

အရမ်းဝမ်းနည်းတဲ့အခါ

အရမ်းကြေကွဲတဲ့အခါ

အရမ်းလွမ်းတဲ့အခါမှာတော့ ခင်မင် ငိုပါရစေ…။

မောင်ကပြောတယ်လေ ခင်မင်သတ္တိမရှိဘူးတဲ့။ အဲသည်သို့သာ ယုံမှတ်လိုက်ပါတော့ မောင်။

'ခင်မင် ဈေးသွားတောင် နေမြင့်လာမယ်'

'ဟုတ်ကဲ့…'

တကယ်တော့လည်း အလွမ်းတွေထဲ ဘယ်လိုနစ်ပါစေ… ခင်မင့်အတွက် အပေါ်ယံ မလုပ်မဖြစ် အိမ်မှုကိစ္စတွေက အများကြီးပါပဲလေ…။ အလွမ်း အချစ် ဒါတွေဟာ နှလုံးသားထဲ နက်ရှိူင်းစွာ မြှုပ်နှံထားရယုံပေါ့..။ စက်ဘီးကို တွန်းရင်း ခြံဝထိ ထွက်လာခဲ့ပါတယ်။

မိုး

မရွာနဲ့နော်..။

ချစ်သူ အနားမှာမရှိရင် မိုးကိုလည်း မြင်တယ် လေကိုလည်း မြင်တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သာအနားမှာရှိရင် မိုးမမြင်လေမမြင်... ချစ်သူကို သာ မြင်နေတတ်တဲ့ ခင်မင်ပါ...။

'ခင်မင်...'

'ဩော် သီဟန် ဘယ်ကပြန်လာလဲ...'

'ရထားလက်မှတ်သွားယူတာ..'

'ရပြီလား...'

'အင်း...'

'ခင်မင်သွားမယ် ဖယ်ပါဦး...'

စက်ဘီးလက်ကိုင်ကို မောင်ကိုင်ထားတော့ ခင်မင် ဘယ်လိုသွားရမလဲ။

မောင့်ကို မြင်ရင်ကို အနားမှာပဲ နေချင်သူပီပီ ခင်မင့် ခြေလှမ်းတွေ မရွေ့ချင်ရတဲ့ အထဲမှာ မောင်ရယ်...။

'နောက်ဆို မောင်တို့နှစ်ယောက် စက်ဘီးအတူ စီးဖြစ်ဖို့ ရက်တရက် လွယ်မှာမဟုတ်ဘူး... သည်တစ်ခေါက် ခင်မင် နင်းတဲ့ စက်ဘီးကို မောင်လိုက်စီးပါရစေလား... သွားစို့လေ...'

မစိန်မြင်ရင်တော့ ပြောဦးမည်။

ခင်မင်ဟာ... မရနိုင်မှန်းသိပါလျက် လိုချင်တပ်မက် လွန်းနေပြန်တယ်လို့လေ...။





**မောင့်ကိုချစ်တယ်**

မနက်ဖြန်ဆို ဝေးနေကြရမှာပါ

သည်တစ်ချိန်ကလေးတော့...

ခင်မင် ပျော့ညံ့တာဝန်ခံစားပါတယ် ချစ်သူကို ခင်မင် အနားမှာ ရှိနေစေချင်တာ... အပစ်ဆိုလည်း ခင်မင် အပစ်ရှိသူ ပေါ့။

'ခင်မင်...'

'ရှင်...'

'စိတ်မဆိုးပါနဲ့...'

ခင်မင့်ခါးမှနေ သိမ်းကြုံးဖက်လိုက်တာကြောင့် လန့် သွားပြီး စက်ဘီးပင် ယိုင်သွားတယ်လေ။

ရင်ထဲမှာ...။

ပြင်းစွာသော လှုပ်ရှားမှု

ယိမ်းထိုးလှုပ်ခါနေသော နှလုံးသား။

ဟင့်အင်း

ဟင့်အင်းကွယ်...။

ခင်မင် မခံစားနိုင်လွန်းလို့ပါ။ ခင်မင့်ကို ခုလိုမပြုပါနဲ့

ခင်မင့်ကျောပြင်မှာ မောင်မျက်နှာအပ်ထားမှန်းသိသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။

'သီဟန်...'

'စိတ်ဆိုးနိုင်ပါတယ် ခင်မင် မကျေနပ်လို့ ပါးရိုက်လိုက်လဲ မောင် ခံနိုင်ပါတယ်... ခင်မင့်ကို မောင် သိပ်ချစ်တယ်-ထာဝရမပြောနဲ့... ခုလို ခဏလေးခွဲခွာရမှာကိုတောင်... မောင် မခံစားနိုင်ဘူး...'

'သီဟန်... ခုနကလို ပြုမူဦးမှာဆို... သီဟန်ပြန်တော့ ခင်မင်နဲ့ မလိုက်နဲ့တော့...'

မောင့်ရဲ့ ကြေကြေကွဲကွဲ အကြည့်...

မချစ်လို့ မဟုတ်ရပါဘူး။

မောင့်ကို စိတ်ချမ်းသာပျော်ရွှင်စေချင်ပါတယ်။

'ဆောရီး ခင်မင်... ခင်မင် မကြိုက်တာ မောင် လုပ်မိပြီ... မောင်ပြန်မယ်... မောင်ခုထဲက နှုတ်ဆက်ခဲ့တော့မယ်-မနက်ဖြန် နောက်ထပ် ထပ်နှုတ်မဆက်တော့ဘူး..'

မောင် လှည့်ထွက်သွားပြီ

မောင်

မောင်

မောင်





ရင်ထဲက ခေါ်နေမိတယ်

နှုတ်ဖျားတို့ကမူ... တင်းတင်းကြပ်ကြပ်စေ့ထားခဲ့မိတယ်။

ဝေးမည်သိပါလျှက် မောင်ရယ်...။

ကျော်ခိုင်းသွားသော မောင်က ဝိုးတစ်ဝါး...။

ခင်မင့်မှာ အဖော်ဆိုလို့

မျက်ရည်ပဲ ရှိပါတယ် မောင်..။

+ + + + +     + + + + +

ငါးသလောက်ကြော်နေတာမို့ ညှော်နံ့ကတစ်မျိုး။ မစိန်ကလည်း ပြုံးစေ့စေ့နှင့် ဘာတွေဖြစ်နေသည်မသိ။ ထားငယ်ကလည်း ထမင်းစားပွဲမှာ ကော်ဖီတစ်ခွက် ဝတ္ထုစာအုပ်နှင့် ရှိနေသည်မို့... ဘာမှမမေးဖြစ်သေး။

'ညှော်လိုက်တာ အရမ်းပဲ...'

'ညှော်ကတော့ ညှော်ရမှာပဲ... အချိန်တန်ရင် မထားတို့ပဲ ထမင်းဆာပြီ ထမင်းဆာပြီ ဂျီကျကြမယ်မဟုတ်လား-



www.burmeseclassic.com

www.burmeseclassic.com



ညှော်ရင်ရှောင်ကြပေါ့… ကျွန်မတို့ကတော့ ကြော်ရမှာပဲ…'

မစိန်ကို ထားငယ်စိတ်ဆိုးသွားပြီ။

ခြေဆောင့်ထွက်သွားတာ မြင်ရတယ်

ဘာပဲပြောပြောထားငယ်မရှိတော့တာကို ခင်မင်နှစ်သက်တယ်လေ။ ဒါကြောင့်မို့… မစိန်နားကိုကပ်ပြီး တိုးတိုးမေးရတယ်။

'မစိန် ဘာပြုံးနေတာလဲ..'

'ရယ်ချင်လို့ပေါ့ဟဲ့…'

'ဘာဖြစ်လို့လဲဟင်…'

'မို့ကို အန်တီလွင်က အဝတ်လျှော်ဖို့ ပြောတဲ့ကိစ္စ သတိရလို့ပါ….'

'ဟုတ်လား…. မစိန် ဘယ်လိုသိလဲ…'

'ငါက ဘီဒိုအကွယ်မှာ… ဖုန်သုတ်သလိုနဲ့ နားထောင်တာပေါ့ဟဲ့… ရယ်ချင်လို့ မနည်းအောင့်ထားရတယ်…'

မစိန်ကပြောလဲပြော ရယ်လဲရယ်ပါပဲ…။

မို့မျက်နှာဟာ ဆီးရွက်လောက်ကလေးဖြစ်သွားသတဲ့။ ပြီးတော့ ဝေ့လည်ကြောင်ပတ်တွေ ဖြေရှာဆိုပါ လား။ မို့မှာ ငယ်တုန်းက လက်တစ်ဖက်ကျိုးထားလို့ အဝတ်မလျှော်နိုင်ပါ





ဘူး။ အဝတ်လျှော်ချင်ရင် မလေးကို လျှော်ခိုင်းပါတဲ့။ ခင်မင်ကတော့ ဖေဖေ့အဝတ်တွေကိုလည်း လျှော်ပေးနေတာမို့ အန်တီလွင့် အဝတ်တစ်စုံပိုလျှော် လို့ ဘာမှပြောမှာ မဟုတ်ပါဘူးတဲ့လေ။

'သီဟန်.. သီဟန် ဂျူတီကုတ် အဝါရောင်လေးနဲ့ အလုပ်ဆင်းရမှာတော့ မြင်ယောင်နေပြီ…'

မစိန်အပြောကြောင့် ရင်ထဲမကောင်းဖြစ်ရပါတယ်။

မောင်

ကိုယ့်ချစ်သူကို ကိုယ်ပဲ ပြုစုယုယချင်တာပေါ့။

ဒါပေမယ့် ခင်မင်ဆိုတာ ဘယ်နေရာမှာ နေရမယ်ဆိုတာ သိပါတယ်။

မစိန် ဟင်းချက်နေတာမို့ တစ်ယောက်တည်း ခြံထဲဆင်းလာခဲ့ပါတယ်။ မြတ်လေးရုံကြီးက ပွင့်နေလိုက်တာ။

သိပ်သတိရတာပဲမောင်

ပြင်းထန်သော သတိရခြင်းကို အလွမ်းလို့ခေါ်မယ်ဆိုရင်

ခင်မင့်ရင်ထဲက အလွမ်းကတော့ အလွမ်းသိပ်သည်းသွန်းနေပါပြီ…။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ဝေးရပြီဆိုမှ... စက္ကန့်တိုင်းဟာ အဓိပ္ပါယ်မဲ့ လိုက်တာ။

မြင်ရာတွေ့ရာ မောင့်အရိပ်တွေပဲ လွှမ်းမိုးနေသလိုပါ ပဲလေ။

ပိတောက်ရွက်တွေ တငြိမ့်ငြိမ့်လှုပ်ခတ်နေတယ်။

ပိတောက်ပွင့်တွေတော့ မရှိတော့ဘူးပေါ့..။

အပင်မြင့်ကြီးရဲ့ အပေါ်ယံမှာတော့ ပိတောက်သီးတစ် ချို့ကို တွေ့နေရတယ်။

သစ်တုံးလေးပေါ်ထိုင်ရင်း မောင်ခုချိန် လူနာတွေနှင့်များ အလုပ်များနေသလား။ မောင့်ရင်ထဲ မောင့်အတွေးထဲမှာ ခင်မင် ဆိုတာ တစ်စက္ကန့်လေးမျှ ရှိပါ့မလား။

ခင်မင့်ကိုသိပ်ချစ်တယ်

ထာဝရအတွက် ရည်ရွယ်သောစကားတစ်ခွန်းဖြစ် ကောင်းဖြစ်ပါလိမ့်မည်။

ဒါပေမဲ့...။

ခင်မင့်အတွက် ထာဝရအမှတ်တရအဖြစ် ရင်မှာသိပ် သည်း ကြေကွဲရမည့် စကားတစ်ခွန်းပါမောင်။

မိုးတွေအုံ့နေတယ်





တိုက်ခတ်နေတဲ့ လေပြင်းကလည်း မိုးသက်လေပြင်း ပါပဲ။ အခု မိုးတွေရွာနေပြီ မောင်ရဲ့..။ ခင်မင်တစ်ယောက် တည်း ဈေးဝယ်ထွက်ရတဲ့အခါမှာလည်း သတိရလွမ်းဆွတ်စိတ်ပိုပြီး ပြင်းထန်ပါတယ်။

ခင်မင့်အနားမှာ မောင်ရှိနေတဲ့ အချိန်တွေ... ဘယ်လို မေ့သွားနိုင်ပါ့မလဲ။ မိုးဖွဲဖွဲရွာစပြုတယ်။ ပိတောက်ရွက်တွေရဲ့ အကာအကွယ်ကြောင့် မိုးဖွဲတွေကို အံတုနိုင်ပါတယ်။ လေတစ် ချက်ဝှေ့ရင်တော့ မိုးပေါက်လေးတွေ မျက်နှာကိုလာ ရိုက်ခတ်တာ သဘောကျစရာပါပဲ။

ခင်မင် သိပ်ပျော်ပန်းတာပဲ... ဒါကြောင့် ကျွန်တော်တတ် နိုင်သမျှ ကူညီတာပါ... တဲ့။

ခင်မင့်ကို မောင်ငဲ့ညှာတယ်ဆိုတာ... ခင်မင် ကျေနပ် မိပါတယ်။

အခုတော့... မောင်ကလည်း မောင့်နေရာမောင် ပြန် သွားရတာပါပဲ။

ခင်မင်ကလည်း ထုံးစံအတိုင်း အလုပ်တွေထဲ နစ်မြုပ် ကျန်ခဲ့ရတာပါပဲ။

'ခင်မင်'



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြောင့် မော့ကြည့်မိပါတယ်

အန်တီလွင်ပါလား။

ထီးလေးတစ်လက်ဆောင်းလို့ အန်တီလွင် အနားရောက်မှ ခေါ်သံကြားမိတာ။ ခင်မင့်အတွေးစတွေက များပြားလွန်းလို့ သတိလက်လွတ်ဖြစ်နေမိတယ် ထင်ပါရဲ့။

'ခင်မင် မိုးရွာနေတယ်လေ... ဘာလုပ်နေတာလဲ'

'အေးလို့ထိုင်နေတာပါ...'

'နေမကောင်းဖြစ်မှာပေါ့... အန်တီလွင် မြင်လိုက်လို့ လာကြည့်တာ... အိမ်ထဲဝင် လာ.. လာ'

'ခဏလေးပါ အန်တီလွင်... ခင်မင် ခဏလေးပဲ နေမှာပါ...'

'မဟုတ်တာ... အိမ်မှာ ခင်မင်နေမကောင်းရင် အားလုံးဟာ ကသီကြမယ်လေ... ခင်မင်က အိမ်မှာ အရေးပါတဲ့ အိမ်ထောင်ထိန်းပဲ... ခင်မင် နေမကောင်းရင် မစိန်ပဲ ပင်ပန်းမှာပေါ့... ကျန်တဲ့လူတွေက ကူညီကြမှာမှ မဟုတ်တာဘဲ...'

အန်တီလွင်ခေါ်လို့သာ ပြန်လိုက်လာခဲ့ရတယ်။

ခင်မင်ဟာ သည်အိမ်မှာ အရေးပါသတဲ့လား။

တစ်အိမ်လုံးအတွက် ချက်ပြုတ်လျှော်ဖွပ် မီးပူတိုက်





အိမ်မှုကိစ္စတွေကြောင့်သာ ခင်မင်မရှိရင် မဖြစ်တာပါ။ တကယ်တမ်း အန်တီလွင့်ရဲ့ ချွေးမအဖြစ် မောင့်ဇနီးနေရာကြတော့ ခင်မင့်လိုလူကို စဉ်းစားပေးနိုင်ကြတာမှ မဟုတ်တာဘဲ။ မစိန်လှမ်းကြည့်နေတာ မြင်ပါတယ်။

'အန်တီလွင်... အဝတ်ညစ်တွေကို ခင်မင်လျှော်လိုက်တာ'

'နောက်မလျှော်ပါနဲ့... အန်တီလွင့်ဖာသာ လျှော်နိုင်ပါတယ်... ခင်မင်တစ်ယောက်တည်း ပင်ပန်းတယ်'

ခင်မင်တစ်ယောက်တည်း ပင်ပန်းသတဲ့။

သည်စကားမျိုးလေး မောင့်နှုတ်ဖျားမှလဲ ပြောဖူးပါတယ်။ ပင်ပန်းရပေမဲ့ ကြည်နူးစိတ်တော့ ဖြစ်သွားလား ခင်မင်ကတော့ ခုချိန်မှာ ပင်ပန်းတယ်လို့ကို မတွေးတော့ပါဘူး။ ခင်မင့်အလုပ်ပိုကို ဖြစ်နေပါပြီ။

'ခင်မင့်လို သမီးကြီးတစ်ယောက်ရှိတာ အစ်ကိုကြီးတစ်ယောက် စိတ်အေးရတယ်... အန်တီလွင်ကတော့ သားနှစ်ယောက်ရှိတော့ သမီးလေးတွေလိုချင်တာ ခင်မင့်လို သမီးကြီးတစ်ယောက်ရှိရင် ဘယ်လောက်အေးမလဲ...'

'အန်တီလွင့်မှာ သားနှစ်ယောက်ရှိတယ်...'

www.burmeseclassic.com



'ဟုတ်တယ်... ခင်မင် အကျီလဲလိုက်ဦး... အကျီတွေ ထိုင်းနေတယ်...'

'ဟုတ်ကဲ့ အန်တီလွင်'

အန်တီလွင်ထွက်သွားတော့ မစိန်ကပြောပါတယ်။

ခင်မင့်တန်ဖိုးကို ရင်ထဲကသိတာမှ ဟုတ်ရဲ့လား၊ ခင်မင့်တန်ဖိုးကိုသိတာ အိမ်ကလူတွေလို ထမင်းတော်မှာ စိုးရိမ်လို့များလားတဲ့။ မစိန်ကတော့ ပြောတယ် ခင်မင်ကလည်း အဲလိုပဲ ထင်ပေမဲ့ မေတ္တာတရားတစ်ခုကိုတော့ မက်မောနေဆဲလိုပါပဲ။

အကျီသွားလဲပြီးမှ မစိန်ဆီ ပြန်လာခဲ့ရတယ်။

နှာချေလာပြီ။

မစိန်ကတော့ ဆေးကြိုတင်သောက်ချင်သောက်...။ နင်နေမကောင်းရင် ငါပဲပင်ပန်းမှာ။ ကျန်တဲ့လူတွေက ငါပင်ပန်းနေတာ လှည့်တောင်ကြည့်မှာ မဟုတ်ဘူး။ ဆေးသောက်တဲ့။

'ရပါတယ်... ခင်မင် ဘာမှမဖြစ်ပါဘူး.... နေမကောင်းလဲ မဖြစ်စေရပါဘူး...'

ခင်မင် နေမကောင်းရင် မဖြစ်ဘူးဆိုတာ သိပါတယ်။

မစိန် မပင်ပန်းစေချင်ပါဘူး။

ခင်မင်ဟာ သည်အိမ်အတွက် ထာဝရအကောင်းဆုံး





အိမ်သားတစ်ယောက် ဖြစ်အောင် ကြိုးစားမှာပါ။

+ + + + +

ကင်ပွန်းပင်ကလေးတွေမှာ ရွက်နုတွေမှ အများကြီး။ ကင်ပွန်းရွက်ချဉ်ရေချက်မယ်ဆိုပြီး ခူးဖို့ပြင်တယ်။ မိုးဖွဲဖွဲရွာနေပါလား။ ဒါကြောင့်မို့ ဦးထုပ်တစ်လုံးယူဆောင်းလာခဲ့ပါတယ်။ တပ်ကျေးတစ်လက်နှင့် ကင်ပွန်းရွက်နုတွေ ညှပ်နေဆဲ။

'သည်မှာ... သည်မှာ... ဒေါ်လွင်လွင်ရှိပါသလား'

ဘုရားရေ

ရင်ထိတ်ခုန်သွားပြီ။

ဘယ်သောအခါမှ မေ့ပျောက်နိုင်စွမ်းမရှိသော ချစ်သူ့သံစဉ်။

နောက်ပြန်လှည့်ကြည့်မိတယ်

မောင်

မောင်မှ မောင်ပါ။

မောင့်ကိုမြင်ယုံနှင့် ရင်ခုန်နေတဲ့ ခံစားမှု။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပါတယ် မောင်

မချစ်ရဘူးဆိုဆို

မချစ်သင့်ဘူး ပြောပြော။ မောင့်ကို ခင်မင်သိပ်ချစ်တာပဲ။

'မေမေရှိလားဟင်...'

'အန်တီလွင် မရှိဘူး... ဖေဖေနဲ့ခြံထဲ ခဏသွားတယ် သီဟန်ခွင့်ရလို့လား...'

'အင်း.... ဆိုပါတော့...'

'ဒါဆိုလဲ အိပ်ထဲဝင်လေ...'

'အိမ်တံခါးပိတ်ထားလို့...'

'အမလေး သီဟန်ရယ်... အိမ်ရှေ့တံခါးမကြီးပိတ်ထားလဲ နောက်ဖေးတံခါးကို မသိရှာဘူးကိုး... တော်တော် လေးညွှံသည်လုပ်ချင်နေတယ်...'

'နောက်ဖေးတံခါးက မဝင်တတ်ဘူး... ခွေးကိုက်နေမယ်...'

'သီဟန် ဘာယ်လိုဖြစ်ပြီး အပြောင်အပျက်တွေ ပြောနေတာလဲ'

'ပျော်လို့ပါ...'





'ပျော်လို့... ဟုတ်လား'

'ဟုတ်တာပေါ့... သည်ကိုလာရတာ ပျော်တယ်... ခင်မင် ကျွန်တော့်ကို လိုက်ဖို့ပေးပါ...'

'ဖြစ်ရပြန်ပြီ'

ပြောမည့်သာပြောတာ။ မောင် ရောက်လာတာကို ခင်မင်ကိုယ်တိုင်လည်း ဝမ်းသာနေပါတယ်။

မောင်နှင့်အတူ နောက်ဖက်တံခါးကနေ ဝင်လိုက်တယ် ဆိုရင်ဘဲ မစိန်လှမ်းကြည့်တယ်။ မောင့်ကိုမြင်လိုက်တော့ မစိန် ကိုယ်တိုင်လည်း အံ့ဩသွားပုံရတာပေါ့။

'ဟဲ့.. သီဟန်....'

မောင်ရယ်နေတယ်။

'နင် ခွင့်ရလို့လား'

'ရလို့ပေါ့ဗျ...'

'နင်ဟာက ဟုတ်ရော ဟုတ်ရဲ့လားဟယ်... နင့်အလုပ်တ သည်လောက် မြန်မြန်ခွင့်ပြန်ရသလား... အလုပ်များ ထွက်လာသလား...'

'မဟုတ်ပါဘူးဗျာ... ကျွန်တော့်ကို ကော်ဖီတစ်ခွက်လောက် တိုက်ပါလား ခင်မင်...'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ်... သီဟန်... ထိုင်လေ...'

'သည်ပစ္စည်းတွေ သွားထားဦးမယ်... ခင်မင်လိုက်ပို့'

'ကိုယ်နေနေကြ အခန်းပဲ သီဟန်ရယ်... သွားလိုက်ပါ...'

'ဟင့်အင်း လိုက်ပို့...'

ချစ်သူကို ခင်မင် အလိုလိုက်နေမိတာလား။

ချစ်သူကို စိတ်ချမ်းသာစေချင်တဲ့စိတ်ရှိတာပေါ့။ ဒါကြောင့် အခန်းဆီလိုက်ပို့တာပါ။ မစိန် မျက်ခုံးပင့်ပြတာလည်း မြင်ပါတယ်။

'အခန်းလေးက နေချင်စရာလေး..'

'သီဟန် နေ နေတာ အကြာကြီး မဟုတ်လား'

'ဒါကြောင့်လဲ သတိရနေတာပေါ့ ခင်မင်...'

မောင့်အခန်းလေးကို ပြန်လည်ခင်းကျင်းမြင်ဆင်ပေးရဦးမည်။ မောင်ရှိနေတာ ကျွန်မသိပ်ပျော်ရွှင်ဝမ်းသာပါတယ်။ မောင့်ကို မီ (သို့မဟုတ်) မိန်းမတစ်ယောက်လောက် ပိုင်ဆိုင်သွားသည့်အချိန်အထိ ခင်မင်ပျော်ရွှင်ဝမ်းသာ နေပါရစေလား။

'မီ ဘယ်အချိန် ရုံးဆင်းတတ်သလဲ... မီ့ရုံးကို သွားချင်ရင် ဘယ်လိုသွားရမလဲ...'





'ရှင်...'

'သြော်... မီ ရုံးဆင်းချိန်သွားကြိုချင်လို့ပါ...'

ခင်မင်ရဲ့ ဝမ်းသာပျော်ရွှင်စိတ်ကလေး ဆိတ်သုဉ်းခဲ့ရတာ ချက်ခြင်းပါလား။

မောင်

အံ့သြဖွယ်ကောင်းလောက်အောင် မောင် ပြောင်းလဲသွားပါရောလား။ ဖြစ်နိုင်ပါတယ် မောင်ဟာ ဦးနှောက်ရှိ၍ ဖြစ်ချင်ခြင်းနှင့် ဖြစ်သင့်ခြင်းကို ခွဲခြားသိနိုင်လွန်းသော လူတစ်ယောက်ပဲလေ။ ဇနီးလောင်းအပေါ် သစ္စာစောင့်သိခြင်းတော့ရှိမှာ အသေအချာပဲပေါ့။

မီ့ ရုံးလိပ်စာပေးလိုက်တယ်။

'ဘာနဲ့သွားမလဲ...'

'လမ်းလျှောက်သွားမှာပေါ့..'

တကယ်ပါပဲလား။

သြော် မျှော်လင့်ချက်ကင်းမဲ့သော ချစ်ခြင်းကို ခင်မင်ရခဲ့တာပါပဲလား။

မောင့်အပြစ်လဲ မဟုတ်ပါဘူးလေ။

ခင်မင့်ဖက်က ငြင်းခဲ့ပြီးပြီပဲ..။



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ရပါမည်။

ခုလိုဖြစ်လာသော အခြေအနေကိုလည်း ခင်မင် ကျေနပ်ရမှာပါပဲ။ မောင် စိတ်ချမ်းသာနိုင်ပါစေလေ။ မောင် အနာဂတ်ကို ကျေနပ်ပျော်ရွှင်စွာ ဖြတ်သန်းသွားနိုင်ပါစေ။ ခင်မင့်ရင်ထဲ ဘယ်လောက်ကြေကွဲ ကြေကွဲ... ကျေနပ်စွာ နေပေးမှာပါ မောင်။

✢ ✢ ✢ ✢ ✢ ✢ ✢ ✢ ✢ ✢

'သား သည်နေ့လောက် မရောက်နိုင်သေးဘူးလို့ မေမေက ထင်နေတာ... ရှေ့တစ်ပတ်ဆယ်ရက်လောက်နေမှ ရောက်မယ်ထင်တာလေ...'

'သားစိတ်လဲ မေမေသိရက်နဲ့... ခုဆိုခုမှ'

'ဟုတ်ပါပြီ သားရယ်...'

အံ့သြစရာပဲ။

မောင်က အန်တီလွင့်ကို သေချာကို ပွေ့ဖက်ထားတယ်။ ပြီးတော့ စကားပြောရင်းမှ နမ်းလိုက်သေးရဲ့။ အရင်က မောင်





သည်လို ချွဲနွဲ့ခြင်းမျိုး မပြုပါဘူး။ ခုတော့ အမေကိုသိပ်ချစ်တဲ့ ကလေးတစ်ယောက်လိုပါပဲလား။

'မှိုဖြင့် ရုံးထဲကလည်း ထွက်လိုက်ရော ကိုသီဟန့်ကို တွေ့တော့ အံ့သြလိုက်တာ...'

'ရုံးကဝေးတယ်နော်...'

'ဒါကြောင့် စက်ဘီးနဲ့သွားရွှာပေါ့ ကိုသီဟန်ရယ်...'

'မနက်ကြရင် မှိုရုံးသွားရင် ကျွန်တော်လိုက်ဦးမယ်... မြို့ထဲ အနှံ့လျှောက်ကြည့်ဦးမယ်... အရင်တစ်ခါက မနှံ့ဘူး လေ...'

'အရင်တုန်းကတော့ ကိုသီဟန်က မလေးနဲ့ ဈေးပဲသွား နေတာကိုး...'

'အင်း... ဟုတ်တယ်... ဈေးကသွားရလွန်းလို့ ရိုးနေပြီ သည်တစ်ခါမသွားတော့ဘူး...'

ဈေးကသွားရလွန်းလို့ ရိုးနေပြီဆိုပါလား။

ဟုတ်မှာပါလေ။

တစ်ခါသွား၊ နှစ်ခါသွား၊ ဈေးသွားတဲ့လမ်းကလေးနဲ့ ဈေးဟာ ဘာများထူးဆန်းတာလိုက်လို့။ ဟုတ်တာပေါ့။ မောင် မှန်တာပဲ။ ခင်မင် စိတ်ထိခိုက်ရပေမဲ့ ဟန်ဆောင်နေမှာပါလေး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ ခင်မင်က ဝင်စားလေ့မရှိဘဲ လိုတာကိုပဲ ပြင်ပေး နေကြလို့ မဟုတ်လား။

'ဘာဟင်းတွေလဲ သမီးကြီး...'

'ငါးဟင်းပဲ ချက်ထားမိတယ် ဖေဖေ... သီဟန်လာမယ် မှန်းလဲ မသိလို့ပါ... ဒါကြောင့် ငါးသေတ္တာပဲ ထပ်ချက် ထားပါ တယ်...'

'ငါးဟင်းက ဘာဖြစ်လို့လဲ မေမေ'

'ဩော်.. သားကလည်း သားမှ ငါးမစားတတ်ဘဲ..'

'ဟုတ် ဟုတ်ကဲ့'

ခင်မင့်ရင်ထဲမှာ မောင့်အကြိုက်တွေ မကြိုက်တာတွေ မှတ်မိနေဆဲပါ။ မောင်ကတော့ ဟိုးအရင်ကရက်တွေကို မရအရ မေ့လိုက်ပြီဆိုတာ သေချာပါတယ်။ မောင်ပြန်လာလို့ ပျော်နေတဲ့စိတ်ဟာ အနည်ထိုင်စပြုလာသလိုပါပဲ တစ်ခုတော့ရှိပါ တယ်

အဲဒါ မောင့်ကိုကျေးဇူးတင်တယ်

မောင်က ဦးနှောက်တွေရဲ့အမိန့်ကို နာခံတတ်သူပဲ ဆိုတာ ခင်မင်သိလာပါပြီ။ နှလုံးသားမှာရှိခဲ့တဲ့ ခင်မင့်ကို မေ့သွားပြီမဟုတ်လား။ ဖြစ်သင့်တဲ့အကြောင်းပါ။





ဒါကြောင့် ထမင်းစားပွဲဘေး မစိန်ကိုထားခဲ့ပြီး... ရေတွင်းနားလာနေမိသည်။

ဘာအလုပ်မှမရှိဘဲ ထိုင်နေရင် မကောင်းတာမို့ ရေညှိတွေကို တိုက်နေမိချိန်

ခုတော့လည်း ခင်မင်ချော်လဲမယ်လို့ မပူပန်တော့ပါ လား မောင်ရယ်...။

တစ်နေ့မှာ

သည်သို့ဖြစ်လာမည် သေချာသိတယ်။

ဖြစ်လာခဲ့ရင် နှလုံးသားက ခံနိုင်ရည်ရှိဖို့ အမျိုးမျိုး တွေးဆခဲ့ပေမဲ့

တကယ်တန်းကြတော့

ခင်မင် ခံနိုင်ရည်စွမ်းအားမရှိပါလား။

+ + + + +

စည်ပိုင်းထဲ ရေထည့်လိုက်ချိန် အရိပ်တစ်ခုကြောင့် ကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်

ခင်မင့်ကို ပြုံးပြီးကြည့်နေတယ်လေ။

'ကူတော့ဆွဲပေးချင်ပါတယ်... လက်နာတာ မခံနိုင်ဘူးလေ.. ဒါကြောင့်ပါ...'

'ရပါတယ် သီဟန်... ခင်မင်ကတော့ အကျင့်ပါနေပြီပဲ... သီဟန်လက်နာရင် နေပါစေ... ခင်မင်လဲ တစည်ပဲ ကျန်ပါတော့တယ်...'

'အဝတ်လျှော်ချင်လို့... ဆပ်ပြာဘယ်မှာထားလဲ ခင်မင်'

'အဝတ်လျှော်မလို့... အမြဲတမ်း ခင်မင်လျှော်ပေးခဲ့တာပဲ... ခင်မင်လျှော်ပေးမယ်လေ... ဘာလို့လဲဟင် ဖေဖေနဲ့ အန်တီလွင့် အဝတ်တွေလဲ ခင်မင်ပဲ လျှော်တာ... ဟိုတုန်းကလည်း သီဟန့်အဝတ်တွေ ခင်မင်လျှော်ခဲ့တာကို'

'အားနာလို့ပါ...'

'အားနာတယ်'

ထူးဆန်းလို့ကွာ။

အားနာတယ်တဲ့။

အမြဲလျှော်ပေးခဲ့တဲ့ ခင်မင့်ကို မောင် အားနာတတ်ပြီလား။





'ခင်မင့်ကို အားနာရင်လည်း မို့ကိုလျှော်ခိုင်းပေါ့ သီဟန်ရယ်... နောက်ဆို မို့ပဲ လျှော်ပေးရမှာ မဟုတ်လား'

'လက်ထပ်ပြီးလို့ လျှော်တာ တစ်မျိုးပေါ့.... အခုလက်ထပ်ရသေးတာမှ မဟုတ်တာ... မကောင်းပါဘူး... ခင်မင့်ကြတော့လည်း အဝတ်လျှော်ရတာ အများကြီး... ကိုညီအဝတ်တွေလဲ လျှော်ရတာ... အားနာတယ်... ဟိုးအရင်က ဟိုးအရင်ပေါ့.. ခင်မင် အခုကအခုပဲ... ကျွန်တော့်ဖာသာ လျှော်မယ်...'

မာကယ်ပါပဲ

အရမ်းစိမ်းသွားပြီ။

ဒါပေမဲ့ မောင်မှန်တယ်

မို့နှင့် လက်ထပ်ပြီးရင်တော့ သူ့ခင်ပွန်းပဲလေ...၊ ပြုစုယုယမှု အပြည့်အဝပေးမှာပါ။ ခင်မင်ကတော့ အားနာစရာဖြစ်လာမှာပေါ့။

'သီဟန်ဆိုတာ မို့နဲ့လက်ထပ်လိုက်ရင် ခင်မင့်မောင်ပါပဲ သီဟန်ရယ်... မောင်လေးကိုတောင် လုပ်ကိုင်ပေးနေ ရတာ သီဟန်လည်း ခင်မင့်မောင်ဆိုတော့ ခင်မင့်ကို အားမနာရပါဘူးကွယ်... ခင်မင်ဟာ မင်းရဲ့ ထာဝရအစ်မတစ် ယောက်ပဲပေါ့ဘူးပါ... နော်...'

www.burmeseclassic.com



မောင့်အကြည့်။ မမြင်ရတာကြာတဲ့ မောင့်မျက်ဝန်းလေးတွေ။

အကြည့်ချင်းဆုံတိုင်း တစ်သိမ့်သိမ့်ခုန်နေကြ ရင်ခုန်လှိုက်မောသော ခံစားမှုတွေကို ခင်မင်ကြောက်တယ်။

'ခင်မင့်ကို မေမေက ဒါကြောင့် ခင်သပေါ့... ဟုတ်မှာပါ...'

'ကဲပါ... အဝတ်တွေပေး... ခင်မင် လျှော်တော့မှာ...'

သီဟာန်လာပေးတဲ့ အင်္ကျီလေးတွေ။

အရင်တုန်းက အင်္ကျီလေးတွေ မဟုတ်ပါဘူး။

ခဏလောက်အတွင်း အင်္ကျီအသစ်တွေ ဖြစ်နေပြီ။

တော်တော်လှချင်နေတယ်။

'သီဟာန့်အင်္ကျီ အသစ်တွေနော်...'

'မသစ်ပါဘူး...'

'အရင်တစ်ခါလာတုန်းက မတွေ့ပါဘူး..'

'ဟိုးအရင်တစ်ခါအင်္ကျီတွေက ထားခဲ့တာပေါ့... သည်တစ်ခါ အိမ်မှာရှိတာတွေ ယူလာတပါ... ခင်မင်က မှတ်မိတာပဲ'

'ခင်မင်က မမေ့တတ်ဘူး...'

'သတိရတတ်တယ်ဆိုပါတော့...'





မောင် မသိချင်ပါနဲ့တော့

မောင်နဲ့ပတ်သက်တဲ့ အရာအားလုံးဟာ ခင်မင့်အတွက်တော့ သတိရစရာ အမှတ်ရစရာ လွမ်းစရာတွေချည်းပါပဲ။ ဒါပေမဲ့ မသိချင်နဲ့။ မောင်က မောင့်လမ်းမောင်လျှောက်မဲ့သူပါ။ ခင်မင်ကတော့... တစ်ယောက်တည်း မောင့်ကို ချစ်တဲ့အချစ် ရင်မှာသိမ်းဆည်းနေရစ်ရမဲ့သူပါ။

ဖျတ်ခနဲ မောင့်ကို လှမ်းကြည့်မိတယ်

မောင့်အပြုံး။

တစ်မျိုးပဲ..။

ခင်မင့်ကိုကြည့်ပြီး ပြုံးနေတယ်။

'သတိရတတ်တဲ့သူဟာ သတိရတတ်တဲ့သူနဲ့ တွေ့တတ်ပါတယ် ခင်မင်'

'သီဟာန်ကရော... သတိရတတ်သလား'

'မှတ်ဉာဏ်ရှိတဲ့သူတိုင်း သတိရတတ်ပါတယ်... များများသတိရတော့ အလွမ်းပေါ့...'

များများသတိရတော့ အလွမ်းတဲ့လား။

ခင်မင်ဆို... အလွမ်းတွေပဲ ပြည့်နေတာပေါ့ [illegible]ရယ်...။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုင်း မောင့်ကို အများကြီး သတိရနေတာကိုး။

'ခင်မင်ရေ.. မြန်မြန်လျှော်.. မိုးတွေအုံ့နေပြီ စကားတွေများမနေနဲ့... သီဟန်ရေ.. မကူညီချင်နေပါ... မနှောက်ယှက်ပါနဲ့နော်.... အလုပ်တွေများလွန်းလို့ပါ... နှင့်အလုပ်က မိုးမရွာခင် မို့ကို သွားကြိုရော့.... ခင်မင့်ကို နှောက်ယှက်မနေနဲ့...'

'ကောင်းပါပြီ မစိန်ခင်များ... ကျွန်တော်သွားပါတော့မယ်...'

မောင်ဟာလေ ဟိုးအရင်ကလိုကို ဣန္ဒြေမရဘူး။ မငြိမ်သက်ဘူး။ ပြောင်ချော်ချော်နဲ့...။ ခုလိုကြတော့လည်း လူငယ်တစ်ယောက်လို သွက်လက်ချက်ချာလာတယ်။ ခင်မင့်ကို လက်ပြနေလိုက်သေး။

'သီဟန်ဟာ အရင်လိုကို မဟုတ်ဘူး... ကြည့်ရတာအလုပ်များထွက်လာသလားမသိ... မပြန်ခင်များ လက်ထပ်တော့မှာလား...'

ဟုတ်နိုင်ပါတယ်။

ရင်ထဲကို ထိခိုက်ကြေကွဲမှုတွေ ပျံ့နှံ့နေခဲ့တာ ကြာပါပြီလေ။

✢ ✢ ✢ ✢ ✢





ဘုရားပန်းအတွက် ရွက်လှပန်းကလေးကို ညှပ်ယူလိုက်ခိုက်မှာ ရယ်သံလွင်လွင်ကြားရတယ်။ မို့အသံပါလား။ လှည့်ကြည့်မိတယ်။

မကြည့်မိရင် ကောင်းသားပါလား။

မောင်နှင့် မို့။

အမယ်

စက်ဘီးမစီးတတ်တဲ့လူက မို့နှင့်ကြတော့ စက်ဘီးကိုတွန်းပေးတာပါလား။ အခုတော့လည်း မို့နှင့်ချစ်သူတွေလို နေတတ်နေပါရော။ မောင် ရယ်နေလိုက်တာ။

ပျော်ရွှင်ကြည်နူးနေပုံရတယ်

ဟန်ဆောင်တယ်ဆိုတာ လွယ်ကူတဲ့ အလုပ်မှမဟုတ်တာ။

မောင့်ပုံစံကြည့်ရတာ ဇနီးလောင်းတစ်ယောက်မို့ ဟန်ဆောင်ချစ်ခင်နေရပုံ မပေါက်ပါဘူး။

တစ်ကယ့်ကို ချစ်ခင်နေသလိုပါပဲ။

သက်ပြင်းတစ်ချက်ပြင်းစွာ ရှိုက်မိတယ်။

ဟုတ်တာပေါ့လေ

ဒေါ်လွင်လွင်ကလည်း မို့လို ရုပ်ရည် ပညာဂုဏ်ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချွေးမကိုသာ အလိုရှိမှာပါ။

ရွက်လှပန်းလေးတွေက ပြောတယ်

ဟဲ့ ကောင်မလေး။

ငိုချင်လာပြန်ပြီလားတဲ့။

ငိုလဲငိုနိုင်တဲ့ ကောင်မလေးလို့ ပြောတယ်။

မောင်

ကျွန်မ ငိုချင်သလောက် ငိုပါရစေ

မျက်ရည်သာ အဖော်ရှိပါတယ် မောင်ရယ်...။ ရင်ထဲက ဝမ်းနည်းစိတ်ကို ဖျောက်ဖျက်မရ။ ဒါကြောင့် ရွက်လှပင်တွေနား ထိုင်ငိုမိတယ်။

မောင်

မောင်

မောင်

ရင်ထဲကသာ တမ်းတလို့ တတွတ်တွတ်ရွတ်ခေါ်မိတယ်။

ဘယ်မှာလဲ

ဘယ်မှာလဲ ကျွန်မရဲ့မောင်

မောင့်ကိုခင်မင် သိပ်ချစ်တယ်။





တစ်ရှိုက်ရှိုက်ငိုရပြီ...။

'ခင်မင်...'

ဘုရားရေ...

ငိုတာတောင်မှ လွတ်လပ်နေခြင်းမရှိပါလား။

ဒါကြောင့်မော့ကိုမကြည့်။

ငိုချင်တိုင်း တစ်ရှိုက်မက်မက် အားပါးတရကို ဆက်ငိုနေလိုက်တာပေါ့။ ထင်ချင်သလိုသာ ထင်ပါတော့။

'ခင်မင် ဘာဖြစ်လို့လဲဟင်... ဘယ်သူနဲ့ ရန်ဖြစ်သလဲ... မစိန်နဲ့လား ထားငယ်နဲ့လား... အန်တီလွင့်ကို ပြောပြပါလား... မငိုပါနဲ့ ပင်ပန်းပါတယ်...'

မျက်ရည်တွေကို သုတ်ပစ်လိုက်တယ်။ ခင်မင် ငိုရတဲ့ အကြောင်းရင်းကို ဘယ်လိုပြောရပါ့။ ပြောပြနိုင်တဲ့ အကြောင်း တစ်ခုမှ မဟုတ်ဘာဘဲ။ ဒါကြောင့်....

ဘယ်သူနဲ့မှ ဘာမှမဖြစ်ပါဘူး။

ခင်မင်က အဲလိုပါပဲ

ငိုချင်ရင် ငိုနေကြပါ။

'ခင်မင် အားငယ်တတ်ပုံရတယ်'

'ခင်မင့်ဘဝမှာ ပျော်စရာ... မျှော်လင့်ချက်... လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း... ဘာတွေမှရှိလာနိုင်စရာမရှိပါဘူး...

ခင်မင်ဟာ အိမ်အလုပ်လုပ်တဲ့ စက်ရုပ်တစ်ရုပ်ပါ... ခင်မင့်ကို ဘယ်သူကမှလည်း မချစ်ကြဘူး...'

ပြောရင်း ရင်ထဲ နင့်လာသလိုပါပဲ။

ဘယ်သူတွေက ချစ်သည်ဖြစ်စေ

မချစ်သည်ဖြစ်စေ။

ခင်မင် ကျေနပ်နိုင်ပါတယ်။

မောင်က မချစ်တော့ဘူးဆိုတဲ့ အတွေးစကတော့ ခင်မင့်ရင်ကို မီးလောင်ကျွမ်းစေတာပါပဲ။

'အားမငယ်ပါနဲ့ ခင်မင်... လူတိုင်းဟာ သူ့အတိုင်းအတာတစ်ခုနဲ့တော့ တန်ဖိုးရှိပါတယ်... ခင်မင်ဟာ သည်အိမ်အတွက် တန်ဖိုးအကြီးဆုံး လူတစ်ယောက်ပါ... ခင်မင့်စိတ်က စေတနာအပြည့်ရှိနေတာ အန်တီလွင် သိတယ် စေတနာက အကျိုးပေးပါလိမ့်မယ်...'

ဘာတွေအကျိုးပေးမလဲ

ခင်မင့်ချစ်သူ

ခင်မင့်အသည်းနှလုံး

ခင်မင့်နှလုံးသည်းပွတ်တမျှ





နက်နက်ရှိုင်းရှိုင်းချစ်ရတဲ့

မောင့်ကို စွန့်လွှတ်ရခြင်းဟာ ခင်မင့်အတွက် စေတနာရဲ့ အကျိုးဆက်တဲ့လား။

'ဟင့်အင်း... အဲသည့်စကားဟာ တစ်ခြားလူတွေအတွက် ဖြစ်မှာပါ ခင်မင့်အတွက်ကတော့... ဘာမှဖြစ်လာနိုင်မှာ မဟုတ်ပါဘူး...'

'ခင်မင် စင်ဒရဲလားပုံပြင် ကြည့်ဖူးတယ် မဟုတ်လား'

ခေါင်းညိတ်ပြလိုက်တယ်။ စင်ဒရဲလားနဲ့ မင်းသားလေးဟာ ပုံပြင်တစ်ပုဒ်မို့သာ ဆုံဆည်းကြတာပါ။ ခင်မင်က စင်ဒရဲလား မဟုတ်ပေမဲ့

မောင်ကတော့ မို့ရဲ့မင်းသားလေးပါ။

'အချိန်တန်တော့လည်း ဒင်ဒရဲလားနဲ့ မင်းသားလေး ပြန်ဆုံကြတာပဲ မဟုတ်လား ခင်မင်ရဲ့... တစ်နေ့ကြရင် ခင်မင့် စေတနာတွေ ကျိုးပေးပါလိမ့်မယ်... အန်တီလွင်ကတော့လလေ အိမ်အလုပ်တွေထဲ ပိနေတဲ့ ခင်မင့်ကို မြင်တိုင်း မြင်တိုင်း စင်ဒရဲလားကို သတိရမိတယ်...'

ခင်မင့်နှလုံးသားက မင်းသားလေးဟာ ခင်မင့်ရှေ ဘယ်တော့မှ ရောက်မလာနိုင်တော့ပါဘူး။ သူက မို့ဆီ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီပဲ။ အချိန်တစ်ခဏလေးအတွင်း ပြောင်းလဲသွားတတ်တဲ့ မောင့်ကို အပစ်မမြင်ရက်နိုင်လောက်အောင် ချစ်မိတယ် မောင်..။

'ခင်မင်ဟာ စင်ဒရဲလား မဟုတ်ပါဘူး...'

ဖိနပ်တစ်ဖက် မပြောနဲ့

ပိတောက်တစ်ခက်ကိုပင် ခင်မင့်မောင်က သတိမရတော့တာ။

✢ ✢ ✢ ✢ ✢

'ထားငယ်... စားပွဲခုံပေါ် ခြေထောက်မတင်ရဘူးလေ... ကြည့်လို့လဲ မကောင်းဘူး... လူကြီးတွေဝင်လာမယ် နေတာထိုင်တာက ဣန္ဒြေရှိမှပေါ့...'

'ဘာတွေလာပြောနေလဲ မလေး... ကိုယ့်အိမ်ကို လွတ်လွတ်လပ်လပ် နေပါရစေ... စာကျက်နေတာ မမြင်ဘူးလား...'

'စာကျက်တာတော့ ကျက်ပေါ့... ခြေထောက်ချထားစမ်းပါဟယ်...'

ပြောသာ ပြောရတယ်

နားမထောင်ဘူးဆိုတာ အသေအချာသိတာပေါ့။





သူတို့က ဖေဖေ့ကိုပဲ ကြောက်ကြတာ။

ကိုကိုရှိတုန်းကမှ မီနှင့် ထားငယ်ကို ပြောမည့်သူရှိသေးတယ်။ အခုတော့ သူတို့ ထင်တိုင်းကျဲနေကြတာပေါ့...။ ခင်မင့်ကိုဆို ရှိတယ်ပင် ထင်ကြတာမဟုတ်။

သည်အခိုက် အန်တီလွင် ဧည့်ခန်းဆီ ဝင်လာပါတယ်

ခင်မင်တို့ကို လှမ်းကြည့်တာ မြင်ရတယ်လေ။

ဘေးဖက်က အန်တီလွင့်လည်း ဂရုစိုက်တာမှ မဟုတ်တာ။

မီကမှ သူ့မွေးယောက္ခမလောင်းဆိုတဲ့ အသိစိတ်နှင့် အန်တီလွင့်ကိုဆို ဂရုတစိုက် အလေးထားဆက်ဆံဖော်ရသေးတယ်။

'နင်တို့ဟာ ငါ့တန်ဖိုးကို ငါမရှိမှသိကြမှာ...'

'ငါမရှိမှ ဟုတ်လား... နေစမ်းပါဦး... မလေးက ဘယ်သွားမှာလဲ... ယောကျ်ားယူမလို့လား..., မလေးကို ယူမဲ့လူရှိလို့လား... စိတ်ကူးယဉ်မနေပါနဲ့...'

အငယ်တစ်ယောက်ဆီက ရက်စက်တဲ့ စကားတွေကို ကြားရတာ ရိုးစပြုနေတဲ့ကြားမှပင် မျက်ရည်ဝဲချင်ပါတယ်။

'ငါသေမလို့ဟေ့ သေမလို့... ငါသေရင် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမယ်...'

စိတ်တိုတိုနှင့် အော်ပစ်ခဲ့မိတယ်။ သည်အချိန် ဘီဒို အကွယ်မှာ စာဖတ်နေတဲ့ မောင်လေးရှိမှန်း ခင်မင်မသိလိုက်။

ရုတ်တရက် မောင်လေးရဲ့အသံကို ကြားရတယ်။

'ထားငယ်ကလဲဟာ ငါ့အစ်မကို အထင်သေးလွန်းအား ကြီးပါတယ်.... ငါ့အစ်မကို နင်တို့မနိုင်ရအောင် ငါ့သူငယ်ချင်း ထွန်းသော်နဲ့ ပေးစားပစ်မယ်...'

'ထွန်းသော်... ထွန်းသော်က ယူချင်ဦးတော့... သူ့ အမေကြီးက ပေးစားပါ့လိမ့်မယ်... ထွန်းသော်တို့ မောင်နှမ တွေက ဆရာဝန်တွေ အင်ဂျင်နီယာတွေ အရာရှိတွေချည်း... ဘွဲ့မရတာ တစ်ယောက်မှ မရှိဘူး... ဒေါ်ခင်မင့်လို လူကို သူတို့ မိသားစုထဲ သွင်းပါလိမ့်မယ်... စိတ်ကူးယဉ်မနေပါနဲ့...'

'တော်ကြာပါတော့ တော်ကြပါတော့... နင်တို့စကား တွေ ငါတစ်ခွန်းမှ မကြားချင်ဘူး...'

သူတို့ကို အော်ဟစ်ပစ်ခဲ့ပြီး ခြံထဲပြေးထွက်ခဲ့တယ်။ မိုးတွေရွာနေပါလား။ ရွာစမ်းပါစေ...

ခင်မင့်ရင်ထဲ ပူလောင်လွန်းလို့ပါ
ခဏလောက် အေးချမ်းရနည်းလား။





မိုးရေတွေထဲ လျှောက်လာခဲ့တယ်။

လေပြင်းပြင်းတစ်ချက်အဝှေ့မှာ ပိတောက်ပင်တစ်ပင် လုံး ယိမ်းထိုးနေတာပါပဲ။ မျက်ရည်လား၊ မိုးစက်တွေလား။

မောင်
အရမ်းအားငယ်တယ်
အရမ်းငိုချင်တယ်...
မောင့်ကို သိပ်ချစ်တာပဲ
မောင့်ကို သိပ်ချစ်တာပဲ
မောင့်ကို သိပ်ချစ်တာပဲ....။

မျက်နှာကို လက်ဝါးနှင့်အုပ်ကွယ်ပြီး အားပါးတရ ငိုနေမိတယ်။ သင်းပျံ့နေတဲ့ ပန်းရနံ့တွေကိုလည်း မခံစား နိုင်အားတော့ပါဘူး။

ခင်မင့်ကို သိပ်ချစ်တယ် တဲ့လား။
နှုတ်ဖျားစကားတွေ...၊ ပျောက်ကွယ်ဆုံးရှုံးခဲ့ပြီ။
ထိုးအရွက်ပေါ် မိုးစက်ကျသံ ပြင်းပြင်း။
ဘယ်သူလဲ
မော့မကြည့်ချင်တော့ပါ။
မစိန် ဖြစ်နိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင့်ရဲ့ ကြေကွဲနေလုံးသားကို မျှဝေခံစားဖော်ဟာ မစိန်မှလွဲ၍ မဖြစ်နိုင်။

'ခင်မင်... မိုးတွေထဲမှာ... အိမ်ထဲဝင်ပါ့လား...'

ဘုရားရေ... ဒါ ချစ်သူ့အသံ။

မောင်....။

မော့မကြည့်ရဲ။

မာင့်မျက်ဝန်းတွေနှင့် မဆုံချင်ပါ။

နွေးထွေးချိုမြိန်သော ချစ်ခြင်းကို မျက်ဝန်းမှာ တွေ့ယုံနှင့်လည်း မကြည့်နူးရဲတော့ပါဘူးလေ။

'နေမကောင်းဖြစ်နေမယ်...'

'မိုးရေချိုးမလို့ပါ... မဝင်ချင်ဘူး... သီဟန်သွားပါတော့... သီဟန်သွားပါတော့...'

ခင်မင် သိနေပြီ

ခေတ္တခဏလေး အတူယှဉ်တွဲနေရတာကို မကြည်နူးရဲတော့ဘူး။ ထာဝရအတွက် မဖြစ်နိုင်သည့်အတူတူ... မျက်ကန်းတစ်ယောက်ရဲ့ မျှော်လင့်ခြင်းမှာ ယစ်မူးတပ်မက်နေတဲ့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်လဲ ဖြစ်ခဲ့ပြီးပါပြီ။ လှည့်ထွက်သွားပြီလား။

မော့ကြည့်မိတယ်





မောင့်ရဲ့ ငုံ့ကြည့်နေတဲ့ မျက်ဝန်းတွေ...။

မိုးရေစက်တွေလို အေးစက်စက်နဲ့

ဘယ်မှာလဲ နွေးထွေးတဲ့ ချစ်ခြင်း။

မတွေ့တော့သလိုပဲ...။

သက်ပြင်းတစ်ရှိုက်နှင့်အတူ ခေါင်းခါရင်း ကြည့်နေပြန်တာ။

ခင်မင်ဟာ မောင့်အတွက် အင်မတန် စိတ်ပျက်စရာကောင်းတဲ့ မိန်းမတစ်ယောက်အဖြစ် ရောက်ခဲ့ပြီလား။

'နေမကောင်းဖြစ်နေမယ်...'

'နေမကောင်းဖြစ်လို့ သေလဲ အသေခံမယ် သီဟန့်ကို ဆေးမကုခိုင်းပါဘူး... စိတ်ချပါ... သီဟန်သွားပါ တော့ကွာ သွားပါတော့ကွာ... သွားပါတော့...'

မောင်က ခေတ္တစူးစိုက်ကြည့်ပြီးမှ

လှည့်ထွက်သွားပြီ။

ကျောခိုင်းခြေလှမ်းတွေ...။

မောင့်ကျောပြင်ကို ကြည့်နေမိဆဲ။ မီးခိုးရောင် အကျီလေးမှာ မိုးစက်တွေ စွန်းထင်းနေတာမှအစ...။ ခင်မင့် အတွက် အရာရာ အမှတ်တရချည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



'ခင်မင်...'

'ဟင်... မစိန်'

'ဘယ်အရာမဆို ဇာစ်ဖက်စွန်းရောက်တာ မကောင်းဘူး... နင်ရူးချင်ရင်လဲ တော်ယုံပဲရူးသွက်သွက်ခါ ရူးမနေ နဲ့... အသည်းကွဲတယ်ဆိုတာ ခဏပဲ... မသေနိုင်ဘူး... အသည်းကွဲတာ ကုဖို့ အချိန်ဆိုတဲ့ ဆရာဝန်ရှိပြီးသား... လာခဲ့ ဖျားရင် ငါ့ကိုသနားဦး...'

မစိန်လက်ဆွဲခေါ်မှ လိုက်လာခဲ့တာပါ။ ခြေလှမ်းတွေက ထုံထိုင်းလေးလံနေပြီ။ ပါးပြင်ပေါ်မှ စိုစွတ်နေတဲ့ ခံစားမှု...၊ အေးစိမ့်သော လေပြင်းကြောင့် ပိုပြီး စိုစွတ်ထုံထိုင်းလာသလို ပိုပါပဲလား။

+ + + + +

ခွင့်လွှတ်ပါ မစိန်

ခွင့်လွှတ်ပါ။

ခင်မင်ဖျားရင် ပင်ပန်းမဲ့လူဟာ မစိန်တစ်ယောက်ပဲ ဆိုတာ သိသိကြီးနဲ့ စိတ်ရဲ့အလိုကို လိုက်ခဲ့မိတာကိုး၊ မိုးမိပြီး





ဖျားလိုက်တာ။ ခေါင်းတောင်မထူနိုင်တော့ပါဘူး။ စောင်ခြုံလေးထဲ တိတ်တိတ်လေးငြိမ်အိပ်နေမိပေမဲ့

ဝေဒနာနှင့်တော့ လုံးထွေးလို့ပါမဲ့။

မောင်....

မောင်တိုက်တဲ့ဆေးကို သောက်ချင်တာ။

ခင်မင့်ကို ဆေးတစ်ခွက်လောက် မတိုက်နိုင်ဘူးလား

ခင်မင်

ရူးမနေနဲ့...

ဆရာဝန်တစ်ယောက်က လူမမာတစ်ယောက်ကို ဆေးတိုက်တဲ့ အခြေအနေမျိုးကလွဲပြီး

သံယောဇဉ်

ချစ်ခြင်း

ကြင်နာယုယမှု စသည်စသည် ဘယ်လိုအရာမျိုးမှ မပါဝင်နိုင်ပါဘူး။

'ခင်မင်... ခင်မင်... အန်တီလွင် ဝင်ခဲ့မယ်နော်...'

'သမီး... ဖေဖေတို့ပါ'

'ဝင်ခဲ့လေ...'

ဖေဖေနှင့် အန်တီလွင့်ကို တွေ့ရပြီ



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်မှာ ထိုင်နေလိုက်တယ်

ဖေဖေက နဖူးကိုလာစမ်းတဲ့အခါ မျက်ရည်ကြည်က တွေ့ခန့်ပါပဲ။

အားငယ်တတ် ကြေကွဲတတ်လွန်းတဲ့ စိတ်ကိုဖျောက်ဖျက်၍ ရနိုင်ပါတော့မလား။

'ကိုယ်တွေ အရှမ်းပူနေတာကို... ကိုအောင်မြင့်ကို လှမ်းခေါ်မှပါ...'

အန်ကယ်လ် ဦးအောင်မြင့်ဟာ ဖေဖေ့သူငယ်ချင်း ဆရာဝန်ကြီးပါ..။ မောင်ရှိနေတယ်လေ။ မောင်ဆေးတစ်ခွက်တိုက်ရင် ခင်မင်နေကောင်းသွားမှာပါ။

'ခင်မင် ဆေးသောက်မှာပါ ဖေဖေ... မစိန်က ခဏနေရင် ကော်ဖီနဲ့ ဆေးယူလာခဲ့မယ်တဲ့...'

'ခေခုချက်ခြင်းသောက်မှ ချက်ခြင်းပျောက်မှာပေါ့...'

'လွှင်သွားယူလိုက်မယ် အစ်ကိုကြီး...'

'နေပါစေ အန်တီလွှင် မစိန်ယူလာမှာပါ...'

'ကဲပါ... ဖေဖေသွားယူမယ် သမီးနဲ့လွှင် စကား ပြောနေဦး... ဖေဖေကိုယ်တိုင် သမီးကြီးကို ဆေးတိုက်ပါမယ်...'

အန်တီလွှင်က ခင်မင့်ကို ပြုံးပြရင်း အနွေးထည်ဘာလို့မဝတ်တာလဲ ခင်မင်တဲ့။ ဘာကိုမှ လှုပ်ရှားချင်စိတ် မရှိလို့ပါ။

အန်တီလွှင်ယူပေးမယ် အနွေးထည် ဘယ်မှာထားသလဲတဲ့။

ဘီရိုထဲမှာလို့ ပြောမိတယ်

အန်တီလွှင် ဘီရိုဖွင့်ကာမှ...။

ဘုရား... ဘုရား... ဒုက္ခပဲ...။

ခင်မင့်ရဲ့ အနွေးထည် အကျီနှင့်အတူ မောင့်အကျီ မီးခိုးရောင်အကွက်လေး ချိတ်ထားတယ်။

မောင် မသိအောင် ယူထားတာမဟုတ်ပါ

မောင်ပြန်တဲ့ နေ့ကအဝတ်ညစ်ခြင်းထဲမှာ ကျန်နေခဲ့လို့ ဝမ်းသာအားရ လျှော်ဖွပ်သန့်စင်မီးပူတိုက်ပြီး ချိတ် ထားတာ။

အလွမ်းပြေပေါ့...။

အခု မောင်ပြန်ရောက်လာတဲ့အခါမှာလည်း... ပြန်မပေးချင်တော့ဘူးလေ။

ခင်မင့်အလွမ်းပြေ ပစ္စည်းတစ်ခုမို့ပါ။

'သည်အနွေးထည်ဝတ်မှာလား ခင်မင်'

အနွေးထည် အစိမ်းလေးကို ယူပြတယ်

မောင့်အကျီက အဲသည့်အနွေးထည်ဘေးမှာ ချိတ်ထားတာပဲ အန်တီလွှင် မတွေ့ဘဲနေမည်မထင်







www.burmeseclassic.com

www.burmeseclassic.com



မောင့်အင်္ကျီမှန်း အန်တီလွှင်သိသလား

သိနိုင်တာပေါ့။

ရှက်စရာပဲ...။

'ဝတ်လိုက်လေ ခင်မင်'

အနွေးထည် ဝတ်လိုက်တယ်။

ခင်မင့် နှလုံးသားကို မောင်မမြင်အောင် ထိန်းသိမ်းသိုဝှက်ခဲ့ပါတယ်

အခု အန်တီလွှင်မြင်သွားမလား။

'သမီး... ဆေးသောက်ရမယ်... ကော်ဖီကို နွေးနွေးလေးလုပ်လာတာ... တစ်ခါထဲသောက်...'

ဖေဖေကိုယ်တိုင် တိုက်တဲ့ဆေးပါပဲ။ ခင်မင် ကြည်နူးကျေနပ်ပါတယ်...။ ဖေဖေက ခင်မင့်ဘဝမှာ တစ်ယောက်တည်းဆိုတဲ့ အတွေးစဟာ အမြဲလို အားငယ်နေစေတာပါ။

'သမီးကြီး အိပ်နေ နားထား... ငါ့သမီး အမြဲလိုပင်ပန်းနေရတာ... နေမကောင်းတုန်းသာ နားရတာ... ကဲ ဇာစ်ရေးအိပ် လာလွှင်... သွားရအောင်'

ဖေဖေက စောင်ကို တယုတယ ခြုံပေးထားခဲ့တယ်။ အခန်းထဲမှ ဖေဖေတို့ ထွက်သွားပြီ။ ခင်မင်တစ်ယောက်တည်း





ကျန်ခဲ့တာပေါ့။ မောင့် အင်္ကျီလေးမှန်း အန်တီလွှင် သိမလား ဆိုတဲ့... အတွေးဟာ ရှက်ရွံ့ထိတ်လန့်အားငယ်မှုကို ရရှိစေပါတယ်။

ပြန်ပေးသင့်တယ်

မောင် ပြန်သွားထုံးက အလွှမ်းပြေသိမ်းထားမိတာက တစ်မျိုးပေါ့...။

အခုတော့ မောင် ပြန်လာပြီ။

ယူမထားသင့်တော့ပါဘူး။

ပြန်ပေးသင့်တာ အမှန်။

ဘယ်လိုပြောပြီး ပေးရပါ့။

ခုမှပေးပြန်တော့...။

ခေါင်းတွေကိုက်နေတယ်... အိပ်လို့လည်း မပျော်ဘူး... ငိုချင်နေသလိုပဲ...။

စင်ဒရဲလားကမှ ကြွက်ကလေးတွေ ငှက်ကလေးတွေ အဖော်ရှိဦးမယ်

ခင်မင်က တစ်ယောက်တည်းပါ မောင်။

မောင်နှင့်ဝေးမှတော့ တစ်ယောက်တည်းပါ။

+ + + + +



www.burmeseclassic.com

www.burmeseclassic.com



'ဟယ် ခင်မင်... အဖျားပျောက်ကာစ ဈေးသွားမလို့လား တစ်ယောက်တည်း... ခေါင်းမူးနေမယ် မတော်တဆ မိုးပြန်မိလို့ ဖျားရင် နှစ်ခါပြန်ဖျားတာ မကောင်းပါဘူး.. ခင်မင်မသွားပါနဲ့ မှီသွားလိုက်ပါလား'

'မှီဟာ ရုံးသွားရမှာလေ အန်တီလွင်'

'ခင်မင်တစ်ယောက်တည်း စိတ်မချပါဘူးကွယ်... သား... လိုက်ပို့လိုက်'

'ဟင် အန်တီလွင်ကလည်း ကိုသီဟန့်ကို မှီရုံးလိုက်ပို့ ခိုင်းမလို့လေ...'

'မှီက တရက်တစ်လေ ကိုယ့်ဖာသာသွားလိုက်ပါ... သား... ခင်မင့်ကို ဈေးလိုက်ပို့လိုက်... ကားယူသွား...'

'စက်ဘီးနဲ့ပဲ သွားမယ် မေမေ...'

'ဒါဆိုမိုးမမိစေနဲ့...'

မှီ စိတ်ဆိုးသွားပြီ။

သေချာပါတယ်။ မှီရဲ့ ခြေလှမ်းတွေကို ခင်မင်မြင်နေရတာပဲ။ တကယ်ဆို အခုလိုမဖြစ်သင့်ပါဘူး။ မောင်နှင့် အတူ ထာဝစဉ် ယှဉ်တွဲ နေရမည့်သူက မှီပါ။

'သီဟန့်ကို အားနာပါတယ် သီဟန်ရယ်... အန်တီလွင်





ကလည်း ဘာလို့များ အတင်းလိုက်ပို့ ခိုင်းနေရတယ် မသိပါဘူး... ခင်မင့်ဘဝမှာ ခုလိုပဲ တစ်ယောက်တည်း နေ နေကြဖြစ် နေပါပြီ ဘာမှမထူးဆန်းပါဘူး... အခုဆို မှီ စိတ်မကောင်း ဖြစ်ရတာပေါ့... ခင်မင်အားနာလိုက်တာ သီဟန်...'

ခင်မင် စက်ဘီးကို ခြံဝထိတွန်းလာခဲ့ပါတယ်

မိုးက ရွာဦးမည့်ပုံတော့ မရှိပါဘူး။

သီဟန် ပြုံးနေတယ်။

အားနာစရာမရှိဘူး ခင်မင်... မှီလဲ သူ့ဖာသာသွား နေတာပဲ... ရပါတယ်တဲ့...။

တကယ်ဆို ခင်မင် ထမင်းစားရတာပင် တစ်ရက်ရှိ သေးတာ။ ဈေးကို စက်ဘီးနင်းရရင် မောမှာပဲ။ ဒါပေမဲ့ မောင်နှင့် အတူသွားရတာ...

ပျော်မှာပါပဲ။

'ခင်မင်... ကျွန်တော် နင်းပါမယ်...'

'ဟင်... သီဟန် နင်းမယ်... သီဟန်ပဲ စက်ဘီး မစီး တတ်ဘူးဆို... ဟိုးအရင်က ခင်မင်နင်းတာပဲ စီးခဲ့တယ်လေ...'

ခင်မင် အပြောမှာ မောင်ရယ်တယ်။

မောင်ရယ်နေတာကို ငေးမောကြည့်ခဲ့ဘူးတာ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ခါမက။

သိပ်ချစ်တယ် မောင်ရယ်...။

ထာဝရအတွက် မောင့်အရယ်အပြုံးကို ကြည့်နေနိုင်ခွင့်မရှိပါဘူး...။

'ခင်မင့်ကို ညာတာ... ခင်မင်နင်းတာစီးချင်လို့... တကယ်တော့ ကျွန်တော် စက်ဘီးစီးတတ်ပါတယ်'

'သြော် တော်တော်ကောင်းတာပဲ ခင်မင်မောမလားလို့ သီဟန် မညာဘူး... ကဲ ဒါဖြင့် နင်း... ခင်မင်ခုန် တက်မယ်...'

မောင် နင်းတဲ့ စက်ဘီးကို စီးရပြီ။

မောင့်ကျောပြင်နှင့် ခင်မင့်လက်မောင်းစွန်း ထိနိုက်နေတော့ ရင်ထဲ တစ်သိမ့်သိမ့်ခံစားနေရသလိုပါပဲ။

'မိုးမမိအောင် မြန်မြန်နင်းမယ်နော်... ကိုင်ထား ခင်မင်...'

'သီဟန် မောပါမယ် ဖြည်းဖြည်းပဲ နင်းပါ မိုးရွာမဲ့ပုံမ ရှိပါဘူး...'

'မိုးကို မရွာဘူး ရွာမယ် ပြောလို့ရတာမှ မဟုတ်တာဘဲ ခင်မင်ရယ်... မိုးထပ်မိရင် ပြန်ဖျားလို့ မကောင်းပါ ဘူး... တကယ်ဆို မစိန်ကို ဈေးလွှတ်သင့်တာပေါ့... မိန့် ထားယ်က





လည်း အိမ်မှုကိစ္စ ဘာမှမပါဘူးဆိုတော့ ခက်ပါတယ်...'

'မစိန်ခမျာလည်း တစ်နေ့တစ်နေ့ အလုပ်တွေများပါတယ်... ခင်မင်နေကောင်းပါတယ် သီဟန် နေကောင်းပါပြီ...'

ခင်မင် နေကောင်းနေပါပြီ မောင်

ဒါပေမဲ့ ရင်ထဲကတော့ မကောင်းပါဘူး... ခင်မင်နေမကောင်းဖြစ်နေတဲ့ ရက်အတွင်း မောင် သတင်းလေးမျှ မေးဖော်မရ။

ဆေးတစ်ခွက်တိုက်ဖို့ဆိုတာ ပိုလို့တောင် ဝေးသေး။

မောင်သိပ်ကို စိမ်းကားသွားပြီဆိုတာ ခင်မင်သိပါတယ်။

'ခင်မင် ပိန်သွားတယ်...'

'ဟုတ်လား... ခင်မင်ဖြင့် ကိုယ့်ကိုယ်ကို မှန်ထဲတောင် ကြည့်မိပါဘူး... ထမင်းမစားရတာ... နှစ်ရက်သုံး ရက်ကလေး ကိုများ... သီဟန်... ခင်မင့်ကို ဈေးလိုက်လိုက်ပို့တာ ကျေးဇူးပါ ပဲ...'

သည်လမ်းကလေးတွေမှာ နှစ်ယောက်အတူသွားခဲ့ရတာ မောင် မေ့ပစ်ချင်မေ့ပစ်မယ်။ ခင်မင် အမြဲသတိရနေဆဲ။

'အပြန်ကြရင်... မိုးမရွာရင်ပေါ့လေ... ခင်မင်တို့



www.burmeseclassic.com

www.burmeseclassic.com



သည်လမ်းကလေးမှာ လမ်းလျှောက်ရအောင်နော် သီဟန်..'

'ခင်မင် စိတ်ကူးသိပ်ယဉ်သလိုပဲနော်... ဘာလို့ လမ်းလျှောက်ချင်ရတာလဲ... မပင်ပန်းဘူးလား... ကျွန်တော်ဖြင့် လမ်းလျှောက်ရတာ ပင်ပန်းသလိုပဲ... သည်လမ်းကရော လမ်းလျှောက်ချင်စရာ ဘာရှိမလဲ..., မိုးရွာထားလို့ ရေအိုင်တွေ ဗွက်တွေလည်း ရှိနေတယ်လေ... လမ်းလျှောက်ချင်စရာ မကောင်းပါဘူး...'

ဩော်... မောင်ရယ်...'

ခင်မင်နဲ့ မောင့်ခံစားချက်က ကွာခြားလိုက်တာ။

ခင်မင်ကတော့ မောင်နဲ့အတူ ဟိုးအရင်က လျှောက်ခဲ့တဲ့လမ်းကလေးမို့...။

ရေဗွက်ပဲရှိရှိ...

လျှောက်ချင်ပါတယ်။

စိတ်နှစ်ခုရဲ့ ခံစားမှု ကွာခြားလှချေလား မောင်။

ရင်ထဲ ထိခိုက်သွားတာမို့ စကားမပြောတော့ဘဲ တိတ်တိတ်ကလေး ငြိမ်နေမိတယ်။ မောင်ကလည်း တိတ်ဆိတ်စွာ စက်ဘီးနင်းနေတော့ စကားမပြောမိကြပြန်။ တိတ်ဆိတ်စွာ စက်ဘီးနင်းနေတော့ စကားမပြောမိကြပြန်။





လေပြင်းတိုက်နေတယ်

မိုးသက်လေပြင်း သေချာပါတယ်။

ဝမ်းနည်းစိတ်ဟာ ရင်အနှံ့ ပြည့်လျှံနေသလိုပါပဲ။ ဟိုးတစ်ချိန်တုန်းကလို...။

မောင်

ချစ်ခွင့်ရမည်

ပြုခွင့်ရမည်ဆို...

အခုအချိန် မောင့်ကိုကျောဖက်မှနေ သိမ်းဖက်ပြီး ကျောပြင်မှာ မျက်နှာအပ်ငိုချင်တယ်။

မောင့် စပိုရှပ် အဖြူလေးမှာ မျက်ရည်ဥတွေငြိတွယ်စိမ့်စိုနေစေချင်တယ်။

မေးချင်မိတယ် မောင်ရယ်...။

ဒါနဲ့များ

ခင်မင့်ကို သိပ်ချစ်တာပဲဆို။

ပြောခဲ့တဲ့ စကားတစ်ခွန်းကို လွယ်လွယ်ရုပ်သိမ်းသွားရက်သူလို့လည်း မဆိုရက်ပါတယ်။

+ + + + +



www.burmeseclassic.com

www.burmeseclassic.com



'သီဟာန်အရမ်း ပြောင်းလဲသွားတယ် ခင်မင်... တစ်ခါ တစ်ခါ အံ့သြတယ်... ငါ့ကိုတောင် ဟိုအရင်ကလို ခင်ခင်မင်မင် မရှိဘူး... သူကပါ မိုတို့ ထားယေ်တို့ အချိုးမျိုးဖြစ်လာတယ်.. ဟိုအရင်ကဆို ငါ ထမင်းစူးကျွေးရမှာ အလုပ်ပျက်တယ်ဆိုပြီး သူ့အသော ခူးစားချင်စားတာမျိုး... အခုတော့ သူကပါ ညှော်သည် မဟုတ်တော့တဲ့ အိမ်ရှင် အချိုးချိုးလာတယ် တစ်ခါတစ်လေ အမြင်ကပ်တယ်...'

'အို... မစိန်ကလည်း'

မစိန်ပြောတာ ဟုတ်ကောင်းဟုတ်ပါလိမ့်မည်။

ဒါပေမဲ့...။

မောင့်ကို အဲလိုမျိုး ရက်ရက်စက်စက် မပြောစေချင်ပါဘူး။

'ခွင့်လွှတ်လိုက်ပါ မစိန်ရယ်'

'နင်ကတော့ အပစ်မမြင်နိုင်ဘူးပေါ့.. ငါကတော့ စိတ်ချက်တယ်... အင်းလေ... ဘာတတ်နိုင်မလဲ သည်အိမ်မှာ ငါတို့ နှစ်ယောက်ရဲ့ နေရာက မီးဖိုထဲပဲ... ငါတို့နှစ်ယောက် ထွက်ပြေးလို့လဲရတာမှ မဟုတ်တာ...'

ဒါတော့ဟုတ်ပါတယ်





သည် အမိုးအောက်က စွန့်ခွာသွားဖို့ဆိုတာ ဘယ်လိုမှမှ မဖြစ်နိုင်တာဘဲ...။ သည်တော့လည်း

ကျရာအခန်းကဏ္ဍမှာ တာဝန်ကျေပြွန်အောင် နေ နေရမှာပေါ့။

မေမေမရှိထဲက ဖေဖေ့ကိုချစ်တယ် ဖေဖေ့စားဝတ်နေ ရေး အဆင်ပြေဖို့ ဖေဖေ စိတ်ချမ်းသာဖို့ တစ်ခုကိုပဲ ခင်မင်ကြည့် လာခဲ့တာ မဟုတ်လား။ အခုလည်း... ဖေဖေ့ကို ကူညီနေရတာ လို့ စိတ်ဖြေပါတယ်..။ ခင်မင်ကသာ အိမ်အလုပ်တွေ မလုပ် ချင်ဘူး။ ပင်ပန်းတယ် စိတ်ပျက်စိတ်ကုန်တယ်လို့ ကလန်ကဆန် လုပ်တော့ ဘယ်သူစိတ်ဆင်း ရဲမလဲ။ ဖေဖေပဲ စိတ်ဆင်းရဲရ မှာပေါ့...။

ခင်မင်တို့ကြောင့် ဖေဖေ စိတ်မဆင်းရဲစေရဘူးလို့ပဲ မှတ်လိုက်ပါ မစိန်...'

'ဟုတ်ပါတယ်... ငါလဲ ဒါကြောင့် သည်းခံပါတယ် ငါ့အလိုအတိုင်းဆို ငါ့ရှာငါပြန်ရင်လဲ မငတ်ပါဘူး...'

'ဟင်. မစိန်... အဲလိုမပြောပါနဲ့... အဲလိုမျိုး လုံးဝ မပြောပါနဲ့... မစိန်ရှာပြန်မဲ့အကြောင်း မကြားချင်ဘူး... မစိန်က ပါ ခင်မင့်ကို တစ်ယောက်တည်း ထားပစ်ခဲ့ဖို့ စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလား…'

ရင်ထဲ အရှိန်းထိသွားပြီ

ချက်ခြင်းကို မျက်ရည်ပေါက်တွေက တစ်ပေါက်ပြီး တစ်ပေါက်ပါးပေါ်ကို ခုန်ဆင်းကျလာသလို ရင်ထဲကလည်း အောင့်လာသလိုပါပဲ..။ အသက်ရှူရတာလည်း မဝချင်တော့။ ခင်မင် တစ်ရှုံ့ကျင်ငင်ငင် ငိုနေတာကို မစိန်လည်း ကြောင်ကြည့်နေတာ ပေါ့။

'ဟင် ခင်မင်ငိုနေတယ် ဘာလို့လဲသမီး…'

အန်တီလွင်နှင့် သီဟန့်ကိုလည်း ဂရုမစိုက်အား။

တစ်ယောက်တည်းဆိုတဲ့ ခံစားမှုဟာရင်ကို ပြင်းစွာ ထိခိုက် ကြေကွဲစေလိုက်သလိုပါပဲ။

'ခင်မင်… ဟဲ့… ခင်မင် နင်ရူးနေလား ငါပြန်မယ် ပြောတာမှ မဟုတ်ဘဲ.. ပြန်ချင်ရင် ပြန်လို့ရတယ်ပဲ ပြောတာလေ…'

'မစိန်ရယ်… ခင်မင့်ကြည့်ရတာ အားငယ်တတ်ပုံကို စကားအဖြစ်နဲ့လဲ စိတ်ညစ်အောင် မပြောပါနဲ့.. မငိုနဲ့ ခင်မင် ယ်… အန်တီလွင်တို့လဲ ရှိနေတာ မစိန်ကလည်း ဘယ်မှသွား ာမှ မဟုတ်တာ…'





'ခင်မင့်ကို… ခင်မင့်ကို မစိန်တစ်ယောက်ပဲ နားလည် တာ မစိန်ကပါ ထားခဲ့ဦးမယ်ဆို ခင်မင်သေမှာပါ…'

'မဟုတ်တာ သမီးရယ်…'

အန်တီလွင်က ခင်မင့်ကို ညှာတာတတ်ပါတယ်

ဒါပေမဲ့ ခင်မင့်ကိုတော့ မောင်နှင့် လက်ထပ်ပေးဖို့ တစ်ခါမှ မစဉ်းစားဘူး မဟုတ်လား။ ခင်မင်နားလည် ပါတယ်။ အင်းလေ… ခင်မင့်နေရာ ခင်မင်သိရင်… ခင်မင်နေတတ်အောင် ကြိုးစားရတော့မှာပေါ့…။

'မစိန်… ခင်မင် အဝတ်လျှော်တော့မယ်…'

တကယ်ဆို အလုပ်နှင့်လက်မပြတ်အောင် ကြိုးစား နေမယ်။

ဒါဆိုရင် မောင်ရှိရာကို လွင့်ပျံ့ဝေ့ဝဲနေသည့် စိတ် တွေလည်း ငြိမ်သက်နိုင်လိမ့်မည် ထင်ပါရဲ့..။

ဘယ်လိုချစ်ချစ်

ဘယ်လောက်ချစ်ချစ်..။

ခင်မင်တို့ နှစ်ယောက် ဘယ်တော့မှ ဆုံဆည်းမည် မဟုတ်ပါမောင်။

သည်တော့လည်း အလွမ်းမှာ ပျော်ပိုက်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရမှာပါပဲ။

+ + + + +

ဇီဇဝါပွင့်တွေရဲ့ ရနံ့ရှူးရှူရှကို ရနေတယ်

ဇီဇဝါရုံကြီးက ကြီးမားလွန်းတော့ အပွင့်တွေကလည်း ပွင့်ချင်တိုင်း ပွင့်နေတော့တာပေါ့လေ။ အဖြူရောင် ဆွတ်ဆွတ် **ပန်းတစ်ပွင့်ကို ခူးယူဖို့** လက်လှမ်းသည်။

'ခင့်မင်'

'ရှင်... ဩော်.. သီဟန်...'

'ပန်းခူးမလို့လား...'

'ဟုတ်တယ်...'

'ကျွန်တော့်ကို ကြည့်ပါဦး..'

'ရှင်... ဘာလို့လဲ...'

ဖျတ်ခနဲ ကြည့်မိပါတယ်

အို...

ခင်မင်ထိုးပေးခဲ့တဲ့ အပြာနှင့်ပန်းရောင်စပ်ထားသော ဆွယ်တာအကျႌလေးနှင့်ပါလား။





'လှတယ် မဟုတ်လား'

'လှပါတယ်...'

'ကျွန်တော့်ဆွယ်တာကို သူငယ်ချင်းကတောင် ကြိုက်လို့ မေးနေတယ်...'

'ခင်မင်က သိပ်မကျွမ်းကျင်လှပါဘူး...'

မောင်

ပန်းရောင်ဆိုတာ အချစ်ရဲ့သင်္ကေတ

အပြာကတော့ သစ္စာကို ရည်ညွှန်းသတဲ့။

အဲသည့်လှဆီမှာ..

ခင်မင့်အတွက် အချစ်

ခင်မင့်အတွက် သစ္စာ...။

ဘာတွေမှရှိမနေကြတော့ပါဘူးလေ။

'ကိုသီဟန်... ရှာလိုက်ရတာ... ဘာများလုပ်နေလဲလို့... အန်တီလွှင်ခေါ်နေတယ်... မိုးမရွာတဲ့နေ့ကလေး မြို့ထဲသွားရအောင်တဲ့.. သည်နေ့ ဖိတ်စာတွေ အပ်မက်လေ...'

'လာပြီ မို... သွားမယ် ခင်မင်...'

'မလေး... မိုတို့ ဖိတ်စာထဲမှာ မလေးနာမည်ပါတယ် နော်... အဲသည့်အတွက် မိုတို့မင်္ဂလာ ဧည့်ခံပွဲမှာ မလေးနဲ့ ခင်မင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာ ဒံပေါက်နဲ့ ညှော်ခံပေးရမယ်... အခုဖိတ်စာ သွားရိုက်ကြမှာ...'

မောင်နှင့်မှီ ထွက်သွားသည်ကို

လှည့်မကြည့်ရဲပါ။

သူတို့လက်ထပ် ကြတော့မည်ဆိုပါလား။ ဖိတ်စာတောင် ရိုက်ကြပြီတဲ့။

ဒါနှင့်များ

အချစ်နှင့်သစ္စာကို ကိုယ်စားပြုသော သည်ဆွယ်တာလေးကို ဝတ်ပြရက်ပါလား။

ရက်စက်လိုက်တာ မောင်

ရှိပါစေ

မောင် စိတ်ချမ်းသာမလား။

မောင် စိတ်ချမ်းသာမည်ဆို ခင်မင် ကျေနပ်ခွင့်လွှတ်ပေးလိုက်ပါမည်။

ဒါပေမဲ့ ခင်မင်တို့နှစ်ယောက် အပြီးတိုင် ဝေးကြရတော့မှာပါလား။

မငိုဘူး

ငိုရလွန်းလို့လဲ မျက်ရည်ခမ်းတစ်မျှ





ဒါတောင် ငိုလို့မဝနိုင်။

တစ်နေ့

တစ်နေ့မှာ မောင်နှင့်အပြီးတိုင် ဝေးရမယ်ဆိုတာ မသိတာလည်းမဟုတ်။

ဇီဇဝါပွင့်တွေရဲ့ ရနံ့...။

မောင်နှင့်အတူ ထိုင်ဖူးသော ယုဇနပင်ရှိရာကို လျှောက်လာခဲ့ပါတယ်။ တကယ်ဆို တစ်နေ့မှာ မှီနှင့် လက်ထပ် ရမည်ကို သိသိကြီးနှင့် ခင်မင့်ကိုဘာလို့များ ချစ်ခင်ယောင်ပြခဲ့ရသလဲ...။

ခင်မင့်ကို သိပ်ချစ်တယ်

ခင်မင့်ကို သိပ်ချစ်တယ်...

သည်သို့သော စကားသည် နှလုံးသည်းပွတ်ကို ပြင်းစွာ တုန်လှုပ်ရိုက်ခတ်စေပါလျှက်

မုသားတွေလား။

မုသားစကားတွေသာဆို...။

ယုံကြည်မိ မျှော်လင့်မိသော ခင်မင့်အမှားတွေသာ ဖြစ်ပါလိမ့်မည်။

မြေညီညီမှာ ယုဇနပွင့်ကြွေဖြူဖြူတွေ ဖွေးဖွေး လှုပ်ပါပဲ။ ရေစိမ့်နေသော မြေကြီးတွေက ညိုမှောင်နေသရှ

www.burmeseclassic.com



ပွင့်ကြွေအဖြူတွေနှင့် လိုက်ဖက်ညီလှပါရဲ့....။

မောင်နှင့် ဝေးရတော့မည်

အတွေးစသည် ခင်မင့်ရင်ကို ပြင်းစွာ ထိခိုက်စေပြန်ပါ ရော။

ရင်ထဲအောင့်နေတယ်

အသက်ရှူလဲ မဝချင်။ ဒါကြောင့် ပန်းကြွေတွေကြား ငြိမ်သက်စွာ ထိုင်ချလိုက်ပြီး အသက်တစ်ချက်ရှူ ဖို့ မနည်းအား ယူရတယ်။ မငိုတော့ဘူး။ ငိုချင်လာတိုင်း နလိုမျိုး ခံစားရတယ်။

မျက်ဝန်းတွေ စုံမှိတ်ထားမိတယ်။

ဖျတ်ခနဲဆိုသလို ရေစက်ရေပေါက်တွေ ကိုယ်ပေါ်ကို ပြုတ်ကျလာသည်မို့ သစ်ပင်ပေါ်မော့ကြည့်ပါတယ်။

သစ်ကိုင်းကလေးက ဆတ်ဆတ်တုန်ခါကျန်ခဲ့သလို... ရေစိုထားသော ငှက်ကလေးတစ်ကောင် ပျံထွက်သွား တာ ခင်မင်လှမ်းမြင်ရပါတယ် မောင်။

ခင်မင့်စိတ်မှာ ဘယ်လို ခံစားရသလဲ

မောင်သိလား။

ငှက်ကလေးတစ်ကောင်ဟာ အကြောင်းတစ်ခုခုတစ်ရာ ကြောင့် အခိုက်အတန့် ခေတ္တခဏ ကွန်းခိုခဲ့ရတဲ့ သစ်ကိုင်းက





လေး ခင်မင်ပါ..။

ငှက်ကလေးကို နားပါလို့ ခင်မင်မဖိတ်ခဲ့ပါဘူး။

သွားပါလို့ ခင်မင် မနှင်ခဲ့ပါဘူး။

ကွန်းခိုစဉ်ခဏမှာတော့ ခင်မင့်ကြောင့် စိတ်ဆင်းရဲရ ခြင်း၊ နှောင်ကြိုးငင်ခြင်းတွေလည်း မဖြစ်စေရပါဘူးကွယ်။

တစ်နေ့နေ့ပေါ့။

ရင်ခွင်ကို ခြေစုံကန်လို့ ငှက်ကလေးပျံသွားမယ်ဆို လည်း...။

ငိုနေသော နလုံးသားကို ပြုံးနေသော နှုတ်ခမ်းများဖြင့် ကာကွယ်ပေးထားမှာပါ ချစ်သူရယ်...။

\+ + + + +

'နင် နေကောင်းရဲ့လား'

'ကောင်းပါတယ် ခင်မင့်ပုံက နေမကောင်းတဲ့ပုံ ပေါက် နေလို့လား...'

'နေမကောင်းတဲ့ပုံ မဟုတ်ပါဘူးဆိုလည်း... စက်ရုပ် တစ်ရုပ်လိုပဲ... အသက်မပါဘဲ လှုပ်ရှားနေသလိုမျိုးလေ...လှမ်းမော

www.burmeseclassic.com



ရုပ်ပေါက်နေတာနဲ့လဲ တူတယ်'

မစိန်စကားကြောင့် ပြုံးရတယ်

ခင်မင်ဟာ စက်ရုပ်တစ်ရုပ်ပဲ ဖြစ်ဖြစ်

ကိုယ့်တာဝန်ကိုတော့ကိုယ် မီးလင်းက မီးချုပ်ကျေပြွန်အောင် ထမ်းဆောင်နေရတာပဲ မဟုတ်လား။ ခုပဲ ကြည့်လေ... ရင်ထဲက အောင့်နေတယ် အသက်ရှူမဝပါဘူးဆိုလဲ အာရုံမလာခင် နိုးရတာပဲ အလုပ်လုပ်နေရတာပဲ။

'မစိန်...'

'ဟင်...'

'မင်္ဂလာဧည့်ခံပွဲကို ညနေပိုင်းခြံထဲမှာပဲ ဧည့်ခံမယ်တဲ့'

'အဲဒါ ဘာဖြစ်လဲ'

'မစိန်နဲ့ ခင်မင်က ဒံပေါက်ချက်ရမှာတဲ့.... ညစာကို ဒံပေါက်ကျွေးလို့ ကောင်းပါ့မလား ရင်ပြည့်မှာပေါ့...'

'သူတို့က ချက်ဆိုချက်ပေးလိုက်ရင် ပြီးတာပဲ ရင်ပြည့်ချင်ပြည့် မပြည့်ချင်နေပေါ့ဟဲ့... အဲသည့်မင်္ဂလာဆောင် ကို နင့်ခေါင်းထဲ ထည့်မနေနဲ့...'

'ဖိတ်စာလေးတွေက လှသလားဟင်...'

ဒိမ်ရှေ့စားပွဲပေါ်မှာ ဖိတ်စာအထုပ်တွေရောက်နေပြီ





ဆိုပေမဲ့ ခင်မင် မကြည့်ရပါဘူး။ ခင်မင့်ကိုလည်း ဘယ်သူကမှ လာကြည့်လို့ ခေါ်ပြတာမှ မဟုတ်တာ။ ပြီးတော့ ခင်မင်ကိုယ်တိုင်ကလည်း မကြည့်ရဲသလို ခံစားနေရတာပဲ မဟုတ်လား။

'လှလှ မလှလှ နင်တွေးမနေနဲ့ ခင်မင် နင်နဲ့မှ မဆိုင်တာ...'

'ခင်မင် အဲသည့်လောက်တောင် ချက်ခြင်းမေ့ပစ်လိုက်နိုင်တဲ့ စွမ်းအားမရှိပါဘူး... မစိန်ရယ်... ခင်မင့်ကို နားအလည်ဆုံး မစိန်ကတောင် ခင်မင့်ကို နားမလည်တော့ဘူးလား...'

'နားလည်ရလွန်းလို့ ခက်နေတာ.... ကိုယ့်အပေါ်တကယ် မေတ္တာမရှိတဲ့ လူတစ်ယောက်အတွက် နင်မခံစားစေချင်လို့ ပြောနေတာ... ကောင်းတယ်... လက်ထပ်ပြီးရင်မရွှေမှီက ရန်ကုန်ပြောင်းဖို့ ကြိုးစားမယ်တဲ့ ပြောင်းကြ ပြောင်းကြ... အဲသည့် မျက်နှာတွေ မမြင်ရတော့ရော... အခုပဲကြည့်လေ... ဟိုးအရင်ကဆို မနက်မိုးလင်း ထပြီး ရေနွေးကျိုပေးရတာနဲ့ ရေကူခပ်ရတာနဲ့ အခုဘာများ လုပ်ပေးသလဲ... သူလည်း မှီနဲ့အတူတူဖြစ်သွားပြီ... တစ်ခါ တစ်ခါ လူတွေကို အံ့ဩတယ် ကောင်းရဲ့နဲ့ ဟန်ဆောင်တတ်ကြတာ ဟန်ဆောင်တယ်ဆိုတာခဏပါ... နောက်တော့ လည်း ပေါ်လာတာပါဟာ...'



www.burmeseclassic.com

www.burmeseclassic.com



မစိန့်စိတ်မှာ မောင့်အပေါ် နာကျင်ခြင်းတွေရှိနေတာ သေချာပါတယ်။

ခင်မင့်လိုတော့ ခွင့်လွှတ်လို့ မရဘူး ထင်ပါရဲ့လေ။

မောင်

တကယ်ပဲ ဟန်ဆောင်ခဲ့တာလား။

ဒါမှမဟုတ်...။ မဖြစ်နိုင်တဲ့အခြေအနေ တစ်ခုခုကြောင့် ဟန်ဆောင်သူဘဝမျိုး ရောက်သွားတာများလား။

'မစိန်နဲ့ခင်မင်ကတော့ ရှားတယ် အစောကြီး နိုးနေပြီ'

'အန်တီလွင် ကော်ဖီ အဆင်သင့်ရပါပြီ...'

'ခင်မင်... နေကောင်းရဲ့လား'

'ရှင်'

ဒုက္ခပဲ

တွေ့သမျှလူတွေမှာ ခင်မင့်ကို လူမမာဆိုတဲ့အတွေး ပေါက်နေကြတာလား။

'ခင်မင့်ကြည့်ရတာ မောနေသလိုပဲ... ပိန်လဲ ပိန်တယ် အန်တီလွင် စိတ်ပူလို့ မေးတာပါ...'

'နေကောင်းပါတယ်...'

မောနေတယ်ဆိုတာ မှန်ပါတယ်။





အသက်ရှူကြပ်လာတဲ့အခါ မနည်းအသက်ရှူနေရတာဘဲ မဟုတ်လား။ နေမကောင်းဘူးလို့ ပြောခဲ့ရင် အကြောင်းပြချက် တစ်ခု မဖြစ်စေချင်။

'အန်တီလွင် ရန်ကုန်မှာ တူမဝမ်းကွဲလေးတစ်ယောက် ရှိတယ်... ညိုညိုဖြဲ သူ့ကိုလှမ်းခေါ်ထားတယ်... သားတို့မင်္ဂလာဆောင် အမီလာခဲ့ဖို့ပေါ့... သည်အိမ်မှာ အိမ်မှုကိစ္စတွေ ကူရမယ်... ခင်မင်နဲ့ မစိန် ပင်ပန်းလှပြီဆို တာ အန်တီလွင် သိတယ်'

'ရပါတယ် အန်တီလွင်ရယ် ကြာတော့လည်း ရိုးနေပါပြီ...'

'ဘယ်ဟုတ်မလဲ ကျန်တဲ့လူတွေက ဘာမှမကူကြဘူးလေ...'

'ဒါလဲဘဲ ရိုးနေပါပြီ အန်တီလွင်ရယ်...'

'မီနဲ့သားငယ် လက်ထပ်ပြီးရင် သည်အိမ်မှာ မထားချင်ဘူး ရန်ကုန်ပြောင်းချင်ပြောင်း၊ မပြောင်းရင် ခြံထဲ မှာ အိမ်လေးတစ်အိမ် ဆောက်ပေးမလားလို့... သူတို့အိမ်ထောင်ကို သူတို့ဖာသာ တည်ဆောက်တာ အကောင်းဆုံးပဲ... သည်မှာပဲနေရင် မီကလည်း ခင်မင့်ကိုပဲ အားကိုးမယ် သူ့ဘဝ သူ မတည်ဆောက်နိုင်ဘူး... မကောင်းဘူး...'

www.burmeseclassic.com



'မိုကရုံးတစ်ဖက်နဲ့ဆိုတော့ ဖြစ်မှာမဟုတ်ပါဘူး...'

'ရုံးတစ်ဖက်နဲ့ ကိုယ့်အိမ်တာဝန်ကိုယ် ယူနေကြတဲ့ မိန်းမတွေအများကြီးပါကွယ်...'

သူတို့စားဝတ်နေရေး အဆင်ပြေပါ့မလား။

မောင်ဒုက္ခများနေဦးမယ်

ရင်ထဲက စေတနာကတော့ ထားရဦးမှာပါပဲ။

အချစ်၊ သစ္စာ ဒါတွေကတော့ တစ်ပါးသူတစ် ယောက်ရဲ့ ခင်ပွန်းအပေါ် ထားနေစရာမလိုအပ်တော့ဘူးပေါ့လေ။ မောင်နှမဆိုတဲ့ မေတ္တာမျိုးနဲ့ စေတနာကတော့ ထားပေးရဦးမှာပါပဲ။

'သားတို့ မင်္ဂလာဆောင်တဲ့နေ့မှာ ခင်မင့်အတွက် လက်ဆောင်တစ်ခု အန်တီလွင် ပေးပါမယ်...'

'သီဟန်တို့ မင်္ဂလာဆောင်တဲ့နေ့မှာ ခင်မင့်အတွက် လက်ဆောင်ဟုတ်လား အန်တီလွင်...'

'ဟုတ်တယ်'

'ခင်မင် ဘာမှမလိုချင်ပါဘူး အန်တီလွင်ရယ်... ခင်မင် ဘာကိုမှ မမျှော်လင့်ပါဘူး မလိုချင်ဘူး...'

'ဘယ်ဟုတ်မလဲ... ခင်မင်က သည်အိမ်အတွက် အဓိက





အရေးပါတဲ့လူတစ်ယောက်ပဲ...ဒါကို အန်တီလွင် သိတယ်... ဒါကြောင့် ခင်မင့်ကို လက်ဆောင်ပေးမှာ...'

ဘယ်လို လက်ဆောင်...

မောင့်ကို ဆုံးရှုံးလိုက်ရပြီးတဲ့နောက်မှာ ဘာတွေကရော ခင်မင့်စိတ်ကို ပြည့်စုံစေမှာတဲ့လဲကွယ်...။

'ခင်မင် မလိုချင်ပါဘူး...'

'အခုတော့ မလိုချင်သေးဘူးပေါ့ကွယ်... အန်တီလွင့် လက်ဆောင်ကို မြင်တာနဲ့... ခင်မင်လိုချင်မှာပါ... အဲသည်ကြမှ မလိုချင်ပါဘူး အန်တီလွင်ရယ်လို့ ပြောတဲ့စကားကို ခင်မင် ပြောနိုင်မှာ မဟုတ်ဘူး...'

မောင့်ကို အပြီးတိုင် ဆုံးရှုံးရမဲ့နေ့။ အဲသည့်နေ့မှာ ရမဲ့လက်ဆောင်ကို ခင်မင်က လိုချင်ဦးမှာတဲ့လား ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။

\+ + + + +

နေမကောင်းဘူးလို့ မပြောချင်။

ဒါကြောင့် အိပ်ယာထဲ ငြိမ်ငြိမ်လေး ခွေနေမိသည်



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူမဝတာ အဆိုးဆုံးပဲ။ ရင်ဘတ်ထဲကလည်း အောင့်နေတယ် အိမ်အလုပ်တွေ အများကြီးရှိနေတာပါလား။ ဒါကြောင့်သာ မထချင်ထချင်ထပြီး ထွက်လာခဲ့ရတယ်...။ မစိန် ရေဆွဲနေတာမြင်ရပြီ သူ့ခမျာ တစ် ယောက်တည်း။

ခင်မင် နေမကောင်းမဖြစ်ချင်ဘူး။

ခင်မင် နေမကောင်းရင် မစိန်ပင်ပန်းမယ်...

မီတို့ မင်္ဂလာရက်ကလည်း နီးလာပြီလေ...။

'ခင်မင်... နင့်ကို ငါလာခေါ်မလို့.... ဘုရားပန်းခူးပေးစမ်းပါဟာ... ဘုရားပန်းတွေ ညှိုးနေလို့ ဇီဇဝါပဲဖြစ် ဖြစ် ခူးလိုက်'

ဒါကြောင့် ကပ်ကျေးတစ်လက်ယူပြီး ခြံထဲဆင်းခဲ့တယ်။

မိုးလေလို့ပဲဆိုဆို

အေးမြတဲ့လေကြောင့် အသက်ရှူရတာပိုကောင်းလာသလိုပါပဲ။

'မောင်'

ဇီဇဝါပွင့်လေးဆီလှမ်းမည့် လက်တို့ပင် ရပ်တန့်သွားသည်။

'မောင်'





မီ့အသံ

မီတို့ရှိနေသလား။

မောင်တဲ့။

မောင်...။

မီ့ဆီမှာ ချစ်သူကို 'မောင်'လို့ ခေါ်ပိုင်ခွင့်ရှိတယ်။ ခေါ်ခွင့်ကိုရတယ်...။

မောင်

မောင့်ကို ခင်မင် သိပ်ချစ်ခဲ့ကတည်းက ရင်ထဲမှာပဲ တိတ်တိတ်ကလေး ခေါ်ခဲ့ရတာပါ။

ခင်မင့်မှာတော့ 'မောင်'လို့ ခေါ်ခွင့်မရှိခဲ့ပါဘူး။

'ဘာလဲမီရဲ့...'

'မီ့ကို တကယ်ချစ်တာလား'

ဘုရားရေ.

သူဘယ်လိုဖြေမလဲ

တစ်ချိန်တုန်းကတော့

ခင်မင့်ကို သိပ်ချစ်တယ်လို့ ပြောခဲ့သူ။ အခုအချိန်မှာ ဘယ်လိုဖြေမည်လဲ...။

ခင်မင် သိချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင် ကြားချင်တယ်

သူ့ရယ်သံတိုးတိုးလေးကို ကြားရတယ်။ ရယ်နေတဲ့ မောင့်မျက်နှာဟာ သိပ်ချစ်စရာကောင်းတယ်လို့ ခင်မင်ထင်ခဲ့ဖူးတယ်။

အဲသည့်မျက်နှာကို အလွတ်ရနေခဲ့ဖူးတယ်

'ဖြေလေ မောင်ရဲ့...'

'ချစ်တာပေါ့ မှီရယ်... မှီ့ကို ဘယ်လောက်ထိချစ်သလဲဆို တွေ့တွေ့ခြင်း ချစ်တာ... ရုံးထဲကနေ ဆွဲခြင်း လေးကိုကိုင်ပြီး ထွက်လာတဲ့မှီ့ကိုတွေ့ရော အရမ်းချစ်သွားရော... ချစ်လို့လဲ လက်ထပ်ကြတော့မှာများ မေးနေရသေး သလား.. ချစ်တယ် မှီ့ကို သိပ်ချစ်တယ်...'

ဗီဇဝါပွင့်တွေ ပြာကျကျန်ရစ်ပြီ

အိမ်ဆီပြန်ပြေးခဲ့တယ်။

နောက်ဖေးတံခါးဝမှာ အသက်မရှူနိုင်လို့ ခဏရပ်နေပါသေးရဲ့။

အံ့ဩမိတယ်

ကြေကွဲထိတ်လန့်မိတယ်

ထိခိုက်နာကျင်မိတယ်





မောင်ရယ်...

ချစ်သူကို သိပ်မျှော်လင့် သိပ်ယုံကြည်တတ်သော ခင်မင်ပါ...။

အခုတော့...။

နားစည်မှာကြားခဲ့ရသော စကားတွေဟာ ရင်ထဲက စကားတွေနှင့် တစ်ခြားစီပါလား။

မျက်ဝန်းအနှံ့ မျက်ရည်တွေ ပြည့်တက်လာသလိုပါပဲ။

ရင်ထဲကလည်း ပိုအောင့်လာတယ်

အသက်ရှူလို့ မဝဘူး။

အသက်တစ်ခါရှူဖို့မနည်းအားယူရတယ်။ ခေါင်းထဲမှာလည်း အရောင်စုံတွေ တောက်ပလာသလိုလိုနဲ့ တစ်ကယ်တော့... အမှောင်ထုက ဝင်ရောက်စိုးမိုးလာသလိုလို။

'မစိန်... မစိန်'

နံရံကို ကျောမှီလိုက်ပြီးမှ ခေါ်နေမိတယ်။

မစိန် ခင်မင့်ကို လာကယ်ပါဦး

ခင်မင်မောလိုက်တာ။

နံရံကိုမှီထားရာက တစ်ရွေ့ရွေ့လျောကျနေခဲ့ဟာ နောက်ဆုံးအသိကို သိလိုက်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ဘမ်းတမိတယ်။

'မောင်...'

မှောင်ပိတ်နေတဲ့ နေရာတစ်ခုကို ချက်ခြင်းလက်ငင်း ရောက်ရှိသွားသလိုပါပဲလေ။

+ + + + +

မျက်ဝန်းတို့ကို မနည်းအားယူဖွင့်ရတယ်

ချက်ခြင်းပြန်လည်မှောင်ကျသွားသလိုပါပဲ။

အနည်းငယ်သော အသိတရားကို ရနေသလိုလိုနှင့်။

ခင်မင်ဘာဖြစ်နေပါလိမ့်။ မျက်ဝန်းတို့ကို ဖွင့်ရင်းမှ နှုတ်ဖျားမှနေ တမ်းတနေမိတယ်။

မစိန်

မစိန်

ခင်မင့်အတွက် အရေးအကြီးဆုံးသော လူတစ်ယောက်ကိုပဲ ခေါ်မှုပါ။

'ခင်မင်... ခင်မင် သတိရပြီလား'

မစိန်ထူးသံကို ချက်ခြင်းပြန်ကြားရတယ်။

ပြီးတော့ ပါးပြင်ကိုလာထိပြီး နှိုးနေသလိုပါပဲ။

'ခင်မင်...'





'မစိန်...'

'နေလို့သက်သာလား ခင်မင်...'

'အင်း... နည်းနည်းတော့မောတယ်... ဟင် ဒါ... ဘယ်မှာလဲ...'

မျက်ဝန်းတို့ကို ဖွင့်လို့ရတာနှင့် ဝန်းကျင်သည် စိမ်းနေလိုက်တာ။ အိမ်မဟုတ်နိုင်ဘူး။ ခင်မင့်အခန်းမဟုတ်နိုင်ဘူး။

ခင်မင့်ကုတင်ပေါ်မဟုတ်နိုင်ဘူးဆိုတဲ့အသိနဲ့...။

မစိန်က ခင်မင့်ကို ပြုံးပြတယ်။

'အခု ဆေးရုံမှာလေ...'

'ဆေးရုံ... ဟင်... ဆေးရုံ'

'ဟုတ်တယ်... ခင်မင် လဲကျပြီးသတိလစ်နေတာမို့ ဆေးရုံပို့ထားရတာ...'

'ဩော်'

ဟုတ်သားပဲ

ရင်ထဲအရမ်းအောင့်ပြီး အသက်တစ်ရှူတစ်ရှိုက်တောင် ရှိုက်မရတော့တဲ့ အဖြစ်။ ပြန်သတိရလာတယ်။

'အသက်ရှူကြပ်ရင် ပြောနော်...'

'အခု သိပ်မကြပ်တော့ပါဘူး...'

'နေကောင်းအောင်နေ... ဘာတွေမှ မတွေးနဲ့... ဘုရားစာရွတ်နေဟာ... မျက်စေ့မှိတ် ဘုရားစာရွတ် ခင်မင့် အနားမှာ

www.burmeseclassic.com



မစိန်ရှိမယ်...'

'မစိန် ဆေးရုံစောင့်နေရတာ အိမ်မှာ ဘယ်သူအလုပ်လုပ်ပါ့မလဲ... ခင်မင့်ဖာသာနေပါမယ် အိမ်ပြန်ပါလားဟင်...'

နှစ်ယောက်တည်း လုပ်ရတဲ့ အိမ်အလုပ်တွေဟာ သည်နှစ်ယောက်မရှိရင် ဘယ်လောက်များ တစ်ပုံတစ်ပင် ဖြစ်နေလိုက်မလဲ။ မစိန်ကို ပြန်လွှတ်မှပါ။ ခင်မင် နေကောင်းနေပြီလို့ ခံစားရပါတယ် နေတတ်နေပါပြီ။

'ဘာလို့ ပြန်ရမှာလဲ... မပြန်ဘူး... ငါတို့နှစ်ယောက် အခုမရှိဘူးလေ... ငါတို့နှစ်ယောက်ရဲ့ တန်ဖိုးကို သူတို့ခုမှ ပိုသိကြမှာ... နေကြစမ်းပါစေ...'

'ဟင် မီတို့မင်္ဂလာဆောင်... သူတို့မင်္ဂလာဆောင်ဘယ်နေ့လဲ'

'ဘယ်နေ့ပဲဖြစ်ဖြစ်.. နင်နဲ့မဆိုင်ဘူး... နင့်ဖာသာနေကောင်းအောင် နေစမ်းပါ... သူတို့ မင်္ဂလာဆောင်မှာ နင်မရှိလဲဖြစ်တယ်... ခေါင်းထဲထဲ့မနေနဲ့...'

ဒါတော့ဟုတ်ပါတယ်။

မီတို့မင်္ဂလာဆောင်မှာ ခင်မင်မရှိလို့ဘာမှ မဖြစ်ပါဘူး။

'ဒီပေါက်ချက်ရမယ်လေ'

'နေစမ်းပါစေဟာ... ဝယ်လိုက်လိမ့်မယ် ပူမနေနဲ့...'

မောင်





ခင်မင့်ကိုသိပ်ချစ်တယ်ဆို...

အခုတော့..။

အတွေးစကို ပြန်ရသည်နှင့် မျက်ရည်ဝဲချင်သလိုပါပဲလား။ ဒါကို မစိန် သိပုံပေါ်တယ်။

'ခင်မင်... ငါအမှန်အတိုင်း ပြောပြမယ် နင့်မှာ နှလုံးရောဂါဖြစ်နေပြီ... အခုလဲ မသေတာ ကံကောင်း... နှင့် ရောဂါက စိတ်ဆင်းရဲခံလို့ရတာမဟုတ်ဘူး... စိတ်ကို ဒုက္ခမပေးချင်ပါနဲ့ဟာ... ဘဝမှာ လူတစ်ယောက်ကို မပေါင်းရလို့ သေမသွားပါဘူး... တစ်ခြားလုပ်စရာအလုပ်တွေ အများကြီးရှိပါသေးတယ်... နင့်စိတ်ကို နင်ညှဉ်းဆဲနေမယ်ဆိုရင် နင်အသက်တိုသွားမယ်... ငါ့ကိုတစ်ယောက်တည်း ထားခဲ့ချင်လား...'

ခေါင်းခါပြလိုက်တယ်

ခင်မင့်မှာ နှလုံးရောဂါရှိသတဲ့လား။

ရှိတော့လည်း ဆေးသောက်ရမှာပေါ့ ဆေးကုရမှာပေါ့လေ။

ခင်မင် သေတော့ မသေချင်သေးပါဘူး။

အနည်းဆုံး မစိန်အတွက်တော့ ခင်မင်ရှိနေသင့်ပါတယ်

'မစိန်ကို မခွဲချင်ပါဘူး..'

'အေး... ဒါဆို နေကောင်းအောင်နေ... နင် နေကောင်းရင် ငါတို့အစ်ကိုကြီးကိုပြောပြီး မြန်မာပြည်အနှံ့ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



းထွက်မယ် ငါတို့နှစ်ယောက် ဘဝကိုမီးဖိုထဲမှာ မနှစ်နိုင်တော့ ဘူးလို့ ပြောမယ်... ကောင်းလား သွားမယ်နော်...'

'ကောင်းတယ်... သွားမယ်... ခင်မင်လေး ပုဂံညောင်ဦး ကွွားဖက်သွားချင်တယ်... ဒါပေမဲ့... ပုပ္ပါးတောင် ကလပ်ပေါ် ာတ်နိုင်ပါတော့မလား... အရမ်းမောမှာ ထင်ပါရဲ့..'

'နေကောင်းနေပြီဆိုတက်နိုင်မှာပေါ့... ငါကတော့ ကျေးမြသလွန် ဖူးချင်တယ်... နောက်ဆို ငါတို့ လျှောက် ာည်ဖို့အလှည့်ပဲ...'

'သွားမယ်... မစိန်... ခင်မင်နေကောင်းရင် သည်အိမ်မှာ ထားပါနဲ့ ခင်မင် လျှောက်လည်ချင်ပါတယ်...'

'အေး... ဒါဆို စိတ်အနှောက်အယှက် ဖြစ်စရာတွေ ာားလိုက်တယ်။ ဘာကိုမှ မတွေးရဘူးတဲ့။

မတွေးဘူး။

မတွေးဘူးလို့ အားတင်းနေတဲ့ကြားမှ။ မောင့်ရုပ်သွင်က င်မင့်အာရုံထဲ တစ်ဝဲလည်လည်ဖြစ်နေသလိုပဲ။

အပြာနှင့်ပန်းရောင် အစင်းဆွယ်တာကို ဝတ်ထား ာယ်..။ ခင်မင် ဆေးရုံရောက်သွားပြီ နှလုံးရောဂါဖြစ်နေ ာယ်ဆိုရင် မောင်ဘယ်လို ခံစားရမှာလဲ...။

ဘယ်လိုမှ ခံစားရမယ် မထင်ပါဘူးလေ။

မောင်က ရက်အနည်းငယ်အတွင်းမှာ သူချစ်သော မိုနှင့်





လက်ထပ်ကြတော့မှာမဟုတ်လား..။ ခင်မင်ဆိုတာ မောင့်အ တွက် ဘာများအရေးတကြီး အဓိပ္ပါယ်ရှိနိုင်ဦးမှာတဲ့လဲ။

'ခင်မင် အိပ်နော်...'

'ဟုတ်ကဲ့ပါ...'

'ဘာမှမတွေးနဲ့...'

'ဟုတ်ကဲ့...'

ပြောမည့်သာပြောရ

မျက်ဝန်းစုံမှိတ်သည်နှင့် မောင့်ကို မြင်လာသလိုပါပဲ။ အစအဆုံးဆို

မို့ရဲ့ ခင်ပွန်းဖြစ်သွားပြီဆိုတာနှင့်

အတွေးစတွေကို ခင်မင် ဖယ်ထုတ်ပစ်ရတော့မှာပါ လား။

သက်ပြင်းတစ်ရှိုက်ရှိုက်မိပြန်တယ်

ရင်ထဲမှာ ဆူးခနဲ အောင့်လာသလိုမို့ ငြိမ်နေရပြန်ရော...။ မောင့်ကိုမေ့နိုင်စွမ်းသော သတ္တိတွေရှိချင်ပါဘိ တော့..။

+ + + + +

မစိန်ကို အိမ်ခေါ်ပြန်ခိုင်းရတယ်

ဆေးရုံမှာ စောင့်နေရ ရက်ကြာနေပါပြီ



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ပင်ပန်းလှရောပေါ့။

ခင်မင်လည်း ဆေးရုံက ဆင်းချင်ပါပြီ။ တော်တော်သည်း နေကောင်းလာပြီ ဆေးတွေတော့ ဆက်သောက် ရမယ်လို့ ဆရာဝန်ကြီးတွေက ပြောပါတယ်။

ဖေဖေ အန်တီလွင်တို့ နေ့တိုင်းလာကြပါတယ်

ဒါပေမဲ့

မီတို့ မင်္ဂလာဆောင် အကြောင်း တစ်ခွန်းတစ်ပါးမှ မပြောကြတာတော့ ထူးဆန်းတာပေါ့လေ။

'ခင်မင် နေကောင်းလား...'

'ဩော် အန်တီလွင် ကောင်းပါတယ်'

'ခေါင်းဖြီးနေတာလား ခင်မင် အန်တီလွင် ဖြီးပေးမယ်...'

'ရပါတယ်... ခင်မင်နေကောင်းနေပါပြီ... မနေ့က မစိန်ဆီလူးပေးခဲ့လို့ အခုခေါင်းဖြီးချင်နေတာပါ... ခင်မင့် အားခင်မင်ကိုးပါမယ်...'

'အန်တီလွင် ဖြီးပေးပါမယ်...'

အန်တီလွင်က ခင်မင့်ကို ဆံပင်တွေ သေချာဖြီးသင်ပေးတဲ့အခါ ငိုချင်လာသလိုပါပဲ...။ မေမေ့အကြင်နာတွေ ကွယ်ပျောက်ကတည်းက အိမ်မှာ ခင်မင်ဟာ အိမ်မှုအလုပ်တွေလုပ်တဲ့ စက်ရုပ်တစ်ရုပ်ဖြစ်ခဲ့တာပဲ မဟုတ်လား။ ဝမ်းနည်းကြေကွဲစိတ်ကို





ရအောင်ဖျောက်မှပါ။ နှလုံးရောဂါရှိနေတယ် ပြောထားရက်နဲ့ ငိုရရင် ရောဂါပိုဆိုးလာတော့ မှာပေါ့...။

'ခင်မင့်အတွက် လက်ဆောင်မှာထားတော့ မနက်ဖြန် ရောက်လာလိမ့်မယ်...'

'ခင်မင် မလိုချင်ပါဘူး အန်တီလွင်ရယ်... ဘာလို့မှာရတာလဲ... အလကား အပင်ပန်းခံလို့.. ခင်မင် နေကောင်းအောင် နေတော့မှာပါ.... နောက်ဆို မစိန်လည်း မပင်ပန်းစေရပါဘူး...'

'ခင်မင့်ကို အိမ်အလုပ်တွေ ပင်ပင်ပန်းပန်းမခိုင်းသင့်တော့ဘူး... ညီညီလည်း လာတော့မှာပါ... မနက်ဖြန် ရောက်လာမယ်...'

'မနက်ဖြန်'

'ဟုတ်တယ် ညီညီ့ကို ခေါ်ထားလိုက်ပြီလေ... ညီညီနဲ့အတူ လက်ဆောင်ပါပါလာမှာ..'

'ခင်မင်... မလိုချင်ပါဘူး အန်တီလွင်ရယ်...'

ခုချိန်မှာတော့ ဘာကိုမှလည်း မျှော်လင့်မနေတော့ပါဘူး။ ခင်မင်စိတ်မှာ မပျော်ကာမှုနေ...

စိတ်မညစ်အောင်

ဝမ်းနည်းကြေကွဲခြင်းမရှိရအောင် နေပါမယ်။

'မီတို့ ဘယ်နေ့လက်ထပ်မလဲ အန်တီလွင်'

www.burmeseclassic.com



'မနက်ဖြန် ညနေ ဧည့်ခံပွဲ...'

'ဩော်...'

မနက်ဖြန်တဲ့။

မနက်ဖြန်မှာ မောင်နှင့် ခင်မင်အပြီးတိုင် ဝေးမြီပဲ။

စိတ်ကိုဘယ်လိုထိန်းထိန်း ရင်ထဲ ကြေကွဲစိတ်ကတော့ ဖျတ်ခနဲ ရောက်ရှိလာတာပါပဲ။

'ခင်မင် မနက်ဖြန်မနက် ဆေးရုံက ဆင်းရမယ်... အတော်ပဲပေါ့... ညနေ မင်္ဂလာပွဲနဲ့ မှီတာပဲ...'

'ခင်မင် ဘာမှကူနိုင်မှာ မဟုတ်ပါဘူး အန်တီလွင်ရယ်... အိပ်ယာထဲမှာပဲ နေရမှာပါ...'

'အန်တီလွင့် လက်ဆောင်ကိုတော့ ခင်မင်နှစ်သက်မှာပါ...'

'ကျေးဇူးတင်ပါတယ် အန်တီလွင်... ခင်မင့်အတွက် တကူးတက လှက်ဆောင်ဝယ်ပေးတဲ့ အန်တီလွင့်ကို တကယ် ကျေးဇူးတင်တာပါ...'

'ကျေးဇူးမတင်ရပါဘူး ခင်မင်... အန်တီလွင် သည်အိမ်ကို မရောက်ခင်ထဲက ခင်မင် ခင်မင်ဆိုတဲ့နာမည်လေးကို အစ်ကိုကြီးကလည်းပြော၊ သားကလည်းပြောနဲ့ ကြားနေရတယ်... သည်အိမ်လဲရောက်ရော ခင်မင့်ကို တွေ့ရတော့ တာပါပဲ... ခင်မင်ဟာ သည်အိမ်ရဲ့ ဂျိုကာပဲ... တကယ့်ကို... သည်အိမ်ရဲ့ မရှိမဖြစ်ဆည်းလည်းလေးပါပဲ...'





အန်တီလွင်ရယ်

အားပေးစကားတွေလို့ ခင်မင်နားလည်ပါတယ်။

ဒါပေမဲ့ ခင်မင့်တန်ဖိုးဟာ အိမ်အတွက် အိမ်မှုကိစ္စတွေ လုပ်ယုံလောက်သာ တန်ဖိုးရှိတာပါ။ အိမ့်ဝေယျာဝစ္စတွေ အတွက်မရှိမဖြစ်တာပါ။

မောင့်ဇနီးတစ်ယောက် နေရာကိုတော့ ခင်မင် မရနိုင်ပါဘူးလေ။

အဲလိုနေရာမျိုးမှာတော့ ခင်မင်မရှိရင်လည်း ဖြစ်တာပါပဲ။

'ခင်မင် နေကောင်းရင် ရန်ကုန်မှာသွားနေမလား အန်တီလွင်နဲ့ အစ်ကိုကြီးတို့ပြန်ရင် လိုက်ခဲ့...'

'ဟင့်အင်း... မစိန်ကို ခင်မင်မခွဲနိုင်ပါဘူး...'

ခင်မင့်အပြောကြောင့် အန်တီလွင်ပြုံးတယ်

ပြီးတော့

ခင်မင်ဟာ သံယောဇဉ်ကြီးတတ်လွန်းပါလားတဲ့။

အန်တီလွင်... ခင်မင်ဟာ မစိန်လို လူတစ်ယောက်ပေါ် တောင် သည်လောက် သံယောဇဉ်ကြီးနေရင်... မောင့်လို နှလုံးသည်းပွတ်နှင့် ရင်းပြီး ချစ်ရတဲ့ချစ်သူကိုဆို ဘယ် လောက်ချင်လိုက် လေမလဲ။ ဘယ်လောက်သံယောဇဉ်ကြီးလိုက်လေမလဲ။ တွေးဆ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်ရင် မြင်မှာပါ။

'မစိန့်ကိုပါ ခေါ်မှာပါ'

'မစိန်ပါ ပါရင်တော့ လိုက်မယ်...'

'ကောင်းတယ် သွားကြမယ်နော်...'

ခင်မင် ခေါင်းညိတ်လိုက်ပြီ။

ဝေးကွာပြီဆိုမှတော့ တစ်ယောက်နှင့်တစ်ယောက် မျက်ဝန်းရှေ့မှာလည်း တွေ့မနေချင်တော့ပါဘူး။ အပြီး တိုင်ဆိုမှ တော့... မမြင်နိုင်သောအဝေးတစ်နေရာဆီ ထွက်ခွာကြတာ အကောင်းဆုံးပါပဲ မဟုတ်လား။

မောင့်ကို မချစ်သင့်တော့ဘူး။ သည်တော့ မေ့ပစ်လိုက် တာ အကောင်းဆုံး။ ခင်မင့်ရင်ထဲကနေ အပြီးတိုင် ထွက်ခွာပါ တော့ မောင်။

+ + + + +

ရက်အတန်ကြာ စိမ်းနေသော အခန်းလေးဟာ ခင်မင့် ကို အေးစက်စက်နှင့် ဆီးကြိုပါတယ်။ လှေကားရင်းမှာ တွေ့ တော့ ထားငယ်က နေကောင်းလားတဲ့။ ဝတ္တရားကျေလောက်ပဲ ချစ်ခင်ကြတော့တာလား။ မိုတို့ကိုဆို မြင်တောင် မမြင်ရ။ မမြင် ရတာ့လဲ ကောင်းပါတယ်။ တွေ့ကိုမတွေ့ချင်။





'ခင်မင်.... ခေါင်းရင်းတံခါး ပိတ်လိုက်မယ်နော်...'

'မပိတ်ပါနဲ့... မှန်းလွန်းလို့ပါ...'

'မိုးလေတွေ တိုက်နေတယ် ဖျားပါဦးမယ်ဟာ... ဖျားနေမှ နောက်ထပ်ရောဂါတစ်မျိုးဖြစ်နေဦးမယ်...'

မစိန်က ခေါင်းရင်းတံခါးတွေ ပိတ်လိုက်ပြန်ပြီ။

မိုးတွင်းမို့ ထင်ပါရဲ့

အခန်းထဲမှ အနံ့တွေက လှောင်ပိတ်မှုန်းကြပ်နေ သလို ပါပဲ။

'မစိန်'

'ဟင်...'

'အသက်ရှူကြပ်ပါတယ်... ခေါင်းရင်းတံခါး မဖွင့်ရင် လည်း ကျန်တဲ့တံခါးတွေဖွင့်ပေး'

ခင်မင် အသက်ရှူကြပ်တယ်ဆိုတော့မှ မစိန်လည်း မနေသာတော့ဘူးပေါ့လေ။ တံခါးတွေလိုက်ဖွင့်ပေးပါ တယ်။ မိုးသက်လေကြောင့် ခမ်းဆီးစတွေ ရွေ့ရှားလှုပ်ခပ်နေလိုက်တာ။ ကြာတော့ ခေါင်းမူးလာသလိုလိုမို့ မျက်ဝန်း တွေ မှိတ်ထား ရတယ်။

'ညနေ ဧည့်ခံပွဲနဲ့ မိုးရွာရင် ဘယ်လိုလုပ်မလဲ မစိန်'

'နင့်အပူတစ်ပြားသားမှ မပါဘူး... မိုးပဲရွာရွာ... မိုးပဲသည်းသည်း မုန်တိုင်းတွေပဲကျကျ နင့်ခေါင်းထဲ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်းကို ထည့်နေရတာလဲ...'

'ခြေဘ်... အဆင်မပြေ အခက်အခဲ... မဖြစ်စေချင်တာပါ...'

'အခု ညိုညိုဆိုတဲ့ ကောင်မလေးလာမှာမို့ သတို့သားလောင်းနဲ့ သတို့သမီးလောင်း... သွားကြိုကြတယ်..'

'ညိုညိုလာတယ်'

အန်တီလွင်ပြောတာကို အမှတ်ရသွားပါသည်။ ညိုညိုနှင့်အတူ ခင်မင့်အတွက် လက်ဆောင်ပါလာမည်ဆို တာကိုပါ။ မစိန်ကတော့ ညိုညိုဆိုတဲ့ ကောင်မလေးက အိမ်မှုကိစ္စ ဘယ်လောက်စိတ်ပါဝင်စားစွာ လုပ်မှာမို့လဲ။ ငါဖြင့် မထင်ပေါင်တဲ့။ ခင်မင့်ကိုတော့ ရောဂါသည်ဆိုပြီး ဘာမှမခိုင်းရက်တော့ပါဘူးတဲ့လေ။ အဲလိုမျိုး ရေသာခို ပြီးတော့ မနေနိုင်ပါဘူး။

'ခင်မင် နေကောင်းလာရင် အရင်လောက် ပင်ပန်းခံပြီး မကူနိုင်ရင်တောင် တတ်နိုင်တဲ့ ဖက်ကနေ ကူမှာ ပေါ့... အလကားထိုင်တော့ မနေနိုင်ပါဘူး...'

'ကိုယ့်ကိုယ်ကိုပဲ နေကောင်းအောင် အရင်ကြိုးစားပါဦး... ကျန်တာတွေ ခေါင်းထဲ မထည့်ပါနဲ့...'

'ခင်မင် အိပ်ဦးမယ်...'

သောက်ရတဲ့ဆေးတွေကြောင့်လား ကိုယ်တိုင်က အားနည်းနေဟာကြောင့်လားမသိ။ ခေါင်းထဲ မကြည် မလင်နဲ့...။





အိပ်နေချိန်တွေပဲ များပါတယ်။ ဒါပေမဲ့... စိတ်ထဲမှာ ညည့်ခံပွဲအတွက် ဘာတွေပြင်ဆင်ထားတယ်ဆို တော့ သိချင်စိတ်ကြောင့် ပြတင်းဆီလျှောက်လာခဲ့တယ်။

ခင်မင့်ခြေလှမ်းတွေကို ခင်မင် ကိုယ်တိုင် အားမရပါလား။

ခြံထဲမှာ သစ်ပင်တွေကိုပင် မီးလုံးတွေလိုက်ချိတ်ထားပြီးပြီ။ ခုံတွေကတော့ ညနေမတိုင်ခင်မှ ချထားမယ် ထင်ပါရဲ့။ နေ့ခင်းအတွက် မိုးက စိတ်ချရသည် မဟုတ် ပြတင်းဘောင်ကြားကြာရပ်ရသည်ပင် မောပန်းနွမ်းနယ်လာသလို ပါပဲလား။

ဒါကြောင့်မို့ ကုတင်ဆီပြန်ခြေလှမ်းရတယ်။

ဟိုးအရင်ဘဝတုန်းက ဘာတွေများ ပြုခဲ့ပါသိမ့် ချစ်သူကို သိပ်ချစ်လျှက်..။ အိပ်ယာပေါ်မှာ ခွေခွေလေး ငြိမ်နေမိပါတယ်။

'ခင်မင် အိပ်နေလား မစိန်'

အန်တီလွင့်အသံ။

မျက်ဝန်းတွေမှိတ်ရင်း ငြိမ်သက်စွာ နားထောင်နေမိပါတယ်...။

'ခုနကတော့ အိပ်နေတယ်...'

'ကြည့်လိုက်ဦးမယ်...'

အန်တီလွင် တံခါးဖွင့်လိုက်သံကို ကြားလိုက်ယ်လေး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ မှိတ်နေမိတယ်။

'အိပ်နေရင် နေပါစေ မေမေရယ်... နိုးတော့မှ တွေ့တာပေါ့... ခုချိန် နှုးနိုင်လေ အားရှိလေပါပဲ...'

မောင့်အသံ...။

အန်တီလွင်နှင့်အတူ မောင်လိုက်လာတာလား။

ညနေမှာ လက်ထပ်တော့မည့် သတို့သားလောင်းကြီးက ဘာလို့များ ခင်မင့်နားကို ရောက်လာရပါသလဲ။ မောင့်ကို မတွေ့ချင်တော့ပါဘူး။ တွေ့ရင် ငိုချင်မှာ။ ငိုချင်လာရင် ရင်ထဲမှာ အောင့်လာမဲ့ဒဏ်ကို ခင်မင် မခံနိုင်ပါ ဘူး။

'ခင်မင် အိပ်နေလား...'

'မေမေ နေပါစေ...'

'အန်တီလွင်...'

'ခင်မင်နိုးနေလား..'

'ဟုတ်ကဲ့...'

'ခင်မင်... ကျွန်တော် ဆေးကုပေးမလို့ပါ... ခဏလောက် စမ်းသပ်ကြည့်ရအောင်..'

မောင်က ခုမှ ခင်မင့်ကို ဆေးကုပေးဖို့ သတိရတာပါလား။ ဟိုးအရင် နေမကောင်းတဲ့ရက်တွေတုန်းက မေးဖော်မျှ မရတဲ့သူ။ ပြီးတော့ သည်ညနေကစပြီး မို့ခင်ပွန်း။ မကောင်းပါဘူး။ တော်ပါတော့...။ ခင်မင့်ကို စိတ်ဒုက္ခ မပေးပါနဲ့တော့...။





'ခင်မင်နေကောင်းနေပါပြီ... မစမ်းသပ်ပါနဲ့တော့ သီဟန်လည်း ပင်ပန်းပါတယ်... ညနေကြရင် ညှော်ခံရဦးမှာနဲ့ သီဟန်သွားနားချေပါတော့...'

တွင်တွင်ငြင်းမိတယ်။

အန်တီလွင်ဟာ အဲသည့်အခါမှာ ခင်မင့်ကို ဘာပြောသလဲဆိုတော့...။

'အန်တီလွင့်မှာ သားနှစ်ယောက်ရှိတယ်လေ... အခု ခင်မင့်သူငယ်ချင်း အောင်သီဟန်လေ... အန်တီလွင့်သားကြီးပါ သူက ဆရာဝန်... သားငယ်က မိုနဲ့လက်ထပ်မဲ့ ဇော်သီဟန်တဲ့... သူက အင်ဂျင်နီယာပါ...'

'ရှင်..'

ခင်မင် အံ့ဩလွန်းစွာ မောင့်ကိုမော့ကြည့်မိပါတယ်။ သူတို့က နှစ်ယောက်လား။

'သူတို့က အမြွှာပါ ခင်မင်... အန်တီလွင်ကလွဲပြီး တော်ရုံလူ မခွဲနိုင်အောင် တူကြပါတယ်...'

'ခင်မင် မယုံရင်.. ညီလေးကို သွားခေါ်ပေးမယ်လေ...'

'ခင်မင့်အတွက်ပေးမယ်ဆိုတဲ့ အန်တီလွင့်လက်ဆောင်ဟာ သားကြီး အောင်သီဟန်ကိုပါ... ခင်မင်နေကောင်း အောင်နေနော်... ခင်မင်နေကောင်းလာရင် သားကြီးနဲ့ ခင်မင့်ကို လက်ထပ်ပေးဖို့ အစ်ကိုကြီးနဲ့ အန်တီလွင်တိုင်ပင် ထားတယ် ကဲ...

www.burmeseclassic.com



သားကြီးခင်မင်နဲ့ စကားပြောကြဦး...'

အန့်တီလွှင်ထွက်သွားသည်ထိ ခင်မင်ဘာကိုမှ မပြောနိုင်သေး။ မောင်ကတော့ ခင်မင့်ကို ပြုံးကြည့်နေလိုက်တာ။

'ခင်မင်ဇလေး... သိပ်စိတ်မလှုပ်ရှားပါနဲ့.... ခင်မင်ဆေးရုံတက်ရတယ်လဲဆိုရော မောင်ချက်ခြင်းပြေးလာ ချင်တာပါ... ခွင့်ကမရသေးလို့...'

'ခင်မင့်ကို ဘာလို့အမှန်အတိုင်း ဖွင့်မပြောခဲ့တာလဲဟင်...'

'ခင်မင်က မောင့်ကို မချစ်ဘူးဆိုတော့... ဘယ်လိုဆက်လှုပ်ရှားရမှန်းလဲ မသိဘူး... ခွင့်ကလည်း မရနဲ့... မေမေကတော့ ခင်မင့်ကို သဘောကျတယ် မိဘကို အင်မတန် တာဝန်ကျေတဲ့ သမီးလိမ္မာတစ်ယောက်ပဲတဲ့ ခင်မင့်ကို မောင်အရမ်းလွမ်းတယ်...'

'တော်ပါ... ခုမှ...'

မဟုတ်ဘူးလား။

ခုမှလာချွဲနေတယ်။ တကယ်ဆို သီဟန်နှစ်ယောက်ဖြစ်နေတာ ခင်မင့်ကို ပြောပြသင့်တာပေါ့။ ခင်မင့်မှာ ဖြင့် ဘယ်လောက် စိတ်ထိခိုက်လှုပ်ရှားရသလား။ စိတ်ဆိုးတယ်လို့ ပြောလိုက်တယ်။

'စိတ်မဆိုးပါနဲ့... မောင်တောင်းပန်တယ် အခု မောင့်ကို





တစ်ဝ ချစ်လို့ရပြီ...'

'မချစ်ပါဘူး... ချစ်ရတာ အင်မတန် ပင်ပန်းပါတယ်—ဘယ်သူ့ကိုမှ ခင်မင် မချစ်တော့ဘူး...'

'သည်လိုမလုပ်ပါနဲ့ ကောင်မလေးရာ...'

ခင်မင့်ရင်ထဲ ကြည်နူးစိတ်တွေရှိတာ ဝန်ခံပါတယ်။ မောင့်ကို ဆုံးရှုံးရပြီလို့ ခင်မင်ထင်ခဲ့ဟာ။ လက်စသတ်တော့ ခင်မင့်ကို သိပ်စိမ်းခဲ့တဲ့သူဟာ မောင်မှ မဟုတ်တာ။ မို့ခင်ပွန်းလောင်းဟာ ခင်မင့်မောင်မှ မဟုတ်ဘဲ ကိုး။

'ဝမ်းသာနေလား... အများကြီး ဝမ်းမသာနဲ့နော် စိတ်ထဲမှာ ဝမ်းသာဝမ်းနည်း အားလုံးကို ထိမ်းထားတော်ကြာ ပြန်နေမကောင်းဖြစ်မယ်'

'နေမကောင်းလည်း သီဟန်ရှိတာပဲ...'

'ဘယ်လိုခေါ်လိုက်တယ်'

'သီဟန်လို့လေ..'

'မရဘူး... မောင်လို့ခေါ်..'

'ဟင့်အင်း ခေါ်ပါဘူး... သီဟန့်ကိုခင်မင်မှ မချစ်တာ...'

'သေချာလား...'

'သေချာတယ်...'

'ဒါဆိုရင်တော့... မောင်ပြန်တော့မယ်... သွားမယ်...'

ခင်မင့်ခေါင်းကိုပုတ်ပြီး အနားမှတကယ့်ကိုထွက်ခွာဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပါတယ်။ စိတ်ထဲ ချက်ခြင်း ထိခိုက်ရသလိုပါပဲလေ။ မောင်နှင့် မဝေးချင်ဘူး။ မောင့်ကို မခွဲချင်ဘူး။ မောင့်ကို သိပ်ချစ်ပါတယ်။ ဒါကို မောင်မသိလို့ ခင်မင့်ကို ထားခဲ့ဖို့ ပြင်ဆင်တာလား။

ချက်ခြင်းလိုပင် မောင်ပြန်လှည့်လာတယ်။

'အလကားပြောတာ သိပ်ချစ်တယ် လုံးဝမခွဲနိုင်ဘူး...'

ခင်မင့်ကို ပုခုံးစွန်းနံ့စ်ဖက်မှနေ ငြင်သာစွာပွေ့ယူပြီး ရင်ခွင်မှာ ပွေ့ဖက်ထားတဲ့အခါ...

မောင်

ရှန်းမထွက်ချင်တော့ဘူးကွယ်။

မောင့်ရင်ခွင်မှာ ပါးအပ်လို့ ငြိမ်သက်စွာ နေရတာ တစ်ငြိမ့်ငြိမ့် ကြည်နူးရပါရဲ့...။

+ + + + +

'ဒါဟာဘယ်လဲ... ဒါကဘယ်လဲ'

မောင်တို့ညီအစ်ကိုဟာ တကယ့်ကို ရုပ်တူတာပဲ။ အန်တီလွင်ပဲ ခွဲခြားလို့ရတယ်ဆိုတာ မှန်ပါလိမ့်မယ်။ ဒါပေမဲ့ မောင်တို့နှစ်ယောက်ရဲ့ မတူညီတဲ့အချက်ကို ခင်မင်သိပါတယ်။ အမြဲလို သွက်လက်နောက်ပြောင်နေတဲ့ ပုံစံမျိုး မောင့်မှာ မရှိဘူး။ မောင့်ဆီမှာတော့ တည်ငြိမ်ပြီး ကြွနွေးရတဲ့ အပြုံးမျိုးပဲ တွေ့ရ





တာ...။

'ကိုကိုတို့နှစ်ယောက် လမ်းလျှောက်မလို့ပါ...'

'အဝေးကြီးလဲ မသွားနဲ့ဦးလေ ခင်မင်က လမ်းကောင်းကောင်းရောလျှောက်နိုင်သေးရဲ့လား... မေ့လို့ပါဗျာ... မေ့လို့ အနားမှာ ဆရာဝန်ကြီးတစ်ယောက်လုံးပါတာပဲ သွားပါ... သွား... ခင်မင် ကိုကိုက စက်ဘီးမစီးတတ်ဘူး... ကျွန်တော်က စီးတတ်တာ...'

'သိပါပြီ ပြောမနေပါနဲ့တော့...'

မောင်က စိမ်းရက်တယ်လို့ နာကျင်ခဲ့ရတဲ့ရက်တွေကို ပြန်မစဉ်းစားချင်တော့လို့ပါ..။ မောင်နှင့်အတူ ဈေးသွားဝယ်နေကြလမ်းကလေးဆီလျှောက်ခဲ့တယ်။ မိုးအုံ့နေပေမဲ့ ရွာမည့်ပုံတော့ မရှိပါဘူး။ မောင်က ခင်မင့်လက်ကို ဖမ်းယူဆုပ်ကိုင် လိုက်တဲ့အခါ ရင်မှာ တသိမ့်သိမ့် ခုန်ရပါလား။

'ခင်မင်... ပျော်လား..'

'ပျော်တယ်...'

'နဲနဲလျော့ပျော်... မောလာမှာစိုးလို့...'

'မောင်ရှိတာပဲ...'

'မောင်ရှိတာတော့ ရှိတာပေါ့ ခင်မင်လေးရယ်...'

အတူသွားခဲ့ဖူးတဲ့ လမ်းကလေးမှာ နှစ်ယောက်အတူ ပြန်လျှောက်ရတဲ့အခါ... တကယ်ကြည်နူးရပါတယ်။ ဆုပ်ကိုင်

www.burmeseclassic.com



ထားတဲ့ မောင့်လက်တွေကနေ တဆင့်... နွေးထွေးတဲ့ခွန်အား တွေကို ရရှိစေပါတယ်။

'ရှေ့နားကြရင် ပြန်လှည့်ရအောင်နော် ခင်မင်... ခင်မင် မောနေမယ်...'

'ဟုတ်ကဲ့ပါ...'

'သိပ်ချစ်စရာကောင်းတဲ့ ခင်မင်လေးပါပဲ... မောင်သိပ် ချစ်တယ်...'

'သိပ်ချစ်လို့ ခွဲထားရက်တာပေါ့ ဟုတ်လား...'

'ခွင့်ကြောင့်ပြန်သွားတာပါ... ခွင့်ရရခြင်းပြန်လာဖို့ လည်း ဆုံးဖြတ်ပြီးသား... ခင်မင့်ကိုပဲ ချစ်လို့ ခင်မင်နဲ့ပဲ နေချင် လို့... မေမေ့ကို အမှန်အတိုင်း ဖွင့်ပြောခဲ့တာ မို့ကိုမောင် လက်မ ထပ်နိုင်ပါဘူး မို့ကို ညီညီနဲ့ လက်ထပ်ပေး ပါလို့ အမှန်အတိုင်း ဖွင့်ပြောလိုက်တာ ဒါကြောင့် မေမေက ညီညီ့ကို ပြန်လွှတ်လိုက် တာပါ...'

ဒါတော့ ခင်မင်ဘယ်သိမလဲ

မောင် ပြောင်းလဲသွားရက်လိုက်တာလို့သာ အရမ်းခံ စားနေရတာ

တကယ်ဆို မောင် ပြောပြသင့်တာပေါ့

မောင်ကမောင်

မောင့်ညီက မောင့်ညီ... မတူကြဘူးလို့လေ...။





'ခွင့်ကုန်တာနဲ့ ရန်ကုန်ပြန်ကြမယ်... ဟိုရောက်တော့မှ လက်ထပ်ဖို့ စဉ်းစားကြတာပေါ့... ခင်မင့်ကို မောင် မခွဲနိုင် တော့ဘူး... ခင်မင် စိတ်ရောလူပါ ပင်ပန်းခဲ့တာများပြီ... ဒါကြောင့်လဲ နှလုံးရောဂါရလာတာ... ခင်မင့်ကို မောင် ဂရုစိုက် ဆေးကုရမယ်... ပြီးတော့ ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာ အောင် ထားမယ်...'

မောင့်ပုခုံးစွန်းမှာ... ခေါင်းမှီရင်း ခင်မင်ကြည် ကြည်နူး နူး ပြုံးရပါတယ်။

မောင်ရယ်။

ခင်မင့်အနားမှာ မောင်ရှိနေမယ်ဆို ခင်မင် စိတ်ချမ်း သာပျော်ရွှင်ရမှာပါ။ မောင်နှင့် မဝေးရဘူးဆိုရင် ခင်မင် ကြည်နူးကျေနပ်နေမှာပါပဲ။

'မောင့်ကို သိပ်ချစ်တယ်...'

'နောက်တစ်ခေါက်လောက် ထပ်မပြောနိုင်ဘူးလား... ကြားချင်လို့ပါ...'

'မောင်ကရောဟင်...'

'ခင်မင့်ကိုသိပ်ချစ်တယ်...'

ဟိုးသစ်ကိုင်းပေါ်မှာ သည်တစ်ခါတော့ ငှက်ကလေးနှစ် ကောင်ပါလား။

မောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ မောင်ခေတ္တအခိုက်အတန့် ကွန်းခိုခဲ့တဲ့ သစ်ကိုင်းကလေးမဟုတ်တော့ဘူးပေါ့နော်...။ မောင့် အနားမှာ မောင်နှင့်အတူ... နားလို့နား ပျံလိုပျံလို့ရတဲ့ အဖော်ငှက်ကလေး ဖြစ်သွားပြီ။

ကျွန်မသိပ်ကို ပျော်ရွှင်ချမ်းမြေ့ရပါတယ် မောင်။

'မောင်...'

'ပြောလေ ခင်မင်..'

'မောင့်ကို သိပ်ချစ်လို့လား မသိဘူး... မောင် စိတ်ချမ်းသာမယ်ဆို ခင်မင်ငိုချင်ငိုရပါစေ... တိတ်တိတ်လေး ကြိတ်ငိုမယ်ဆိုတဲ့ အတွေးတွေရှိခဲ့သူပါ... မောင် စိတ်ချမ်းသာစေချင်တာ ထစ်ခုပါပဲ...'

'ခင်မင့်ကို မောင်ကလည်း သိပ်ချစ်တဲ့သူပါ ခင်မင့်လိုပဲ ထပ်တူညီခံစားမှုမျိုး ရှိပါတယ် ဒါပေမဲ့ သိပ်ချစ် တဲ့ ချစ်သူတွေမှာ နှစ်ယောက်စလုံး စိတ်ချမ်းသာကြရရင် မကောင်းဘူးလား အခု မောင်တို့နှစ်ယောက်လိုပေါ့... နှစ်ယောက်လုံး စိတ်ချမ်းသာရပြီလေ..'

မောင့်လက်မောင်းကို ဖက်တွယ်မှီခိုပြီး လျှောက်ရတယ်။

သည်လမ်းကလေးလိုပင် ဘဝခရီးတစ်လျှောက် ကွေ့ကောက်တာလဲ ရှိမယ် ဖြောင့်မတ်တာလဲ ရှိမယ်





ဘယ်သို့ရှိရှိ

ကျွန်မအနား မောင်ရှိပြီပဲ။

မောင့်ကိုချစ်တဲ့အချစ်

မောင့်ကချစ်တဲ့ အချစ်နဲ့...

နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြရတော့မယ်ဆိုတာ သေချာနေသမျှ ကြည်နူးသာယာပျော်ရွှင်ခြင်းတွေ ကို ခင်မင်ရနေတော့မှာပါပဲ။

မောင်

သိပ်ချစ်တယ် မောင်ရယ်...။

+ + + + +     + + + + +

ခိုင်ဇင်သက်



www.burmeseclassic.com